
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## ကျွန်တော်ချစ်သောမြကျေးတမာ

တာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၂၉၁၇၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၀၃၀၉၀၇

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို




စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာရထပေ

www.burmeseclassic.com

www.burmeseclassic.com







## ၂၀၀၆ ခုနှစ်(မိုးတွင်းကာလ)

ကျွန်တော့် ကမ္ဘာကြီး တစစီ ပြိုကျသွားခဲ့တယ်။ မျက်စိရှေ့မှာ အပုံအရွဲ့ အကျိုးအပျက် အစအနတွေသာ ပြန့်ကျဲပြီး တစ်လောကလုံး အရုပ်ဆိုး အကျည်းတန်သွားခဲ့တယ်။ ကျွန်တော်ရဲ့ အမြင်အာရုံတွေလည်း အားလုံး ဝေဝါးပြာနှမ်းကုန်ပြီ။ ဘာကိုမှလဲ ကျွန်တော် သဲသဲကွဲကွဲ မမြင်နိုင်တော့ဘူး။

မမြင်နိုင်ဆို ကျွန်တော်နဲ့ မြင်ကွင်းကြားမှာ မျက်ရည်ကြည်တံတိုင်းကြီး ပိတ်ဖုံးကာဆီးသွားခဲ့လို့ပေါ့။ ကျွန်တော် မငိုချင်ပါဘူး။ ကျွန်တော် ငိုတတ်တဲ့ကောင်လည်း မဟုတ်ဘူး။ ဒါပေမဲ့ အခုချိန်မှာတော့ ကျွန်တော့် ရင်ထဲမှာ ပြင်းပြင်းထန်ထန် ရိုက်ခတ်နေတဲ့ နာကျင်ကြေကွဲခြင်း လှိုင်းတံပိုးတွေကို ကျွန်တော် ကြံ့ကြံ့ခံ ရင်ဆိုင်တောင့်ထားနိုင်စွမ်း မရှိတော့ဘူး။

အလဲလဲ အပြိုပြို ယိုင်နဲ့နေတဲ့ ခြေလှမ်းတွေနဲ့ ကျွန်တော် ပြေးထွက်လာခဲ့ရင်း အသံထွက်အောင် အော်ငိုတာမိ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပုဂ္ဂလိကဆေးရုံကြီးရဲ့ လှူသွားစင်္ကြံလမ်းတစ်လျှောက် ကျွန်တော့်ကို တွေ့မြင်သမျှ လူတွေဟာ တအံ့တသြ အလန့်တကြားနဲ့ ကျွန်တော့်ကို ရှောင်တိမ်းလမ်းဖယ်ပေးရင်း ငေးမော ကျန်ရစ်ကြတယ်။

ဘယ်သူတွေ ကြည့်ကြစမ်းပါစေ ... ဘယ်သူတွေ ဘယ်လိုဝေဖန်ကြစမ်းပါစေ။ ကျွန်တော် ရှက်လည်း မရှက်နိုင်တော့ဘူး၊ ဂရုလည်း မစိုက်နိုင်တော့ဘူး။ ကျွန်တော့်အသည်းတွေ ကွဲကုန်ပြီဗျာ။ တန်ဖိုးဖြတ်လို့ မရအောင် ဆုံးရှုံးပျက်သုန်းသွားခဲ့ရတဲ့ အရာကို ဘယ်သူတွေ မြင်နိုင်မှာလဲ။ ဘယ်သူမှ သိနိုင်မှာ မဟုတ်ပါဘူး။

ကျွန်တော် အော်ငိုရင်းကပဲ ဆေးရုံရှေ့ကားပေါ်ကို ရောက်လာတယ်။ ချက်ချင်းစက်နှိုး မောင်းထွက်လာရင်း တစ်လမ်းလုံးလည်း ရှိုက်ကြီးတငင် ငိုကြွေးလာမိတယ်။ ကျွန်တော် ရင်နာလိုက်တာ။ ကျွန်တော့်ရဲ့ နာကျင်ရခြင်းကို ကျွန်တော်ကိုယ်တိုင်ပဲ သိနိုင်တာကလွဲရင် ထုတ်လည်း မပြောတတ်တော့ဘူး။

ဦးတည့်ရာမောင်းလာရင်း ကားကို အင်းလျားကန်ဝင်းထဲ ထိုးဝင်လိုက်မိတယ်။ မျက်ရည်တွေနဲ့ ကားပေါ်က ဆင်းလာပြီး ကန်ပေါင်ဘက် ကမ္ဘူးရှုးထိုး ပြေးသွားတဲ့ ကျွန်တော့်ကို နေ့လယ်ပိုင်းမို့ ခပ်ကျဲကျဲပဲရှိတဲ့ လူတွေက အရူးထင်ချင်လည်း ထင်ကြမယ်။ ဂရုစိုက်ချင်မှလည်း စိုက်မိမှာယ်။



ကျွန်တော်ကတော့ ဘာကိုမှ ဂရုမစိုက်နိုင်တော့ပါဘူး။ ကန်ပေါင်ပေါ်က ထီးရိပ်လေးအောက်က မြကျေးနဲ့ (ရုပ်ရှင်ရုံက အပြန်)ထိုင်ခဲ့ဖူးတဲ့ ခုံတန်းကလေးပေါ် အပြေးပစ်ထိုင်ချရင်း မျက်နှာကို လက်ဝါးနှစ်ဖက်နဲ့အုပ်လို့ အော်ငိုပစ်လိုက်မိပါတယ်။ ရက်စက်လိုက်တာ။ ကျွန်တော့်အသည်းတွေ ပဲ့ကြွေကုန်ပါပြီ မြကျေးရယ်။ တစစီပဲ့ကြွေကုန်ပါပြီ။

ဘာဖြစ်လို့ ခုလိုဖြစ်ရတာလဲ။ ကျွန်တော် အရိပ်တကြည့်ကြည့် မထိရက် မတို့ရက် တန်ဖိုးအထားကြီးထားပြီး မြတ်နိုးရလွန်းတဲ့ မိန်းကလေးပါ။ စူးစူးကလေးတောင် စိုက်မကြည့်ရက်ခဲ့တာပါ။ ရင်ထဲမှာပဲ ကျိတ်ပြီး တမက်တမော ပင့်သက်ရှိုက်ငင်ရင်း တိတ်တိတ်ကလေးသာ ခိုးကြည့် ခိုးချစ်ခဲ့ရတဲ့ ကျွန်တော့်ပန်းပွင့်ကလေး ကျွန်တော့်ပုလဲလုံးကလေး ကျွန်တော့်လမင်းကလေးကိုမှဗျာ။

ကျွန်တော် ရင်ကွဲအောင် အားပါးတရသာ ငိုပါရစေတော့။

✿ ✦ ✿

www.burmeseclassic.com







## ၁

ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ရရင် ဘဝမှာ ကျွန်တော့် လောက် လူဖြစ်ရကျိုးနပ်တဲ့သူ ကိုယ့်ဘဝကိုယ် ကျေနပ်ပျော်ရွှင် နေတဲ့သူရယ်လို့ ရှိမှာမဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်။ ဒါကတော့ လူပေါ်မှုတည်ပါလိမ့်မယ်။ ကျွန်တော်ကိုက ဘဝကို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနဲ့ အကောင်းမြင်စွာ ဖြတ်သန်း တတ်တဲ့သူမျိုး။

ပေါ့ပါးလွန်းလို့ အလေးအနက်မရှိလွန်းလို့ ကျွန်တော့် အမေဆိုရင် ကျွန်တော့်ကို စိတ်ပျက်ပါတယ်။

"ဟော့ကောင် ... ဇာတ်၊ မင်း တစ်စုံတစ်ခုကို သေချာ တာဝန်ယူစမ်း"

"ယူမယ်လေ အမေ"

www.burmeseclassic.com

www.burmeseclassic.com



"ပြော ... ဘာတာဝန်ယူမလဲ"

"အိမ်ထောင့်တာဝန် ... အဟဲဟဲဟဲ"

အဖေဟာ မျက်နှာကြီး နီရဲပုပ်သိုးပြီး ကျွန်တော့်ကို ကန်ဖို့ ခြေထောက်တောင် မြှောက်လိုက်ပြီးပြီ။ ကျွန်တော်က ကန်ကောင်း ကန်မယ်ဆိုတာ ကြိုတင်မျှော်လင့်ပြီးသားမို့ ရှတ်ခနဲ အမြန် ကျော့ကော့ပြေးထားတဲ့အတွက် ကန်ဖို့မမီလိုက်ဘူး။

"တကယ်လား ... ဟောကောင်"

"ဗျာ ... အဖေ"

"အိမ်ထောင့်တာဝန် ထမ်းရတယ်ဆိုတာ လွယ်မှတ်လို့လား မင်း၊ မင်း တကယ် မိန်းမယူမလား ပြော"

"ယူတော့ ယူမှာပေါ့ အဖေရ"

"ဘာယူတော့ ယူမှာပေါ့လဲ၊ ခွေးကောင် ... ဘာတာဝန်မှ မယူတဲ့ဘဝမှာ မိန်းမတစ်ယောက်တောင် ဖိဖိစီးစီး ခြေကန် ပိုးဖူးလို့လား၊ တပင်တပန်း မိန်းမပိုးဖူးသေးရဲ့လားဟင်၊ အသက်အစိတ်နား ရောက်လာပြီ ရည်းစားတောင် တစ်ယောက်မပြောနဲ့ တခြမ်းတစ်စိတ်တောင် မရဖူးဘူး၊ မရတာလည်း မဆန်းဘူး၊ မင်းလို ဟေးလားဝါးလား ပေါ့တီး ပေါ့ရွှတ်ကောင်ကိုလည်း ဘယ်မိန်းကလေးကမှ မိုက်လုံး ကြီးကြီးနဲ့ ပြန်ကြိုက်မှာ မဟုတ်ဘူး၊ နားလည်လား"





အဖေဟာ ငယ်ကတည်းက မိတဆိုးဖြစ်တဲ့ ကျွန်တော့်ကို ဖအေအဖြစ်နဲ့ရော မအေအဖြစ်နဲ့ပါ နှစ်မျိုးနှစ်စား ချစ်ရှာသူပါ။ ဘာမှလိုလေသေးမရှိစေခဲ့ဘူး။ ဒါပေမဲ့ ကျွန်တော့်ရဲ့ အလေးအနက်မရှိလှတဲ့ ပေါ့ရွှတ်ရွှတ်ပုံစံ စရိုက်နဲ့ ပတ်သက်လာရင်တော့ ရှုံ့ရှုံ့ရှားရှား ဒေါသတွေ ကြီးလာတတ်မြဲပဲ။

ဖနှောင့်၊ လက်ဝါးစောင်း၊ ဒူး၊ တံထောင်တွေ ပေါ်လာစမြဲပဲ။

"မင်း မိန်းမယူမှာဖြင့်လည်းယူ ဇာတိ"

"ဖြည်းဖြည်းပေါ့ အဖေရ၊ အချိန်တွေ ရှိပါသေးတယ်"

"မိန်းမရှိသွားရင်တော့ မင်း ခုထက် လေးနက်တည်ငြိမ်သွားမယ်လို့ ငါ ထင်တယ်"

"ခက်တာက ... ..."

"ဟေ့ကောင် ... မင်းဟာမင်း မိန်းမတစ်ယောက် ရှာယူမလား၊ ငါရှာပေးစားရမလား"

"ကျွန်တော့်ဟာ ကျွန်တော် ရှာမယ်လေ အဖေရ၊ ဒါပေမဲ့"

"ဘာ့ဒါပေမဲ့လဲ"

"ကျွန်တော် ယူရလောက်အောင် ထိုက်တန်တဲ့ မိန်းမကောင်း မိန်းမမြတ်က လောကမှာ မွေးမှ မွေးသေးရဲ့လား မသိဘူး"

"မင်း ဘာမှ စကားကြီး စကားကျယ် ပြောမနေနဲ့၊ မင်းဟာမင်း ရှာမရရင် ငါရှာပေးစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ့စကားက ဘယ့်နှယ်လုပ်ပြီး ကျွန်တော် မိန်းမယူဖို့ ဘက် ဇောက်ချသွားတာလဲ"

"မိန်းမရှိရင် ဘာပဲဖြစ်ဖြစ် မင်း ဒီထက်ခြေငြိမ်မယ်"

"မဆိုင်ဘူး ထင်တယ်နော် အဖေ"

"ဘာလို့ မဆိုင်ရမှာလဲ၊ ဘယ်မိန်းမက ကိုယ့်ယောကျ်ား ပေါးလားဝါးလား လတ်လျားလတ်လျား အလေလိုက်နေတာကို ခွင့်ပြုမှာလဲ၊ ငါကမှ စီးပွားရှာရတာတစ်ဖက်နဲ့ မင်းကို မျက်ခြည်ပြတ်ချင်သေးတယ်၊ မင်း မိန်းမရရင် အဲဒီမိန်းမက မင်းကို မျက်စိဒေါက်ထောက်ကြည့်မှာ၊ ငါ့အတွက် တစ်တပ်တစ်အားပဲ၊ ခုနေ မင်း ငါ့စီးပွားရေးထဲ ဘာမှမကူ ငွေတစ်ပြားမှမရှာဘဲ ဖြုန်းလိုက် သုံးလိုက် နေချင်သလို နေလို့ရနေပေမဲ့ မိန်းမရရင် မင်း သူ့ကိုရှာမကျွေးရင် ဒီမိန်းမက နှုတ်ပိတ်ပြီး ကြည့်နေမယ်ထင်လား"

"ဟာ ... အဖေကလည်း၊ ကျွန်တော် ဘာပဲဖြစ်ဖြစ် အဖေ့ကို ကူလုပ်ပါတယ်၊ လုံးဝအလကားနေတာတော့ မဟုတ်ပါဘူး"

"ဒီပစ္စည်းဟိုပို့လိုက်စမ်း၊ ငွေသွားထုတ်စမ်း ဆိုတာမျိုးလေး တွေလောက်ကို မင်း စကားထဲ ထည့်ပြောမနေနဲ့"

"ကားတွေ ဘာတွေလဲ သွားပြင်ပါတယ် အဖေရ"





"တော်စမ်း ပေါ့ကောင်၊ ဇလွတ်ရွတ်တောက် လုပ်မနေနဲ့၊ မင်းပဲ အလုပ်မရှိ တာဝန်မရှိ နေတတ်လွန်းတယ်၊ မင်းလို များ နေရမယ်ဆိုရင် ဖွတ်ခိုင်းရင်တောင် ငါဖြင့် ပျင်းလို့သေမယ်"

အင်း ...။ တကယ်တော့ ကျွန်တော့်မလည်း အားနေတာတော့ မဟုတ်ဘူးဗျ။ သူငယ်ချင်းတွေနဲ့ ဂေါ့ဖ်လေးရိုက်ချင်ရိုက်၊ ရေသွားကူးရင်ကူး၊ ဘိုးလင်းသွားပစ်၊ နက်ထ်ဝပ်ဂိမ်းမ်ကိုလည်း ခုအရွယ်ထိ စွဲတုန်း၊ ညကျတော့လည်း ဘီယာသွားသောက်တဲ့အခါသောက်၊ အရက်လေး နည်းနည်းပါးပါး မူးတဲ့အခါမူး၊ ပန်းကုံးစွပ်တဲ့အခါ မူးမူးရူးရူးနဲ့ တက်စွပ်။

သန်းခေါင်မတိုင်မချင်း အချိန်တွေပိုလို့ ထိုင်နေရတာမျိုးတော့ ဘယ်တော့မှ မရှိပါဘူး။ ကျွန်တော်တို့ သူငယ်ချင်း ခြောက်ယောက်လောက် ရှိတဲ့အထဲ တစ်နေ့ တစ်နေ့တိုင်းမှာ အနည်းဆုံး လေးယောက်လောက်ကတော့ လှည့်ပတ်ဆုံနေကြတာပဲ။ တစ်ခါတစ်ရံလည်း ခြောက်ယောက်လုံး။

အားလုံးက လူအားတွေချည်းလားဆိုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဖင်မြဲမြဲထိုင်ရပြီး ဘယ်မှထွက်လို့မရတဲ့ အလုပ်တော့ တစ်ယောက်မှ မလုပ်ကြဘူး။ နေစိုးနဲ့ ဝေယံက ကားပွဲစား ဝယ်ရောင်း။ ကားတွေဝယ် ရုံထိုးပြီး ပြင်ဆင်သ။ ဟိုဟာတွေတပ် ဒီဟာတွေကပ်။ အပျံစားဆင်ပြီး ပြန်ရောင်းတာမျိုးလုပ်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



အောင်လေးက ကွန်ပျူတာစာစီစာရိုက်ဆိုင်နဲ့ ကော်ပီ ယာတွေ ဘာတွေကူးတဲ့ဆိုင် ဖွင့်ထားတယ်။ ဒါပေမဲ့ တပည့် ကောင်လေးတွေ အများကြီးနဲ့ဆိုတော့ သူလည်း သူ့ဆိုင်သူ ကပ်လုပ်တယ် မဟုတ်ဘူး။ ကြည်လွင်ဟန်က စာရေးဆရာ၊ ရေးချင်မှရေး မရေးချင်ထိုင်နေ။ သူ့လောက် နေချင်သလိုနေလို့ ရတာ မရှိဘူး။

ဖြူစင်ကတော့ ကျွန်တော့်လိုပဲ။ အဖေ့ကုမ္ပဏီမှာပဲ ကူလုပ်နေသလိုလို ဘာလိုလို။ သူ့အဖေနဲ့သူလည်း ကျွန်တော်နဲ့ ကျွန်တော့်အဖေလိုပဲ တကျက်ကျက်။ ကျွန်တော်တို့ အားလုံး ဆယ်တန်းအောင်ကတည်းက စ,တွဲမိကြတာမို့ တွဲလာတဲ့နှစ်ပေါင်း ခုနစ်နှစ် ရှစ်နှစ်ရှိပြီ။ ခင်တတ်ကြတယ် ဆိုပါစို့။

အားလုံးဟာ မတောင့်တ မကြောင့်ကြရတဲ့ မိဘ တွေက ဆင်းသက်လာကြသူတွေဖြစ်ပြီး လေမယ်ဆိုလည်း လေ နိုင်အောင် မိဘက ထောက်ပံ့ပေးကမ်းထားတဲ့ ကားနဲ့ ဖုန်းနဲ့ ငွေ ထောထောနဲ့ ဘာအပူအပင်မှ မရှိကြတဲ့ကောင်တွေပါ။ ကျွန်တော် နဲ့ မတူတာ တစ်ချက်က သူတို့အားလုံးဟာ ရည်းစားကိုယ်စီ ရှိကြတာပဲ ဖြစ်တယ်။

အောင်လေး တစ်ယောက်ကလွဲရင် လေးယောက်ဟာ တစ်ယောက်နဲ့ တွေ့လိုက် ချစ်လိုက် ရန်ဖြစ်လိုက် ပြတ်လိုက် အသည်းကွဲလိုက် နောက်တစ်ယောက် ထပ်တွေ့လိုက်နဲ့ ရှုပ်နေ





ကြတဲ့ကောင်တွေပဲ။ အောင်လေးတစ်ယောက်ပဲ သူ့ငယ်ရည်းစား ကျော့ကျော့ တစ်ယောက်တည်းနဲ့ပဲ မြဲမြဲစွဲစွဲ။ တည်တည်တံ့တံ့နဲ့ တစ်နေ့ ယူကြဖို့ပါ။

ခုလောလောဆယ်တော့ အောင်လေး ကိုယ်တိုင်ကို က သိပ်မယူချင်သေးတာ။ ဒီသူငယ်ချင်း တစ်အုပ်ကြီးနဲ့ သွားလိုက် လာလိုက် စားလိုက် သောက်လိုက် လည်လိုက် ပတ်လိုက် ကဲလိုက် ကမြင်းလိုက်နဲ့ပဲ ပျော်လို့မဝ ဖြစ်နေကြတာ။ စစ်စစ် ပေါက်ပေါက်တွက်ရင် နှစ်ဆယ့်လေးအကျော် နှစ်ဆယ့်ငါးအကူး ဆိုတဲ့ အသက်လေးတွေမျှလောက်နဲ့ အိမ်ထောင့်တာဝန်ကြီးထမ်း ပြီး ကလေးအဖေကြီးတွေ မလုပ်ချင်ကြသေးဘူး။

ကျွန်တော်တို့ သူငယ်ချင်းတွေ တွဲကြတယ် ချစ်ကြ တယ် ဆိုပေမဲ့ ရန်မဖြစ်ဘူးတော့ မဟုတ်ဘူး။ ရန်လည်းဖြစ်ကြ တယ်။ တစ်ခါတလေ အော်ဟစ်ရန်ထောင်ပြီး ခုနစ်ရက်တစ်ပတ် မခေါ်ကြဘူး ဆိုတာမျိုးတော့ ရှိတယ်။ အဲဒီအခါကျ ကြားကနှစ် ယောက်လုံးနဲ့ခေါ်တဲ့ ကျန်လူတွေက ဖျန်ဖြေစေ့စပ်ပေးရတာပေါ့။

နောက်ထပ်တူတာ တစ်ချက်က ကျွန်တော်တို့ အသီးသီးရဲ့ မိဘတွေဟာ ကိုယ့်သားကို ကျန်ငါးယောက်က ဖျက်ဆီးနေတာလို့ ထင်နေကြတာပဲ။ ကိုယ့်သားတော့ ကိုယ် အကောင်းထင်တာပေါ့လေ။ ကိုယ့်သားက လိမ္မာချင်ရက်နဲ့ ဟို ကောင်တွေ ဆွဲခေါ်လို့သာ မငြင်းသာပဲ ပါပြီး ရောလေ



www.burmeseclassic.com

www.burmeseclassic.com



လို့ အားလုံးရဲ့ မိဘတွေက တစ်ထေရာတည်း ယူဆဆုပ်ကိုင်ထားကြတယ်။

ရယ်စရာကောင်းတာပေါ့ဗျာ။ ကျွန်တော်တို့ကလည်း တစ်ခါတလေ ကိုယ်တိုင်က ကဲချင်တာ ဖြစ်သော်လည်းပဲ "ဟိုကောင်တွေ အတင်းခေါ်လို့ အားနာလွန်းလို့ပါ အဖေရာ"ဆိုတဲ့ အပေါက်မျိုး အသီးသီး ချိုးလေ့ရှိတာကိုး။ ဒီတော့ လူကြီးတွေမှာတော့ "ဟင်း ... တောက်၊ အလကား မိမဆုံးမ ဖမဆုံးမကောင်တွေ၊ ငါ့သားကို သင်းတို့ဖျက်နေတာပဲ"ဆိုပြီး တဖျစ်တောက်တောက်ပေါ့။

"ဒီမယ် ... ငါ့သား၊ မင်း တကယ်သာ အိမ်ထောင်ပြုတော့မယ် ဆုံးဖြတ်၊ အဖေ အကောင်းဆုံး စီစဉ်ပေးမယ်၊ မင်းရဲ့ဇနီးလောင်းဟာ အသင့်အတင့် ပညာတတ်ဖို့၊ စိတ်ကောင်းရှိဖို့နဲ့ ဣန္ဒြေသိက္ခာလေးရှိဖို့ပဲ လိုတယ်၊ ငွေကြေးကြွယ်ဝဖို့လည်း မလိုဘူး၊ ရုပ်ချောဖို့လည်း မလိုဘူး"

"အာ ... အဖေကလည်း၊ ရုပ်ချောဖို့ ဘာလို့မလိုရမှာလဲ၊ လိုတာပေါ့"

"မင်း လိုရင်လိုလေ၊ ငါမလိုဘူးပြောတာ၊ အသင့်အတင့်ပြေပြစ်ရင် တော်ပြီပေါ့ကွ။ ချောတာ လှတာကြီး ဘာလုပ်ဖို့လဲ၊ စိတ်မချ လက်မချ ဖြစ်ရတဲ့အလုပ် ပိုဦးမယ်၊ မင်းလည်း ကြည့်ပျော်ရှုပျော် ရှိရုံပဲလေ၊ တော်ရောပေါ့"



အဲဒီ ကြည့်ပျော်ရှုပျော်ပဲရှိတဲ့ ကိစ္စကိုက ကျွန်တော့်မှာ ဘူပိတ်နေတာပေါ့။ ကျွန်တော်တို့ သူငယ်ချင်း တစ်အုပ်စုလုံးဟာ ဝတ်စား သုံးစွဲနိုင်သူတွေချည်း ဖြစ်သလို ရုပ်ရည်တွေကလည်း ကြည့်ကောင်းကောင်း ခပ်မိုမိုတွေချည်းပဲ။ အားလုံးထဲမှာ အစဉ်လိုက် အမှတ်ပေးလိုက်ရင် ကျွန်တော်က အမှတ်အနည်းဆုံးဗျ။

ဖြူစင်နဲ့ နေစိုးဟာ တော်တော့်ကိုချောတဲ့ကောင်တွေ။ ချောတာမှ ရုတ်တရက် မြင်ရင် မင်းသားလား မော်ဒယ်လ်လားထင်ရလောက်တယ်။ ဆံပင်ပုံ အဝတ်အစား အသုံးအဆောင်အပုံစားဖြစ်တဲ့အပြင် စတိုင်တွေက လုံးဝဝင်နေတယ်။ မိန်းကလေးတွေများ သင်းတို့နှစ်ကောင်ကိုတွေ့ရင် လည်တောင်လိမ်တယ်။ ငေးမောကြည့်ကြတာ။

ခုခေတ် မိန်းကလေးတွေများ သိပ်မမိုက်ပါဘူး။ ရုပ်ချောတာ ချက်စားလို့ မရဘူးဆိုတာ နားလည်ပုံ မပေါ်ဘူး။ ယောက်ျားလေး ချောချောကို စိတ်ကူးရင် အသက်တိုဖို့သာပြင်ဆိုတာ သဘောပေါက်ပုံ မရဘူး။ ဒီကောင်နှစ်ကောင်ကိုဆိုရင် "ဆီးဟားခစ်ခစ်"နဲ့ အရောဝင်ချင်လိုက်ကြတာ။ ပါးစပ်ကြီးတွေကို နားရွက်တက်ချိတ်မတတ်ဘဲ။ အထာလည်း ပေးလိုက်ရတာ ညောင်းမနေပါနဲ့တော့။ သူတို့နှစ်ကောင်ဟာ တကယ်ကို ခါချနေရတာ ဆိုတဲ့ထဲက။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မို့ မလိုက်လိုက်နဲ့ တစ်ပတ်ပဲ။ ဒီထက်မပိုဘူး။ သူတို့က မလိုက်ရဘဲ သူတို့ကို လိုက်နေတာတွေကလည်း ဒုနဲ့ဒေး။ တကယ်တော့ ဒီမိန်းကလေးတွေခမျာ တော်တော်သနားဖို့ကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့အုပ်စုထဲမှာ ဒီနှစ်ကောင် အကျင့်အတန်ဆုံးပဲ။

တကယ်ပါ။ ဖြူစင်ရော နေစိုးရောဟာ ရုပ်ရည်လေးတွေကပေးနေတဲ့ အခွင့်အရေးကို အပြည့်အဝ အသုံးချအခွင့်အရေးယူနေကြတဲ့ မောင်မောင်ပွေတွေပါပဲ။ ကျွန်တော်တို့ထဲမှာ အအေးဆုံးနဲ့ အလိမ္မာဆုံးက အောင်လေး။ အောင်လေးဟာ အရက်ကြိုက်တာ ကလပ်မှာ သိပ်ကချင်တာကလွဲရင် ဘာအပြစ်မှမရှိဘူး။

အားလုံးနဲ့လည်း တည့်တယ်။ ဘယ်သူနဲ့မှ ရန်မဖြစ်ဘူး၊ အလျှော့ပေးတတ်တယ်။ သူ့ရဲ့ကျော့ကျော့ကိုလည်း သူတော်တော်ချစ်တယ်။ ကျွန်တော်ကတော့ လိမ္မာတယ်လို့ ကိုယ့်ကိုယ်ကိုယ် မဆိုလိုပါဘူး။ ကျွန်တော် ရည်းစားမရှိတာဟာ ကျွန်တော်ရိုးလွန်းလို့ မဟုတ်ဘူး။ မရလို့ဗျ။

ကျွန်တော်တို့အဖွဲ့ကလည်း တတွဲတွဲဆိုတော့ အုပ်စုထဲမှာ ရွှေပါအနေနဲ့ သိပ်အချိုးမကျတဲ့ ကျွန်တော်ဟာ အမြဲနောက်ကောက်ကျခဲ့ရတယ်။ ကျွန်တော်လည်း ချိန်တာပဲ။ ရောတာပဲ။ သို့သော် ကျွန်တော်ကြံရွယ်နေတဲ့ စံပယ်ကုံးတို့ဟာ နေစိုးကိုဖြစ်စေ ဖြူစင့်ကိုဖြစ်စေ ငြိသွားတတ်ကြတယ်။ ဟိုကောင်တွေက





သည်း ငါတို့သူငယ်ချင်း ဇာတိ ချိန်ထားပါလားရယ်လို့ မိတ်ဆွေဆောင်းကျင့်ဝတ် မရှိဘူး။ ရရင်ယူတာပဲ။

ကျွန်တော်ကလည်း ဒါကို ဘယ်လိုမှသိပ်မနေဘူး။ ကျွန်တော်မှ စွဲစွဲငြိငြိ မဟုတ်လှတာ။ ရယ်စရာလိုပဲ သဘောထားရင်း ရှူးသလို ပေါသလိုပဲ လျှော့ချပစ်လိုက်တတ်စမြဲ။ ဒီတော့ များသောအားဖြင့် ဟိုကောင်လေးကောင် ကောင်မလေးကိစ္စရှုပ်နေရင် ကျွန်တော်နဲ့ အောင်လေးက ခပ်အေးအေး ခပ်ခွာခွာဘီယာ မော့နေလိုက်တာပဲ။

အားလုံးထဲမှာ ကျွန်တော် အခင်ဆုံးက အောင်လေးပါပဲ။ ပြီးတော့ အောင်လေးကို ကျွန်တော် သဘောကျတယ်။ သူ့ချစ်သူကို သူတကယ် မြတ်မြတ်နိုးနိုး ချစ်တယ်ဆိုတဲ့အချက်ကို လေးစားအားကျမိတယ်။ အောင်လေးဟာ လုံးဝမိန်းကလေးကိစ္စ မရှုပ်ဘူး။ ကျွန်တော်လည်း သူ့လို သန့်ရှင်းချင်တဲ့အတွက် ရှုပ်ဘဲ နေလိုတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ကောင်မလေးရယ်လို့ လုံးဝတစ်ခါမှ မရှိခဲ့တဲ့အတွက် ရှိချင်နေတဲ့ ကျွန်တော်ဟာ ခပ်သန့်သန့် ခပ်ကင်းကင်း နေမိတာထက်စာရင် မျက်နှာခပ်ပြောင်ပြောင်နဲ့ ရောတောတော လုပ်မိတာကများနေတယ်။

ခုလို အဖေက ဒီကိစ္စကို ဆောင်းပေး ပြောလာနေတော့ နဂိုကတည်းက မလိုချင်လို့ ခပ်အေးအေး နေနေတာမဟုတ်တဲ့ ကျွန်တော်ဟာ သက်ပြင်းကြီးတွေသာ လှိမ့်ချနေမိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လှတဲ့ မိန်းကလေးဆိုရင် မင်း လုံးဝ ကြိုက်မလား ပြော"

အဖေ ကျွန်တော့်ကို အိမ်ထောင်စွတ်ကျစေချင်နေတာဟာ အကောင်းစေတနာနဲ့တော့ မဟုတ်ဘူး။ သူတစ်ယောက်တည်း ထိန်းရမဲ့အစား နှစ်ယောက်မျှထိန်းချင်လို့။ အိမ်ထောင်ကျပြီးရင်တော့ ကျွန်တော် ခြေငြိမ်ပြီး လေနေတာတွေရပ်ပြီး သူ့အလုပ်ထဲ စွဲစွဲမြဲမြဲ ဝင်လုပ်တော့မယ်လို့ မျှော်လင့်လို့။

"ဟော့ကောင် ... မေးတာဖြေလေ"

"လှတိုင်းတော့လည်း ကြိုက်နိုင်မယ် မထင်ဘူး အဖေရ"

"အောင်မယ်၊ မင်းဟာ နည်းနည်းကို ကြီးကျယ်ချင်တယ်"

"အဓိက,က အသည်းနှလုံးထဲက တကယ်ချစ်လို့ ရဖို့"

"ချစ်မှာဖြင့်လည်း မြန်မြန်ချစ်ချည်ကွာ"

"အွန် ... ဘယ်လိုကြီးလဲ အဖေ့ဟာက၊ အချိန်တန်ရင် နပိန်ကန်လိမ့်မပေါ့ အဖေရယ်။ ကျွန်တော့်ဟာ ကျွန်တော် ဒီလိုနေနေတာ အဖေထမ်းထားရတာမို့လို့လားဗျာ၊ ရေလည် ရစ်တယ် အဖေက"

"မင်းကို ငါ ကြည့်ရင်း ကြည့်ရင်းနဲ့ကို တစ်နေ့တခြား ကြည့်လို့ကို ရတာ၊ မျက်စိထဲမှာ Cross ကို ဖြစ်နေတာ"

"အဖေရော ရိုးမှရိုးရဲ့လား"

"ဘာရိုးတာလဲ"





"ကျွန်တော့်ကို တွန်းပို့နေပြီး တကယ်တမ်း မိန်းမလိုချင်နေတာက အဖေများလား"

"ဟော့ကောင်"

"ဒီတိုင်းထယူလို့ မကောင်းတာနဲ့ပဲ ကျွန်တော့်ကို အရင်ပေးစား နေရာချပြီးမှ သားကလည်း အိမ်ထောင်ပြုသွားပြီဆိုတော့ ကျွန်တော့်ဘဝ Lonely ဖြစ်လွန်းလို့ပါဗျာလို့ လူတွေကြားထဲ ချပြောပြီး အဖေပါယူဖို့များ ကြံစည်နေရော့လား အဖေရာ"

"ဟော့ကောင်"

ထုံးစံမပျက် အဖေ့ခြေထောက်က မြောက်တက်လာတယ်။ ကန်ဖို့ ဟန်ပြင်တယ်။ ကျွန်တော်ကလည်း ထုံးစံမပျက် ကျော့ကော့ရှောင်ရင်း ...

"အမှန်က အဖေကမှ နီးစပ်ပါသေးတယ်"

"ဟော့ကောင်"

"ဟုတ်တယ်လေ အဖေရ၊ အဖေက ကျွန်တော့်ထက် အများကြီး ချောတာပဲဟာ၊ အသက်လေးဆယ့်ရှစ် လေးဆယ့်ကိုး ဆိုပေမဲ့ ဘာမှရုပ်မကျသေးဘူး"

အဖေက ခါးထောက်ပြီး နှာလိုခံခက်ပုံနဲ့ ကျွန်တော့်ကို ခပ်မဲ့မဲ့ ကြည့်နေတယ်။ အဖေဟာ အဖေ့ထက် အသက်ငါး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြီးပြီး သိပ်မလှပတဲ့ အလွန်ချမ်းသာသော သူဌေးသမီးအမေ့ကို လက်ထပ်ခဲ့ရတာပါ။ ဒါလည်း အဖေ့သဘောဆန္ဒ မဟုတ်ဘဲ နှစ်ဖက်လူကြီးမိဘတွေရဲ့ စီစဉ်မှုပါ။ ဒါပေမဲ့ အဖေဟာ ရိုးထုံထုံ အမေ့ကို အိမ်ထောင်သက်အတွင်းမှာမှ တဖြည်းဖြည်း တဖြည်းဖြည်း မေတ္တာသက်ဝင် ချစ်ခင်လာခဲ့တယ်လို့ အဆိုရှိတယ်။

ငါးဆယ်တွင်း မဝင့်တဝင် မုဆိုးဖိုအဖေဟာ ဗိုက်နည်းနည်းရွဲပြီး နည်းနည်း အဆီတက်လာတာရယ်၊ ရှေ့ငယ်ထိပ် ဆံပင်တွေ တဖြည်းဖြည်း အပေါ်တက်တက်လာတာရယ်ကလွဲရင် ကျွန်တော့်ထက် ကြည့်ကောင်းပါတယ်။ တကယ်ပါ။ အခု ခါးထောက်နေပုံကိုပဲကြည့်။

Arrow စတိုင်ဘောင်းဘီရှည် အညိုနက်နဲ့၊ နံ့သာရောင် ကွမ်းရိုးစင်းရှပ်လက်ရှည်ကို တံတောင်ဆစ်ထိ လက်ခေါက်တင်ပြီး ဝတ်ထားတဲ့ အဖေ့ပုံစံက ခပ်မိုမိုပဲ။ ခါးပတ်ကို ဗိုက်ရှူးလေး အောက်နားကို လျှောပတ်ထားပုံကိုက တစ်မျိုးကြည့်ကောင်းနေသေးတာ။ အရပ်ရှည်ရှည် ခပ်ပြည့်ပြည့် ထောင်ထောင်မောင်းမောင်း ရှိလှတဲ့ အဖေဟာ အမြဲပဲ စမတ်တကျ ရှိလှတယ်။

အဖေ့အရပ်က ငါးပေဆယ့်တစ်လောက် ရှိပေမဲ့ ကျွန်တော် ငါးပေရှစ်လက်မပဲ ရှိတာဟာ အမေ့သွေး တစ်ဝက်ပါလို့။ အမေက ငါးပေတဲ့။ တော်ပါသေးရဲ့။ ကျွန်တော် ငါးပေ





နှစ်လက်မ သုံးလက်မ မဖြစ်တာ။ ကျွန်တော်တို့ အုပ်စုထဲမှာ ကျွန်တော် အပုဆုံးပါ။ အားလုံးက ငါးပေဆယ်လက်မ၊ ဆယ့်တစ်လက်မ ရှိကြတယ်။ ဖြူစင်ဆိုရင် ခြောက်ပေ။

ငါးပေရှစ်လက်မဟာ ပုလှတယ် မပြောနိုင်တာမှန်ပေမဲ့ တစ်အုပ်စုလုံး ယှဉ်လျှောက်လိုက်တော့ မိုးထိုးနေသူတွေ ချည်းကြားမှာ ပုတာသိသာနေတာပေါ့။ ဂျင်းဘောင်းဘီ ဝတ်တဲ့ အခါ ဖင်ကလေးက နည်းနည်းကောက်ချင်သေးတယ်။ အား ... ဘယ်ဘက်ကကြည့်ကြည့် အားလုံးထဲမှာ ကျွန်တော် ပုံမလာဆုံးပါ။ ဒါကြောင့်လည်း ကောင်မလေးတွေနဲ့များ ဆုံစည်းပြောဆိုရရင် ကျွန်တော်က မထွက်တဲ့စတိုင်ကို တကူးတက ထုတ်မနေတော့ဘဲ ရှုးပေါပေါ ဟီးဟီးဟားဟား နေလိုက်တာက များတယ်။

"ဟော့ကောင် ဇာတိ၊ လူတစ်ယောက် ကြည့်ကောင်းတယ် မကောင်းတယ်ဟာ ဒီမျက်ခွက်လေးတစ်ခွက် ချောတာလှတာပေါ် မူမတည်ဘူးကွ၊ လူတိုင်းမှာ မိမိကိုယ်ပိုင်ဟန် Own style ရှိရတယ်၊ မင်းကိုကြည့်လိုက်ရင် ငါနည်းနည်းမှ အားမရဘူး၊ စိတ်ထဲ ကျေကိုမကျေနပ်ဘူး၊ ရှူးသလိုလို ပေါသလိုလို ဟာသတွေပြောလိုက် ကိုယ်ကိုကုန်းကွပြီး အကျယ်ကြီးရယ်လိုက် ရုပ်ပြောင်တွေလုပ်လိုက်၊ ဘာလဲကွ မင်းအမူအရာတွေက"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်နေတော့ ကျွန်တော် ပြုံးစိစိငြိမ်ပြီး နားထောင်နေရတယ်။

“မင်းသူငယ်ချင်းတွေ မင်းလောက် တစ်ယောက်မှမပြောင်ဘူး၊ လူတစ်ယောက်ရဲ့ ရုပ်ပေါ်မှာ Self confidence (မိမိကိုယ်မိမိ ယုံကြည်မှု)ပေါ်လွင်နေရင်ကို ဒီလူဟာ အတော်ကြည့်ကောင်းနေပြီကွ၊ Seriousness (လေးနက်ခြင်း၊ ထက်သန်ခြင်း)ပါရှိမယ်ဆိုရင် သူ့ရုပ်ဟာ အတော်ဟုတ်နေပြီ၊ မင်းမှာ ဒီနှစ်ခုလုံး နီးပဲ၊ ယောကျ်ားတစ်ယောက်ဟာ ချောဖို့ လှဖို့ မလိုဘူး ဓာတိ၊ တည်ကြည်လေးနက်မှုရှိရမယ် ...

အေးလေ ... မင်းမှာ ဒါမျိုးမရှိသေးတာကလည်း မင်းချစ်တဲ့ မိန်းကလေး တစ်ယောက်ယောက် မရှိသေးလို့လည်း ဖြစ်မှာပေါ့၊ မင်း မိန်းကလေးတစ်ယောက်ကို တကယ်ချစ်လာရင်တော့ တည်ကြည်မှုလည်း ရှိလာမှာပါလို့ မျှော်လင့်ရတာပဲ”

“အဖေနော် ... အဖေ့သားကို အဖေ သိပ်အထင်မသေးနဲ့နော်”

“ဘာအထင်ကြီးစရာရော ရှိလို့လဲ”

“ခုတော့ စောပါသေးတယ် အဖေရာ၊ အချိန်တန်တော့ နပိန်ကန်သွားပါလိမ့်မယ်”





“အချိန်က ဘယ်တော့တန်မှာလဲ၊ ငါသိပ်မစောင့်နိုင်ဘူးဟေ့ကောင်၊ ကိုယ့်အဖေရဲ့ စီးပွားရေးထဲကိုလည်း နည်းနည်းပါးပါး စိတ်ဝင်စားစမ်း၊ ဘယ်နေရာမှာမှ မင်းဟာ Smart မဖြစ်ဘူး”

“ဒါ ကျွန်တော်က နည်းနည်းလျှိုထားသေးတာလည်းပါတယ်အဖေရ ... အဟဲဟဲ”

“မင်း ဘာမှ အပိုတွေ လျှောက်ပြောမနေနဲ့၊ မင်းဟာ က, တာတောင်မှ Beat နဲ့ ချက်ကျအောင် မလှုပ်နိုင်တဲ့ကောင်”

အင်း ... ဒါပဲ အဖေက ပြောမဆုံးတော့ဘူး။ တစ်ညမှာ အဖေနဲ့ကျွန်တော်တို့ Night club မှာ သွားဆုံနေတာ။ အဖေက ဧည့်သည်လူမျိုးခြားကို လိုက်ပို့ပေးရတာမို့ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့ရှိတဲ့ နေရာကိုမှ ရောက်လာခဲ့တာ။ အဖေကသာ ကျွန်တော် က,နေ ခုန်ပေါက်နေတာကိုမြင်ပြီး ကျွန်တော်ကတော့ မူးရူးပျော်ပါးနေတာ အဖေ့ကို မမြင်ဘူး။

ဖြစ်ချင်တိုင်းဖြစ် က,နေပုံကိုပဲ အဖေကတစ်လျှောက်လုံး ပြောမဆုံးတော့ဘူး။ ကျွန်တော်ဟာ Beat နဲ့ကိုက်အောင်တောင် မလှုပ်တတ်ဘူးတဲ့။ အဲဒါဆိုရင်တော့ ကျွန်တော်ဟာ အတော်အချိုးမကျတဲ့ ငတုံး Idiot တစ်ယောက်ပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဟေ့ကောင် ... ဖြူစင်၊ အရမ်းပဲကွာ၊ မင်း Cola တွေ ငါ့ပေါ် အကုန်ဖိတ်ကျပြီ၊ ကပ်စီးစီးနဲ့ကွာ"

"ဆောရီးပါကွာ၊ ငါ အပြေးပုန်းကွယ်လိုက်ရလို့ပါ"

"အကျီက အစိမ်းပုပ်မို့ တော်သေးတယ်၊ နို့မို့ရင် အရောင်ပါစွန်းပြီ၊ တောက် ... နေရာတကာ မင်းအရေးချည်းပဲ၊ ဘာကိုပုန်းနေတာလဲ"

"ရှူး ရှူး ... မင်းကလည်းကွာ၊ လာ ... ငါပြမယ်"

ဖြူစင်နဲ့ နေစိုး ပွက်လောရိုက်နေချိန်မှာ ကျွန်တော်နဲ့ ကြည်လွင်ဟန်ကတော့ တစ်ထောင့် တစ်နေရာမှာ တဟားဟားနဲ့ အူတက်နေပါတယ်။ ကျွန်တော်တို့ဆီရှိတဲ့ အသိမိတ်ဆွေ ဓာတ်ပုံတွေ (များသောအားဖြင့် မိန်းကလေးတွေရဲ့ပုံတွေ)ကို





ကြည်လွင်ဟန်က Scanner ဖတ်ထည့်ပြီး Photo shop နဲ့ပြုပြင် ထင်တိုင်းကြံထားတဲ့ ဓာတ်ပုံတွေကို အရှုံ့ပ်ပြီး သဘောကျနေကြတာပါ။

ကြည့်လွင်ဟန်ဟာ ကွန်ပျူတာနဲ့ သံစဉ်ရှာ သီချင်းရေးတာက နည်းနည်း၊ ဒီလို မဟုတ်တရုတ် ဆော့နေတာကများများပါ။

"ဟိုနှစ်ကောင် ဘာဖြစ်နေတာလဲ"

ဝေယံက သက်မကင်း လှမ်းမေးပါတယ်။ စာစောစီးစီး ဝေယံဟာ ပယင်းရည်နည်းနည်းဝင်ပြီး မှေးရီမှေးရီဖြစ်နေရင်းက ရယ်နေတဲ့ ကျွန်တော်တို့နှစ်ယောက်ကို မသင်္ကာဖြစ်နေတာ။ သူ့များရယ်နေသလားလို့။

"ဟေ့ကောင် ... ကိုယ့်ဟာကိုယ် ယူမှာယူနေစမ်း၊ အိုးမလုံ အုံပွင့်မနေနဲ့၊ မင်းကို ဟားနေတာ မဟုတ်ဘူး"

"ဘာတွေ ကြည့်နေတာလဲ"

"ဟိုဟာတွေ"

"မင်းတို့ကောင်တွေနော်၊ လူကြီးမကြိုက်တာတွေ လုပ်မနေနဲ့ တိုင်ပြောမယ်"

"ဟေ့ကောင် ... ကိုယ့်ဟာကိုယ် မှိန်းနေစမ်း"

"ငါမှိန်းနေပေမဲ့ ဘယ်သူ ဘာလုပ်နေလဲ အားလုံးသိတယ်နော်, ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဝေယံဟာ ရစ်တွေတွေနဲ့ သူ မသိလိုက်ရမှာစိုးပြီး ဘာတွေလျှောက်ပြောနေမှန်း မသိဘူး။ အောင်လေးကတော့ ဆိုဖာထောင့်ချိုးမှာ ခြေထောက်ပါတင်ပြီးမှီရင်း ကျောဇကျောဇနဲ့ ဖုန်းပြောနေတယ်။ ဖြူစင်နဲ့ နေစိုးကတော့ မှန်ချပ်ကနေ အပြင်ကို ဘာချောင်းနေကြတယ် မသိဘူး။

ကျွန်တော်နဲ့ ကြည်လွှင်ဟန်တော့ အူတက်ရာက မျက်ရည်ပါထွက်တယ်။ နေစိုးနဲ့ နေစိုးရဲ့ပြတ်သွားတဲ့ ကောင်မလေး ယုယုတို့ စုံတွဲပုံ ကိုယ်တစ်ပိုင်းကို ကြည်လွှင်ဟန် ပုံဖျက်ထားလိုက်တာ နေစိုးဟာ နီနေတဲ့ ရောမနှာခေါင်းအိုးပွကြီးနဲ့၊ ယုယုကတော့ နှုတ်ခမ်းထူတွဲတွဲ သွားကျဲကျဲ မျက်လုံးက တာဝတိံသာတစ်လုံး အဝီစိတစ်လုံး။

"ဟား ဟား ... ဒီကောင့်ပုံ မိုက်တယ်၊ ဒီနှာခေါင်းကြီး ရေလည်မိုက်တယ်ကွာ၊ ကြည်လွှင်ဟန် ... မင်းကို လေးစားတယ်ကွာ၊ မင်း ဒါလေးပြုပြင်လိုက်ရုံနဲ့ ဒီကောင့် ပင်ကိုစရိုက်ကို ထင်ဟပ်နေလိုက်တာ ကွင်းကွင်းကွက်ကွက်ပဲ"

"ဟီး ဟီး"

နည်းမျိုးစုံနဲ့ လက်ဝယ်ရရှိထားတဲ့ ကောင်မလေးတွေရဲ့ ပုံတွေဟာ ခေါင်းကြီးတဲ့ပုံကြီး။ ရင်ကြီးတဲ့ပုံကြီး။ တချို့က မူရင်းအဝတ်အစား မဟုတ်ဘဲ Stone age က တစ်ခြမ်းဆောင်း





သားရေစ, အစုတ်အမွှာ ပတ်ထားတဲ့သူက ပတ်ထား(လက်ထဲမှာလည်း တင်းပုတ်နဲ့)။ Beach မှာ ဘီကီနီနဲ့ နိုင်ငံခြားသူနှစ်ယောက်ရဲ့ မျက်နှာတွေ နေရာမှာ ဖြူစင်နဲ့ နေစိုး မျက်နှာကြီးတွေဖြစ်။

ကျွန်တော့်ပုံကကျတော့ Kate Winslet ကို နောက်ကနေ ဖက်ပိုက်လျက်သား။

"ဟဲ ဟဲ ... ကြည်လွှင်တို့က တော်ပြီးရင်း တော်ရင်း ... တော်ရင်း"

နေရာကတော့ ကျွန်တော်တို့အုပ်စုနဲ့ အလွန်ခင်ပြီး အောင်လေးနဲ့ ဦးလေးဝမ်းကွဲတော်တဲ့ ကိုဂျင်မီကြီးရဲ့ ကဖေးဆိုင်လေးထဲ ဖြစ်ပါတယ်။ ဆိုင်က အတော်ကို ကျယ်ဝန်းပြီး ဆိုဖာခုံတွေနဲ့ တစ်ပိုင်းစီ သားသားနားနား ခင်းထားတာ။ နေ့လယ်ခင်းပိုင်းလောက်ဆိုရင် လူရှင်းတတ်ပြီး ညမှာ Unplugged တွေဘာတွေရှိပြီး လူလည်း ကျပ်တောက်နေတတ်တာ။

ဒါကြောင့် နေ့ခင်းပိုင်းတွေမှာ ကျွန်တော်တို့ အေးအေးလူလူ လာရောက်စုထိုင် စတည်းချတတ်တဲ့ နေရာတစ်ခုဖြစ်တယ်။ နံနက် နေ့လယ်မို့ မျက်နှာစာ မှန်ညိုချပ်တွေနောက်က ခန်းဆီးစကိုဆွဲသိမ်းထားတဲ့အတွက် နည်းနည်းပါးပါး အလင်းရောင်ဝင်ပေမဲ့ ညဆို ဒစ်စကိုလိုက်ထိတွေနဲ့ ဘီယာတွေ ကောက်တေးလ်တွေပါ ရတတ်ပြီး ရုံဖန်ရံခါ မော်ဒယ်လ်ရှိုးပွဲလေးတွေတောင် ကိုဂျင်မီကြီးက စီစဉ်ပေးတတ်တယ်။ ဘီကောင်းကောင်းလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ မင်းတို့ ဘာပုံတွေ ကြည့်နေတာလဲ"

ဖုန်းပြောနေတဲ့ အောင်လေးပါ သက်ာမကင်း ဖြစ်လာတယ်။ ကျွန်တော်တို့ကလည်း သူများမမြင်စေချင်ပုံနဲ့ မြန်မြန်သိမ်းကြတယ်။ ဖုန်းပြောရက်တန်းလန်း ထ,လာပြီး ကြည်လွင်ဟန် လက်ထဲက ရသလောက် ဖျတ်ခနဲ လုလိုက်တဲ့ အောင်လေးလက်ထဲမှာ တိုက်တိုက်ဆိုင်ဆိုင် ကျော့ကျော့ပုံက ပါသွားတယ်။

"ဟော့ကောင် … ကြည်လွင်"

အောင်လေးက ဒေါသတကြီး ဆောင့်အော်ပြီး …

"ကျော့ …၊ ဒါပဲ၊ နောက်မှ ပြန်ဆက်မယ်"

ဖုန်းကိုလည်း ဖြတ်ချလိုက်တယ်။

"ဟော့ကောင် ကြည်လွင်၊ မင်း ဒါဘာလုပ်တာလဲ"

ကျွန်တော်တောင် မမြင်လိုက်ရသေးဘူး။ မမြင်ရဘဲနဲ့ကို ကျော့ကျော့ ပုံမှန်း မှန်းဆနိုင်ပြီး အောင်လေး စိတ်ကြီးနေပုံကြောင့် အူနာအောင် ရယ်နေရသေးတယ်။

"ဟား ဟား ဟား၊ ငါက ရှေ့သုံးလေးနစ်ကို မှန်းဆပြီး ပြုပြင်ပေးထားတာပါကွာ၊ ဟား ဟား"

"ခွေးကောင် ကြည်လွင်"

အောင်လေးက ကြည်လွင့်ကို ထိုးနေလို့ ကြည်လွင် တဟီးဟီး တဟားဟားနဲ့ ကာကွယ်နေရတယ်။ ကျွန်တော်က





ကိုကောက်ကြည့်လိုက်တော့ ကျော့ကျော့ကို ဗိုက်ကြီးပူထားပြီး တောနတီကုတ် ဝတ်ခိုင်းထားတာ။ ဟား ဟား။

"အေးလေ … အောင်လေးကလည်း၊ တစ်နေ့ဖြစ်လာမှာ၊ ဘာများ နစ်နာလို့လဲ … ဟီး ဟီး ဟီး"

"အေးပေါ့ … မင်းကတော့ ကိတ်ဝင်းစလက်ကို ဖက်ရတဲ့ကောင်ဆိုတော့ ကျေနပ်နေတာပေါ့"

ဒေါပွနေတဲ့ အောင်လေးဟာ နေစိုးရဲ့ နှာခေါင်းပွနီနီကြီးကို မြင်ရင်တော့ မအောင့်နိုင်ဘဲ ဆိုဖာကို ရိုက်ရိုက်ပြီး ရယ်ပါတော့တယ်။

"ရေလည်ပီပြင်တယ်ကွာ"

"ဟိတ် … ဟိုဝိုင်းကကောင်တွေ ဆူညံနေတာပဲ၊ မြန်မြန်ပြန်ရင်လည်း ပြန်ကြကွာ၊ နားငြီးလိုက်တာ မင်းတို့အုပ်စုက၊ သွား … သွား … ဘီချိန်းကြတော့"

ကိုဂျင်မိက အတွင်းဘက်ထဲကနေ လှမ်းအော်ပြီး ကျွန်တော်တို့ကို နှင်ထုတ်နေပါတယ်။ ဒါလည်း သူ့စိတ်သူ ကျေနပ်ရုံ အော်ဟစ်မောင်းထုတ်ရတာပါ။ ကျွန်တော်တို့ကလည်း သူနှင်တိုင်း သွားတဲ့သူတွေမှ မဟုတ်တာ။ ကိုယ်သွားစရာ ပေါ်လာမှပဲ ထ,ကြမှာ။ နို့မို့ကတော့ ဖင်ကို ကျောက်ချပြီး ပျင်းပျင်းနဲ့ ထိုင်နပ်နေကြတာပဲ။

www.burmeseclassic.com



"စောစောစီးစီး အော်ဟစ်တဲ့သူက အော်ဟစ်၊ ဟားတိုက်တဲ့သူကတိုက်၊ အပီယူနေတဲ့ကောင်ကလည်း အချိန်မတော် အချိန်တော် ယူလို့ကောင်းနေတယ်၊ ငါ့ခုံတွေပေါ် ခြေထောက်တင်တဲ့ကောင် ငါနဲ့တွေ့မယ်၊ ခွေးမသားလေးတွေ"

အဝေးကနေလှမ်းပြီး ကိုဂျင်မီကြီး ဗျစ်တောက်ဗျစ်တောက် လုပ်နေတယ်။ အသက်က ငါးဆယ်နားနီး၊ ကျွန်တော့်အဖေနဲ့ ရွယ်တူလောက် ရှိပေမဲ့ ကိုဂျင်မီကြီးက "ဦးဂျင်မီ"လည်း အခေါ်မခံဘူး။ ဆံပင်ရှည် ကျောလယ်လောက်နဲ့၊ နှုတ်ခမ်းမွေးကြီး ကားကားနဲ့၊ အသားညိုညို ဝဝခန့်ခန့်။ တစ်ခါတစ်ခါ မြင်းရိုင်းစီးပွဲ Rodeo တွေမှာ ဆောင်းလေ့ရှိကြတဲ့ သားနှစ်ဖက်ကော့ကော့ ဦးထုပ်ကြီး ဆောင်းတတ်တယ်။

မင်းသားဦးအံ့ကျော်ကြီး နုစဉ်ကနဲ့တူပြီး မျက်နှာထိမျက်နှာထားနဲ့ စတိုင်ခပ်ကျကျ ကိုဂျင်မီကြီးပါ။ အော်ဟစ်ကြိမ်းမောင်း ဆဲဆိုရာမှာတော့ အဟန့်ကောင်းသလား မမေးနဲ့။ ကိုဂျင်မီကြီး လောကမှာကြောက်ရတာရယ်လို့ သူ့မိန်းမ မစူစဲန် တစ်ယောက်ပဲ ရှိတယ်။

"ဟေ့ကောင် ... ဟေ့ကောင် ... ဇာတိ၊ ရော့ ... ရော့ ... ဖုန်းထူးစမ်းပါ"

ရုတ်တရက် ဖြူစင်က ကျွန်တော့်လက်ထဲ ဖုန်းလာထည့်နေတာကြောင့် ...





"ဘာလဲကွ ... ဘယ်သူလဲ"

ဖုန်းရဲ့ Ring သံကလည်း ပြိုင်ကားမောင်းနေတဲ့ လီဗာသံပြင်းပြင်းကြီးမျိုး တဆုံးတင်ထားတာမို့ နားတွေကိုငြီးပြီး ဆူညံနေတော့တယ်။

"မဒီခင် ... မဒီခင်"

"အာ ... နေစိုး ထူးခိုင်းလိုက်"

"နေစိုးက မဒီခင်တို့အုပ်စုထဲက သဏ္ဍာညွန့်ကို အီနေတုန်းတန်းလန်းကြီးကွ၊ သူ့အသံ ရိပ်မိသွားမှာစိုးလို့၊ လုပ်ပါ၊ မင်း ထူးလိုက်ပါ"

"အာ ... ရှုပ်ရှုပ်ယှက်ယှက်ကွာ၊ ကျွတ် ... ဘာပြောရမှာလဲ"

ကျွန်တော် ဖုန်းကိုလှမ်းယူရင်း မေးရတယ်။

"ငါ့ဖုန်း မဟုတ်တော့ဘူးသာ ပြောလိုက်"

"ပြီးရော ... ပြီးရော၊ ရှူး ... ရှူး"

ရယ်သံမစဲသေးတဲ့ အောင်လေးနဲ့ ကြည်လွင်ဟန့်ကို တရှူးရှူးဟန့်ရင်း နေရာနည်းနည်းရွှေ့ပြီး ဖုန်းကို ဖွင့်နားထောင်လိုက်ရတယ်။

"ဟယ်လို"

"ဟယ်လို ဘယ်သူလဲ၊ ဝေယံလား နေစိုးလား"

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အသံကိုအစ်ပြီး ဩထားလိုက်တယ်။

"ဟယ်လို ... ဘယ်သူနဲ့ ပြောချင်လို့လဲကွယ့်"

"လုပ်မနေနဲ့ ဝေယံ မဟုတ်လား"

"မဟုတ်ပါဘူးကွယ့်၊ ဘယ်သူနဲ့ ပြောချင်တာလဲ"

"အေး ... ကိုင်တာ ဘယ်သူပဲဖြစ်ဖြစ် ဖြူစင့်ကိုပေးလိုက်စမ်းပါ၊ သတ္တိရှိရှိ ကိုင်လိုက်စမ်းပါလို့ ... နော်"

"ကလေးမ ... ဖုန်းမှားနေပြီကွယ့်"

"ဘာမှ မှားစရာအကြောင်း မရှိဘူး၊ 09514-- မဟုတ်လား၊ ဒီနံပါတ်နဲ့ဖုန်းက ဖြူစင့်ဖုန်းပဲ"

"ဖြူစင် ! ! "

"အူကြောင်ကြောင် လုပ်မနေပါနဲ့တော့၊ ဖြူစင့်ကို ဖုန်းပေးလိုက်ပါ၊ ပြောစရာရှိတယ်"

"ကလေးမ မှားနေပြီကွယ့်၊ ဖြူစင် ဆိုတာကို အန်ကယ် မသိပါလား၊ ဩော် ... တစ်ခုတော့ရှိတယ်၊ ဖြူစင် ဆိုတာ ကျော်မင်းရဲ့ သားများလား"

"ရှင်"

မဒီခင် နည်းနည်း ဇဝေဇဝါ ဖြစ်သွားတယ်။ ဖြူစင့် အဖေနာမည်ကလည်း ဦးကျော်မင်း ဆိုတာ အမှန်ပဲလေ။ ဖြူစင်ကတော့ ရှုံ့မဲ့ပြီး ကျွန်တော့်ကို အံကြိတ်ကြည့်နေတာပေါ့။





"ဟုတ်ပြီ ... ဟုတ်ပြီ၊ ဟုတ်လိမ့်မယ်၊ ဖြူစင် ဆိုတာ ကျော်မင်းရဲ့သားပါ၊ ဟိုခပ်ချောချော ခပ်ပွေ့ပွေ့ ကောင်ကလေးဟာလေ၊ အေး ... သူ့အဖေကလည်း အဲဒီကိစ္စကြောင့်ပဲ ဒီကောင့်ဖုန်းကို သိမ်းပြီး ရောင်းပစ်လိုက်တာပဲပေါ့၊ အန်ကယ်က ကျော်မင်းဆီက ဒီဖုန်းကို ပြန်ဝယ်လိုက်တာ"

"တကယ် ... တကယ်လား ... အန် ... ကယ်"

မဒီခင့် အသံက ဇဝေဇဝါ ယောင်နန။ ယုံရမလား မယုံရဘူးလား ဝေခွဲမရ ဖြစ်နေတယ်။

"ဩော် ... တကယ်ပါကွယ်၊ ဒီကောင်လေးလည်း တကယ့်ကို ခပ်ဆိုးဆိုးတည်းကပဲ၊ ဖုန်းဘီလ်တွေ ဆိုတာလည်း တစ်လ တစ်လ ကျတာ သိန်းကျော်နေတာဆိုပဲ၊ ခုတော့ သူ့အဖေက သူ့ကို ဒဏ်ပေးထားတယ်၊ ဖုန်းပြန်သိမ်းလိုက်တယ်၊ ကားတောင် ဘယ်တော့ ပြန်သိမ်းမလဲ မသိဘူး၊ အန်ကယ်နဲ့ ဒီကောင်လေးနဲ့လည်း ဆုံဦးမှာပါ၊ တွေ့ရင် ဘာပြောလိုက်ရမလဲ"

"နေပါစေတော့ အန်ကယ်"

ကျွန်တော်ဟာ ဆိုင်မျက်နှာစာ မှန်ချပ်ကြီးတွေ နောက်မှာရပ်ရင်းအပြင်ကိုကြည့်ပြီး ဖုန်းပြောနေတာ။ နဖူးကိုတောင် မှန်ချပ်မှာထိပြီး မှီကပ်ထားတယ်။ မှန်ချပ်တွေက အညိုနုတွေမို့ ပုံမှန်ဆိုရင် ဆိုင်ထဲကို ထွင်းဖောက်မြင်ဖို့ရာ သိပ်မလွယ်လှဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အခုတော့ နဖူးကို မှန်မှာကပ်တဲ့ထိကပ်ပြီး ရပ်နေတာမို့ အပြင်က မြင်နိုင်တယ်။

ပါးစပ်ကနေ ပြောချင်ရာ လျှောက်ပြောနေတဲ့ ကျွန်တော်ဟာ ဆိုင်ရှေ့ပလက်ဖောင်းပေါ်က ဖြတ်လျှောက်ရင်း ဒီဘက်လှည့်ကြည့်လိုက်တဲ့ ကောင်မလေးကို မြင်ရင်တော့ အားခနဲ အလန့်တကြား ထ,အော်လိုက်မိပါတော့တယ်။

"အား"

"ဟော့ကောင် ဇာတိ၊ ဘာလဲ"

"မ ... မဒီခင်"

မဒီခင်ဟာ ကျွန်တော့်ကို နားမှာဖုန်းကပ်ပြီး ပြောနေပုံလည်းမြင်ရော မျက်မှောင်ကုတ် ဇဝေဇဝါဖြစ်သွားပြီး ပလက်ဖောင်းပေါ်မှာ ဆက်မလျှောက်ဘဲ မျက်လုံးပြူးကြီးနဲ့ ကျွန်တော့်ကို ရပ်ကြည့်နေတယ်။ ကြည့်ရင်းက ...

"ဟဲ့ ... နင် ဇာတိ မဟုတ်လား၊ ခုပြောနေတာ"

ရုတ်တရက် အလစ် ဖုန်းထဲကို မေးလိုက်တော့ ကျွန်တော်လည်း ...

"ဟင့်အင်း ... မဟုတ်ဘူး"

ယောင်ပြေမိပြီး ခေါင်းတောင် ခါယမ်းလိုက်မိသေး။ ပြီးပြီးချင်း မှားပြီဆိုတာ ချက်ချင်းသိ။ ဖြူစင့် ခေါက်ဖုန်းလေးကို ပျတ်ခနဲ ခေါက်ပိတ်။ ချက်ချင်း ဘောင်းဘီနောက်အိတ်ထဲ



ထိုးထည့်။ ယောင်ယောင်ကန်းကန်း မှားမှားယွင်းယွင်း ကျွန်တော် လုပ်မိသမျှကို မဒီခင်က မှန်နားကပ်ကြည့်ရင်း သူ့ဖုန်းကိုလည်း ပိတ်ပြီးတော့ အပြေးအလွှားနဲ့ ဆိုင်ထဲဝင်ချလာပါတော့တယ်။

"ဟော့ကောင် ... ဖြူစင်၊ လာနေပြီ ... လာနေပြီ"

ဖြူစင်က ဇဝေဇဝါ လှည့်အကြည့် မဒီခင့်ကိုလည်း တွေ့ရော အလန့်တကြား ဖြစ်သွားပါတယ်။

"ဟင် ... မဒီ ... ဘယ်က ! ဘယ်လို ! "

"ဘယ်က ဘယ်လို ရောက်လာရမှာလဲ၊ နင်တို့ရဲ့ သတ္တိကြောင်တဲ့ ကလိန်ဉာဏ်တွေ ဒါအကုန်ပဲလား"

"ဟာ ... မဒီ ဘာတွေပြောနေတာလဲ"

"ခုန ငါ့ကို ဖုန်းပြန်ပြောနေတာ ဇာတိ မဟုတ်လား"

"ဟာ ... မဟုတ်ပါဘူး၊ ဘယ်ကလာ"

"ဘာမဟုတ်ပါဘူးလဲ၊ နင် ပြောနေတာ ငါမြင်တာပဲ"

"ဟ ... ငါက ငါ့ဟာငါ တခြားသူငယ်ချင်းနဲ့ ..."

"ဟုတ်ပါတယ် မဒီရာ၊ ဘာဖြစ်လို့လဲ"

ကွယ်ရာမှာသာ လုပ်ချင်တာ လုပ်မယ်။ ရှေ့တင်ဆိုရင် မခုတ်တတ်တဲ့ကြောင် လုပ်တတ်တဲ့ ဖြူစင်က အူကြောင်ကြောင်ကလေး မေးလိုက်တော့ ...

"ဒီမှာ ဖြူစင်၊ ငါ့ကို ဖြတ်ရင် ဖြတ်တယ်၊ စကားမပြောချင်ရင် စကားမပြောနိုင်ဘူး၊ သတ္တိရှိရှိပေါ့၊ ဟိုလွှဲဒီလွှဲနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရှောင်တာ ဘာသဘောလဲ၊ ဟိုလူ့ကို ပြောခိုင်း ဒီလူ့ကို ပြောခိုင်း"

"မဒီ ဘာတွေ ပြောနေတာလဲ"

"နင် သတ္တိမရှိတာကို ပြောနေတာ၊ သူရဲဘောနည်းတဲ့ကောင်၊ ဘာရယ် ... နင့်ဖုန်းကို နင့်အမေက သိမ်းပြီး ရောင်းစားပစ်တယ် ဟုတ်လား၊ ဟား ဟား ဟား။ ရတ်တရက်မို့ နင့်အသံ မကျက်မိတာပါ ဓာတ်ရဲ့၊ ကြွက်စုတ်အော်သံနဲ့တူတဲ့ နင့်အသံကို တကယ်တမ်း ငါကမမှတ်မိစရာလား"

"ဟာ ... နင် အရမ်းစွပ်စွဲရာ ကျနေပြီနော် မဒီ"

ကျွန်တော့်ရဲ့ မခံမရပ်နိုင်တဲ့ ဟန်ကိုယ့်ဖို့ အမူအရာကြားမှာပဲ မဒီခင်က သူ့ဖုန်းကို နောက်ဆုံး call ပြန်နှိပ်ခေါ်လိုက်ပါတယ်။

"ရှ ... ရှ ... ဖြီး ဖြီး ... ရှ ..."

လီဗာဖိနှင်းပြီး ဖြိုင်ကားမောင်းနေတဲ့ စက်သံမျိုးတယ်လီဖုန်း Ring သံဟာ ကျွန်တော့်နောက်ဘက် ဂျင်းဘောင်းဘီတင်ပါးအိတ်ထဲက အကျယ်ကြီး ဆူညံထွက်ပေါ်လာတော့တယ်။ ဘယ်လိုမှ မညာနိုင်တော့ဘူး။ ခုနက ဖုန်းကို ပါဝါပါပိတ်ချပစ်ရမှာ။ ပါဝါပါ အပြီးပိတ်မပစ်မိတော့ အလိမ်ပေါ်သွားတော့တာပေါ့။





"တောက် ... လူလိမ်တွေ"

"မဒီ ကိုယ် ဘာမှမသိပါဘူးကွာ၊ ဖုန်းကို ဓာတီ ခဏယူသွားတာပါ၊ စောစောကမှ သူ ပြန်ဝင်လာတာ"

ဖြူစင်ဟာ ကျွန်တော့်ခေါင်းကို ထိုးကျွေးတယ်ဆည့်စမ်း။ ကျွန်တော်က ဖြူစင့်ကို စိတ်တိုတိုနဲ့ မျက်မှောင်ကုတ်ပြီး ကြည့်မိရုံအပြင် ဘာမှမတတ်နိုင်ဘူး။ သူခိုင်းလို့လည်း ကူညီသိမ်ညာပေးရသေးတယ်။

"ဘာမှလာမပြောနဲ့၊ အခိက,က နင်ပဲ၊ မိန်းကလေးတစ်ယောက်ကို ပေါ်တင်ပြောပြီးတောင် မဖြတ်ရဲတဲ့ အလကားကောင်။ စကြောက်၊ ငါကလည်း ဒီလိုကောင်မျိုးနဲ့ ပြတ်ရလို့ ဝမ်းတောင်သာသေးတယ်၊ ဘာမှဝမ်းမနည်းဘူး ... ထွီ"

မဒီခင် ဆိုင်ပြင် ပြန်ရောက်သွားမှ ကျွန်တော်တို့အားလုံး ကုပ်မုပြီး ဝါးခနဲ ရယ်မိကြပါတယ်။

အဲဒီနေ့ကတော့ အောင်လေးရဲ့ ကျော့ကျော့မွေးနေ့။ အောင်လေးနဲ့ ကျော့ကျော့ကို နှစ်ဖက်မိဘတွေက အသိအမှတ်ပြုပြီး အေးအေးဆေးဆေး စောင့်ကြည့်နေကြတဲ့ အနေအထားဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ အောင်လေးသာမက သူငယ်ချင်းတွေပါ ကျော့ကျော့အိမ်ကို သူငယ်ချင်း အပေါင်းအသင်းတွေအဖြစ် ဝင်ထွက်လို့ ရနေပါတယ်။

အောင်လေးရဲ့ အပေါင်းအသင်းတွေထဲမှာတော့ ကျော့ကျော့ဟာ ကျွန်တော့်ကို အခင်ဆုံးပါ။ ဒါက ကိုယ့်ကိုယ်ကိုယ်မို့ ပြောတာမဟုတ်ပါဘူး။ သိကိုသိသာတာ။ အကြောင်းရင်းကလည်း ရှင်းပါတယ်။ ကျန်တဲ့ကောင်တွေ အားလုံးက ကိုယ့်စတိုင်လေးနဲ့ကိုယ် နေနေတာတ်ချိန်မှာ ကျွန်တော်က ဟီးဟီးဟားဟား ပေါ့ပေါ့ပါးပါးနဲ့ ဘာစတိုင်မှ မရှိဘဲ အရိုးခံနေတတ်သူမို့ပါ။

ပြီးတော့ ကျွန်တော့်မျက်လုံးတွေက အင်မတန်ရိုးသားတယ်လို့ ကျော့ကျော့က ဆိုပါတယ်။

“ကျော့ကျော့ကတော့ မင်းကလွဲရင် ဘယ်သူ့မှ အကောင်းမပြောဘူး၊ မင်းတစ်ယောက်ကိုပဲ သူ ကြည့်လို့ရတာ၊ မင်းဟာ ကိုယ့်ကိုယ်ကိုယ်လည်း ရိုးသားတယ်တဲ့၊ ပတ်ဝန်းကျင်အပေါ်လည်း ရိုးသားတယ်တဲ့၊ မိန်းမတွေအပေါ်လည်း ရိုးသားတယ်တဲ့”

အောင်လေးက ဒီလိုပြန် ဖောက်သည်ချတော့ ကျွန်တော့်မှာ ရယ်တောင် ရယ်ရပါသေးတယ်။ ကျွန်တော်တို့နဲ့ တွေ့ဆုံရင် ကျော့ကျော့ဟာ ကျွန်တော် တစ်ယောက်တည်းကိုပဲ စကားဟက်ဟက်ပက်ပက် များများ ပြောတယ်။ ကျွန်တော်နဲ့





စကားပြောရတာ လွတ်လပ်ပေါ့ပါးတယ်တဲ့။ တရင်းတနှီးနဲ့ ကျွန်တော့်ကို ပြောဆိုနောက်ပြောင်သလိုမျိုး တခြားဘယ်ကောင်ကိုမှ မလုပ်ဘူး။

ဒီနေ့လည်း ကျော့ကျော့ မွေးနေ့ဆိုတော့ ညဘက်သူတို့ခြံထဲမှာ မွေးနေ့ပါတီပွဲ ကျင်းပဖို့ရှိတယ်။

“ဟေ့ကောင် ဓာတိ၊ မင်း ငါနဲ့လိုက်ကူစမ်းပါကွာ”

“ဘာကူရမှာလဲ အောင်လေးရ”

“ဘောလုံးနှစ်ရာ မှုတ်ရမယ်တဲ့ကွာ”

အောင်လေး ရှုံ့မဲ့ညည်းညူပါတယ်။ ကျွန်တော်လည်း ရှုံ့မဲ့သွားရတာပေါ့။

“ဘာလဲ … ငါက လိုက်ကူမှုတ်ရမှာလား”

“အေး”

“ဟာ … မလွယ်တဲ့ ကိစ္စကြီးကွာ၊ မင်းကလည်း မဖြစ်နိုင်တာ”

“မင်းနဲ့ ငါ နှစ်ယောက်လေကွာ”

“နှစ်ယောက်လည်း တစ်ယောက် အလုံး တစ်ရာတောင်မှ”

“တစ်ဝက်စီလေ”

“ဘာတစ်ဝက်စီလဲ၊ လိပ်ခေါင်းထွက်ရချည်ရဲ့၊ ဒီကောင်ကြီးတွေကျတော့ မင်းက ဘာလို့မခေါ်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က သူတို့ကိစ္စတွေနဲ့ သူတို့ ပတ်ရှုပ်နေတာ၊ နေစိုးနဲ့ ဝေယံက သူတို့ကားကိစ္စ ရှိတယ်ကွ၊ ချိန်းထားတယ်တဲ့"

"ဒါဆိုလည်း ဒီမှာ ကြည်လွင်ကွာ၊ ဖြူစင်ကွာ၊ နှစ်ယောက်တောင် ကျန်သေးတာ"

"ကြည်လွင်တော့ မသိဘူး၊ ဖြူစင်ကတော့ သူ့ရဲ့အသစ်လေး ... နာမည် ဘာ ! ! သစ်လွန်းလို့ လေးငါးရက်ပဲ ရှိသေးတော့ နာမည်တောင် သေချာမသိသေးပါဘူး၊ အိဖြွေလား ... အိဖြွာလား ..."

"အိဖြွာကွာ ... မင်းကလည်း၊ မင်းသမီးနာမည် မှတ်ထားပေါ့၊ ဘာမမှတ်မိစရာရှိလဲ၊ ခဏလေးပါကွာ၊ သူ့ကျူရှင်ကို သွားကြိုပြီး ပြန်ပို့ပေးရုံလေးရယ်၊ ငါလိုက်ခဲ့မှာပါ၊ အခု စာတိရယ် ကြည်လွင်ဟန်ရယ် အရင်ခေါ်သွားကွာ၊ နောက်တစ်နာရီလောက်ကျရင် ငါ လိုက်လာမယ်"

"သွား ... သွား၊ အရေးအကြောင်းဆိုရင် ဘာမှအားကိုးရတာတွေ မဟုတ်ဘူး၊ သူ့ကောင်မလေး ကျောင်းကိစ္စတွေ ဖိုတိုကော်ပီကူးဖို့ကျတော့ ဘယ်နားကူးကူး ကော်ပီယာဆိုင်တွေပြည့်လို့၊ တစ်ရွက် နှစ်ဆယ်လေးကို မကူးဘူး၊ ငါ့ဆိုင် ယူယူလာပြီး အလကား ကူးကူးသွားတယ်"





"ငါတို့က လိုက်လာပြီး ဘောလုံးမှတ်ရုံပဲလား၊ ခုံတွေချပြီး ကူညီရဦးမှာလား"

"ဒါတွေက လုပ်မဲ့သူ ရှိပါတယ်"

"ဘောလုံးကကော မှတ်မဲ့သူ မရှိဘူးလား"

"မဟုတ်ဘူးကွ၊ ကျော့က ငါ့ကို ဘောလုံးနှစ်ရာ မွေးနေ့လက်ဆောင် တောင်းတာ၊ ဒါကြောင့် ငါက ငါ့အစီအစဉ်နဲ့ငါ မှတ်ပြီးပေးရမှာ"

"ဟာ ... ပြဿနာကွာ၊ မင်းကိုက မွေးနေ့လက်ဆောင် ဘောလုံးနှစ်ရာရယ်လို့ပဲ၊ တီထွင်လွန်းတယ်၊ ကြားထဲက ငါတို့က လေကုန်တယ်"

ကြည်လွင်ဟန်ကတော့ တဟီဟီ သဘောကျ ရယ်မောနေရင်း ...

"လေထိုးတံတစ်ချောင်း ယူလာခဲ့မယ်ကွာ၊ အဲဒါဆို သိပ်ပြဿနာမတက်တော့ပါဘူး"

သိပ်မကြာခင်မှာတော့ ကျွန်တော်ရယ်၊ အောင်လေးရယ်၊ ကြည်လွင်ဟန်ရယ်ဟာ ကျော့ကျော့တို့ ခြံကြီးထဲမှာ ဘောလုံးတွေနဲ့ ရှုပ်ယှက်ခတ်နေပါတော့တယ်။ ကြည်လွင်ဟန်က လေထိုးတံနဲ့ ထိုးတယ်။ လေထိုးတံက တစ်ခုပဲရှိတော့ ကျွန်တော်ကတော့ ပါးစပ်နဲ့ပဲ မှုတ်ရတယ်။ အောင်လေးက မှုတ်ပြီးလို့ရတဲ့ ဘောလုံးတွေကို ခုနစ်လုံးတစ်တွဲ ရှစ်လုံးတစ်တွဲ ပဲကြိုးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွဲချည်ပြီး သစ်သီးခိုင်ကြီးတွေလိုဖြစ်အောင် အလှဆင်တယ်။ ယိုးဒယားကလာတဲ့ ဘောလုံးတွေမို့ ရာဘာသားကထူထူ၊ အရောင်လေးတွေက အဖြူ၊ အဝါနု၊ အပြာနု၊ ပန်းနု၊ ဖက်ဖူး၊ ခဲရောင် စသဖြင့် ဆန်းဆန်းလွင်လွင်ကလေးတွေ။

ဘောလုံးတွဲကြီးတွေက လှပလွန်းတော့ ကျော့ကျော့လည်း တခုန်ခုန် တပေါက်ပေါက်နဲ့ သဘောတွေ ကျနေတော့တယ်။

"ကိုဇာတိရော၊ ကိုကြည်လွင်ရောကျေးဇူးပဲသိလား၊ ဘောလုံးကြီးတွေက သိပ်လှတာပဲ"

"ကျေးဇူးက ဒီအတိုင်းလေး တင်လို့တော့ ရပါ့မလား၊ ဟင် ... ဇာတိ၊ မင်း ဘယ်လိုထင်လဲ၊ တစ်ခုခုတော့ ..."

"ဒါပေါ့၊ ဟုတ်တယ်၊ ဒီအတိုင်း ပြောရုံလေးနဲ့တော့ ကျွန်တော်တို့က ကျော့ကျော့ တကယ်ကျေးဇူးတင်တယ်လို့ မယုံဘူး"

ကျော့ကျော့က ဟက်ဟက်ပက်ပက် ရယ်ရင်း ...

"အင်းပါ ... လာမှာပေါ့၊ ညနေကျတော့ စားရမှာပေါ့"

"အာ ... ညနေ စားရမှာက အားလုံးပဲဟာ၊ ကျွန်တော်တို့ချည်းပဲ သီးသန့်မှ မဟုတ်တာ"

"ဟင် ... ဒါဖြင့် ကိုဇာတိတို့ချည်းပဲ သီးသန့် ကျော့က ဘာလုပ်ပေးရမှာလဲ"



"တစ်ခုခုပေါ့၊ ကျော့ကျော့ပဲ စဉ်းစားပေါ့"

"ခုကတည်းက စားချင်တာလား၊ ကဲ ... ဘာသွားဝယ်ပေးရမလဲ ပြော"

"ဟာ ... စားတာကြီးကို စိတ်မဝင်စားပါဘူး"

ကျော့ကျော့က ခေါင်းကလေး ကုတ်ရင်းက ...

"ဒါဖြင့် ဘာလဲ၊ စားတာမဟုတ်ရင် သောက်တာလား၊ ဘီယာလား၊ အာ ... ဒါတော့ ဖေဖေ သိသွားရင် ဆူနေမလား မသိဘူး"

"မဟုတ်ပါဘူး၊ သောက်တာလည်း မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဘာလဲဆို"

"ဘာလဲဆိုတာ ကျွန်တော်တို့က ဘယ်တောင်းဆိုတတ်မလဲ၊ ကျော့ကျော့ ဘာသာပဲ ဘယ်လိုလေး တစ်မျိုးတစ်ဘာသာ ကျေးဇူးဆပ်လိုက်ရင် ထူးခြားမလဲဆိုတာ စဉ်းစားပြီးတော့ ကိုယ့်စိတ်ကူးနဲ့ကိုယ် ကျေးဇူးဆပ်ပေါ့"

တကယ်တော့ ပါးကြီးတွေဖောင်းပြီး လေတွေမှုတ်ရလွန်းလို့ ပါးညောင်းလာတော့ ဘောလုံးမှုတ်တာ ခဏနားရင်း ချောက်တတ်ရာရာ ပေါက်ကရ လျှောက်နှောက်ပြောင်နေတာပါ။ ဘာရယ်လို့လဲ မဟုတ်ပါဘူး။ ပြောချင်ရာ လျှောက်ပြောနေတဲ့ သဘောပဲ။ ဒါပေမဲ့ ကျော့ကျော့ကတော့ အတော်ကြာအောင် မျက်ခုံးလေးတွန့်ရင်း စဉ်းစားနေလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"သိပြီ ... သိပြီ"

"ဘာသိပြီလဲ"

"ကိုဇာတိနဲ့ ကိုကြည်လွင်ကို ဘယ်လိုဂုဏ်ပြု ကျေးဇူးဆပ်ရမယ်ဆိုတာ သိပြီ"

"ဘယ်လိုလဲ"

"ကိုကြည်လွင်ကတော့ စိတ်ဝင်စားချင်မှ ဝင်စားမှာပေါ့လေ"

"ဟာ ... ဝင်စားတယ်၊ ဝင်စားတာပေါ့၊ စိတ်မဝင်စားလို့ ဘယ်ဖြစ်မလဲ၊ ကိုယ့်ကို ဂုဏ်ပြုကျေးဇူးဆပ်တာကို စိတ်မဝင်စားရင် ကိုယ်ပဲငတ်တာပေါ့"

"အဟင်းဟင်း ... ကျော့က ကိုကြည်လွင်မှာ ရည်းစားရှိမှန်းသိလို့ အဲသလို ပြောတာပါ"

ကျွန်တော်ရော ကြည်လွင်ရော မျက်လုံးတွေပြူးပြီး ကျော့ကျော့ကို လှည့်ကြည့်ရှုးစိုက်နေကြတယ်။ ကျော့ကျော့က ရင်လေးဖိရင်း ...

"ဘာလို့လဲ ... ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ဘူး၊ မြန်မြန်ဆက်ပြော၊ သိပ်မရှင်းဘူး"

ကျွန်တော်တို့ရဲ့ စပ်ဖြီဖြီ ဟန်မူရာတွေကို မြင်မှ ကျော့ကျော့က သက်ပြင်းချရင်း ...

"မျက်လုံးပြူးကြီးတွေနဲ့ လာစိုက်ကြည့်တော့ ငါနောက်မိတာများ မလေးမစားနဲ့ လွန်သွားပြီလားလို့ လန့်သွားတာပဲ"





"မလွန်ဘူး ... မလွန်ဘူး၊ ဆက်ပြော၊ ဘာလဲ၊ ကောင်မလေးတွေနဲ့ ကျေးဇူးဆပ်မယ်ဆိုတဲ့ သဘောလား"

"အို ... အဲလိုကြီးတော့ ဘယ်ဟုတ်မလဲ၊ ကောင်မလေးတွေနဲ့ ကျေးဇူးဆပ်မယ်ဆိုတဲ့ အဓိပ္ပာယ်ကြီးက တစ်မျိုးကြီးလို ဖြစ်နေတာပေါ့၊ ကျော့ပြောတာက ကောင်မလေးတချို့နဲ့ မိတ်ဆက်ပေးမယ်"

ကျွန်တော်နဲ့ ကြည်လွင်က တစ်ယောက်မျက်နှာ တစ်ယောက် မျက်စပစ်ပြီး တမင်ရယ်ရအောင် မျက်နှာပြောင်နေကြတယ်။

"ကိုကြည်လွင်က ရည်းစားရှိတော့ လိုမှာမဟုတ်ဘူးလို့၊ ရည်းစားကလည်း ကြိုက်ချင်မှ ကြိုက်မှာ၊ ဒါကြောင့် ကိုကြည်လွင့်ကို ချန်ပြီးတော့ ..."

"အို ... ဘာမှ အရေးမကြီးဘူး၊ ကျွန်တော့်ရည်းစားက အရမ်းသဘောထားကြီးတာ ကျော့ကျော့ရဲ့၊ ဘာဆိုဘာမှ ပြောတာ မဟုတ်ဘူး၊ ချန်မထားနဲ့၊ မိတ်ဆက်သာဆက်ပေး။ ရတယ် ... ဟဲဟဲ"

ကျော့ကျော့ကတော့ ကလေးလိုသာ ရယ်မောနေတယ်။

"ကျော့ရဲ့ညီမဝမ်းကွဲလေးနဲ့ သူ့သူငယ်ချင်းတွေ လာမယ်လေ၊ တစ်အုပ်စုလုံး ချစ်စရာလေးတွေ၊ ဒီနှစ်မှ စက္ကူ



www.burmeseclassic.com

www.burmeseclassic.com



ယီးယားတက်တဲ့ ချာတိတ်မလေးတွေ၊ ညီမလေးနဲ့ဆို လေးယောက်"

ကြည်လွင်က ...

"ကျွန်တော်တို့က အောင်လေး မပါရင် ငါးယောက်၊ ဟာ ဘယ်အရေတည့်မလဲ"

"အမယ် ... ကိုဖြူစင်တို့ ကိုနေစိုးတို့နဲ့တော့ မိတ်ဆက် မပေးနိုင်ဘူး၊ ဆောရီးပဲ၊ သူတို့က လူလည်ကြီးတွေ၊ ကျော့ညီမ သူငယ်ချင်းလေးတွေက အရိုးခံ အရိုင်းလေး တွေ၊ ဟိုလူလည် လူပွေကြီးတွေနဲ့ တွေ့ရင် ချာလပတ် လည်ကုန်မှာ"

"ဟုတ်တယ်၊ ဒါကြောင့် ကျွန်တော့်ကိုနှစ်ယောက်၊ ဓာတ်ကို နှစ်ယောက် မိတ်ဆက်ပေးလိုက်တော့၊ ကွက်တိပဲ"

အဲ့သလိုနဲ့ပဲ ရယ်ကာမောကာနဲ့ ဘောလုံးတွေအားလုံး မှုတ်လို့ပြီးသွားပါတယ်။ အဲဒီလောက်ကျမှ ဖြူစင် ထပ်ရောက်လာ တယ်။ ဖြူစင်ရောက်တော့ ကျွန်တော်တို့က ပြန်ဖို့တောင် ပြင် နေပြီ။ အိမ်ပြန် ရေမိုးချိုး အဝတ်လဲကြပြီးမှ ခြောက်နာရီခွဲလောက် မှ ပြန်လာကြမှာ။

"ဟော့ကောင် ဖြူစင်၊ မင်းတော့ လွဲပြီ၊ ငါနဲ့ ဓာတ်တော့ ကျော့ကျော့ ညီမလေးတို့ သူငယ်ချင်းအုပ်စုနဲ့ အဟဲဟဲ"

"ဘယ်မှာလဲ ... ဘယ်မှာလဲ"





ခုပဲ ဟိုကြည့် ဒီရှာ လည်ပင်းတစ်ပတ်လည်အောင် မရိုးမရွ ဖြစ်သွားတဲ့ ဖြူစင့်ကို နားရွက်က ဆွဲတည့်ရင်း ...

"ဟော့ကောင် ... သွား ... ပြန်၊ မင်းဖို့ မပါဘူး၊ ခုမှလာ ပြီးတော့"

အဲဒီအချိန်မှာ ကျွန်တော်က ကျော့ကျော့ ညီမရဲ့ သူငယ်ချင်းအုပ်စု ဆိုတာလေးကို ဟုတ္တတိပတ်တိကို စိတ်မဝင် စားမိတာ အမှန်ပါ။

ဝမ်



www.burmeseclassic.com

www.burmeseclassic.com



❋ ၃ ❋

ကျွန်တော် ကားပေါ်က ဆင်းမယ်အလုပ်မှာ ဘေးဘက် နောက်ကြည့်မှန်ထဲ ဝင်လာတဲ့ ပျိုးပျိုးပျက်ပျက် လှလှပပ ပုံရိပ်ကလေးတွေကြောင့် မဆင်းသေးဘဲ မှန်ကနေတစ်ဆင့် ဆက်ကြည့်နေမိတယ်။ နဂိုမျက်စိက ကောင်းရတဲ့ကြားထဲ ဒါမျိုးဆို ပိုသဲသဲကွဲကွဲ အင်မတန်ကောင်းတတ်လှတဲ့ မျက်စိက မှောင်ရီပိုးတဝါးထဲ ဖြစ်ပေမဲ့ သူတို့သုံးယောက်ကို သေသေချာချာ ခံစားနိုင်ပါတယ်။

နုနုငယ်ငယ် နှစ်ဆယ်မပြည့်တပြည့် ကောင်မလေးတွေ။ နက်ပြာလေး တစ်ယောက်၊ အဖြူရေလေးတစ်ယောက်၊ ပန်းနုလေး တစ်ယောက်၊ တစ်ယောက်တစ်မျိုး ချစ်စရာလေးတွေ ကောင်းနေတဲ့အထဲကမှ အလယ်ကောင်က ထိုးထိုးထောင်ထောင်





ရုပ်ရှည်ရှည် လန်ဘားမလေး အဖြူရောင်ဟာ အင်မတန် ချစ်ရာလေး ဖြစ်နေတာကို သဲသဲကွဲကွဲ မြင်နေရတယ်။

လမ်းလျှောက်ပုံတွေက တစ်မျိုးပဲ ထင်နေတာ ယ်ဟုတ်မလဲ၊ ဒေါက်မြင့်ဖိနပ်တွေနဲ့ ဘုဒစ် ခလုတ်ရှိတဲ့ မြေခင်းမှာလျှောက်ပြီး ကိုရို့ကားရား ဖြစ်နေကြတာကိုး။

"ဟဲ့ ... နင်တို့က သိပ်ခြေလှမ်းမြန်တာပဲ၊ ခဏနေဦးဟဲ့၊ ငါ့ကို နည်းနည်းပါးပါး စောင့်ပါဦးလား"

"အမယ် ... သူကပဲ ပြောရတယ်၊ နင့်အရပ်အရှည်ဆုံး၊ နင်ခြေလှမ်းအကျဲဆုံးပဲ၊ မြန်မြန်လျှောက်ပါလား၊ ရှေ့ကို မရောက်တော့ဘူး"

"ငါ့ဖိနပ်က နာနေတာဟဲ့၊ နင် ဘာသိလဲ"

"လူတိုင်း ဒီလိုပဲ၊ ငါလည်းနာတာပဲ၊ ကြယ်စင် နင်ရော"

"နာတာပဲ၊ သူ့ကိုက ပဲများနေတာပါ ယမင်းရာ၊ လူတိုင်း ဖိနပ်အသစ် အမြင့်တွေနဲ့ နာနေတာပဲ၊ နင့်ကိုက ပဲနဲ့ လျှောက်နေတာ"

"မဟုတ်ဘူး"

"ဘာလို့ မဟုတ်ရမှာလဲ"

"တက္ကစီဦးလေးကြီးကလည်း စိတ်ပုပ်တယ်၊ လမ်းထဲဝင်ပေးပါဆိုတာ မဝင်ပေးဘူး၊ ခုတော့ အဝေးကြီးလျှောက်ဝင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းထဲလည်း ကြည့်ဦးလေ၊ လမ်းကကျဉ်းကျဉ်း ကားဧ
က တစ်ဖက်ကပ်ပြီး စီရပ်ထားတာ နင် မမြင်ဘူးလာ
သူ ဘယ်လိုပြန်ကွေ့ ထွက်မလဲ"

"ဟဲ့ ... ငါ့ဟာငါ ဘာပြောပြော၊ တက္ကစီဦးလေးကြီးအ
က နင်က ဘာလို့နာနေရတာလဲ၊ နင့်အမျိုးလား"

ကျွန်တော် သူတို့စကားတွေကို ပြုံးမိတယ်။ ဒီလော
အရှည်ကြီး တောက်လျှောက်ကြားနေရတာကတော့ သူတို့ဟ
အဝေးကြီးကတည်းက စကားကို အော်ကြီးဟစ်ကျယ် ပြောလာ
လို့ပါ။ သွားတာကနှေးနှေး၊ ပြောတာကများများ။ တဖြည်းဖြည်
နီးလာတဲ့အခါ အလယ်က လောရှည်အဖြူလေးဟာ အပေါ်ဘ
ဖြောင့်စင်းပြီး အဖျားခွေနေတဲ့ ဆံပင်ရင်ညွန့်လောက်လေးတွေ
မျက်နှာလေးက ပန်းချီဆွဲထားသလို တအားပြေပြစ် လှပလွန်းက
ထူးထူးခြားခြား ကွက်ပြီး ကျွန်တော် သတိပြုမိတယ်။

ဘေးက နက်ပြာလေးလည်း လှတာပဲ။ ပန်းနုရော
လည်း လှတာပဲ။ ဒါပေမဲ့ သူလေးက ဘယ်လိုလေးလဲ မသိအော
ကို ဖြစ်နေတာ။ သူကလေးရဲ့အလှကမှ ကျွန်တော့်ရင်ထဲ တစ်ေ
ရာကို ထိမှန်ပြေးကပ် ငြိစွဲနေတော့တာ။ အနီးကပ်မြင်ချင်ေ
အတွက် သူတို့ ကျွန်တော့်ကားရဲ့ နောက်ဘက်နား ကပ်လာချိန်
ကျွန်တော်က တံခါးဖွင့်ပြီး ဖျတ်ခနဲ ဆင်းလိုက်ပါတယ်။

"ပလုပ်တုတ် ... အမေ့"





"ဟယ်"

"ဟာ"

မမျှော်လင့်ဘဲ ဖြစ်ပျက်သွားတာက မလောရှည်လေး
ာ ခွေခနဲ ချော်လဲကျသွားတာပါပဲ။ ကျွန်တော်လည်း လန့်တောင်
သွားတယ်။

ကျွန်တော့်ကား တံခါးရွက်နဲ့လည်း အဝေးကြီးပါ။
တို့က ကျွန်တော့်ကားနောက်မြီးရဲ့ နောက်မှာပဲ ရှိပါသေးတယ်။

"ဟဲတော့ ... မြကျေး ... မြကျေး"

"အား ... ကျွတ် ... ကျွတ်"

အဖြူလေးဟာ ရှုံ့မဲ့ပြီး မြေကြီးလမ်းပေါ် ဖင်ထိုင်
သားလေး ဖြစ်နေတယ်။ ကျွန်တော်လည်း ကားပေါ်ကဆင်း
က်တဲ့ နေရာမှာပဲ ရပ်ပြီး သူ့ကို စိုးရိမ်တကြီး လှမ်းငုံ့ကြည့်နေ
တယ်။

"ဘာကြည့်တာလဲ"

ရုတ်တရက် သူက လှမ်းရန်ထောင်လိုက်တာ။

"ဗျာ"

"အရမ်းပဲ၊ အမြင်ကတ်ဖို့ ကောင်းတယ်"

"ဗျာ"

ကျွန်တော့်မှာ အံ့သြပြီးရင်း အံ့သြရင်း။



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီနက်၊ Shoes အနက်၊ နီညိုရောင်လက်ရှည်
နဲ့ သားသားနားနား ကျွန်တော့်ပုံစံကိုကြည့်ပြီး ဘေးက ကောင်
လေး နှစ်ယောက်က အားနာကြတဲ့ ပုံစံမျိုးနဲ့။

"မြကျေးကလည်း၊ သူ ဘာလုပ်လို့လဲ"

"သူလုပ်တာလေ၊ သူ့ကြောင့် လဲတာ"

"ဗျာ ... ကျွန်တော် ဘာများလုပ်မိလို့လဲ"

"ရှင် တံခါးဖွင့် ဆင်းလိုက်တာ"

"ဗျာ"

ကျွန်တော် ကားတံခါးကိုတောင် လှည့်ကြည့်မိရင်း

"ကျွန်တော်လည်း ရေ့ကခြံကိုသွားဖို့ တံခါးဖွင့်ဆင်းလိုက်
တာလေ၊ အဲဒါ ဘာဖြစ်လို့လဲ၊ ခင်ဗျားနဲ့ အဝေးကြီး
မဟုတ်လား"

"ဝေးပေမဲ့ ကိုယ့်အာရုံနဲ့ကိုယ် လာနေတာ၊ ဖြုန်းခနဲ ကား
ထဲက လူတစ်ယောက်က အလန့်တကြား ထွက်လာတော့"

"ဟာ ... ကျွန်တော် ရိုးရိုးသားသား ထွက်လာတာပါ
အလန့်တကြား ထွက်မလာပါဘူးဗျာ"

"ရှင်ကတော့ လန့်ပြီးထွက်လာတာ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့
ထွက်လာပုံက သူများကို လန့်စေတယ်၊ ဒါကိုပြောတာ
ကျွတ် ... ကျွတ် ... ဒုက္ခပဲ၊ မုန်းဖို့ကောင်းလိုက်တာ"





ညည်းညူရင်း မျက်စောင်းလှမ်းထိုးရင်း ပြောလိုက်
တဲ့ "မုန်းဖို့ကောင်းလိုက်တာ"ဆိုတဲ့ စကားလုံးဟာ ကျွန်တော့်
ရင်ကို ထိခိုက်သွားစေတယ်။

"ဆောရီးပါဗျာ၊ ကျွန်တော်လည်း ခင်ဗျား အဲဒီလို လန့်
သွားမယ် မထင်လို့ပါ၊ ကိုယ့်ဟာကိုယ် ဒီလိုပဲ ထွက်လိုက်
မိတာ"

"အေးလေ ... နင်ကလည်း၊ ပြဿနာရှာနေပြန်ပြီဟာ၊
သူ့ကားတံခါးက နင်နဲ့လည်း အဝေးကြီး၊ နင့်ဟာနင်
အဝေးကြီးမှာ လဲနေတာ၊ သူ့ကို ရန်ထောင်နေတော့ အား
နာစရာကြီးဟာ၊ ညောင်ဦးကမ်းပါးပြိုတာနဲ့ စပွာနဂိုရ်က
နွားမ ..."

"ဘာ ... ငါက နွားမလား ... နွားမလား၊ ကဲ ... ကဲ"

ဟား ... အဆိုးလေး။

ကောင်မလေးက ပန်းနုရောင်မိန်းကလေးရဲ့ လက်
မောင်းကို ဖြန်းခနဲ ဖြန်းခနဲ ချပါလေရော။ ဆောင့်ကြောင့်ထိုင်
နေတဲ့ ကောင်မလေးက စိတ်တိုသွားသလို ထ,ရပ်ရင်း ...

"ဘာဖြစ်ရတာလဲ၊ သူ့ဟာသူ ချော်လဲတာ၊ ဘေးတွေပတ်
ရမ်းနေတယ်"

"နင်နဲ့ ဒီလူ ဘာတော်လဲ၊ ဟမ် ! ပြောစမ်း၊ ဘာတော်လဲ၊
နင့်အမျိုးလား"



www.burmeseclassic.com

ဒီကောင်မလေးဟာ သူ့ဘက်က မပါဘဲ တခြားဘက်ကပါရင် အဲဒီလူနဲ့ ပါတဲ့လူကို အမျိုးစပ်လေ့ရှိတယ်။ တက္ကစီဦးလေးကြီးတုန်းကလည်း အမျိုးစပ်ပြီးပြီ။ ကျွန်တော်လည်း ကိုယ့်ဟာကိုယ် ရယ်ချင်ပြီး ပြုံးစိစိ ဖြစ်နေတော့ ...

"ရှင်က ဘာရယ်တာလဲ"

"ဟာ ... မရယ်ပါဘူးဗျာ"

"ကဲ ... မြကျေး၊ နင်ရော လမ်းမပေါ် ကော်ဇောခင်းထားတယ် မှတ်နေလို့လား၊ ထ,ဖို့မကြံရွယ်တော့ဘူးလား"

"ထ,မှာပေါ့"

"ဟို ... ကျွန်တော် ... ကျွန်တော် ... ချီပွေ့သွားပေးရမလား"

"ဘာ ... အောင်မာ"

သူလေးက ဒေါသတကြီး အော်လိုက်ပြီးမှ ဟာသကြီးတစ်ခုလို ...

"ဟား ဟား ဟား ... ချီပွေ့ရမလားတဲ့၊ ကိုရီးယားကားလာရိုက်ချင်သေးတယ်"

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျား လျှောက်နိုင်ပါ့မလားလို့ပါ"

"လျှောက်နိုင်တယ်"

ကောင်မလေးက ဘေးကသူ့သူငယ်ချင်း နှစ်ယောက်ကို လက်ကမ်းပြီး လက်နှစ်ဖက်စလုံး အားပြုပြီး ထ,ရပ်လိုက်





တယ်။ ရပ်မိမိချင်း လျှောက်နိုင်လား ဂရုမပြုနိုင်သေးဘဲ သူ့တစ်ကိုယ်လုံးကို လှည့်ပတ်ပြီး ဖုန်တွေ သဲတွေ ခါနေတယ်။

"ရလား ... လျှောက်ကြည့်ဦး"

သိပ်အခြေအနေဆိုးပုံ မရပါဘူး။ ခြေလှမ်းလှမ်းကြည့်ပြီး နည်းနည်းထော့သွားတာကလွဲလို့ မနာမကျင် လျှောက်နိုင်တယ်။

"ရလား ခင်ဗျ"

သူ့မျက်နှာဖူးဖူးလှလှလေးကို ငေးကြည့်ရင်း မျက်နှာလုပ်ပြီး မေးရတယ်။

"ရတယ် ... ဟွန်း"

သူလေးဟာ ရန်သာထောင်နေတာ။ တအားကြီးစိတ်ဆိုးပုံတော့ မရပါဘူး။ နဂိုနေကိုက စွာတဲ့ပုံမျိုးပဲရတယ်။ နှုလည်း နှုတ်ခမ်းစူပြီး ဟွန်းခနဲမြည်ပြီး ထိုးလိုက်တဲ့ မျက်စောင်းဟာ ကျွန်တော့်ကိုယ်ထဲက အူကလီဇာတွေ ရှိသမျှကို ကျွမ်းထိုးနောက်ခုန် လန့်ဖျပ်သွားစေတယ်ဗျာ။

"တွဲ ... တွဲပြီး လျှောက်ပါလား"

ရင်တွေခုန်လာတဲ့ ကျွန်တော်ဟာ စကားတွေတောင် အစ်တုံ့ကုန်တယ်။

"အောင်မာ"

"ဟို ... သူငယ်ချင်းတွေကို တွဲဖို့ပြောတာပါ"

www.burmeseclassic.com



"ဟွန်း ... ရှင်က ဘာလဲ၊ ရှင်လည်း မမကျော့ မွေးနေ့ လာတာလား"

"ဟုတ်တယ် ခင်ဗျ"

"ကပ်ပြီး လိုက်ဝင်မလာနဲ့၊ ကျန်ခဲ့ဦး၊ ပြီးမှ ကိုယ့်ဟာကိုယ်လာ၊ သူနဲ့တူတူ လာကြတာလို့ လူတွေက ထင်နေဦးမယ် ဟွန်း ...၊ နေခဲ့"

ဘယ်လိုလေးမှန်း မသိပါဘူးဗျာ။ လူရှေ့က ကပ်ဖြတ်လျှောက်ရင်း နောက်ဆုံး မျက်စောင်းကို တစ်ချက် ပစ်လွှတ်ခဲ့ပါသေးတယ်။ ကျွန်တော်လည်း တစ်ခွန်းပြောနဲ့တင် ကပ်မလိုက်ရဲဘဲ ကားဘေးမှာပဲ မှီရပ်ပြီး ကတုန်ကယင် ကျန်ရစ်ခဲ့တော့တယ်။ သူ့ရဲ့ တဟွန်းဟွန်းသံလေးတွေနဲ့ မျက်စောင်းတောက်တောက်ကလေးတွေဟာ ကျွန်တော့်နားထဲ မျက်စိထဲ ဝဲလှည့်ကျန်ခဲ့တယ်။

သူ့စကားအတိုင်း နာခံပြီး သူတို့ ခြံထဲကွေ့ဝင်သွားကြပြီးမှ ကျွန်တော် ကားနားကခွာပြီး လျှောက်လာခဲ့တယ်။ ကျွန်တော် ခြံထဲရောက်တဲ့အချိန်မှာ အတော်လေး ကျယ်ဝန်းတဲ့ ကျော့ကျော့တို့ ခြံကြီးထဲမှာ ဧည့်သည်တွေက ရာချီနေပါပြီ။ စားပွဲမှာ ထိုင်နေကြတာတွေရော၊ မိုးတိုးမတ်တတ်တွေရော၊ ဟိုဟိုဒီဒီ သွားလာနေတဲ့ သူတွေရော ရှုပ်ယှက်ခတ်ပြီး ခုနကောင်မလေးသုံးယောက်ကို ကျွန်တော် ရှာမတွေ့တော့ဘူး။





အဖြူရောင်၊ ပန်းနုရောင်၊ နက်ပြာရောင် အရိပ်ကလေးတွေကို လိုက်ရှာနေခဲ့မိတယ်။ ခြံထဲမှာထွန်းထားတဲ့ မီးကလည်း လင်းထိန်နေအောင် မဟုတ်ဘူး။ လှရုံလေး ကျိုးတိုးကျဲတဲထွန်းထားတာ။ အဖြူလေးတွေလည်း အများကြီးပဲ။ ပန်းနုရောင်တွေလည်း အများကြီးပါပဲ။

ခြံထဲရောက်ပြီး ငါးပေ ဆယ်ပေနားလောက်မှာပဲ ခါးထောက်ရပ်ပြီး ရှာနေမိတာ။ ရုတ်တရက် ကျောကုန်းကို အရိုက်ခံရပြီး ...

"ဟေ့ကောင် ဇာတိ"

လှည့်ကြည့်တော့ ကြည်လွင်ဟန်။

"မင်း ခုမှရောက်တာလား"

"အေး ... ခုမှ"

"အောင်လေးက ဟိုဘက်မှာ"

"ဟုတ်လား၊ ဟိုကောင်တွေရော အားလုံးစုံပြီလား"

"အေး ... ရောက်ကြပြီ၊ ဝေယံက မလာဖြစ်တော့ဘူးတဲ့"

"ဘာဖြစ်လို့တဲ့လဲ"

"သူ့အဖေ နည်းနည်းနေမကောင်းလို့၊ သွေးတိုးတက်လာလို့တဲ့၊ ဆရာဝန်ခေါ်ဖို့ ပြုဖို့ လိုလာရင် သူရှိနေအောင် မလာတော့တာ"

"ဪ ... အေး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူ့ရှာနေတာလဲ"

"မင်းတို့အားလုံး ဘယ်မှာလဲလို့ပေါ့၊ လာလေ ... ဖြူစင်တို့ဆီ သွားရအောင်"

"ဟာ ... မသွားစမ်းပါနဲ့၊ မင်းနဲ့ငါ နှစ်ယောက်တည်း နေရာရှာပြီး ထိုင်ရအောင်ကွာ၊ အေးအေးဆေးဆေး"

"ဘာဖြစ်လို့လဲ"

"ငါတို့ဟာ ငါတို့ သတ်သတ်ထိုင်မယ်လေ"

"ဘာဖြစ်လို့လဲကွ"

"ဟာ ... မင်း သိပ်ဝေးတာပဲ ဇာတိရာ"

"ဘာလဲ"

"ကျော့ကျော့ ဘာပြောထားလဲ"

"ဘာပြောလို့လဲ"

"သူ့ညီမလေး သူငယ်ချင်းအုပ်စုနဲ့ ငါတို့နှစ်ယောက်တည်းကို မိတ်ဆက်ပေးမယ် ပြောထားတာလေ"

မမေ့မလျော့ စိတ်ဝင်တစား ရှိနေတဲ့ ကြည်လွင်ဟန့်စကားကြောင့် ...

"ဪ ... ဟုတ်သားပဲ၊ အာ ... ဒါပေမဲ့ ကျော့ကျော့လည်း သူ့ဟာနဲ့သူ ရှုပ်ယှက်ခတ်ပြီး အားမယ်မထင်ပါဘူးကွာ၊ မင်းက စွဲစွဲလမ်းလမ်း လုပ်မနေနဲ့၊ မေ့ထားလိုက်စမ်းပါ"





"မင်းကလည်း နေပါဦးကွ၊ ကျော့ကျော့က အောင်လေးကို ဟိုဘက်ခေါ်သွားတယ်၊ သူ့ဆွေမျိုးတွေနဲ့ မိတ်ဆက်နေတယ် ထင်တယ်၊ ဒီနားကပဲ ခဏစောင့်မယ်ကွာ၊ သူတို့ဒီဘက် ပြန်လာရင် မျက်နှာတော့ တစ်ချက်လောက် ပြလိုက်ဦးမယ်လေ"

ကျွန်တော်က ကြည်လွင်ဟန့်ကို တအံ့တသြ ရယ်ဟဟကြည့်ရင်း ...

"ဟော့ကောင် ... မင်းက ဘာဖြစ်နေတာလဲ"

"အဟား ဟား ... ငါ ကျော့ကျော့ ညီမလေးကို တွေ့ပြီးပြီကွ"

"အဲဒီတော့"

"ရေလည် Sweet ကွ"

"ခွေးကောင် ... ဒါကြောင့် ဒီလောက်တောင် ဖြစ်နေတာ"

"ဟဲ ဟဲ ... သူလည်း ဟိုဘက်ကို ကျော့ကျော့နဲ့ပါသွားတယ်၊ သူ့သူငယ်ချင်းတွေတော့ မလာသေးဘူးလား မသိဘူး၊ လာလာ မလာလာ သိပ်လည်း ကိစ္စမရှိပါဘူး"

ကျွန်တော်က ကြည်လွင့်ကို ရယ်နေမိတယ်။ လာလာ မလာလာ ကျွန်တော်လည်း သိပ်ကိစ္စမရှိပါဘူး။ ကျွန်တော်မှာ ကိုယ့်ဟာနဲ့ကိုယ် ရင်ခုန်စရာလေး တွေ့ထားပြီဥစ္စာ။ ရုတ်တရက် ကျွန်တော် စိုးရိမ်တကြီး ဖြစ်သွားမိသေးပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ကြည်လွင်၊ ကျော့ကျော့ ညီမလေးက ဘာရောင်ဝတ်ထားတာလဲ"

"ဟိုလေကွာ၊ နီညိုရောင်လိုဟာလေးပေါ်မှာ စိန်မှုန်လေးတွေ ကြဲပက်ထားသလို ပြိုးပြိုးပျက်ပျက်နဲ့ အပေါ်အောက်တစ်ဆက်တည်းလေးမှာ ပခုံးပေါ်ပေါ်လေးနဲ့ ဖြူဝင်းနေတာပဲ"

"ဟော့ကောင် ... ဘာမှ အသေးစိတ် မမေးဘူး၊ နီညိုရောင်ဖြင့် နီညိုရောင်၊ ဒါပဲ ... ပြီးပြီပေါ့"

"ဟဲ ... ဟဲ ..."

ကျွန်တော်တို့နှစ်ယောက်လုံး ကိုယ့်စိတ်ကူးနဲ့ကိုယ်မို့ သဘောတူညီစွာပဲ အဲဒီနားမှာတင် မိုးတိုးမတ်တတ် ရပ်နေကြတယ်။ ကြည်လွင်ဟန်ကလည်း ကျော့ကျော့နဲ့ အောင်လေးသွားတဲ့ဘက်ကိုပဲ တကြည့်ကြည့်။ ကျွန်တော်ကလည်း ဟိုရှာဒီရှာ ဟိုကြည့်ဒီကြည့်။ လူတွေကလည်း အများကြီး။ စားပွဲတိုင်းလိုလိုလည်း ပြည့်နေတာပါပဲ။

ဘူဖေးကျွေးတာလည်း ဖြစ်တာမို့ ထ,ယူရတဲ့သူနဲ့ ပြန်လာတဲ့သူနဲ့ ရှုပ်ယှက်ကို ခတ်နေတာပဲ။ များသောအားဖြင့်က မိန်းကလေးတွေချည်းပါပဲ။ အဲဒါပြီးရင်တော့ ဆွေမျိုးပုံစံမိသားစုလိုက်တွေ။ ယောက်ျားလေးသည် တစ်ယောက်တည်း နှစ်ယောက်တည်းတွေက ကျွန်တော်တို့အုပ်စုအပြင် မရှိသလောက်ပဲ။





"မင်းက ဘာကိုရှာနေတာလဲ"

"ဘာမှမရှာပါဘူးကွ၊ ဘာဖြစ်လို့လဲ"

"ဒီလောက်ရှာနေပြီးတော့ မရှာဘူးတဲ့၊ ခုနတုန်းကလည်း ငါကြည့်နေတယ် မင်း ခြေဖျားထောက်ပြီး ရှာနေတာ၊ ဟော့ကောင် ပြော"

ကျွန်တော် ရယ်ချင်လာပြီး ပြုံးစိစိနဲ့ပဲ ...

"ငါ ကားရပ်ပြီး ဒီကိုအလာ ကောင်မလေးတစ်အုပ်စုကို တွေ့လိုက်လို့ကွ"

"ဒီကို လာတာပဲပေါ့"

"အေး ... သုံးယောက်တွဲလာတာ"

"သုံးယောက်တွဲ !!"

"အင်း"

"ခပ်ငယ်ငယ်လေးတွေလား"

"အေး"

"ဘာရောင် ဝတ်ထားလဲ မှတ်မိလား"

"အဖြူရယ်၊ ပန်းရောင်ရယ်၊ နက်ပြာရယ် သုံးယောက်"

"ကဲ ... လာခဲ့"

ကြည်လွင်ဟန်က ကျွန်တော့်လက်ကို ဆွဲခေါ်တဲ့အတွက် ကျွန်တော်က ပြန်ဆွဲရန်းရင်းက ...

"ဘာလဲကွ၊ မင်း တွေ့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့တယ်၊ သုံးယောက်စလုံး အတွဲလိုက် အရောင်တူ တော့ မဖြစ်နိုင်ပါဘူး၊ တစ်ယောက်က အရပ်ရှည်လမျာ ကလေးကွာ"

"အေး ... ဟုတ်တယ်၊ အဖြူရောင်လေး"

"မြန်မြန်လာ"

"ဟော့ကောင် ... မင်းဟာက ရုပ်ပျက်လိုက်တာ ကြည့်လွ ရာ၊ ဖြည်းဖြည်းသက်သာ သွားပါကွာ"

"မရဘူး ကိုယ့်လူ၊ မင်း နောက်ကျသွားနိုင်တယ်"

"ဘာဖြစ်လို့လဲ"

"ကောင်မလေးတွေ နေရာရှာရင်း ဝင်အလာ ငါကလည်း ဖြူစင်တို့ဝိုင်းကအထ၊ ခုံသုံးခုံ တစ်ပြိုင်နက်လွတ်တဲ့ စားပွဲ က ခပ်ရှားရှားရယ်၊ သူတို့ ဟိုစားပွဲရှာ၊ ဒီစားပွဲရှာနဲ့ အနားမှာ ယောင်နေတုန်း ဖြူစင်ကပဲ ထ,ဖိတ်ခေါ်ပြီး သူတို့ဝိုင်းမှာ ထိုင်ခိုင်းထားတာ၊ အခု ဖြူစင်ရယ်၊ နေစိုး ရယ်၊ အဲဒီကောင်မလေး သုံးယောက်ရယ် ထိုင်ကျန်ခဲ့လေ ရဲ့ ..."

သင်းတို့နှစ်ယောက်လက် ဝ,ကွက်ပြီး ကျန်ခဲ့တာ နောက်ကြောင်း အေးစရာ အကြောင်းကို မမြင်ဘူး၊ နှစ် ကောင်သား ပါးစပ်ကြီးတွေ ငယ်ထိပ်မှာ ဖဲပွင့်ဖော်ချည်လို့ ရအောင်ကို ဖြဲနေကြတာ"



ကျွန်တော့် ရင်ထဲ အင့်သွားပြီး အတော်စိတ်မချမ်း သာ လက်မချမ်းသာ ဖြစ်သွားရပါတယ်။ ဖြူစင်နဲ့ နေစိုး ဆိုတာ က သူငယ်ချင်းအရင်းတွေ ဆိုပေမဲ့ တကယ့်ကို စိတ်မချရလောက် အောင်ကို ခြေသွက်လက်သွက်နဲ့ ဒီလိုကိစ္စမျိုးမှာ တေဒဂ်ပေးရ လောက်အောင် ကျွမ်းကျင်ဝါသနာထုံကြတဲ့ကောင်တွေ။

နှစ်ယောက်စလုံးဟာ ကိုယ့်မှာ လက်ရှိရည်းစားရှိရှိ မရှိရှိ အခွင့်အရေးရရင် ရသလိုလေးတော့ ကပ်ယူလိုက်ကြသေး တာပဲ။ ရင်တွေတောင် တထိတ်ထိတ် တုန်လာပြီး ကြည်လွင်ဟန် ဦးဆောင်ခေါ်လာတဲ့ စားပွဲဆီ ရောက်လာခဲ့ပါတယ်။

စားပွဲမှာတော့ ဖြူစင်၊ နေစိုး၊ ပန်းရောင်၊ နက်ပြာ၊ အဖြူတို့ဟာ အစဉ်လိုက် ဝိုင်းထိုင်နေတယ်။ ဝိုင်းထိုင်နေတဲ့ အတွက် နေစိုးဘေးမှာ ပန်းရောင်ရှိနေသလို ဖြူစင့်ဘေးမှာ အဖြူလေး ရှိနေပါတော့တယ်။ ကျွန်တော့်ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်သွားရမှန်းကို မသိဘူး။ ပြောမပြတတ်ဘူး။

ဖြူစင့် မျက်နှာကြီးကို မြင်တဲ့အခါမှာ ပိုပြီးစိုးရိမ် တကြီး ခံစားလိုက်ရတယ်။ ဖြူစင်ဟာ အဖြူရောင်လေးကို အရမ်းကို ပညာကုန်သုံးပြီး အကြည့်နဲ့တင် စတင်ညှို့ငင်ဖမ်းစား နေပြီ။ ချောမောတဲ့ ဖြူစင်နဲ့ သိပ်ချစ်ဖို့ကောင်းတဲ့ အဖြူရောင် လေးတို့ ယှဉ်ထိုင်နေတာဟာ အလွန်ကို လိုက်ဖက်ကြည့်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြီး လမင်းကြီးနှစ်စင်း ယှဉ်ပြိုင်ထွန်းလင်းနေသလို ဒီနေရာတစ်ဝိုက်လုံးကို ဝင်းပနေစေတော့တယ်။

"ဟော့ကောင် ... ဖာတိ၊ မင်း ခုမှလာတာလား"

"အေး"

ကျွန်တော့်အသံက အက်တိမ်တိမ်။ ကောင်မလေးတွေဟာ ကျွန်တော့်ဘက် မော့ကြည့်ကြပြီး ...

"ဟင် ... ဟိုလူကြီး"

အဖြူရောင့်လေးရဲ့ နှုတ်ခမ်းလေးတွေက ရုတ်တရက် မသိမသာ စူလာသလိုပဲ။ လူခပ်ချောချော ခပ်မိမိ တစ်ယောက်နဲ့ ယှဉ်တွဲထိုင်ပြီး မိတ်ဖွဲ့ခံနေရတဲ့အခိုက်မို့ ရှက်စနိုး နီမြန်းမြန်းရှိချင်တဲ့ သူ့မျက်နှာကလေးဟာ ကျွန်တော့်ကို မြင်တော့ ရှက်ရိပ်ပျောက်ပြီး စိတ်တို စိတ်ကောက်တဲ့အရိပ် ပေါက်လာတယ်။

"ဘာလဲ ... သိကြလို့လား"

"ဟင့်အင်း ... မသိပါဘူး၊ လမ်းမှာ တွေ့လာတာ"

သူလေးက ဖြူစင့်ကို ခပ်စိုက်စိုက်လေး ကြည့်ပြီး စကားပြောတဲ့ ချစ်စဖွယ် ဟန်ကလေးဟာ ကျွန်တော့်ရင်ကို ခုန်လည်းခုန်စေ ပူလည်း ပူလောင်စေတယ်။

"ထိုင်လေကွာ၊ ဖာတိ ... ထိုင်၊ ဟိုဘက်က တစ်ခုံဆွဲလိုက်ပေါ့၊ ကြည်လွင်က ဒီဘက်ဝိုင်းကခုံ ဆွဲလိုက်"





ဖြူစင်ကပဲ စီစဉ်တယ်။ ကျွန်တော်ဟာ ပလတ်စတစ်ခုံတစ်ခုံဆွဲပြီးတဲ့နောက် သူကလေးနဲ့ နက်ပြာရောင်လေးကြားကျကျကို ခုံထိုးပြီး အတင်းဝင်ထိုင်ဖို့ ကြံစည်ကြည့်သေးတယ်။ ဒါပေမဲ့ ကျွန်တော်က အဲသလောက် သတ္တိကောင်းတဲ့ကောင် မဟုတ်ပါဘူး။ ကျွန်တော်ရော ကြည်လွင်ရောဟာ ဖြူစင်နဲ့နေစိုး ချပေးတဲ့အတိုင်း သူတို့နှစ်ယောက်ကြားကိုပဲ ကျပ်ကျပ်သိပ်သိပ် ဝင်လိုက်ကြရတယ်။

"ကဲ ... မိတ်ဆက်ပေးဦးမယ်၊ ဒါ ကိုယ်တို့အုပ်စုသူငယ်ချင်းတွေပဲ၊ သူက တေးရေး ကြည်လွင်ဟန်"

"ဪ ..."

"ဟယ် ... ဟုတ်လား"

"ဟုတ်တယ်ဗျာ၊ ကြားဖူးကြတယ် မဟုတ်လား"

"ကြားဖူးတာပေါ့၊ ကြားဖူးရုံ မကပါဘူး၊ ဒီအစ်ကိုရေးတဲ့ သီချင်းတွေ, သမီးတို့ ကြိုက်တာတွေ အများကြီးပါ"

နက်ပြာမလေးက သွက်လက်ဖော်ရွေစွာ ဆိုပါတယ်။ အဖြူလေးဟာလည်း "ဪ"တစ်လုံးပဲ ပါးစပ်က ထွက်ပေမဲ့ သူ့မျက်လုံးလေးတွေကတော့ အသင့်အတင့် နာမည်ရတဲ့ တေးရေးတစ်ယောက်ကို မြင်တွေ့ရ သိကျွမ်းရတာ ဝမ်းသာဂုဏ်ယူပုံပေါက်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဇာတိမာန်တဲ့"

ကျွန်တော်က သူ့ကို ဖျတ်ခနဲ ကြည့်လိုက်တော့ သူက ကျွန်တော့်ကို ကြည့်ရာက မျက်နှာလွှဲပြီး ဖြူစင့်ဆီ ပြောင်းကြည့်လိုက်တဲ့ အချိန်ပါ။ ဖြူစင်ကလည်း ဒီကနေ့မှ ကြွေရောင် တောက်ပြောင်နေတဲ့ ရှပ်လက်ရှည်နဲ့ အညိုရင့် စတိုင်ပဲင်နဲ့ အတော်ကို ပိုပြီးကြည့်ကောင်းနေတာ မနာလိုချင်စရာတောင် ကောင်းပါတယ်။

"ကဲ ... ဟော့ကောင်တွေ မှတ်ထားကွာ၊ သူက ကြယ်စင်၊ သူက ယမင်းဦးတဲ့၊ သူက ..."

"မြကျေး"

ကျွန်တော့်ပါးစပ်က လွှတ်ခနဲ ထွက်သွားတယ်။ ခုန သူချော်လဲကတည်းက မှတ်မိနေတာ။ အားလုံးရဲ့ မျက်လုံးတွေ ကျွန်တော့်ဆီ ရောက်လာပါတယ်။ ဖြူစင်က မျက်ခုံးပင့်ရင်း ...

"မင်းက ဘယ်လိုလုပ် သိနေလဲ"

"ခုန အပြင်မှာဆုံတော့ ခေါ်သံကြားလိုက်တာပါ"

"မြကျေးတမာတဲ့"

မြ ...၊ ကျေး ...၊ တ ...၊ မာ ...။

ကျွန်တော့်ရင်ထဲမှာ ချစ်ဖို့ကောင်းလှတဲ့ အဲဒီနာမည်ကလေးဟာ ပဲ့တင်တွေ ထပ်နေပါတော့တယ်။





"အာလုံး မော်လမြိုင်က လာကြတာ။ ဒီမှာ သုံးယောက်စု ပြီး အခန်းတစ်ခန်း ငှားနေတယ်၊ ဒီမှာ 2nd year English တက်နေကြတယ်တဲ့"

"သူတို့ မင်းနဲ့ ခုမှတွေ့တာနော် ဖြူစင်"

"အေးလေ ... အဲဒါ ဘာဖြစ်လဲ"

"ဩော် ... အချိန်တိုလေးအတွင်းမှာ သိနိုင်လွန်းလို့ အံ့ဩ တာပါကွာ"

ဖြူစင်က ဝင်နှောက်တဲ့ ကြည်လွင့်ကို ဂရုမစိုက်ဘဲ ...

"မေးရင် သိတာပေါ့၊ ဘာထူးဆန်းလဲ၊ ဒီလိုပဲ မေးကြည့် ပြီး မိတ်ဖွဲ့တာပေါ့ကွ၊ သူတို့က ကျော့ကျော့ညီမ သူငယ် ချင်းတွေ၊ ဒီပွဲမှာ တခြားဘယ်သူ့ကိုမှ သိတာမဟုတ်ဘူး၊ ကြောင်မနေအောင် ကူညီဧည့်ခံပေးရတာပေါ့ကွာ၊ ကြည်လွင် ကလည်း"

"ဩော် ... ဩော်"

ကြည်လွင်က ဆက်နှောက်ဆဲ။ မြကျေးဟာ ဝင် နှောက်ပြောင်တဲ့ ကြည်လွင့်ဟန့်ကို သဘောကျပုံ မရပါဘူး။ ဖော်ရွေသဘောကောင်းပုံ ရတယ်လို့ သူတွေးနေမှာဖြစ်တဲ့ ဖြူစင် ဆိုတဲ့ လူချောချော တစ်ယောက်ကိုပဲ ပင့်ကူအိမ်မှာ တွယ်မိတဲ့ ပိုးကောင်ကလေးလို ငြိစွဲစေးကပ်စွာ ငေးမောကြည့်နေရှာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

"ဇာတိ … မင်း ဘာဖြစ်နေလဲ ဂျိပဲကွာ၊ ငါ ဒီမှာဆိုင်က ခွာလို့မရပါဘူးလို့ နားလည်အောင် ပြောပြနေတာ နားမလည်ဘူးလား"

အောင်လေးက စားပွဲမှာ ဘာမှမလုပ်ဘဲ မြိန့်မြိန့်ကြီးထိုင်ရင်း ညည်းညည်းညူညူ ပြောတာမို့ ကျွန်တော် စိတ်တိုလာတယ်။

"အေး … မင်းက ကတ်တယ်ပေါ့"

"ဘာကတ်လို့လဲ"

"မင်း ဆိုင်ကမခွာနိုင်အောင် ဘယ်လောက်တောင် အလုပ်တွေ ရှုပ်နေလို့လဲ၊ ငါရောက်ကတည်းက နာရီဝက်ကျော်ပြီ၊ ငုတ်တုတ် ထိုင်ရာက မထဘူး၊ ဘာမှလဲ လုပ်တာမ





တွေ့ဘူး၊ အရှင်လိုပဲ ဝန်ထမ်းတွေ သူ့ဟာနဲ့သူ လုပ်နေကြတာပဲ တွေ့တယ်"

"ဟုတ်ပါတယ်၊ ငါ အလုပ်တွေ များနေတယ်လို့ကော ငါက ပြောလို့လား"

"ဆိုင်က ခွာမရဘူးဆို"

"အေးလေ၊ ဆိုင်က ခွာမရတာ"

ကျွန်တော့်မျက်နှာ ရှုပုပ်နေတာကိုကြည့်ပြီး အောင်လေးက ရယ်ချင်လာတဲ့ပုံနဲ့ တဟားဟားရယ်တယ်။

"ဟော့ကောင် … တကယ်ပါကွာ၊ ငါ့အဖေက ငါ့ကို ဆယ့်ငါးမိနစ်တစ်ခါ နာရီဝက်တစ်ခါ ဖုန်းဆက်နေတယ်၊ ဆိုင်ဖုန်းကို ဆက်တာ၊ မင်း မယုံရင် ငါ့ဝန်ထမ်းတွေ့ မေးကြည့်ပါလား"

"မင်းအဖေကလည်း ဘာဖြစ်တာလဲကွာ"

"ဘာဖြစ်ရမလဲ၊ ဒီကောင်တွေကြောင့်ပေါ့၊ ငါမရှိတော့ ငါပြန်လာရင် ပြန်စစ်လို့ရတဲ့ အလုပ်လောက်ပဲ ဖိဖိစီးစီး လုပ်တယ်လေ၊ အလုပ်ပါးတာနဲ့ ဂိမ်းမ်ပဲ ဖွင့်ဆော့နေကြတာ"

"သမီး မဆော့ပါဘူး"

ဖိုတိုကော်ပီယာကိုင်တဲ့ ကောင်မလေးက စောဒကတက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ညည်းက မဆော့တတ်လို့ မဆော့ပြန်တော့လည်း ဆော့နေတဲ့လူကို ကြည့်နေတယ်လေ"

"ခု ဘာဖြစ်လို့လဲ"

ကျွန်တော်က ဖြတ်မေးတော့ ...

"ရှေ့မှာ ဖုန်းထုတ်ထားတာလေ၊ ဖုန်းဆက်သူ လာရင် ကြည့်ပေါ့၊ ကိုယ်တိုင်နှိပ်ပေးတဲ့အထိ ငါက မလုပ်ခိုင်းပါဘူး၊ သူဘာနှိပ်လဲတော့ ကြည့်ကြပေါ့၊ မြို့တွင်းကောလ် ဟုတ်ရဲ့လား၊ နယ်ကောလ်လား၊ နိုင်ငံခြားကောလ်လား၊ မေးပြီးကြည့်နေရမှာပေါ့၊ ခုတော့ ဖုန်းကတစ်နေရာ၊ သူတို့က တစ်နေရာ၊ ကိုယ်စိတ်ဝင်စားတဲ့ အလုပ်ပဲ စိတ်ဝင်စားနေကြတာ၊ ကလိန်ကကျစ်ကောင်တွေက ခပ်တည်တည်နဲ့ နိုင်ငံခြားကောလ်တွေ ခေါ်ခေါ်သွားကြရော၊ ဟိုးအရင်တစ်လက ရှစ်ဆယ်ကျော် ကျတာတောင် အဘိုးကြီးက အော်လှုပြီ၊ ဟိုတစ်နေ့က ဖုန်းဘီလ်လာတော့ ဒေါ်လာသုံးရာကျော် ကျနေတာ၊ လေးသိန်းပေါ့ကွာ၊ ပြည်တွင်းတွေနဲ့ပေါင်းတော့ လေးသိန်းခွဲလောက်ကျတယ်"

"အေးလေ ... နမြောစရာကြီး၊ မင်းအဘိုးကြီးက အားလုံး ဝင်ချက်က်တယ် ဟုတ်လား"

"အေး ... ငါ့ကို ဆိုင်ဘန်းပြထားပြီး လျှောက်လိမ့်နေလို့ အလုပ်ကို အလုပ်နဲ့တူအောင် မလုပ်လို့ဆိုပြီး ကောနေတာ





ကြာပြီ၊ ပစ်ထားလို့ရတဲ့ ဆိုင်တစ်ဆိုင် ကောက်ဖွင့်ထားပြီး လက်ကြောမတင်းတဲ့ကောင်၊ ဖင်မမြဲတဲ့ကောင်ပေါ့ကွာ၊ ဆဲတာ၊ သေချာအလုပ်မလုပ်ဘဲ ချောက်တီး ချောက်ချက်လေးကို လူမြင်အောင် ပြထားပြီး လေနေတယ်ပေါ့"

"ဟုတ်တော့ဟုတ်တယ်လေ၊ မင်းကလည်း စီးပွားဖြစ်အောင် လုပ်နေတာမှ မဟုတ်တာ၊ အပျင်းပြေ မုန့်ဖိုးလေးလောက်ပဲ အပြောလွှတ်ရုံရတာ"

"အမယ်မယ် ... အဖေဆီက မုန့်ဖိုးတောင် လက်ဖြန့်တောင်းရတဲ့ကောင်က ပြောရှာတယ်"

ကျွန်တော် ရယ်လိုက်ရပါတယ်။ ဟုတ်တယ်လေ။ ကျွန်တော်က ပိုဆိုးတယ်။ ခုမှ စဉ်းစားကြည့်တော့၊ ကဲ ... တစ်နေ့မှာ "မြကျေးတမာ"က ကျွန်တော့်ကို "ကိုဇာတိက ဘာအလုပ်လုပ်တာလဲ"လို့ မေးရင် ကျွန်တော် ဘယ်လိုဖြေရပါ့။

အောင်လေး လောက်တောင် လက်ညှိုးထိုးပြနိုင်တဲ့ ဆိုင်မရှိဘူး။

အဖေပြေးခိုင်းတဲ့ ဟိုပြေး ဒီပြေးပဲ လုပ်နေတာ။

လူဆိုတာ ချစ်သူအတွက်ဆိုတဲ့ ခေါင်းစဉ်ရှိလာတော့မှပဲ အလုပ်လည်း ဖိဖိစီးစီး လုပ်ချင်လာတော့တယ် ထင်ပါရဲ့။ ကျွန်တော် တစ်ခုခုတော့ သတ်သတ်မှတ်မှတ် တည်တည်ကျကျ လုပ်မှဖြစ်မယ်လို့ စိတ်ကူးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကကော မဖြစ်စဖူး ဘာတွေ အရေးကြီးနေတာလဲ၊ ဒေါ်ဖြင့် ကျော့ကျော့ညီမရဲ့ သူငယ်ချင်း မြကျေးတမာဆိုတာ သေချာတောင် မမှတ်မိလိုက်ဘူး"

"တကယ်ချစ်ဖို့ကောင်းတယ်ကွာ"

အောင်လေးက ကျွန်တော့်ကို မယုံနိုင်သလို တအံ့တဩ ကြည့်တယ်။

"ဟုတ်ရဲ့လားကွာ"

"ဘာဟုတ်ရဲ့လားလဲကွ"

"မင်းဆီက ဒါမျိုး အလေးအနက် မကြားရဖူးလို့"

"အောင်လေး၊ ကျိန်ဆိုလည်း ကျိန်တယ်ကွာ၊ ငါ မြကျေးကို တကယ်စိတ်ဝင်စားတယ်၊ စိတ်ဝင်စားတာ မဟုတ်ဘူး၊ ချစ်မိနေပြီ။ ဒီတစ်ချီတော့ လက်နှေးပြီး ကျွန်ရစ်မဖြစ်ရအောင် မင်း အကူအညီ လိုတယ်"

"ဘာဖြစ်လို့ ကျွန်ရစ်ဖြစ်ရမှာလဲ"

ဟိုတစ်ညက အောင်လေးက ကျော့ကျော့ နားပဲနေတဲ့အတွက် အခြေအနေ အရပ်ရပ်ကို အတိအကျ မသိပါဘူး။ နောက်ဆုံးတော့ ကျော့ကျော့ ရောက်လာပြီး ကျွန်တော်တို့ကို မြင်တဲ့အခါ သူပြောထားတဲ့ စကားအတိုင်း ...

"ဒါ ကျော့ညီမလေး ဝေရီအောင်ရဲ့ သူငယ်ချင်းလေးတွေလေ၊ ယမင်းဦးတဲ့၊ မြကျေးတမာတဲ့၊ ကြယ်စင်တဲ့"





အသီးသီး လက်ညှိုးညွှန် မိတ်ဆက်ပေးပြီးတဲ့အခါ ကျော့ကျော့ဟာ အားမနာ ပါးမနာ ခပ်တည်တည် ပေါက်တွင်ပဲ။

"ဝေရီတို့လည်း မှတ်ထားကြ၊ ဒါက ကိုဇာတိမာန်၊ ဒါက ကိုကြည်လွင်ဟန်တဲ့၊ ကိုအောင့် သူငယ်ချင်းတွေပဲ"

အဲဒီအခါ ဖြူစင်နဲ့ နေစိုးက မျက်နှာကြီးတွေရှုံ့မဲ့ပြီး ...

"ဟာ ... ကျော့ကျော့က ဒီလိုကြီး ဖြတ်ချန်ထားရစ်တာတော့ မကောင်းပါဘူးဗျာ"

"ဘာဖြတ်ချန်တာလဲ"

"ကျွန်တော်တို့ နာမည်တွေတော့ ထည့်မိတ်မဆက်ဘဲနဲ့"

"အမယ် ... ရှင်တို့နှစ်ယောက်ကို မိန်းကလေးတွေနဲ့ တကူးတက မိတ်ဖွဲ့ပေးနေရဦးမှာလား ကိုဖြူစင်နဲ့ ကိုနေစိုးရဲ့ ... ဟင်၊ ခုလို တစ်ဝိုင်းတည်း တွေ့နေရမှတော့ ခုလောက်ရှိ မိတ်ဆက်ပြီးကြလောက်ပါပြီ။ ကြားလူအကူညီ လိုလို့လား"

"ဒီကောင်တွေနဲ့လည်း မိတ်ဆက်တာပါပဲဗျာ"

"မတူဘူးလေ၊ ရှင်တို့နှစ်ယောက်က မိတ်ကိုဆက်ပေးဖို့ မလိုတာ"

"ဟား ... ထုတယ်ဗျာ၊ ကျော့ကျော့က ရေလည်ချွတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော့ကျော့ တကယ်ကို အားမနာပါဘူး။ ခဏ ကြာမှာ ဝေရီအောင်က မြကျေးတို့သုံးယောက်ကို ဒီစားပွဲကနေ ခေါ်ထုတ်သွားပြီး ဟိုအဝေးက တခြားဝိုင်းကို သွားထိုင်ပါတယ်။ ခပ်လှမ်းလှမ်း ဖြစ်ပေမဲ့ သဲသဲကွဲကွဲ လှမ်းမြင်နေရတဲ့ အဲဒီဝိုင်းကို ဖြူစင်ရော နေစိုးရောဟာ တစ်ချိန်လုံး ရှိုးနေပါတယ်။

နေစိုးက ပန်းရောင်လေးဝတ်တဲ့ ကြယ်စင့်ကို။ ဖြူစင်က မြကျေးကိုဗျာ။ နေစိုး ဘယ်သူ့ကိုကြည့်ကြည့် ဘယ်သူ့ကို စိတ်ဝင်စားစား ကျွန်တော်နဲ့ မဆိုင်ဘူး။ ဖြူစင်က မြကျေးကို ကြည့်တာ စိတ်ဝင်စားတာကတော့ ကျွန်တော်နဲ့ သက်ဆိုင်သွားပြီလို့ပဲ ကျွန်တော် ယူဆတယ်။ ကျွန်တော်က အဲဒီ"မြကျေးတမာ" ကို စွဲလမ်းသွားတာကိုး။

ဖြူစင်ကတော့ မေးကို လက်ထောက်ပြီး လုံးဝကို ပေါ်တင်ကြီး လှမ်းရှိုတ်နေတာ။ မြကျေးကတော့ သူ့ကို ဖြူစင် အဲသလိုကြီး ကြည့်နေမှန်းကို သိလည်းသိ၊ မသိချင်ယောင်လည်း ဆောင်။ ဖြူစင့်လို နူးပြီးနပ်ပြီး မဟုတ်ဘဲ အတွေ့အကြုံ မရင့်ကျက်ရှာသေးတဲ့ မြကျေးဟာ အယောင်ဆောင်ရာမှာလည်း မကျွမ်းကျင် မပိရိပဲ ဖြူစင့်ကို မလုံမလဲနဲ့ မသိမသာ တစ်ချက်တလေ ခိုးကြည့်တတ်သေးတယ်။

ဖြူစင့်ထံမှာ မိန်းကလေးပေါင်း မြောက်မြားစွာ ကျဆုံးခဲ့ကြတာကို အရင့်အရင်က အကြိမ်ကြိမ် အဖန်ဖန် တွေ့





မြင်ခဲ့ဖူးပေမဲ့ ဒီတစ်ကြိမ် မြင်ရတာကတော့ တကယ်ကို ရင်ထဲ နာကျင်စရာ ကောင်းပါတယ်။ ကျွန်တော် ချစ်ခင်စွဲလမ်းတဲ့ မိန်းကလေးက ဖြူစင့်ဆီမှာ ယက်ကန်ယက်ကန် ကျဆုံးနေရှာ တာ။ ကျွန်တော့်စိတ်ထဲ တကယ်ကို မချိဘူး။

အဲဒီမွေးနေ့ပွဲနေ့မှာ ကျွန်တော် ပျော်လည်းမပျော် တော့ဘူး။ အစကတော့ လူငယ်တွေများမဲ့ပွဲ၊ မိန်းကလေးတွေ ပိုများမဲ့ပွဲဆိုပြီး ပျော်စရာကောင်းလိမ့်မယ်လို့ ကြိုတွက်ထားတာ လေ။ ခုတော့ မမျှော်လင့်တဲ့ ခံစားချက်တစ်ခုနဲ့ ဒီပွဲဟာ ကျွန်တော် အတွက် မချိတရိ စိတ်မသက်မသာ ဖြစ်ရတဲ့ပွဲ သက်သက်ပဲဖြစ် ခဲ့ရတယ်။

အောင်လေးကို အသေးစိတ်ပြောပြနေမိတဲ့ ကျွန်တော့် ရဲ့ မျက်နှာကို အောင်လေးက အံ့အားတသင့် ငေးကြည့်နေတယ်။ ကျွန်တော် ဒီလိုအတည်ဖြစ်နေတာဟာ အောင်လေးအတွက် အထူးတဆန်း ဖြစ်နေမယ်ဆိုတာ ကျွန်တော် နားလည်တယ်။ အာတီမာန်ဆိုတဲ့ ခပ်ပေါ့ပေါ့ လူရွယ်ဟာ ဘယ်မိန်းကလေးကိုမှ ဟုတ်တိပတ်တိ စိတ်ဝင်စားဖူးခဲ့တာ မဟုတ်ဘူး။

နည်းနည်းပါးပါး ချိန်ရွယ်ကြံစည်ဖူးသမျှဟာလည်း ကျွန်တော့်အနီးကပ် သူငယ်ချင်းတွေဖြစ်တဲ့ ဖြူစင် နေစိုး၊ ဝေယံ တို့ဘက်ကို ပိုပြီး အာရုံကျရောက်သွားကြတာ များတယ်။ သူတို့ က ဒီကိစ္စနဲ့ ပတ်သက်ရင် သွက်တယ်၊ နပ်တယ်၊ ကျွမ်းကျင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တကယ့်အတွေ့အကြုံမဲ့။

"ဓာတိ"

"အင်း"

"မင်း တကယ်ဖြစ်နေတာကိုး"

"အာ ... ငါ ထ,ဆဲလိုက်ရကွာ၊ အဆုံးထိ ပြောလာပြီးမှ တကယ်ဖြစ်နေတာကိုးတဲ့။ ငါခံစားချက်နဲ့ ပြောနေတာကွ"

"အေးပါ၊ ငါနားလည်ပါတယ်၊ မင်းတကယ် ခံစားချက်နဲ့ ပြောနေမှန်း ငါသိပါတယ်"

"အေး ... အဲဒါကြောင့် မင်း ငါ့ကို ဒီတစ်ခါ နောက်မကျ လက်မနှေးရအောင် ကူညီရမယ်"

"ဘယ်လို ကူညီရမလဲ"

"ကျော့ကျော့ဆီ ခေါ်သွားပြီး အဲဒီ သူ့ညီမသူငယ်ချင်းနဲ့ နီးစပ်အောင် နည်းနည်းကူညီပြောဆိုပေးဖို့ ဖန်တီးပေးဖို့ တိုက်တွန်းပေး"

အောင်လေး ခေါင်းကုတ်နေတယ်။

"ငါ တကယ်စိတ်ဝင်စားပြီး ငါ့အတွက် ပထမဆုံးအတွေ့အကြုံအဖြစ် ချစ်မိတာကွ၊ ဖြူစင့်လက်ထဲတော့ ထုံးစံအတိုင်း ပါမသွားစေချင်ဘူးကွာ"

"အာ ... မရဘူး၊ ဖြူစင့် လက်ထဲတော့ ပါလို့မရဘူး"





"အေးကွာ၊ လုပ်ပါကွာ"

"ဖြူစင်က ဟို ... အိန္ဒြာဆိုတဲ့ တစ်ယောက်နဲ့က ခုမှ ဆယ်ရက် နှစ်ပတ် ရှိသေးတာ၊ ဘာကြာသေးလို့လဲ၊ ဒီကြားထဲ နောက်ထပ်တစ်ယောက်ကိုတော့ ဒီလောက်မြန်မြန် ထပ်မနွှယ်နဲ့ပေါ့ကွ၊ အထူးသဖြင့်က ဒါ ကျော့ကျော့ညီမရဲ့ သူငယ်ချင်းဆိုတော့ ကျော့ကျော့ညီမလိုပဲပေါ့၊ ဒီကောင် မဟုတ်တရုတ်တွေ လျှောက်လုပ်လို့ ငါမျက်နှာ အပျက်ခံရမှာမျိုး မခံနိုင်ဘူး"

"ဟုတ်တယ်ကွာ၊ အဲဒါကြောင့်ပါ၊ ဖြူစင်က ဘယ်နည်းနဲ့မှ တန်ဖိုးကြီးကြီးထားပြီး ချစ်မှာမဟုတ်ပါဘူးကွာ၊ ကောက်ရိုးမီးပဲ လုပ်မှာပါ၊ ဒီ မြကျေးတမာ တစ်ယောက်ကိုတော့ ချမ်းသာပေးမှ ဖြစ်မယ်၊ ငါက တကယ့်ကို တန်ဖိုးထားပြီး ချစ်မှာ၊ လက်ထပ်ယူမှာ"

"မင်းဘိုးအေမှပဲ၊ မင်းကလည်း တစ်မျိုး၊ လက်ထပ်တောင် ယူနေပြီ၊ စတက်ပ်တွေကလည်း ကျော်လိုက်တာ။ ဒီကောင် မလေးကို ဖြူစင် ကစားစရာလိုပဲ ဆော့ကစားဖို့ကြံရင်တော့ လုံးဝတားမြစ်ရမှာ၊ ကျော့ကျော့နဲ့ ပြဿနာတက်ရမှာကွ၊ ဝေရီအောင် ဆိုတာ သူ့ညီမအရင်း မဟုတ်ပေမဲ့ တစ်ဝမ်းကွဲဖြစ်ပေမဲ့ သူက အရမ်းချစ်တာ၊ သူတို့ဖတ်စ် ကာစင်တွေထဲမှာ ယောကျ်ားလေးများပြီး မိန်းကလေးက



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်တည်းပါတာ၊ နောက်တစ်ယောက်က ဆယ့်သုံး နှစ်လောက် ရှိသေးတာ။ အရွယ်ကွာတော့ ကျော့ကျော့ ဝေရီအောင်နဲ့ပဲ အရင်းလို တွဲဖြစ်တာ"

"ဟိုအရင်က ရန်ကုန်မှာ မနေဘူးမို့လား"

"အေး ... မော်လမြိုင်မှာ၊ ဒါပေမဲ့ ဟိုနဲ့ဒီ ကူးသန်းတွေ ဆုံနေကြတာပဲ၊ အခု ဝေရီအောင်တို့ မိသားစုက ရန်ကုန် အပြီးပြောင်းလာတယ်၊ ဟိုသူငယ်ချင်း သုံးယောက်ကတ တော့ နယ်မှာပဲ နေကြတာ၊ အခု ကျောင်းလာတက်တော့ သုံးယောက်စုပြီး အခန်းငှားနေတာတဲ့"

"အဆောင်မဟုတ်ဘူးလား"

"တိုက်ခန်းတစ်ခန်း ငှားလိုက်ပြီး သူတို့သုံးယောက်ရှယ် ပြီး နေတာလေ၊ ပိုပြီး ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ် လပ်လပ် ရှိတယ်ဆိုပြီးတော့ အဆောင်မနေကြတော့ဘူး ဝေရီအောင်နဲ့လည်း ညီအစ်မတစ်တွေလိုပဲဆိုတော့ ကျော့ ကျော့ကလည်း အဲဒီသုံးယောက်ကို ဂရုစိုက်ရတာပေါ့ သူလည်း ခင်တယ် ..."

မင်း ဘာမှမပူနဲ့ ဇာတိ၊ ကျော့ကျော့ဟာ အဲဒီ ကောင်မလေးတွေ အုပ်စုကို ဖြူစင်တို့ နေစိုးတို့နဲ့တော့ သိပ်ရင်းနှီးဖို့ သဘောကျမှာ မဟုတ်တာ သေချာတယ် သူက နေစိုးနဲ့ ဖြူစင်ကိုမှ မကြိုက်တာ"





"ဒါပေမဲ့ သူ မကြိုက်တာ သူ့သဘောမကျတာက ဘာ အရေးလဲ အောင်လေး၊ အဓိက,က ကာယကံရှင်တွေ"

"ဒါလည်း ဟုတ်တယ်"

"ကဲပါကွာ၊ အောင်လေးရာ၊ ငါ့ကို ကျော့ကျော့ဆီ ခေါ် သွားစမ်းပါကွာ"

"အေးပါကွာ၊ နားငြီးလိုက်တာ၊ လူနာအမဲခြောက်ဖုတ် တောင်းသလိုဆိုတာ ဒါပဲဖြစ်မှာပဲ"

"မင်းက သွားမှမသွားတာ"

"ဟကောင်၊ ငါ့ရည်းစားဆီ သွားရမှာ ငါက မသွားချင်ပဲ ရှိပါ့မလား၊ ငါ့အဖေ လှမ်းချက်ကျနေပါတယ် ဆိုနေမှ။ မင်း ဘယ်လိုဖြစ်နေလဲ ညနေလောက် သွားမယ်၊ တစ်နေ့ ခင်းပိုင်းလောက်နဲ့တော့ အဲဒီ မြကျေးတာမာ ဖြူစင့်လက် ထဲ ပါမသွားဘူး"

"ဟော့ကောင်ကွာ၊ ဖွ ... ဖွကွာ၊ လွဲပါ ... ဖယ်ပါ့"

"ဟာ ... မင်း သိပ်သည်းနေပါလား၊ မပါသွားဘူးလို့ ပြောတာလေ"

"ပါပါ မပါပါ ဖြူစင့် လက်ထဲဆိုတဲ့ စကားလုံးကိုပဲ နင် လှပြီ"

"သေလိုက်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ အောင်လေးလည်း ပျင်းပျင်းနဲ့ ကွန်ပျူတာအအားတစ်လုံးနဲ့ ဂိမ်းမ်ဆော့နေရော။ အောင်လေး တကယ်ကို ဆိုင်ကခွာမရတာပါ။ သူ့အဘိုးကြီးက ဆယ့်ငါးမိနစ်တစ်ခါ နာရီဝက်တစ်ခါ တကယ်ပဲ ဆက်နေတာ။ တော်တော်ရစ်တဲ့ အဘိုးကြီးပါပဲ။ သူ့ကြောင့် ကျော့ကျော့ဆီ စောစောစီးစီးမသွားရဘူး။ သိပ်ခက်တာပဲ။

ကျွန်တော် အောင်လေးရဲ့ဆိုင်မှာ လိန်ပိန်ပျင်းရိနေပြီး စောင့်နေရတယ်။ ဟိုတွေး ဒီတွေး စိတ်ကူးတွေလည်း ပြေးလွှားလို့။ သိပ်မကြာခင်မှာ အဖေ့ကို ဖွင့်ပြောပြီး အလုပ်တာစ်ခုခု ကျွန်တော့်အတွက် ရှာဖွေစီစဉ်ပေးဖို့ ပြောရမယ်။ ဒါဆိုရင် အဖေလည်း အတော်ဝမ်းသာသွားမှာပဲ။ ကျွန်တော်ဟာ ပျင်းလည်းပျင်း၊ လက်လည်းယားပြီး အဖေ့ဆီ ဖုန်းလှမ်းခေါ်လိုက်သေးတယ်။ အဖေဖုန်းကိုင်တော့ "အဖေ ... ကျွန်တော်ယူမဲ့မိန်းမ တွေ့ပြီသိလား"လို့ လိုရင်းတန်းပြောလိုက်တော့တာပဲ။

❦ ➻ ❦

အချိန်တွေက ဟိုနည်းနည်း ဒီနည်းနည်းနဲ့ လင့်ကုန်တာ အမှန်ပဲ။ ညနေ သုံးနာရီလောက်ရောက်တော့ ကျွန်တော် နားပူလွန်းလို့ အောင်လေးက ဖွတ်ပဲ ဆိုင်ကထွက်လာရှာပါတယ်။





"ငါ့အဖေ ဖုန်းဆက်ရင် ကိုအောင် ကွန်ပျူတာတစ်လုံး ပျက်လို့ ဆိုင်သွားပို့တယ် ပြောလိုက်ကွာ၊ တယ်လီဖုန်းနားလည်း စောင့်ကြ၊ မင်းတို့ကောင်တွေ ကိုယ်ဘီလ်မဆောင်ရတိုင်း နမော်နမဲ့ မနေနဲ့၊ ဖုန်းဆက်တဲ့လူလာရင်ကြည့်"

သူ့အဖေက တကယ်လို့ ကွန်ပျူတာပျက်လို့သွား[illegible]တယ်ဆိုတာ မယုံရင်တောင်မှ မနက်ရှစ်နာရီကနေ ညနေသုံး[illegible]အထိ ဆိုင်မှာ ဖင်မြဲမြဲထိုင်ထားပြီ ဆိုတော့ အထိုက်အလျောက်[illegible] ကျေနပ်မှာပါ။ ကျွန်တော်နဲ့ အောင်လေး ကျော့ကျော့ဆီ[illegible]ခဲ့ကြတယ်။ ကျော့ကျော့ကို ကြိုဖုန်းဆက်ထားပြီးသားပါ။ [illegible]နေလာမယ်။ သူ့ကိုဝင်ခေါ်မယ် မြကျေးတို့နဲ့ တွေ့ရအောင် [illegible]စ်ခုခု စီစဉ်မယ် ဆိုတာ။

ဟိုရောက်တော့ ...

"လာ ... အိမ်ပေါ်တက်ထိုင်ဦး"

"ကျော့ အဆင်သင့် မဖြစ်သေးဘူးလား၊ ဖြစ်ရင်တစ်ခါတည်း ထွက်လိုက်မယ်လေ"

"အိမ်ပေါ်တက်ပါဦး၊ ဝေရို့ကို ခဏစောင့်ဦး၊ သူလည်း လိုက်မှာ"

"ဝင်ပြီး ပတ်ခေါ်လိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ခေါ်ခိုင်းဖို့ ကျော့က အားနာလို့ အိမ်ကဒရိုင်ဘာကို ဆေရီ့ကို သွားခေါ်ခိုင်းနေပြီ၊ ခဏပါ လာတော့မှာ လာ ... ကိုဇာတိလည်း အိမ်ပေါ်တက်၊ အေးအေးဆေးဆေး ပေါ့၊ အအေးသောက်ဦး၊ ကိုအောင်ကလည်း လောနေလိုက် တာ"

"ကျွန်တော်မျိုး လောရတာ မဟုတ်ပါခင်ဗျာ၊ ဒီကောင် လောခိုင်းတာပါ၊ မနက်ကနေ ခုထိ ကကျိ ကကျိနဲ့ ဆိုင် မှာနားကိုငြီးနေတာပဲ၊ ဝင့်ကြွေးပဲ"

ကျော့ကျော့က ကျွန်တော့်ကို ပြုံးကြည့်နေတယ်။ ကျော့ကျော့က ကျွန်တော့်ကို လူရိုးသဘောကောင်းလို့ အလကား နေရင်း ထပ်ပြီး အမှတ်တွေပေး ခင်မင်နေတဲ့သူပါ။

"လာပါ ထိုင်ပါဦး၊ စောင့်ရတဲ့ အချိန်တွေ ကုန်ရကျိုးနပ် အောင် သူ့အကြောင်းလေးတွေ အင်ထရို လုပ်ပေးထား မယ်"

ကျွန်တော်တို့ ဧည့်ခန်းအသေးလေးမှာ ထိုင်ကြတယ်။

"သူငယ်ချင်းတွေထဲမှာ ဝေရီက မြကျေးကို အချစ်ဆုံး အချစ်ဆုံးပေမဲ့ သူတို့နှစ်ယောက်က ရန်သိပ်ဖြစ်တာ ခဏခဏပဲ မခေါ်ပြန်ဘူး၊ အဲသလို ဖြစ်တယ်၊ ဝေရီက လည်း တစ်ဦးတည်းသော သမီး၊ သူ့စိတ် သူ့သဘောမှ မြကျေးက ခေါင်းမာတယ်၊ သူလုပ်ချင်တဲ့ အရာကို ဘယ်





သူတားတား ဖြစ်အောင်လုပ်လိုက်ရမှ။ မောင်နှမသုံးယောက် ထဲမှာ အကြီးဆုံးဆိုတော့ သူသိသူတတ်သူမှန်ပေါ့၊ ဒိုးဒိုး ဒေါက်ဒေါက်နဲ့ စကားပြောလည်း သွက်တယ်၊ စွာလည်း နည်းနည်းစွာတယ်"

"အဲဒီပုံတော့ ပေါက်နေတာပါပဲ"

"အမေက ကျောင်းဆရာမလေ၊ အဖေကတော့ စီးပွားရေး လုပ်တာပဲ၊ ပိုက်ဆံလည်း ရှိကြပါတယ်"

ကျွန်တော်က နည်းနည်း ရှိုးတိုးရှန့်တန့် ဖြစ်ရတယ်။ ...ရဲ့ နောက်ခံဇာတ်ကြောင်းကို တစ်စုံတစ်ယောက်က ပြော ...တာကို နားထောင်နေရတာကိုပဲ ရင်ထဲမှာ တဒိန်းဒိန်းဖြစ် ...တယ်။ ကိုယ်နဲ့ တကယ်တမ်းပဲ ပတ်သက်နေပြီလိုလို၊ သက် ...နေပြီလိုလို။

"ကိုဇာတိက တကယ်စိတ်ဝင်စားတာလား"

"အဟင်း ...၊ ဟဲ ဟဲ"

"သူ့ကို သွားမေးမနေနဲ့၊ ကိုယ် အသိဆုံး ကျော့၊ နားကိုပူ နေပြီ"

"ကျော့က ဝင်စွက်ဖက်ပြီး မေးနေတာ မဟုတ်ဘူးနော် ကိုဇာတိ၊ ကျော့တို့လည်း မော်လမြိုင်ဇာတိတွေပဲဆိုတော့ သူ့မိဘတွေနဲ့လည်း တအားမခင်မင်တောင်မှ သိကျွမ်းနေ ကြတဲ့ သူတွေလေ၊ သူလည်း ကိုယ့်ညီမနေရာမှာပဲရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကြားက စပ်ဟပ်အောင်သွယ်ပေးမိသလို ဖြစ်ပြီ မဟုတ်က ဟုတ်ကတော့ အဖြစ်မခံနိုင်လို့ပါ"

"ကျွန်တော် သူ့ကို တကယ် ... တကယ် ..."

"ဇာတိကို ကိုယ်တာဝန်ယူတယ်၊ သူ့ကို တစ်ခါမှ ဒီ ဖွဲ့ဖွဲ့လမ်းလမ်း မမြင်ဖူးတာ၊ ကိုယ်သေချာမေ ပြီးပြီ"

"ကျော့က ကိုဇာတိကို ယုံကြည်ပြီးသားပါ။ ကိုယ်လည် မြင်တွေ့နေတာပဲဟာ၊ ကိုဖြူစင်လို လူမျိုးနဲ့ ဆိုရင်အေ အာမခံပြီး မိတ်ဆက်မပေးရဲတာ အမှန်ပဲ"

"ကျော့ကသာ အာမခံပြီး မိတ်ဆက်မပေးရဲတာ၊ ဖြူစ အဲဒီအုပ်စုက အဲဒီနေ့ကတည်းက သူတို့ဟာ သူတို့ မိ ဆက်ပြီး ရင်းနှီးပြီးသား"

"ဟုတ်လို့လား၊ ကိုအောင်ကလည်း"

"တူတူတစ်ဝိုင်းတည်း ထိုင်နေတာ မတွေ့ဘူးလား"

"တွေ့တယ်လေ၊ နေရာမရှိလို့ သူတို့ဝင်ထိုင်လိုက်တာ ပြောတယ်၊ ရင်းနှီးသွားကြလို့လား"

"ရင်းနှီးသွားတာပေါ့၊ ကျော့ကျော့ လာပြီး မိတ်ဆက်ပေ ခင်ကတည်းက ဖြူစင်က နာမည်တွေလည်း သိပြီး မိတ်ဖွဲ့ပြီးကြပြီ၊ ပြီးတော့"

ကျွန်တော်က ကျော့ကျော့ ရှေ့မှာ ရှိုးတိုးရှန့်တ မျက်နှာလွှဲမိပြီး ...





"စားပွဲပြောင်းထိုင်ပြီးတဲ့နောက်တောင် သူတို့နှစ်ယောက် အကြည့်ချင်း ခဏခဏ ဆုံကြတယ်ဗျ၊ ကျွန်တော်မြင်နေတာပဲဟာ၊ ဖြူစင်က မြကျေးကို စိတ်ဝင်စားပုံ အဲဒီနေ့ကတည်းက ပြလိုက်တာ"

"ဟင် ... ကိုဖြူစင်နဲ့တော့ မဖြစ်ဘူးနော် ကိုအောင်၊ သူတို့သုံးယောက်ရဲ့ မိဘတွေက ဝေရီ့မိဘတွေကို အပ်ထားကြတာ၊ ကိုဖြူစင် ဆိုတာက ကိုအောင့်ဘော်ဒါ၊ ကိုအောင် အကြောင်းအသိဆုံးပဲ၊ နည်းနည်းလေးမှ တည်တည်ငြိမ်ငြိမ် ရှိတာလည်း မဟုတ်ဘူး၊ မိန်းကလေးတွေကိုလည်း တန်ဖိုးထားပြီး ချစ်တတ်တာ မဟုတ်ဘူး၊ ကြားကနေ မျက်နှာပျက်ရမှာ သေချာနေတာ၊ တစ်ခုခုဆိုရင် ကျော့ကျော့ ရည်းစားရဲ့ဘော်ဒါလေ ဆိုတာ တစ်ခွန်းနဲ့ ကျော့လည်း ခေါင်းကိုဖော်နိုင်မှာ မဟုတ်ဘူးနော် ကိုအောင်"

"အင်းပါ ကျော့ရာ၊ ဖြူစင်က ကောက်ရိုးမီးလို ဟုန်းခနဲ ဟုန်းခနဲ ထ,ထ,တောက်တတ်တာ ကျော့ အသိပဲဟာ"

"အင်းလေ ... အဲလို အဖြစ်မခံနိုင်တာ"

"ကိုယ်ပြောတာက အဲဒီနေ့က ကြုံကြိုက်လို့ ခရီးသွားဟန် လွှဲ ရိုက်လိုက်တာမျိုးပဲ ဖြစ်ပါလိမ့်မယ်၊ ဘာမှဇာတ်လမ်း ဆက်ဖို့ မရှိလောက်ပါဘူး၊ သူ့မှာလည်း ကောင်မလေးက အသစ်ကလေးဟာကို"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ဘာမှမဖြစ်ရင် ကောင်းပါတယ်၊ ကျော့က အဲဒီနေ့က ကိုဇာတိကိုခင်လို့ မိတ်ဆက်ပေးမယ်တွေ ဘာတွေ နောက်ပြောင်လောကွတ်လုပ်မိတာ၊ အခု ကိုဇာတိက တကယ်စိတ်ဝင်စားတယ် အတည်ရည်ရွယ်တယ်ဆိုတော့ ကျော့ ကူညီနိုင်တာက အစပိုင်းမှာ ခင်မင်ရင်းနှီးသွားအောင် ဆုံပေးဖို့ ...

နောက်ပိုင်း ကိုယ့်ဟာကိုယ် စခန်းသွားပေါ့။ သူ့ဘက်က တုံ့ပြန်တဲ့ အခြေအနေက သူ့သဘောပဲနော် ကိုဇာတိ ...

ကျော့က တိုက်တွန်းပေးလို့တော့ မရဘူး"

"ဟုတ်ကဲ့ ... ကျွန်တော် နားလည်ပါတယ် ကျော့ကျော့"

"ကားပြန်လာပြီ၊ ဝေရီ လာပြီ"

ကျော့ကျော့က သူ့အမေဆီသွားပြီး သူနဲ့ဝေရီ ... အောင်လေးနဲ့ ကျွန်တော်နဲ့ မုန့်ထွက်စားဖို့ ခဏလိုက်သွားမဲ့အကြောင်း သွားပြောပါတယ်။ အောင်လေးကို ချစ်ခင်သဘောကျတဲ့ ကျော့ကျော့အမေကြီးက ရှောရှောရှူရှူပါပဲ။ ကျွန်တော်တို့ ကားနှစ်စီးနဲ့ ထွက်လာတယ်။ ကျော့ကျော့ရော ဝေရီရောက အောင်လေးကားပေါ်မှာ။ ကျွန်တော်က အောင်လေးကားနောက်က တစ်ယောက်တည်း မောင်းရင်း ပါလာတယ်။





ဒီအတိုင်းဆိုရင် မြကျေးတို့အုပ်စု လာတဲ့အခါ ...နှ်တော့်ကားနဲ့ လိုက်မှာပဲ။ သူတို့က သုံးယောက်ဆိုတော့ ...စ်ယောက်ရှေ့ခန်းမှာ လာထိုင်ရမှာမို့ "မြကျေး ... ရှေ့လာလေ" ...ို့ ပြောလိုက်မယ် ဆိုပြီး လေယူလေသိမ်းကအစ နမူနာစမ်း ...ပြောကြည့်ရင်း ကျွန်တော် ရူးနေမိတယ်။

ကောက်ကာငင်ကာနဲ့ ကားတွင်းကိုလည်း ဒက်ရှ် ...တ်ထဲက အမွှေးဘူးထုတ်ပြီး တရှူးရှူး ဖျန်းမိသေးတယ်။ ...ထဲမှာ ဟိုကြည့် ဒီကြည့်နဲ့ ရှုပ်ပွနေလား၊ ထိုင်ခုံတွေ ဖုန် ...င်လား၊ ကြမ်းခင်းထဲ အမှိုက်ကျနေလားကအစ ရှာရင်းဖွေရင်း ...စ်ယောက်တည်း ရှုပ်ယှက်ခတ်နေတာပဲ။

စမ်းချောင်းမြို့နယ်ထဲက လမ်းတစ်လမ်းရဲ့ တိုက် ...တိုက်ရှေ့မှာ အောင်လေး ကားထိုးရပ်လိုက်တဲ့အတွက် ကျွန် ...ော့်ကားလည်း နောက်မှာ ရပ်လိုက်တယ်။ ဝေရီက ကားပေါ် ...င်းတာနဲ့ ရောက်ဖူး ရင်းနှီးနေတဲ့ အခန်းကို ရှေ့ဆုံးကပြေး ...သွားပါတယ်။

"လာ ကိုဇာတိ၊ ဒုတိယထပ်မှာ"

ကျွန်တော်တို့သုံးယောက် ဒုတိယထပ် ဘယ်ဘက် ...သေးရှေ့ ရောက်တဲ့အခါ အခန်းတံခါးက ဖွင့်ထားနှင့်ပြီး ...ကျော့ လှမ်းဝင်လိုက်တာနဲ့ ဝေရီရဲ့ "မရှိဘူး" ဆိုတဲ့ အသံက ...ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားလို့လဲ"

ယမင်း ရှိနေတယ်။ ယမင်းက ကျော့ကျော့ကိုလာ

လက်တွဲရင်း ...

"ထိုင်ဦးလေ မမကျော့၊ ဟိုနှစ်ကောင်ကိုတော့ သိပ်မပြော

ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ ယမင်း"

"သိပ်လမ်းများတာပဲ"

"ဟုတ်လား"

"ညနေဆိုရင် ထွက်ပြီ"

ကျော့ကျော့က ကျွန်တော်နဲ့ အောင်လေးကို ထိ

ခိုင်းတယ်။ ခန်းလုံးပြည့် ဖယောင်းပုဆိုးသစ် ခင်းထားတဲ့ အခ

သစ်ကလေးမှာ ညှော်ခံဆက်တီတောင် မရှိပါဘူး၊ ခဏတဖြ

ဝှားနေကြတဲ့ ကျောင်းသူတွေ မဟုတ်လား။ ယမင်းက ...

"ထမင်းစားပွဲက ပလတ်စတစ်ခုံလေးတွေ ယူပေးမယ်"

"နေပစေ ယမင်း၊ ယူမနေနဲ့"

ကျွန်တော်တို့အားလုံး ရှင်းလင်းနေတဲ့ ညှော်ခန်းထ

ထဲ ဒီအတိုင်း ကြမ်းပေါ်ထိုင်ချလိုက်ကြပါတယ်။

"ယမင်းတို့သုံးယောက်ကိုပါခေါ်ရင်း အပြင်ထွက်ပြီး

ခုခု စားကြမလို့ ကိုအောင်နဲ့ သူ့သူငယ်ချင်းကာ

ချောဆွဲလာတဲ့ဟာ"



"အဲဒါမျိုးရှိရင် မမကျော့ ကြိုပြောထားမှ ရမှာ"

"အမလေးတော်၊ သူတို့က ညနေတိုင်း မအားကြလို့လား"

"ညနေတိုင်းပဲ မမကျော့ရဲ့၊ တစ်နေ့ရာမဟုတ် တစ်နေ့ရာ"

"ယမင်းရော မလိုက်သွားဘူးလား"

"ယမင်းက ပထမတစ်ရက်က လိုက်တယ်၊ နောက်တော့

သူတို့ဟာက ဟိုသင်း ... ယမင်းက အပိုကြီး ဖြစ်နေတာကို၊

ထိုင်နေရတာ ကြောင်ကြောင်ကြီး ဖြစ်လာတယ်"

"ဘာဖြစ်လို့လဲ၊ ယမင်းက ဘာလို့ အပိုကြီး ဖြစ်ရတာလဲ"

"အဓိက,က သူတို့နှစ်ယောက်ပဲဟာ၊ ယမင်း မပါလည်း

ဘာမှမဖြစ်တာ"

"ဪ ... သူတို့ချည်းပဲ သွားတာမဟုတ်ဘူးပေါ့၊ ဘယ်

သူတွေနဲ့ သွားကြတာလဲ"

"ဟိုလေ ..."

ယမင်းက အောင်လေးကို အားနာပါးနာ မေးငေါ့

ရင်း ...

"ကိုအောင်လေး သူငယ်ချင်းတွေပဲလေ"

"ဟင်"

"ဘယ်သူလဲ"

ကျော့ကျော့လည်း မေးသာမေးလိုက်ရပေမဲ့ ချက်ချင်း

အဖြေသိသွားပုံနဲ့ မျက်နှာတစ်မျိုးကြီး ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဖြူစင်နဲ့ ကိုနေစိုးလေ"

ကျော့ကျော့က အောင်လေးကို ခပ်တင်းတင်း တစ်ချက်လှည့်ကြည့်လိုက်တယ်။ အောင်လေးဟာ သူလည်းမသိတဲ့ ကိစ္စတစ်ခုမှာ ဘုမသိ ဘမသိနဲ့ သူပါ အပြစ်ရှိသလို ကျော့ကျော့က ကြည့်တာမို့ ...

"ဟာ ... ကိုယ်လည်း မသိဘူးလေ ကျော့၊ ဒီကောင်တွေ ဒီလိုခြေပုန်းခုတ်နေတာ ပြောမှမပြောတာ၊ ကိုယ်ဘယ်သိပါ့မလဲ"

ကျွန်တော့်ရင်ထဲမှာ ဟာပြီး တလှပ်လှပ်နဲ့ နှမြောဝမ်းနည်းစွာ တုန်ယင်လာခဲ့တယ်။ ဒီတစ်ခါလည်း နောက်ကောက်ကျပြီထင်တယ်။ ဒါပေမဲ့ ဒီတစ်ခါက ကျွန်တော် ဘယ်လိုမှ နောက်ကောက်ကျလို့ မဖြစ်ဘူးဗျာ၊ ကျွန်တော် သူ့ကိုသိပ်ချစ်နေပါလားဆိုတာ ခုဆိုရင် ပိုပြီးသိသာလာပြန်တယ်။

"သူတို့တွေ မ,မွေးနေ့မှာမှ သိကြတာ မဟုတ်လား"

"အင်းလေ၊ ဟုတ်တယ်လေ မမကျော့"

"ဘယ်နှရက် ရှိသေးလို့ ဒီလောက် ရင်းနှီးကုန်ရတာလဲ"

"ဘယ်နှရက်လဲတော့ မရေမိဘူး၊ ဒါပေမဲ့ မွေးနေ့အပြီး နောက်တစ်နေ့ကတည်းက ကျောင်းကိုလာ၊ ဒီကိုလည်းလာ။ နောက်ပိုင်းတော့ ညနေတွေတိုင်း အိမ်ကိုလာတာပဲ၊ ကျောင်းကို မလာဘူး"





"ဝေရီက ဒါကို မသိဘူးလား"

"ဝေရီက မမကျော့ မွေးနေ့ညက မမကျော့တို့အိမ်မှာအိပ်ပြီး ညဘက် အမျိုးတွေစုပြီး ဆော့ကြ စကားပြောကြနဲ့ အိပ်ရေးပျက်တော့ နောက်နေ့ ကျောင်းမတက်ဘူးလေ၊ နောက်နေ့တွေကျတော့ ကျောင်းလာတာ မတွေ့တော့ ဘယ်သိမလဲ"

"အိမ်ကို သူတို့ လာလည်ဝင်ထွက်နေတယ် ဆိုတာတောင် ကျောင်းမှာ စကားစပ်ပြီး ဝေရီ့ကို မပြောဖြစ်ကြဘူးလား"

ယမင်းက မျက်နှာလေး ရှုံ့ရင်း ...

"သူတို့က ဝေရီ့ကို မပြောဖို့ ယမင်းကိုပါ ပိတ်ထားတာ"

"ဟင် ... ပိတ်တောင်ထားတယ်"

"ဟုတ်ကဲ့ မမကျော့၊ ဝေရီကတစ်ဆင့် မမကျော့ သိမှာစိုးလို့"

"တိတ်တိတ်လုပ်တဲ့ သဘောပေါ့၊ ပုံမှန်ဆိုရင် ဘယ်သူပဲသိသိလေ၊ ကိုယ့်ဟာကိုယ် ရိုးရိုးသားသား အပြင်ထွက်လည်တယ်၊ မုန့်ထွက်စားတယ် ဆိုတာ ဘယ်သူပဲသိသိပေါ့၊ နှုတ်ပိတ်ထားတာကိုက မရိုးသားဘူး"

"ကိုဖြူစင်တို့က ပိတ်ထားလားမှ မသိဘဲ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ၊ ကိုအောင်လေးတို့ ဘာတို့ ပြန်သိမှာစိုးလို့ ပိတ်ရင်လည်း ပိတ်မှာပေါ့၊ ယမင်းက သူတို့ကို မကြိုက်ပါဘူး၊ ဘယ်လိုကြီးတွေလဲ မသိဘူး၊ တအားစကားပြောရဲတာပဲ၊ သူတို့က အတွဲလိုက် နှစ်တွဲလိုဖြစ်ပြီး ပြောဆိုတွတ်ထိုးနေတော့ ယမင်းက ယောက်ျားကြီးတစ်ယောက်နဲ့ တွဲနေရဦးမယ်၊ အဲဒါကြောင့် ယမင်း မလိုက်ဘူး"

"ယမင်း သိမှာတာပေါ့၊ ဟိုနှစ်ယောက် တယ်မိုက်ပါလား၊ ငါထင်တောင် မထင်မိဘူး"

"ယမင်းတောင် တားသေးတယ်၊ သူတို့က ပျော်ကိုပျော်နေတာ၊ ကိုဖြူစင်တို့ ကိုနေစိုးတို့က ရယ်စရာတွေလည်းပြော၊ စ,လိုက်နောက်လိုက်နဲ့၊ တစ်ထိုင်တည်းနဲ့ အရမ်းရောတတ်တာ၊ ယမင်း မပြောတတ်ဘူး၊ ယမင်းက သူတို့ပုံစံကြီးတွေကို ကြောက်တာ၊ တစ်ရက်က မြကျေးနဲ့ ကြယ်စင်က မလိုက်တော့ဘူး၊ ဒီနေ့ စာလုပ်စရာရှိတယ် ငြင်းပေမဲ့ တတွတ်တွတ်ကပ်ပြီး မရမက ခေါ်တော့ နောက်ဆုံးတော့ ပါသွားကြပြန်ရော"

ကျွန်တော် ခေါင်းငိုက်စိုက် ကျနေမိတယ်။ ရင်ထဲမှာ နာနေတယ်။ အရင်တုန်းကတွေလို ဖြူစင်နဲ့ ကြည်သွားတော့လည်း ပြီးတာပေါ့၊ သူတို့ချင်း ပြေလည်တာပဲလို့ ချက်ချင်းဖြေ





ွးပစ်လိုက်နိုင်တာမျိုး မရှိဘဲ ရင်တစ်ခုလုံး လေးကျပ်ပြီး ျုံးမရ ဖြစ်နေတယ်။

"ဒီနေ့က ဘယ်သွားတာလဲ"

"ယမင်းလည်း မသိဘူး၊ လမ်းကျမှ သူတို့သွားချင်တဲ့ဆီ တိုင်ပင်ပြီး သွားမှာပေါ့"

"ယမင်းပါတဲ့နေ့ကကော"

"အဲဒီနေ့က အင်းလျားစောင်း၊ လမ်းလျှောက်ကတည်းက သူတို့က နှစ်ယောက်တွဲတွေ လျှောက်နေတော့ ယမင်းက တစ်ယောက်တည်း၊ အဲဒါကြောင့် အဲဒီ မြကျေးတို့နှစ်ယောက်ကိုလည်း ယမင်း အမြင်အတော်ကတ်နေတာ"

"ဟုတ်တယ်၊ ကျောင်းမှာ သူတို့သုံးယောက် မကြည်ဘူးဖြစ်နေတာ၊ မြကျေးနဲ့ ကြယ်စင်က တစ်ဖွဲ့လိုလုပ်နေတော့ ဝေရီက ယမင်းနဲ့ တွဲလိုက်တာပေါ့၊ ခေါ်တော့ ခေါ်ပေမဲ့ စကားပြောရင် တစ်ယောက်နဲ့တစ်ယောက် ဘုတွေလုပ်နေကြတာ"

ဝေရီက ဝင်ဖြေပါတယ်။

"ကြည့်လို့မှ မရတာ၊ ကဲကိုကဲတယ်"

"ဘယ်အချိန် ပြန်ရောက်ကြလဲ"

"မနေ့ကဆိုရင် ညရှစ်နာရီမှ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... လွန်လှချည်လား၊ ဒီကောင်မလေးတွေတော့ မဖြစ်တော့ဘူး၊ သူတို့ပြန်လာတာနဲ့ မ,ဆီချက်ချင်းဖုန်း ဆက်နိုင်းစမ်း၊ ပြန်ရောက်တာနဲ့ဆက်လို့၊ ဒါမှ သူတို့ရောက် တဲ့အချိန် သိရအောင်၊ နို့မို့ရင် သူတို့အိမ်တွေကို ငါလှမ်း တိုင်မှာလို့ပြောလိုက်၊ မနှစ်က အဆောင်မှာ စည်းကမ်းလေး နဲ့ ဖြစ်သေးတယ်၊ ခုလို ကိုယ့်ဟာကိုယ် စုဌားနေပြီး လောက်လွတ်နေရင် ပြဿနာတက်ကုန်မယ်၊ ကျွတ် စိတ်ပျက်ဖို့ ကောင်းလိုက်တာ"

ကျွန်တော်လည်း မြကျေးကို စိတ်ပျက်လို့ရရင် ကောင်းမှာပဲ။ ခုတော့ စိတ်ပျက်လို့ မရတာ အတော်ခက်တယ် ဗျာ။





၁

ကျွန်တော့်အိမ်က အင်းလျားလမ်း သစ်သီးဈေးရဲ့ ချက်စောင်းထိုးလောက်က လမ်းသွယ်လေးထဲမှာပါ။ အဲဒီကနေ အလေဖွန်ဆောင်းတစ်လျှောက်က ဖြတ်ထွက်လိုက်ပြီး ဦးဝိစာရလမ်း ကို ကူးလိုက်တာနဲ့ မြကျေးတို့နေတဲ့ ရပ်ကွက်ဆီ ရောက်ပါတယ်။ တကယ်ကို နီးနီးကလေး။

ကျွန်တော် စီးနေကျ မာ့ခ်တူးကား အဖြူကြီးကို ထားပြီး အိမ်ကလူတွေသုံးတဲ့ ဝက်ဂွန်အာရ်ပလပ်စ် နီညိုရောင် ကားကလေးကို ယူမောင်းပြီး မြကျေးတို့တိုက်နဲ့ မလှမ်းမကမ်းက နေ သွားစောင့်ချောင်းကြည့်မိတယ်။ ညနေလေးနာရီ လေးနာရီခွဲ ဆိုရင် ဟိုခွေးကောင်နှစ်ကောင်က ရောက်လာပြီ။

ခုတလောမှာ ကျွန်တော်တို့ သူငယ်ချင်းခြောက် ယောက်လည်း လူစုံအောင် မတွေ့ကြတာ များတယ်။ တွေ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း နေ့တစ်ပိုင်းလောက်ပဲ။ ကိစ္စရှိသေးတယ်ဆိုပြီး လမ်းခွဲကြတာ လက်စသတ်တော့ ဘယ်ဟုတ်မလဲ။ ဒီနှစ်ကောင်က ဒီကိစ္စကိုး။ အားလုံးထဲမှာ ဘာကိစ္စမှ မရှိတာ ကျွန်တော်ပဲ။ ခုတော့ ကျွန်တော်လည်း ကိစ္စရှိရတော့မယ်။

ဖြူစင်နဲ့ နေစိုးဟာ ညနေဆိုရင် ရှိုးပေးပြီး ရောက်လာကြရော။ တိုက်ပေါ်တက်သွားကြရော။ မကြာခင်မှာ မြကျေးနဲ့ ကြယ်စင်ပါ နောက်ကပါလာပြီး ဆင်းလာကြရော။ ယမင်းကတော့ တကယ်ပြတ်တယ်။ လုံးဝမလိုက်ဘူး။ မြကျေးဟာ ဘာကြောင့် ယမင်းလို မလိမ္မာရတာလဲ။

ဖြူစင်ကလည်း မြကျေးကို သဘောကျတာကိုး။ ယမင်းကို သဘောကျပြီး အီရင် ယမင်းလည်း ဒီလိုပဲ ပျော့ပါသွားရင် ပါသွားမှာပါပဲ။ အဲဒီကျ မြကျေးက အိမ်မှာ လိမ်လိမ်မာမာလေး ကျန်ခဲ့ရမှာပေါ့။ အခြေအနေကိုက ဒီလိုဖြစ်လာတာကို ဘယ်တတ်နိုင်ပါ့မလဲလေ။

မြကျေးဟာ ကြော့ကြော့မော့မော့လေး ပြင်ဆင်ထားတတ်ပြီး မျက်နှာလေးက ရက်ရိပ်တစ်မျိုးနဲ့။ ဖြူစင်ရဲ့ အရေးသယ်သယ် ဂရုစိုက်မှုအောက်မှာ ကျေနပ်ဂုဏ်ယူတဲ့ ရိပ်ကလေးနဲ့ မျက်နှာလေး ဝင်းပတင့်တယ်နေတတ်ပါတယ်။ တစ်ညနေတော့ ကျွန်တော်က အိမ်ဆိုင်စတိုးဆိုင်လေး တစ်ခုမှာ ရေသန့်ဘူးဆင်းဝယ်နေမိတုန်း သူတို့ ဆင်းလာပြီး အတူထွက်သွားကြတယ်။





အဲဒီအခါ ဆိုင်ထဲက အမျိုးသမီး နှစ်ယောက်က အားအားယားယား လိုက်ကြည့်နေရင်း ...

"အဲဒီအိမ်ငှားမတွေက တက္ကသိုလ်ကျောင်းသူတွေ ဆိုတာရော ဟုတ်ရဲ့လား"

"ဘယ်သိမလဲ၊ မနက်ဆိုရင် ကျောပိုးအိတ်နဲ့တော့ သွားနေကြတာပဲ"

"တက္ကသိုလ်ကျောင်းသူယောင် ဘန်းပြပြီး ... ဟိုဒင်း ..."

ကျွန်တော် တအားဒေါသဖြစ်သွားပြီး သောက်လက်စရေသန့်ဘူးကို အဲဒီအမျိုးသမီးတွေရှေ့က စားပွဲပေါ် ဝုန်းခနဲဆောင့်ချလိုက်ရင်းက ...

"တက္ကသိုလ်ကျောင်းသူ အစစ်တွေပါဗျ၊ ခင်ဗျားတို့မဟုတ်က ဟုတ်က လျှောက်ပြောမနေနဲ့"

ပြောပြီးပြီးချင်း လှည့်ထွက်ခဲ့တယ်။ ဒေါသတွေကြီးပြီး ဝယ်ထားတဲ့ ရေသန့်ဘူးတောင် သူတို့စားပွဲပေါ် တစ်ဝက်တစ်ပျက် ကျန်ခဲ့တယ်။ မြကျေးကိုပါ ဒေါသထွက်လာမိတယ်။ နေပုံထိုင်ပုံမှ မဟုတ်တာ။ ရပ်ကွက်ထဲနေပြီး ညနေတိုင်းယောကျ်ားနှစ်ယောက် လာခေါ်ရာကို လိုက်သွားနေတာ ပတ်ဝန်းကျင်အမြင်မှာ မတင့်တယ်ဘူး ဆိုတာလောက်တောင် အသိဉာဏ်မရှိတော့ဘူးလားဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းထွက်လာရင်း မရည်ရွယ်ဘဲ ကျော့ကျော့ဆီ ဖုန်းဆက်လိုက်မိတယ်။

"ကျော့ကျော့ ... ကျွန်တော် ဇာတိပါ"

"ဩော် ... ကိုဇာတိ၊ ပြောလေ"

"ကျော့ကျော့ရာ ကျွန်တော် တကယ်ဒေါသဖြစ်တယ်ဗျာ၊ မြကျေးတို့ လမ်းထဲကလူတွေက မြကျေးတို့ကို အတင်းအဖျင်း ပြောနေကြတယ်ဗျ"

ကျော့ကျော့ အံ့အားသင့်နေပြီး ...

"ဘယ်သူကလဲ၊ ဘာပြောလို့လဲ၊ ကိုဇာတိက ဘယ်လိုလုပ်သိလဲ"

"ကျွန်တော် သူတို့တိုက်နဲ့ မျက်စောင်းထိုးက စတိုးဆိုင်မှာ ရေဘူးဝယ်သောက်နေတုန်း ဟိုကောင်တွေ လာခေါ်သွားလို့ မြကျေးတို့ ပါသွားတာကိုကြည့်ပြီး ဆိုင်က မိန်းမတွေ သပုပ်လေလွင့် ပြောနေကြတာ ကြားတာနဲ့ ကျွန်တော် ရန်တောင်တွေ့ခဲ့သေးတယ်"

ကျွန်တော့်ရဲ့ သွေးဆူနေတဲ့ လေသံကို ကျော့ကျော့လည်း သတိပြုမိလိမ့်မယ်။

"ဩော် ... ကိုဇာတိရယ်၊ ဒေါသကိုလျှော့မှပေါ့၊ ဘာလို့သွားရန်တွေ့နေရတာလဲ"





"ဟာ ... သူတို့ပြောတာကြီးက တက္ကသိုလ်ကျောင်းသူယောင် ဘန်းပြပြီး ဟိုဒင်းဗျာ ... အဲဒါ ..."

"ကျော့ နားလည်ပြီ၊ ကိုဇာတိက ဘာလို့ အဲဒီလမ်းထဲရောက်နေတာလဲ၊ အသိအိမ် ရှိလို့လား"

ကျွန်တော် မဖြေနိုင်ဘူး။ ညာလည်း မညာချင်ဘူး။ တိတ်သွားမိတယ်။ အဲဒီတော့ ကျော့ကျော့ ရိပ်မိသွားပုံ ရပါတယ်။

"ကိုဇာတိကို သူတို့က မတွေ့ဘူးလား"

"ကျွန်တော် ကားပါပြောင်းပြီး သွားတာ ကျော့ကျော့"

"ဖြစ်မှ ဖြစ်ရလေ ကိုဇာတိရယ်"

"အဲဒါဗျာ၊ ကျော့ကျော့ သူတို့ကို မဆုံးမတော့ဘူးလား၊ ကျွန်တော် တကယ်ပြောနေတာနော်၊ သူတို့ကို ဒီလိုပြောနေတာ ကျွန်တော် အရမ်းခံစားရတယ်ဗျ၊ အမြဲပဲ လာခေါ်တဲ့ဆီ လိုက်လိုက်သွားနေတော့ လူတွေ တစ်မျိုးထင်တာ အပြစ်မရှိဘူး၊ အတို့အထောင် လုပ်တာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူတို့လူကြီးတွေကို တိုင်လိုက်ပါလား၊ ဒါမှရပ်တန်းကရပ်မှာ"

တကယ်တော့ သူတို့အကျိုးလည်းပါသလို ကျွန်တော့်အကျိုးလည်း မကင်းတာ ကျွန်တော် အသိဆုံး။ စေတနာမမှန်ဘူးပြောပြော စိတ်ပုပ်တယ်ပြောပြော ပြောချင်တာပြော။ သူတို့ကို ဒိဗိစီးစီး တားမြစ်ပိတ်ပင်မဲ့သူ ရှိစေချင်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကျော့ အရင်သတိပေး တားမြစ်ဦးမယ်၊ တစ်ဖက်သားကို အပုပ်မချချင်ပေမဲ့ ကိုဖြူစင်တို့ အနေအထားကိုလည်း ပြောပြမယ်၊ သူတို့အိမ်တွေကိုတော့ ပြောမရမှ တိုင်တော့မယ်၊ မြကျေး အမေကဆိုရင် ကျောင်းဆရာမလည်းဖြစ်တော့ သားသမီးကို ဆုံးလည်းဆုံးမတယ်၊ အရိုက်လည်း ကြမ်းတယ်၊ တိုင်ပြောရင် ဒီကိုလိုက်ပြီး ရိုက်တောင်ရိုက်မှာ"

"ဟာ ... ဒါ ... ဒါဖြင့်ရင်တော့ မတိုင်ပါနဲ့တော့"

မြကျေး အရိုက်ခံရမဲ့ ကိစ္စကိုတော့ ကျွန်တော် အားပေးအားမြှောက် မပြုလိုဘူး။ ကျွန်တော့် အလောတကြီး တားမြစ်သံကို ကျော့ကျော့က ရယ်တယ်။

"အဲဒီနားထိသွားပြီး သူတို့ကို စောင့်ကြည့်နေမှပဲ၊ ရှင်လည်း အိမ်ပေါ်တက်သွားပြီး သွားလည်လို့ ရတာပဲ"

"အင်း ... ကျွန်တော်လည်း ဖွတ်တက်လည်ဖို့ စဉ်းစားပါသေးတယ်ဗျာ၊ ဒါပေမဲ့ သူတို့က မိန်းကလေးချည်းပဲဆိုတော့ အားနာတယ်ဗျ"

"ဒီတော့ အားမနာတဲ့သူက ခြေလှမ်းဦးသွားတာပေါ့၊ ဒါ ထုံးစံပဲလေ၊ ရှင် ကျောင်းကိုသွားလည်ရင်လည်း ရတာပဲ"

"ကျွန်တော် ... ကျွန်တော် ... ကြောက်လည်းကြောက်လို့ဗျ"





"အမလေး ... ကိုဇာတိရယ်၊ ရှင်က ယောကျ်ားလေးပဲ၊ အသည်းတောင် ယားလာပြီ၊ တစ်ခါတည်းမှပဲ"

"ကျွန်တော်က သူ့မှာ အနှောင့်အယှက် ဖြစ်မှာလည်း စိုးတယ် ကျော့ကျော့ရယ်၊ သူတို့များ ကြိုက်နေကြပြီလားလို့လည်း ထွေးမိတယ်"

"ရှင်တို့ အချင်းချင်းပဲဟာ ကိုဖြူစင့်ကို မေးမကြည့်ဘူးလား"

"ဟင့်အင်း၊ သူကလည်း လုံးဝမပြောဘူး၊ ဖုံးထားတဲ့ သဘောပဲ၊ အောင်လေးကတစ်ဆင့် ခင်ဗျားပါ သိသွားမှာ စိုးလို့ထင်တယ်၊ သူ့ရဲ့ တခြားကောင်မလေးတွေအကြောင်း ဆိုရင်တော့ အလကားနေရင်း အာဘောင်အာရင်းသန်သန်တွေ လျှောက်ပြောနေတာ၊ မကြားချင် မသိချင်မှ အဆုံးပဲ၊ သူကိုက ဖုံးထားတော့ ကျွန်တော်လည်း မေးမကြည့်တော့ဘူးဗျာ"

"ရှင်ကကော ဘာဖြစ်လို့ ဒီလောက်တုံ့နေးရတာလဲ၊ ရှင်လည်း ယောကျ်ားတစ်ယောက်၊ ကိုဖြူစင်လည်း ယောကျ်ားတစ်ယောက်ပဲ၊ အခွင့်အရေး တန်းတူရှိပါတယ်"

"ဒါပေမဲ့ ဖြူစင်နဲ့ ယှဉ်လိုက်ရင်တော့ ကျွန်တော် အမြဲနောက်ကောက်ကျစမြဲပဲဗျ ... အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"အဲသလိုတွေးပြီး စ,မလှုပ်ရှားရခင်ကတည်းက ရှင်က နောက်ဆုတ်ထားတာလား"

"အရင်ကတော့ စောစောစီးစီးပဲ နောက်ဆုတ်ထားလိုက်တယ် ကျော့ကျော့ရာ၊ ဒါပေမဲ့ အခုတော့ နောက်မဆုတ်နိုင်လို့ ကျွန်တော် ခက်နေတာပေါ့၊ ဒုက္ခဖြစ်နေတာပေါ့"

"ရှင့်ဒုက္ခနဲ့ ရှင်ပဲ၊ မွေးနေ့က ကိုဖြူစင်နဲ့ မြကျေး နည်းနည်း ရင်းနှီးငြိဆက်သွားတာ မြင်တာနဲ့ပဲ ရှင်နေးကွေးလေးလံသွားတာ၊ နောက်ပြီးတော့ ကျော့ တစ်ခုပြောဦးမယ်"

"ပြောပါ ကျော့ကျော့"

"ရှင်က ဒီတစ်ယောက်ဆိုတစ်ယောက် အလေးအနက်ရည်ရွယ် စိတ်ဝင်စားတာလေ ကိုဇာတိရဲ့၊ ကိုဖြူစင့်အကြောင်းက ရှင်အသိဆုံးပဲ၊ ခဏပဲလေ၊ ဒီတော့ သူငယ်ချင်းချင်းပဲ ဖွင့်ပြောပြပြီး ငါတကယ်ကြံရွယ်လို့ မင်းအပျော်အပျက်ဆိုရင် နောက်ဆုတ်ပေးကွာလို့ ..."

"အာ ... အဲဒါတော့ ယောကျ်ားလေးချင်းကြီး ဖောင်းလ်ပေါ့ ကျော့ကျော့ရ"

ကျွန်တော်က ခေါင်းတယမ်းယမ်း ခါလိုက်မိတယ်။ ယောကျ်ားလေး ရွယ်တူတန်းတူချင်း နောက်ဆုတ်ပေးပါဆိုတဲ့ စကားမျိုးတော့ ဘယ်သူ ပြောချင်မှာလဲဗျာ၊ မဟုတ်ဘူးလား။





ဖြူစင်ဟာ မတည်မြဲဘူး ခဏပဲဆိုတာကို သိပါတယ်။ ဒါပေမဲ့ ခဏပဲမို့ ရှောင်ပေးကွာ ဆိုတာကတော့ နည်းလမ်းလည်းမကျပါဘူး။

"တကယ်ဖြစ်ရမှာက ဖြူစင်လည်း သူ့ဟာနဲ့သူ အတည်ဖြစ်ဖြစ် ခဏတဖြုတ်ဖြစ်ဖြစ် ကြိုးစားခွင့်ရှိတယ်၊ ကျွန်တော်လည်း တူတူပဲ၊ အဓိက,က မြကျေး အပေါ်ပဲ မူတည်ပါတယ်"

"ဟုတ်ပါတယ်လေ၊ မြကျေးကို ပြောပြရမှာပေါ့၊ ကြယ်စင့်ကိုပါ အဲဒီလို လိုက်လိုက်မသွားဖို့ ဆုံးမရမှာပေါ့၊ ခုမှ ပြောင်းလာတာ မကြာသေးဘူး၊ မိန်းကလေးငယ်ငယ်တွေ ချည်းနေပြီး ခုလို ပြောခံရတော့ ဘယ်ကောင်းနိုင်ပါ့မလဲ"

ဟုတ်တယ်။ ကျွန်တော့် ရင်ထဲမှာ မြကျေးကို အဲသလို အပြောခံရတာ အတော်ထိခိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

နောက်နှစ်ရက်အကြာမှာ ကျွန်တော် အရဲစွန့်ပြီး မြကျေးတို့ကျောင်းကို သွားတယ်။ နိုင်ငံခြားဘာသာတက္ကသိုလ်မှာ ဆိုတာပဲ သိရုံကလွဲရင် တခြားဘာမှမသိတော့ လိုက်လည်းမရှာတတ်ပဲ အူကြောင်ကြောင် ဖြစ်နေတယ်။ အနည်းဆုံး အောင်လေးဖြစ်ဖြစ် ကြည်လွှင်ဟန်ဖြစ်ဖြစ် ခေါ်ခဲ့ဖို့သင့်တာ။ ခုတော့ ကျွန်တော် တစ်ယောက်တည်းမို့လို့ ကြောင်တောင်တောင် ဖြစ်ရတာပေါ့။

အုပ်စုနဲ့ဆို အာကျယ်တတ်ပြီး တစ်ယောက်တည်းဆိုရင် ကုပ်ချောင်းချောင်း ဖြစ်တတ်တဲ့ ကျွန်တော့ဉာဉ်အတိုင်း ခုလည်း ကုပ်ချောင်းချောင်းနဲ့ ကျောင်းထဲ ဝင်လာခဲ့ပြီး ကဲင်တင်းမှာ အပြင်ဘက်ကျကျနား ထိုင်ရင်း ဟိုငေး ဒီငေး လုပ်နေရတာပေါ့။





ဒါပေမဲ့ ဘုရားက ကျွန်တော့်ဘက်က ရှိတယ်ဗျ။ ဆယ်မိနစ်ကျော်ကျော်လောက်ပဲ ထိုင်ရသေးတယ်။ ကဲင်တင်းထဲ တဖွဲဖွဲဝင်လာတဲ့ ကျောင်းသူ ကျောင်းသား အုပ်စုထဲမှာ မြကျေးတို့ လေးယောက်တွဲ ပါလာပါတယ်။

ဝေရီက ကျွန်တော့်ကို အရင်ဆုံး လှမ်းမြင်ပြီး ...

"ဟယ် ... ဟိုမှာ ... ဟိုမှာ ..."

"ဘယ်သူလဲ"

ဝေရီနဲ့ ယမင်းကသာ ကျွန်တော့်ကို ထပ်မြင်ထားဖူးတဲ့သူ။ မြကျေးတို့ နှစ်ယောက်က မွေးနေ့က ခဏဆုံထားကြတာပဲ ရှိတာ။ သူတို့က ကျွန်တော့်ကို ဇဝေဇဝါ လှမ်းကြည့်နေကြတယ်။ ကြည့်ရင်း တဖြည်းဖြည်းလည်း နီးလာကြတယ်။ ခပ်နီးနီးလည်းရောက်လာရော ကျွန်တော့်ကို အရင်ဆုံး မှတ်မိသူက ဘယ်သူ ထင်ပါသလဲ။

ကျွန်တော့် မြကျေးပေါ့။

နှာခေါင်းလေး ရှုံ့တွန့်ပြီး မျက်စောင်းတစ်ချက်ထိုးယင်း ...

"ဟွန်း ... ဟိုလူကြီးကိုး"

ကျွန်တော်က ပြုံးစပ်စပ် ဖြစ်သွားမိရင်း ...

"ဟို ... ဟို ... မြကျေးတို့ ... ဟိုဒင်းတို့ အတန်းပြီးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်းဗျာ။ ရုတ်တရက်မှာ ဝေရီ့နာမည်ကိုတောင် မေ့သွားလိုက်သေးတယ်။ အေးအေးဆေးဆေး စဉ်းစားရင် ပေါ်နိုင်တဲ့ ယမင်းတို့ ကြယ်စင်တို့ နာမည်တွေကို ထူထူပူ နဲ့ မေ့နေပါတယ်။

"မပြီးသေးပါဘူး၊ ဗိုက်ဆာလို့"

ဝေရီဟာ သူ့အစ်မဆီကနေ ကျွန်တော့်အကြောင်း သိထားရင် သိထားခွင့် ရပါလိမ့်မယ်။ ဒါကြောင့် ပြုံးပြုံးကလေး နဲ့ သူက ကာယကံရှင် အိမ်ခံလို နေရာယူပြီး ...

"ကိုဇာတိ ... ဘာလာလုပ်တာလဲ"

"ဟို ... ကျွန်တော် ဒီမှာ စုံစမ်းစရာလေး တစ်ခုရှိလို့ အသိကလည်း မရှိ၊ အတော်ပဲ ရီဝေတို့အုပ်စုနဲ့ တွေ့ တာ"

ပါးစပ်ကနေ အဆင်ပြေပြေ စကားတစ်ခွန်းတော့ ထွက်သွားသား။ ဒါပေမဲ့ ကျွန်တော့်မျက်နှာတွေ သွေးရောင်လွှမ်း နေမယ်ဆိုတာ ကျွန်တော် သိနေတယ်။ မျက်နှာပြင်ဟာ ပူထူနေ ပြီး တစ္စစ္စ ခံစားနေရတာကိုး။

"ရီဝေ မဟုတ်ဘူး ဝေရီ"

မြကျေးက ဝင်ပြောလိုက်တာဖြစ်ပြီး ဝေရီက ရယ် နေပါတယ်။





"လာလေ၊ ငါတို့ ဒီမှာပဲ ထိုင်လိုက်ကြမယ်၊ ကိုဇာတိက ဘာစုံစမ်းချင်တာလဲ မသိဘူး၊ ဝေရီတို့လည်း ဝိုင်းစုံစမ်း ပေးလို့ ရတာပေါ့"

လိမ္မာလိုက်တဲ့ ဝေရီ။ သဘောကောင်းလေး။ သူ့ စကားကြောင့် ဘယ်သူကမှ မငြင်းဆန်ဘဲ ကျွန်တော်ထိုင်နေတဲ့ စားပွဲမှာပဲ ဝင်ထိုင်လိုက်ကြပါတယ်။ ကျွန်တော်လည်း မချောလေး သောက် ကိုယ်တစ်ယောက် တစ်ခါမှ ထိုင်ဖူးသူ မဟုတ်တဲ့ အတွက် ခုံပေးပါဦး စားပွဲသုတ်ပါဦးနဲ့ အတော်ပျာယာခတ်သွား တယ်။ ရှက်သလိုလို ... ကျွန်တော့်ကို သူများတွေ ကြည့်နေမလား ငဲ့မိသလိုလို မျက်နှာမထားတတ်ပဲ ဖြစ်နေတယ်။

"ဘာစားကြမလဲ ခင်ဗျာ"

စကားလုံးတွေကလည်း သူငယ်ချင်းတွေကြားထဲ ဆိုပြောနေသလို မဟုတ်ဘဲ အင်မတန်မှ ချိုသာယဉ်ကျေးလို့။ ကိုယ့်လေသံတောင် ကိုယ်ရယ်ချင်တယ်။

"ရှင် ကျွေးမှာလား"

မေးလိုက်သူက မြကျေးပါ။

ကျွန်တော်က မြကျေးရဲ့ ဝင်းဝါနုထွေးတဲ့ မျက်နှာ သုကလေးကို မရဲတရဲ စိုက်ကြည့်လိုက်ရင်း ...

"ဒါပေါ့၊ ကျွန်တော် ကျွေးမှာပေါ့ မြကျေးရဲ့"

"ပြီးရော ... ဒါဖြင့် ကြာဆံကြော်တစ်ပွဲ ဆန်းကစ်စ်တစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြကျေးက နံဘေးလာရပ်နေတဲ့ ဆိုင်ကကောင်လေးကို ခပ်တည်တည် လှည့်ပြောလိုက်ပါတယ်။ ကျွန်တော်တဲ့သုံးယောက်က မြကျေးကို တအံ့တသြ လှည့်ကြည့်ကြတယ်။ ရင်းနှီးသေးတာလည်း မဟုတ်ဘဲ အားမနာ ပါးမနာ မငြင်းမဆန် မှာချလိုက်လို့လေ။

"ဝေရီတို့ မှာလေ၊ ယမင်းလည်း မှာလေ့၊ ဟို ... ဟိုဒင်းရော ..."

ကြယ်စင့် မျက်နှာက ဟန်ဆောင်မှုန်တေသွားပြီး ...

"အောင်မာ ... ကျွန်မနာမည် မသိဘူးပေါ့လေ၊ သိအောင်စဉ်းစား၊ မရရင် ရှင့်ကို အပေါင်းအသင်း မလုပ်နိုင်ဘူး။ ကဲ ... စဉ်းစားကြည့်စမ်းပါ"

"ဟို ... ဟို ..."

"မှီးပေါ်မှာ ရှိတယ်"

ဝေရီက သဲလွန်စ ပေးလိုက်တော့ ကျွန်တော်က ဝမ်းသာအားရ ...

"တာရာ"

"ဗျူး ... ရှင်ဟာ မိတ်ဆက်ပေးထားဖူးတဲ့ ကောင်မလေးတစ်ယောက် နာမည်ကို မေ့ပစ်တဲ့သူ၊ အရမ်းအပြစ်ကြီးတယ်၊ ဒါကြောင့် ညှဉ်းဆဲပစ်ရမယ်၊ တို့ဖို့ ကတ်ကြေးကိုက်နဲ့၊ ပိုကာအောရင့်ချ်တစ်ဘူး ယူခဲ့"





"ဆောရီးဗျာ၊ လမင်းတော့ မဟုတ်ဘူးဗျ၊ ကြယ်တာရာလား"

ကျွန်တော် ချွေးတောင်ပြန်လာတယ်။

"မောင်လေးအဖြေဟာ နီးစပ်လာပါပြီ၊ ဆက်ကြိုးစားလိုက်ပါဦးကွယ်"

"ကြယ်တော့ ကြယ်ပဲဗျ"

ကောင်မလေးတွေ တဟားဟား တခစ်ခစ် ပွဲကျနေကြပါတယ်။ ဝေရီနဲ့ ယမင်းက နှစ်ယောက်ပေါင်းမှ တစ်ပွဲတည်းနဲ့ သံပရာရည်နှစ်ခွက် မှာတယ်။ မြကျေးနဲ့ ကြယ်စင် အအေးကိုဘူးတွေ မှာတာကိုလည်း အားနာနေကြပုံ ရပါတယ်။ ကျွန်တော့်အတွက် ကုန်ကျစရိတ်က ဘာမှကိစ္စမရှိဘူး။ သူတို့နဲ့ ရင်းနှီးခင်ရဖို့ အဓိက။

သူတို့လည်း ကျွန်တော့်ကို ခဏအတွင်းပဲ ခင်ခင်ခင် ပြောဆိုလာကြပါတယ်။ ဒါပေမဲ့ ခက်နေတာက ကျွန်တော်ချင်တဲ့ ပုံစံမျိုးနဲ့တော့ မဟုတ်ဘူးဗျာ။ ကျွန်တော်လည်း ရှင်းပြတတ်တော့ဘူး။

ကျွန်တော်လိုချင်တာက ဖြူစင်နဲ့ ဆက်ဆံတဲ့ အခါမိန်းကလေးတွေဟာ မရဲတရဲ ရှက်ကိုးရှက်ကန်း မျက်လွှာလေး မပွင့်တပွင့် ဖြစ်ကုန်တတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲလိုပုံစံမျိုးကို ကျွန်တော်လည်း လိုချင်တာ။ ရှင်းပါတယ်နော်။ ခုဟာက သူတို့ဟာ ကျွန်တော့်ကို ရှိန်လည်းမရှိန်ဘူး၊ ရှက်လည်း မရှက်ဘူး။ ကျွန်တော့်အပေါ် အရဲတင်းတောင် လွန်နေတယ်။ ကျွန်တော့်ရှေ့မှာ စားကြသောက်ကြ စကားပြောကြတဲ့အခါ ဖြူစင့် ရှေ့မှာ မိန်းကလေးတွေ စားကြသောက်ကြတာလို မထိတထိ တို့တိတို့တိ မရဲတရဲနဲ့ ပဲလေးလုပ်နေကြတာမျိုး လုံးဝမရှိ။

အစိပ္ပာယ်က ကျွန်တော်ဟာ သူတို့အတွက် ရှိန်စရာယောက်ျားတစ်ယောက် လုံးဝမဟုတ်။ ကျွန်တော့်ရှေ့မှာ အိုက်တင်လည်း မလုပ်။ ဟန်ဆောင်မှုလည်းမရှိ။ အရှိကို အရှိအတိုင်း ပြောဆိုဆက်ဆံကြတယ်။ သဘောကတော့ဗျာ ကျွန်တော့်ကို ရိုးရိုးသားသား ခင်မင်ဖို့ လူတစ်ယောက်အဖြစ်ပဲ သူတို့မြင်ကြတယ်။

ဒါဟာ ဟိုးအရင်ကတည်းက။ ကျွန်တော် လူပျိုရယ်လို့ ဖြစ်လာပြီး ကောင်မလေးတွေကို စ,စိတ်ဝင်စားတတ်လာကတည်းက။ အခုထိ တောက်လျှောက်ဒီအတိုင်းပဲ။ သူများတွေနဲ့ ရှက်ကိုးရှက်ကန်း ဖြစ်ကြတဲ့ မိန်းကလေးတွေဟာ ကျွန်တော့်ကို ဘယ်တော့မှ ရှက်ကိုးရှက်ကန်း မဖြစ်ကြဘူး။ ဒါကိုအမြဲတမ်း ကျွန်တော် သတိပြုမိခဲ့ပြီး အမြဲတစ်မျိုးကြီး ခံစားရတယ်။





ဒါဟာ ကျွန်တော့်ကို သူတို့ မလေးစားတာ ဂရုမစိုက်တာလို့ ကျွန်တော်ကမြင်လို့ ကြည်လွင်ဟာနဲ့ကိုတောင် ရင်ဖွင့်ဖူးပါတယ်။ သီချင်းရေးဆရာတစ်ယောက်ဖြစ်တဲ့ ခံစားချက်တွေကို နားလည်တတ်(တယ်လို့ သူ့ကိုယ်သူ အဆိုရှိ)တဲ့ ကြည်လွင်က ...

"မင်းမျက်နှာက မိန်းကလေးတွေအတွက် သူငယ်ချင်းအရင်းတစ်ယောက်လို ခင်မင်စရာကောင်းတဲ့ ရိုးသားမှုသန့်ရှင်းမှု ဖြူစင်မှုတွေ ထင်ဟပ်နေလို့ကွ၊ မင်းမျက်နှာပေါ်မှာ မရိုးသားမှုဆိုတာလုံးဝရှာမတွေ့ရဘူး၊ မင်းမျက်လုံးတွေ အရယ်အပြုံးတွေက အရမ်းသန့်ရှင်းနေတယ်၊ အဲဒါကြောင့်ပဲ၊ မင်းမျက်နှာ ကြည့်လိုက်တာနဲ့ ရင်ထဲအထိလင်းခနဲ တောက်လျှောက်တိုးလျှိုပေါက် မြင်ရတယ် ...

ဖုံးထားတာ လျှို့ဝှက်ထားတာတွေ။ မရိုးသားမစင်ကြယ်မှုတွေ မင်းမျက်နှာမှာ မင်းမျက်လုံးမှာ လုံးဝမရှိဘူး ဓာတိရ၊ ဒီတော့ ကောင်မလေးတွေက မင်းကို စိတ်သန့်သန့် စိတ်ရှင်းရှင်းနဲ့ ဆက်ဆံရဲကြတယ်၊ ရဲရဲတင်းတင်း ရှိကြတော့ သူငယ်ချင်းလိုပုံစံ ပိုဝင်တာပေါ့၊ နေစိုးတို့ ဖြူစင်တို့ ဆိုတာတွေက မျက်လုံးကြီးတွေကိုက ကိုက်စားမဲ့ သွားရေတမျှားမျှား ပုံစံမျိုးတွေ ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ရှိန်ကြ လန့်ကြတော့ ကောင်မလေးတွေရုပ်က ရှိုးတိုးရှန့်တန့် မလုံမခြုံ ဖြစ်ကုန်တာ”

စိတ်ချမ်းသာအောင် ပြောတတ်တဲ့ ကြည်လွင့်စကားကြောင့် ကိုယ့်ကိုယ်တောင် ဂုဏ်ယူရဦးတော့မလိုလိုပဲဗျာ။ ဒါပေမဲ့ ကောင်မလေးတွေ ကျွန်တော့်ကို ပြောရဲဆိုရဲနဲ့ မရှိန်ကြတာကိုတော့ အမြဲပဲ မနှစ်သက်မိတာ အမှန်ပဲ။ ကျွန်တော့်ကို သူတို့က သူတို့ မိန်းကလေးချင်း ပေါင်းသလောက်ကို ရဲရဲတင်းတင်း ပေါင်းကြတာ။ အဲဒါ ကျွန်တော့်အတွက်တော့ အနုတ်လက္ခဏာတစ်ခုလို ခံစားရစေတယ်။

ခုလည်း ဒီလိုပဲ။

“နောက်တစ်ခါ မေ့ဦးမလား”

“မမေ့တော့ပါဘူး၊ မှတ်ထားပါ့မယ်”

“ဒီတစ်ခါ တကယ်မှတ်နော်၊ နောက်တစ်ခါကျလို့မှ ကျွန်မနာမည်ကို မေ့နေရင် ယူအက်ဖ်အယ်လ် ကဲင်တင်းလောက်နဲ့ မရတော့ဘူး၊ ဆီဒိုးနားဘူဖေး ဖြစ်သွားမယ်”

“အဟဲဟဲ ... ရပါတယ်”

“မှတ်ထား ... ကြယ်စင်တဲ့”

“ဟုတ်ကဲ့ ... ကြယ်စင်၊ မှတ်မိပြီ၊ မမေ့တော့ပါဘူး”

“ဒီလိုမှပေါ့ကွယ်”





ကျွန်တော်တို့ဝိုင်းဟာ စကားတွေ ဖောင်ဖောင်ကြီ တာပြော တောင်ပြောနဲ့ ရယ်ကာမောကာ ဆူညံစည်ကားနေပါတယ်။ ထူးခြားတာကတော့ မြကျေးဟာ ကျွန်တော့်ကို မကြာ ကြာ မျက်စောင်းထိုးတတ်တာပါပဲ။ “ဘာမှန်းလဲ မသိဘူး”ဆိုတဲ့ ပုံမျိုးနဲ့။ တစ်ခါတစ်ခါကျ မျက်စောင်းထိုးစရာကိစ္စလည်း မဟုတ်ဘူး။ မဟုတ်ဘဲနဲ့ ထိုးတာ။ သူ့ကိုက မျက်စောင်းထိုးသန်သလားလို့ တွေးကြည့်တော့လည်း တခြားလူတွေကို ဘယ်သူ့ကိုမှ မျက်စောင်းထိုးတာ မတွေ့ရဘူး။

အတော်ကြာ စကားဖောင်ဖွဲ့ပြီးတော့ ဝေရီကစ,ပြီး ...

“ကိုဇာတိ ဂျာမန်စကားပြော ပါ့တ်တိုင်းမ် တက်ချင်တယ်ဆိုတာ ဒပါ့ထ်မဲန့်ထ်မှာ သွားစုံစမ်းပေးမယ်”

“ဟုတ်ကဲ့ ... ကျွန်တော့် ညီမတွေ တက်ချင်တာ”

“ခဏနေခဲ့ဦး၊ ဝေရီတို့ သွားမေးပေးမယ်၊ မြကျေး ... ကိုဇာတိကို ဧည့်ခံထားလိုက်၊ လာ ... ယမင်းနဲ့ ကြယ်စင် ငါနဲ့လိုက်ခဲ့”

ဝေရီက ပေါ်တင်ကြီး ချပါတော့တယ်။ မြကျေးက ဝေရီ့ကို မှုန်မှုန်လေး မော့ကြည့်တာကလွဲပြီး မငြင်းပါဘူး။ ဒါပေမဲ့ ကြယ်စင်က ...

“ငါမလိုက်တော့ဘူး၊ ခြေညောင်းတယ်၊ နင်တို့နှစ်ယောက်ပဲသွား”



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့ဝါ ဆိုနေမှ"

"မလိုက်ချင်တော့ဘူးဟာ၊ ကိုဇာတိကို နှစ်ယောက်ပူးညှော်ခံထားမယ်"

ခေါ်မရတော့ ဝေရီနဲ့ ယမင်းပဲ ထွက်သွားကြတယ်။ ကြယ်စင်ဟာ ဖိနပ်သစ်စီးလာတဲ့အတွက် ဖိနပ်ပေါက်နေလို့ဖြစ်ကြောင်း ကျွန်တော့်ကို ရှင်းပြနေပါတယ်။ ပြီးတော့ ...

"ဟိုဆိုင်မှာ ဟဲန်ဒီပလာစတာရှိလား ငါသွားမေးလိုက်ဦးမယ်"

သူ့ဟာသူ ပြောပြောဆိုဆိုနဲ့ ခပ်လှမ်းလှမ်းက တိုလီမိုလီ မုန့်လေးတွေ ရောင်းတဲ့ဆိုင်ကို ထ,ထွက်သွားပါတယ်။ ကြယ်စင် ထွက်သွားတာနဲ့ တစ်ပြိုင်နက် မြကျေးဟာ သူ့ခုံကို ရွှေ့ဆွဲ၊ စားပွဲပေါ် လက်တံတောင်ထောက်ပြီး ခေါင်းလေးပါ ရှေ့ကိုင်းကာ ကျွန်တော့်ကို စကားစလိုက်ပါတယ်။

"ကိုဇာတိကို မြကျေး မေးစရာရှိလို့"

"ဗျာ"

ကျွန်တော်က မမျှော်လင့်တာမို့ ရုတ်တရက် ဘာတွေလာပြောနေပါလိမ့်လို့ တအံ့တဩ အလန့်တကြားတောင် ဖြစ်ရတယ်။

"ဩော် ... မေးစရာရှိလို့ပါဆို"





"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ မေးလေ မြကျေး၊ ဘာမေးမှာလဲ"

"ရှင် မှန်မှန်ဖြေနော်"

"မှန်မှန်ဖြေပါ့မယ်"

"မြကျေး ခုလိုမေးတာလည်း ဝေရီတို့ကအစ ဘယ်သူမှ ပြန်မပြောရဘူး၊ ရှင် နှုတ်လုံရမယ်နော်"

"ဗျာ ...၊ ဟုတ်ကဲ့ နှုတ်လုံပါ့မယ်"

မြကျေးက နှုတ်ခမ်းထူလေး နှစ်ခုကို ဖိပွတ်ရင်း ခဏ ငြိမ်နေတယ်။ ကျွန်တော်က နီးကပ်နေတဲ့ သူ့မျက်နှာလေးကို တမြတ်တနိုး ကြည့်ရင်း ...

"မေးလေ ..., မြကျေး၊ မြကျေး ဘာပဲပြောပြော ဘာပဲမေးမေး ဘယ်သူမှ မသိစေရပါဘူး"

မြကျေးက ကျွန်တော့်ကို ရီလဲ့လဲ့ မျက်လုံးလေးတွေနဲ့ကြည့်ရင်း ...

"ကိုဖြူစင် အကြောင်း မေးချင်တာ"

ကျွန်တော့်ရင်ထဲ တင်းကျပ်သွားပါတယ်။

"မနေ့ကပဲ မမကျော့က မြကျေးကို ပြောတယ်၊ သတိပေးတယ် ဆိုပါတော့၊ ကိုဖြူစင်က တအားမိန်းမရှုပ်တယ်တဲ့၊ မိန်းကလေးတွေကို တအားလှည့်စား ကစားတာတဲ့၊ အဲဒါ ဟုတ်လား ကိုဇာတိ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ကျွန်တော့် လည်ချောင်းထဲမှာ နင်သွားတယ်၊ မေးမှ မေးတတ်ပလေ မြကျေးရယ်။ ဖြေရခက်ကြီးကိုမှ။ ဖြူစင်နဲ့ ကျွန်တော်က သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးတွေလေ၊ ပေါင်းလာတဲ့ နှစ်ပေါင်း နည်းတော့တာမှ မဟုတ်ဘဲ။

ဖြူစင့်ကို မိန်းကလေးကိစ္စနဲ့ ပတ်သက်လာရင် ကျွန်တော် ဘယ်လိုမှ ယှဉ်လို့မရတာ သေချာတယ်။ ဒါကိုလည်း တစ်သက်လုံး စိတ်ထဲ ဘယ်လိုမှ သဘောမထားခဲ့ဘူး။ သူက ကျွန်တော့်ထက် ချောမောကြည့်ကောင်းတယ်။ ကျွန်တော့်ထက် စကားပြော ကောင်းတယ်။ ပေါင်းတတ် သင်းတတ် လည်ဝယ်ပါးနပ်တယ်။ ဘယ်လိုမိန်းကလေးကို ဘယ်လိုသော့နဲ့ ဖွင့်ရမလဲ သူ သိပ်ကျွမ်းကျင်တယ်။

သူ့ကျွမ်းကျင်မှုနဲ့သူ မိန်းမစွံတာ ကျွန်တော် ဘယ်လိုမှ မနေဘူး။ မနာလို မဖြစ်ဘူး။ ခုတစ်ကြိမ်သာ ကျွန်တော် မြင်မြင်ချင်း စွဲလမ်းသွားတဲ့ မိန်းကလေးကို ဒီကောင်ဖမ်းစားထားလို့ ကသိကအောက်ဖြစ်ရတာ။ မခံချိမခံသာဖြစ်ရတာ။ ကျွန်တော် မရလို့ မဟုတ်ပါဘူး။

ကျွန်တော် မရလည်းပဲ ကျွန်တော်ချစ်တဲ့ မိန်းကလေးဟာ လူကောင်း သူကောင်း လက်ထဲမှာ တင့်တယ်လန်းဆွင်နေရင် ကျွန်တော် ကျေနပ်ပါတယ်။ ကျွန်တော့်အသည်းနှလုံးနဲ့





ချစ်ရတဲ့ မိန်းကလေး၊ ကျွန်တော် တန်ဖိုးထားမဲ့ မိန်းကလေးကို တန်ဖိုးမထားမှာ သေချာနေတဲ့ကောင်ရဲ့ လက်ထဲရောက်နေတာကိုသာ မခံချိ မခံသာ ဖြစ်တာပါ။ ဒီအတွက် ဖြူစင့်ကို မကျေနပ်တာပါ။

အဲဒါကြောင့်လည်း ဖြူစင်ဟာ ဘယ်လိုလူစားမျိုးဆိုတာ မြကျေး သိခွင့်ရစေချင်မိတယ်။ ကျော့ကျော့ကိုလည်း ပြောမိခဲ့တယ်။ ဒါက တစ်ပိုင်း။ ဖြူစင်ဟာ ပွေတယ်ဆိုတာကိုသာ မြကျေးကို သိစေချင်တာ။ ကျွန်တော်က အပုပ်ချပြီး ပြောပြချင်တာတော့ မဟုတ်ဘူး။ မြကျေး သိစေချင်တာက ကိုယ့်အန္တရာယ် ကိုယ်ရှောင်နိုင်အောင်လို့။ ကျွန်တော် ပြောမပြချင်တာကတော့ ယောကျ်ားလေး သူငယ်ချင်းချင်း နောက်ကျောကို ဓားနဲ့ထိုးတဲ့အလုပ် မလုပ်ချင်လို့။

"ကိုဇာတိ"

"ဗျာ"

"ပြောလေ၊ မြကျေး မေးတာ ကြားလား"

"ကြားတယ်"

"ကြားရင် ဖြေလေ"

"… …"

"ဘာဖြစ်လို့ မဖြေတာလဲ၊ ဘာလဲ … ဖြေရခက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြေရခက်နေတာတော့ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်နေတာလဲ၊ မခက်ရင်ဖြေပေါ့"

ကျွန်တော် အကျပ်ရိုက်နေရင်း ...

"မြကျေးက ဘာဖြစ်လို့ သိချင်တာလဲ"

"အဲဒါ အရေးကြီးလား"

"အရေးကြီးတာပေါ့၊ လူတစ်ယောက်အကြောင်း ပြောပြရမှာလေ၊ ကျွန်တော် ဘာကြောင့် ပြောပြရတယ် ဆိုတာတော့ ကျွန်တော် သိသင့်တာပေါ့"

"ရှင် တော်တော်ဝှေ့ပါလား၊ ကြည့်ရတာ ဖြေရခက်နေပြီထင်တယ်"

"မဟုတ်ပါဘူး၊ မြကျေး ဘာကြောင့်မေးတယ် ဆိုတာ ကျွန်တော် သိပါရစေ"

မြကျေးက မေးစေ့ကို လက်ဖဝါးလေးနှစ်ဖက်ကြား ထဲထည့်ပြီး တောက်ရင်း ...

"ကိုဖြူစင်က မြကျေးကို ချစ်ရေးဆိုတယ်"

"ဗျာ"

"ရှင်ကလည်း ဘာဖြစ်တာလဲ၊ အလန့်တကြား"

"ဩော် ... မြန် ... မြန်လွန်းလို့ အံ့သြနေတာ"

"ဟုတ်တယ်၊ မြန်တယ်နော်၊ ဒါပေမဲ့ သူက ပြောတော့ မြင့်မြင့်ချင်းကို ချစ်တာတဲ့"



အဲဒါ တကယ်က ကျွန်တော့်မှ အစစ်ပါ မြကျေးရယ်။ မြင့်မြင့်ချင်း အသည်းထဲစွဲအောင် တကယ်ချစ်မိတာ ကျွန်တော်ပါ။

"မြကျေးက အဖြေမပေးသေးပေမဲ့ တွဲသွားတွဲလာတော့ လုပ်မိတယ်၊ ဘာပဲဖြစ်ဖြစ် မြကျေးလည်း သူ့ကိုခင်တယ်၊ သဘောကျတယ်၊ အဲဒါကြောင့်"

"ဟုတ်ကဲ့"

"ဒါပေမဲ့ ခုတော့ မမကျော့က တားမြစ်လာတယ်။ ကိုဖြူစင်ဟာ သိပ်ရှုပ် သိပ်ပွေတာတဲ့၊ ရည်းစားဆိုတာ သက်စေ့ပဲတဲ့"

မှားတယ်ဗျာ။ သက်စေ့ရဲ့ သုံးဆဆိုမှ မှန်ဖို့နီးစပ်တယ်။

"မြကျေးတို့လို နယ်မြို့ကလာတဲ့ ခပ်ရိုးရိုး မိန်းကလေးမျိုးများဆိုရင် သူ့ပညာတွေကို အကုန်ထုတ်သုံးဖို့တောင် မလိုဘူးတဲ့၊ ပြီးတော့ ရိုးသွားရင် ကန်ထုတ်ပစ်လိုက်မှာတဲ့"

"အင်း ..."

"အဲဒါ ဟုတ်လား၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကို ချဉ်းကပ်တဲ့ ယောကျ်ားတစ်ယောက်အကြောင်း ဂဃနဏ သိချင်တာက ကျိုးကြောင်းဆီလျော်ပါတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကိုဇာတိက သူနဲ့ အရမ်းတွဲတဲ့ အခင်ဆုံးသူငယ်ချင်းလေ

တစ်အုပ်စုတည်း၊ တစ်ဖွဲ့တည်း၊ ဒါကြောင့် ကိုဇာတိက

ကိုဖြူစင့်အကြောင်း ကောင်းကောင်းကိုသိမှာ၊ ကဲ ... ပြော

ကိုဖြူစင်က အဲသလို လူဆိုးလား"

"အဲ ... အဲသလိုကြီးတော့ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ၊ မပွေဘူးလား"

"အဲဒါကို မြကျေးကို ပြောပြဖို့ ခက်တယ်ဗျ၊ ယောက်ျ

လေးတစ်ယောက်ကို မိန်းမတစ်ယောက်က မြင်တာနဲ့

ယောက်ျားတစ်ယောက်က မြင်တာတော့ ဘယ်တူနိုင်မလဲ

ဖြူစင်က လူဆိုးတော့ မဟုတ်ပါဘူးဗျာ"

မတတ်နိုင်ဘူး။ ကျွန်တော် ဖြူစင့် နောက်ကျောဓ

ဓားမြှောင်နဲ့ မစိုက်နိုင်ဘူး။ အမှန်ပြောရမှာ ဖြစ်ပစေဦး၊ ပြော

ရမဲ့ မိန်းကလေးက ကျွန်တော်ချစ်နေမိတဲ့ မိန်းကလေး ဖြစ်နေတဲ

အတွက် ဖြူစင့်ကို အပုပ်ချ မပြောနိုင်ဘူး။

"လူဆိုး မဟုတ်ဘူးဆိုတော့ လူကောင်းပေါ့"

"ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်လုံးကို လူကောင

တွေလို့လည်း ပြောမရဘူး၊ လူဆိုးတွေလို့လည်း ပြောမရဘူ

ဗျ"





မြကျေးက မေးထောက်ပြီး ကျွန်တော့်ကို အသေ

အချာ စိုက်ကြည့်နေတယ်။ ကျွန်တော် မျက်လွှာချထားမိတယ်။

ကျွန်တော့်ကို မြကျေး အကဲခတ်နေမှန်း ကျွန်တော် သိပါတယ်။

"ဒီတော့ ကိုဖြူစင် မိန်းမ မရှုပ်ဘူးပေါ့"

"ယောက်ျားလေး ဆိုတာတော့ မိန်းကလေးတွေနဲ့ အပတ်

အသက် အရှုပ်အရှင်းဆိုတာ အနည်းနဲ့အများတော့ ရှိတာ

ပေါ့ မြကျေးရာ၊ ဘယ်သူကတော့ ကင်းပါ့မလဲ၊ ဘုန်းကြီး

မှ မဟုတ်ဘဲ"

မြကျေးက ကျွန်တော့်ကို မျက်စောင်းထိုးလိုက်

တယ်။

"ရှင်က အလကား ဝေ့နေတာပဲ။ ဝေ့လည်ချောင်ပတ် ...

ဟွန်း"

စူနေတဲ့ မြကျေး နှုတ်ခမ်းလေးကို ကျွန်တော်ကြည့်

ရင်း ရယ်မိတယ်။

"မြကျေးက တခြားလည်း မေးစရာလူ မရှိလို့ ကိုဇာတိကို

မေးကြည့်မိတာပါ"

"မေးလို့ရပါတယ် မြကျေးရဲ့"

"တစ်ခါတည်း တွေ့ဖူးထားတဲ့ သူဆီမှာ ယောက်ျားတစ်

ယောက် အကြောင်း စုံစမ်းနေတယ်လို့တော့ ရှင်အထင်

www.burmeseclassic.com



မလွဲစေချင်ဘူး၊ မမကျော့က ပြောတယ် သိလား၊ ရှင်တို့အုပ်စုထဲမှာ ရှင်က အရိုးဆုံး အအေးဆုံး အသန့်ဆုံးတဲ့ ရှင့်ကို ယုံကြည်ခင်မင်လို့ ရတယ်တဲ့၊ ဒါကြောင့် မြကျေးက မေးကြည့်ကြည့်တာ ...

မမကျော့က ကိုဖြူစင့်ကိုကျတော့ လူပွေလူရှုပ်တဲ့ ကိုနေစိုးကိုလည်း ဒီတိုင်းပဲ ပြောတာပဲ၊ ရှင့်ကျတော့ လူရိုး လူအေး လူကောင်းတဲ့၊ ထူးဆန်းတယ်နော်"

ကျွန်တော်မှာ ဘာပြန်ပြောရမှန်း မသိလို့ ပြုံးကျဲကျဲလုပ်နေရတယ်။ ကျွန်တော်က မနေတတ် မထိုင်တတ်ပုံစံ ဖြစ်နေမှတော့ တစ်ဖက်မိန်းကလေးက ပိုပြီး ရဲရဲတင်းတင်း ပိုင်ပိုင်နိုင်နိုင် ရှိလာတာ ဘာမှ မဆန်းဘူး။ အခုကြည့်။ ကျွန်တော်က မျက်လွှာချရသလိုလို မျက်နှာလွှဲရသလိုလို ဖြစ်နေပြီး မြကျေးက ကျွန်တော့်ကို ကောင်းကောင်းစိုက်ကြည့် အကဲခတ်နေတယ်။

ကျွန်တော်က ရဲလိုက်ရင် သူ အလိုလို ရှိန်သွားမှာပေါ့။ ခက်တာက ကျွန်တော်က ရဲမှမရဲတာ။ အထူးသဖြင့် ချစ်တဲ့ မြကျေးရှေ့မှာ သတ္တိကိုမရှိပါဘူး။ အဖေသာမြင်ရင် ကျွန်တော့်ကို Self confidence မရှိတဲ့ကောင်၊ ဟိုဟာမရှိတဲ့ကောင်၊ ဒီဟာမရှိတဲ့ကောင်နဲ့ အားမလို အားမရ ဆဲဖန်တော့မှာ သေချာနေတာပဲ။

"ကိုဇာတိ ဒီနေ့ အားလို့လား"





"ဗျာ"

"ဩော် ... ဒီမနက် အားနေတာလားလို့၊ အလုပ်မသွားရဘူးလား"

"အဲ ... ဟိုဒင်း"

ကျွန်တော် ဘာပြန်ဖြေရမှန်း မသိဘဲ နည်းနည်းသိမ်ငယ်ရှက်ရွံ့သွားတယ်။

"အလုပ်က လစ်လာတာလား"

"မဟုတ်ပါဘူး၊ ကိစ္စရှိလို့ ဒီကို သက်သက်လာတာပါ"

လိုရင်းအဖြေမပါဘဲ နည်းနည်းဝေ့ဖြေလိုက်ရတယ်။

"ကိုဖြူစင်က မိုးသစ်ယံကုမ္ပဏီမှာ ဒါရိုက်တာဆို"

"အဲ ..."

ကျွန်တော် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပြန်တယ်။ မိုးသစ်ယံကုမ္ပဏီ ဆိုတာ ဖြူစင့်အဖေ ဦးကျော်မင်း ပိုင်တဲ့ ကုမ္ပဏီပဲလေ။ သူ့အဖေကုမ္ပဏီမှာ သူဘာဖြစ်ချင်ဖြစ်ချင် ဖြစ်ခွင့်ရှိတာပဲ။ မသွားတစ်ချက် သွားတစ်ချက်ကတော့ တစ်ကိစ္စပေါ့။

"အဲဒါကြောင့် သူက မနက်ခင်းတွေ နေ့လယ်တွေဆိုရင် မအားဘူးတဲ့၊ အလုပ်များတယ်တဲ့"

"အင်း ... အင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မနက်အစောကြီးပိုင်းဆိုရင် ဖြူစင်တာ သူ့ရည်းစား အိမ်ဖြွာ့ကို Fitness Center သွားပို့ပေးရတယ်။ ပြန်ကြိုပြီး အိမ်ပို့ပေးရတယ်။ အဲဒါပုံမှန်ပဲ။ အိမ်ဖြွာက မော်ဒယ်လ်လုပ်တယ်။ ဒါကြောင့် သူလှဖို့ပဖို့ကိစ္စပဲ အမြဲလုပ်နေတာ။

"ကိုဇာတိကကော ဘာလုပ်တာလဲ"

"ကျွန်တော်လား...၊ ကျွန်တော်လည်း... အင်း... ကုမ္ပဏီ ဒါရိုက်တာပဲ"

"ဟီ ဟီ ..."

ကျွန်တော် တမင်နောက်ပြောတာထင်ပြီး မြကျေးက ရယ်တယ်။ ကျွန်တော်က အနည်းငယ် ရှက်သွားပြီး ...

"မြကျေးက ဘာရယ်တာလဲ"

"ရှင်က ကုမ္ပဏီဒါရိုက်တာ ဆိုလို့ပေါ့"

"အဲဒါ ရယ်စရာလားဗျ။ ဖြူစင်တောင် ဒါရိုက်တာဖြစ်သေးတာပဲ၊ အဲဒါကျတော့ မြကျေး ရယ်လို့လား"

ကျွန်တော် တကယ် ကျွဲမြီးတိုသွားပြီး ဘုဆတ်ဆတ် မေးမိတော့ မြကျေးက ပိုလို့တောင်မှ ရယ်ပါတော့တယ်။

"ရှင်က ရယ်ရတယ်"

"ကျွန်တော်က ဘာ့ရယ်ရလို့လဲ"

"သိဘူး၊ ရယ်ရတာပဲ သိတယ်"





ပြောပြီး ကျွန်တော့်ကို မျက်စောင်းထိုးပြန်တယ်။ ဘာလဲဗျာ၊ တစ်ချိန်လုံး မျက်စောင်းချည်း ထိုးနေတာ။

"မြကျေးကိုလည်း မေးရဦးမယ်"

"မေးပေါ့"

"ကျွန်တော့်ကို ဘာလို့ အမြဲ မျက်စောင်းချည်း ထိုးနေရတာလဲ"

"အမြင်ကတ်လို့ပေါ့"

"ဗျာ"

သူ ဖြေရခက်ပြီး စဉ်းစားနေမယ် ထင်တာ။ ဖြေ ခြန်လွန်းတော့ အံ့အားတောင် သင့်ရတယ်။

"ကျွန်တော်က ဘာလုပ်လို့ အမြင်ကတ်ရတာလဲ"

"သိဘူး၊ ရှင့်ကို စ,မြင်မြင်ဖူးချင်းပဲ စိတ်ထဲဖြစ်လာတာ အလိုလိုနဲ့၊ ဒီလူကြီးက အမြင်ကတ်စရာကြီးလို့ပဲ"

ကောင်းဗျာ။ ကျွန်တော် အတော်စိတ်ဓာတ်ကျမိ သွားတယ်။

❦ ⊷ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၇

အဖေက သူနဲ့အတူ Breakfast လာစားနေတဲ့ ကျွန်တော့်ကို တစ်ချက် တစ်ချက် မျက်လုံးပင့်လှန်ကြည့်ပြီး အကဲခတ်တယ်။ အဖေနဲ့ ကျွန်တော်ဟာ များသောအားဖြင့် စား ချိန်သောက်ချိန်တွေမှာ အတူတူ မရှိကြပါဘူး။ အဖေကလည်း အဖေ့အလုပ်နဲ့အဖေ။ ကျွန်တော်ကလည်း ကျွန်တော့်အရှုပ်နဲ့ ကျွန်တော်။

ကျွန်တော်က ဒေါ်မြကြည် ပြင်ပေးတဲ့ မုန့်ဟင်းခါး ကို ငရုတ်သီးမှုန့်တွေ ခပ်ထည့်လိုက်ပါတယ်။

"ဟေ့ကောင်၊ မင်း ယောက်ျားလေးဖြစ်ပြီး ဒီလော ငရုတ်သီး စားရလား"

"ယောက်ျားလေးက ငရုတ်သီး မစားရဘူးလား အ





"ငရုတ်သီးမှုန့်တွေ စားတာ မိန်းမတွေ စားတာများတာ ကွ၊ မိန်းမဆန်တာပေါ့"

"အစပ်မပါတော့ ပေါ့ရွှတ်ရွှတ်ကြီး"

"မင်း ငါ့ကို ဘာလာအရောဝင်နေတာလဲ၊ ဘာပြောချင် လို့လဲပြော"

ကျွန်တော်က ရယ်ကျဲကျဲလုပ်ရင်း ...

"အဖေက လူကဲခတ် ကောင်းတယ်နော်"

"ဟေ့ကောင် ... ပြောမှာပြော"

"အဖေ"

"ပြော"

"ကျွန်တော့်ကို အဖေ့ကုမ္ပဏီမှာ တစ်နေရာခန့်ပါ"

အဖေ့မျက်ခုံးတွေ ပင့်တက်ပြီး မျက်လုံးတွေ ပြူး သွားတယ်။ ကျွန်တော့်ပါးစပ်က အလုပ်လုပ်ဖို့ စကားထွက် တာဟာ အနောက်က နေထွက်လာသလောက်နီးနီး အံ့သြစရာ ဖြစ်နေတယ် ထင်တယ်။

"ဘာတိ ... မင်း တကယ်ပြောနေတာလား၊ တစ်ခုခုလိုချင် လို့ လှည့်ပတ်လုပ်ကြံပြောနေတာလား"

"အဖေကလည်းဗျာ၊ တကယ် အလုပ်လုပ်မလို့ ပြောနေတာ ပေါ့"

"မင်းက ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒါရိုက်တာလုပ်မယ်"

"ဘာကွ"

အဖေ့မျက်ခုံးတွေ ကုပ်ကျိုးသွားတယ်။ ကျွန်တော ဘာများ မှားလို့လဲ။

"ဒါရိုက်တာလုပ်မယ် အဖေ"

"ဟေ့ကောင်၊ ကုမ္ပဏီဒါရိုက်တာဆိုတာ မင်းက အလွယ် ကလေးလုပ်လို့ ရတယ်ထင်နေသလား"

"မရလို့လား အဖေကလည်း"

"ဘယ်ရမလဲကွ"

"အာ ...၊ ရပါတယ် အဖေကလည်း။ ဖြူစင်တောင် အဖေကုမ္ပဏီမှာ ဒါရိုက်တာလုပ်တယ်"

"ဟေ့ကောင် ... မင်းရဲ့ပေါက်တတ်ကရ သူငယ်ချင်း သူတို့ဟာသူတို့ ဘာလုပ်လုပ်၊ သူများ ဒါလုပ်တယ်ဆို မင်းက အားကျပြီး အတုခိုးပြီး ဒါပဲလုပ်စရာလား"

"ဟာ ... အဖေကလည်း၊ ဖြူစင်တောင် ဒါရိုက်တာဆို ကျွန်တော်က ဒါရိုက်တာထက် လျှော့လုပ်လို့ ဘယ်ဖြ မလဲ၊ သူငယ်ချင်းချင်း ဂုဏ်ငယ်သွားမှာပေါ့၊ လယ် လို ယှဉ်ပြောလို့ ဘယ်ရတော့မလဲ"

"ဟေ့ကောင် ... တိတ်စမ်း၊ အရှုးထ,မနေနဲ့၊ မင်းအ လုပ်ချင်တာလား ဒါရိုက်တာ လုပ်ချင်တာလား"





"နှစ်ခုလုံးပဲ"

"ကျွတ် ... မင်းဟာလေ၊ အသုံးမကျဘူးဆိုလေ အသုံးမကျ လေ၊ အရူးလိုလို အပေါလိုလိုနဲ့၊ ဒီမယ် ... ဒါရိုက်တာ ဆိုတာ ကောက်ကာငင်ကာ ပေးလို့ရတဲ့ တာဝန်လား၊ နံပါတ်တစ် မင်းမှာ ထိုက်သင့်တဲ့ သတ်မှတ်ထားတဲ့ ရှယ်ယာစု ပိုင်ဆိုင်မှုရှိရမယ်၊ နံပါတ်နှစ် ဒါရိုက်တာ အရွေးခံမယ်ဆိုတာ ဆန္ဒပြုထားရမယ်၊ လုပ်ရည်ကိုင်ရည် လုပ်သက်တွေက အများလက်ခံနိုင် ယုံကြည်နိုင်လောက်တဲ့ အတိုင်းအတာတစ်ခုရှိပြီး ကိုယ့်ကို လုပ်ဖော်ကိုင်ဖက်တွေက ယုံကြည်ကိုးစားမှု ရှိရမယ် ...

နံပါတ်သုံး ... အစည်းအဝေးမှာ အများဆန္ဒနဲ့ရွေးကောက်တင်မြှောက်တာကိုပဲ ခံယူရမယ်"

"ဟာ ... အဖေ့ဟာက ရှုပ်နေတာပဲ၊ ဖြူစင် ဒါရိုက်တာ ဖြစ်သွားတာများ ဘာမှမရှုပ်ထွေးလိုက်ဘူး၊ မျက်စိတစ်မှိတ်အတွင်း ဖြစ်သွားတာပဲ"

"ဟေ့ကောင် ... မင်း ဖြူစင် ဘယ်လိုနည်းနဲ့ အချောင် ဒါရိုက်တာဖြစ်ခွင့်ရလဲ ငါ နားမလည်ဘူး၊ ငါ့ကုမ္ပဏီမှာတော့ ငါ့စိတ်ကြိုက် ငါ့စည်းမျဉ်း procedure အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း ကျွန်တော့်မှာ ရှယ်ယာရှိလာအောင် အဖေ့ထဲက ခွဲပေးလိုက်ပေါ့"

"တယ်လွယ်ပါလား ဟေ့ကောင်"

"ဟုတ်တယ်လေ၊ သူများတွေ သူစီမံတွေရဲ့ ရှယ်ယာတချို့ ပါတယ်ဆိုတာ နည်းနည်းပါးပါးပဲ မဟုတ်လား။ အဖေ့ရှယ်ယာသာ အရမ်းများနေတာ သားသိသားပဲ၊ အဲဒီထဲက သားနာမည်နဲ့ တစ်ဝက်ဖြစ်ဖြစ် ခွဲပေးပေါ့"

"တစ်ဝက် ! ! "

"အင်းလေ ... နည်းလား၊ နည်းရင် အဖေ စေတနာရှိရင် ပိုပေး"

"ဟေ့ကောင်၊ တော်စမ်းကွာ၊ အရှုးချေးပန်းတွေ၊ မင်းဘာတစ်လုံးမှဖြင့် အလုပ်သဘော နားမလည်ပဲ ဘာသဘောထားဆန္ဒ ပေးနိုင်မှာမို့ ဒါရိုက်တာ လုပ်ချင်ရတာလဲ"

"နားလည်ဖို့ကတော့ သင်ယူရင်း တတ်မှာပေါ့ အဖေ အစည်းအဝေးတွေ ဘာတွေမှာတော့ ဘာသဘောထားဆန္ဒ မပေးချင်ပါဘူး၊ ကျွန်တော်က ဒါရိုက်တာဆိုတဲ့ အဆ ရာထူးကို လိုချင်တာ"

အဖေ့မျက်နှာကြီးဟာ ကျွန်တော့်အပေါ် စိတ်ဓ လက်ပျက် မည်းတက်သွားပြီး ကျွန်တော့်ကို အထင်သေး





ဒေါသထွက်တဲ့ အရိပ်အယောင်တွေ ထင်ဟပ်လာတယ်။ အဖေ့ကို ဘယ်လိုရှင်းပြရပါ့။ ဖြူစင်က ဒါရိုက်တာပါဆိုပြီး သူ့ကိုယ်သူ ခပ်တည်တည် မိတ်ဆက်ထားချိန်မှာ ကျွန်တော်လည်း ဒါရိုက်တာအဆင့်က တစ်ပြားမှ လျှော့လို့မဖြစ်ဘူးလေ။

"ဒါရိုက်တာဖြစ်ရင် ပြီးရော၊ လုပ်တတ်ကိုင်တတ်အောင် သင်ယူတာတွေ ဘာတွေက နောက်မှ၊ ဖာတိ ဘာအလုပ် လုပ်နေလဲဆိုရင် ရွှေပြည်ကုမ္ပဏီမှာ ဒါရိုက်တာ ဆိုတာပဲ လိုချင်တာ"

"တောက် ... အရူး၊ အလကားကောင်၊ ခွေးမသား"

"ဟာ ... အဖေကလည်း ဘာဖြစ်လို့လဲ"

"မင်းကို ဘယ်သူက ဘာမြှောက်ပေးလိုက်လို့လဲ၊ ရုတ်တရက် ဒါရိုက်တာ ဖြစ်ချင်လာရတာ၊ ဟိုကောင် ဖြူစင်က မခံချင်အောင် ဆွလိုက်တာလား"

"မဟုတ်ပါဘူး အဖေရာ"

"ရုတ်တရက်ကြီး ကုမ္ပဏီမှာ ဒါရိုက်တာ ဖြစ်ချင်ပါတယ်ဆိုတာ အကြောင်းတစ်ခုခုတော့ ရှိရမှာပေါ့ကွ၊ နေရင်းထိုင်ရင်းနဲ့တော့ မင်း ဒီလို ဘယ်ဖြစ်ပါ့မလဲ၊ အရင်အတိုင်း အားအားလျားလျား လတ်လျားလတ်လျားနဲ့ပဲ နေနေမှာပေါ့၊ အကြောင်းရင်းမှန်ကို ငါ့ကိုပြော"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဖေ့ကို နည်းနည်း ပါးပါးတော့ အကြောင်းပြချက် ပေးမှဖြစ်မယ်။

"အဖေ့ကို ကျွန်တော်ကြိုက်တဲ့ ကောင်မလေးတွေ့ပြီလို့ ပြောထားတယ် မဟုတ်လား"

"အေးလေ ... ဒါပေမဲ့ ငါ့ဆီခေါ်လာပြဆိုတာ ဘယ်မှာပြသေးလို့လဲ"

"ခုမှ ကြိုးစားနေတုန်းပါဆိုမှ ငါ့အဖေဆီ လိုက်ခဲ့လို့ သွားခေါ်ရင် ဟိုက ဖြန်းဆို တီးမထည့်လိုက်ရင် ကံကောင်းဖြည်းဖြည်းပေါ့ အဖေကလည်း၊ အဲဒီအဖေ့ချွေးမလောင်းက ကုမ္ပဏီက ဒါရိုက်တာဆိုတဲ့ ဂုဏ်ပုဒ်ကို သဘောကျနေတာ"

"ဟင် ... ဘယ်လိုမိန်းကလေးမျိုးလဲ၊ လူကိုမကြည့်ဘဲ ဒါရိုက်တာ ဟုတ်မဟုတ်ပဲ သူက ကြည့်မှာလား၊ ဒါရိုက်တာဖြစ် ပြီးရောလား"

"အဲလိုတော့ ဘယ်ဟုတ်မလဲ အဖေကလည်း၊ သူ့ကိုကြိုက်နေတဲ့ကောင်တွေထဲမှာ ဒါရိုက်တာတွေ ပါတယ်"

အဖေဟာ နာမည်ကြီး ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်တွေထဲ အပါအဝင် ဖြစ်ပါတယ်။ အဖေ့ဦးနှောက်ကို ပေါ့သေးသေး တွက်လို့မရဘူး။





"ဘယ်သူလဲ၊ သူ့ကို ကြိုက်နေတာ ဖြူစင်လား"

ဒက်ခနဲ ပြန်မေးလိုက်တဲ့အခါ လိမ်ဖို့ဝန်လေးတတ်တဲ့ လိမ်ပြောရင်လည်း မပိရိတတ်တဲ့ ကျွန်တော်ဟာ အင် ... အင်နဲ့ ... စကားမဆက်နိုင်ဘဲ နင်နေပါတယ်။

"ဒီ ဖြူစင်ဆိုတဲ့ ကောင်က မင်းကြိုက်တဲ့ ကောင်မလေးကို လိုက်ကြိုက်ပြီး သူ့ကိုယ်သူလည်း ကုမ္ပဏီမှာ ဒါရိုက်တာလူကြီးလို့ ပြောထားတယ်ပေါ့၊ ကောင်မလေးကလည်း အထင်တွေကြီးလို့ သဘောကျတာ ပေါ့၊ ဒီလိုလား"

မဟုတ်ဘူးလို့ မငြင်းရဲတာနဲ့ ကျွန်တော် ငြိမ်ပြီးနေတော့ အဖေက ဟင်းဟင်း ဟင်းဟင်းနဲ့ တမင် အိုက်တင်ထုတ်ထားတဲ့ ဆရာကြီးလေသံနဲ့ ရယ်ရင်း ...

"ကျ ... ကျသေးသကွာ၊ မင်းတို့ကောင်တွေ၊ တစ်ခုပြောစမ်း ဇာတိ၊ မင်း သူငယ်ချင်း ချွေးမသားက မင်းကြိုက်တဲ့ ကောင်မလေးမှန်း သိသိနဲ့ ဝင်လုံးတာလား"

"ဟာ ... ဒီလိုတော့ မဟုတ်ရပါဘူး အဖေရာ"

"သူငယ်ချင်းဘက်က အမြဲကာကွယ်နေကျအတိုင်း သိပ်ကာကွယ်မနေနဲ့နော်"

"တကယ်ပါ အဖေရာ၊ ကျွန်တော်ကြိုက်မှန်း သူဘယ်သိမလဲ"

"မင်းက နည်းနည်းပါးပါး ပြောပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ပထမဆုံး မြင်မြင်ချင်းမှာ ချစ်မိတာ သူကလည်း အဲဒီပထမဆုံး မြင်မြင်ချင်းနေ့မှာပဲ ဝင်ရော ထားပြီးပြီ၊ နောက်ရက်တွေ သူက အမြဲသွားနေတော့ သူ နဲ့အရင် ရင်းနှီးနေတယ်၊ ကျွန်တော် ကြိုက်တယ်ဆိုတာ သူ သိချိန်တောင် မရဘူး"

"အဲသလို မှန်ရင်တော့ ပြီးတာပဲ၊ မင်းသူငယ်ချင်းဆိုတဲ့ ကောင်တွေထဲမှာ ဟို ... အောင်အောင်လေးကလွဲရင် ငါ ဘယ်ကောင်မှ သိပ်ကြည့်ရတာ မဟုတ်ဘူး၊ မပြောချင်လို့ ကြည့်နေတာ၊ ကဲ ... ခုကိစ္စကရော မိန်းကလေးတစ်ယောက် ဆီမှာ ဟိတ်ဟန်ပြဖို့ ကုမ္ပဏီရဲ့ ဒါရိုက်တာလူကြီး ဖြစ် ချင်ပါတယ်ဆိုတာ မင်းတို့ အဓိပ္ပာယ်ရှိသလား ...

ဖြူစင့်ထက် သာအောင်များ မင်းကို ငါက ဒါရိုက်တာ ဂျင်နရယ်လ် ခန့်ပေးဖို့ လိုအပ်သေးသလား၊ ငါဆင်းပြီး မင်းပဲကုမ္ပဏီကို တက်အုပ်ချုပ်တော့မလား၊ ပြော"

"အာ ... အဖေကလည်း၊ ဒါတော့ အဖေရွဲ့ပြောတာပဲ"

"အေး ... ရွဲ့ပြောတာပဲ၊ တော်သေးတာပေါ့ကွာ၊ ရွဲ့မှန်း သိပြီး လုပ်မယ်လို့ ခေါင်းမညိတ်ပေလို့"

အဖေ့မျက်နှာက ကျွန်တော့်ကို အတော်စိတ်ပျက် ပြီး အတော်ချဉ်ပုံ ပေါက်နေတယ်။





"ဒီမယ် ငါ့သား၊ မင်း ဘာကြောင့်ပဲလုပ်လုပ်၊ အလုပ်တစ် ခုခုလုပ်မယ်၊ ကောင်မလေးအမြင်မှာ အလုပ်လက်မဲ့မဖြစ် ချင်ဘူး ဆိုတာကိုတော့ သဘောကျပါတယ်၊ ငါလုပ်နေတဲ့ အလုပ်တွေထဲမှာ သစ်လုပ်နေတာရှိတယ်၊ မင်းဘာမှဝင် မလုပ်တတ်ဘူး သေချာတယ်၊ ကွန်စထရပ်ရှင်ရှိကယ်၊ မြေနေရာတွေရဖို့ ချပေးဖို့ ကြိုးစားရတာတွေ လိုက်ရတာ ညှိရတာတွေရှိတယ်၊ မင်းအတွက် မလွယ်ဘူး၊ ပရိဘောဂ လုပ်ငန်း ရှိတယ်၊ နိုင်ငံခြားပို့တယ်၊ မင်းလုပ်ချင်ရင်တောင် ထိပ်ကတက်မကိုင်တတ်သေးဘူး၊ မင်းအထက်မှာ လူကြီး ထားကို ထားရဦးမယ်၊ မင်းအောက်ဆင့်ကပဲဝင်ပြီး သင် ရင်း လုပ်ရင်း လေ့လာသွားမှရမယ် ...

ကားဝပ်ရှော့ကြီးရှိတယ်၊ ဒါဟာ ငါ့စီးပွားရေး သက်သက်အနေနဲ့ မဟုတ်ဘဲ ငါ့ဝန်ထမ်းတွေထဲက သား ယောကျ်ားလေးတွေ အလုပ်ရအောင် ဝင်ငွေရအောင် အပို လုပ်ငန်းတစ်ခုအဖြစ် ငါထောင်ပေးထားတာ၊ အဲဒီဝပ်ရှော့ ကိုတော့ မင်း တစ်ခါတည်းတန်းပြီး အုပ်ချုပ်လို့ရတယ်၊ အဲဒီမှာ အကြီးဆုံးပေါ့၊ မင်းဘာအဖွဲ့အစည်းနဲ့မှ ဆက်ဆံ စရာ မလိုဘူး၊ ကိုယ့်ဆီ ကားလာပြင်တဲ့ ကပ်စ်တန်မာနဲ့ ပဲ ဆက်ဆံရမယ်၊ မလုပ်တတ်စရာ အကြောင်းမရှိတဲ့ အလုပ် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ငါပေးနိုင်တာ အဲဒါပဲ၊ မင်းစိတ်ပါရင် အဲဒီဝပ်ရှော့ကို အုပ်ချုပ်၊ အဲဒီမှာ ခိုင်းထားတဲ့ ငါ့လူကို ဒီဘက်တွေ ပြန်ခေါ်လိုက်မယ်၊ ဝပ်ရှော့ဆိုပေမဲ့ ချောက်ချီးချောက်ချက် မဟုတ်ဘူးနော် ပြောကောင်း။ ရေဆေးဆီထိုးကနေစပြီး အစိတ်အပိုင်းကဏ္ဍအားလုံးကိုင်တာ၊ ဆေးဘော်ဒီလုပ်တဲ့ ဌာနစိတ်ပါ ရှိတယ်၊ ကားဘာပဲဖြစ်ဖြစ် နစ်သက်ရင် ဒီတစ်နေရာတည်းမှာ အားလုံးပြီးနိုင်တဲ့ ဝပ်ရှော့ ...

မင်း အဲဒီဝပ်ရှော့ကို အုပ်ချုပ်မလား"

ကျွန်တော် စက္ကန့်ပိုင်းပဲ စဉ်းစားလိုက်ပါတယ်၊ စိတ်ထဲမှာ တက်တက်ကြွကြွ ဖြစ်လာပြီး ...

"လုပ်မယ် အဖေ၊ အဲဒီ ဝပ်ရှော့ကို အုပ်ချုပ်မယ်"

"အေး၊ ကောင်းတယ်၊ အစအဆုံး မင်းခြေ မင်းလက် မင်းအစွမ်းနဲ့သာ လုပ်ပေတော့၊ ငါ့ကို ဘာမှလာမတိုင်ပင်နဲ့၊ လုပ်ချင်တာလုပ်၊ ဝန်ထမ်းပိုင်းကို ဖိဖိစီးစီး ကိုင်ဖို့ပဲလိုတယ်၊ ဆားဗစ်စ်အဓိကပေးရတဲ့ လုပ်ငန်းဆိုတော့ ဝန်ထမ်းတွေကို မင်း စည်းစနစ်တကျ အုပ်ချုပ်ကိုင်တွယ်နိုင်ရင် ပြီးပြီ၊ ကားပြင်ခြင်းဆိုတဲ့ စက်ပိုင်းဆိုင်ရာ အတတ်ပညာကို တတ်ကျွမ်းတဲ့ ပညာရှင်တွေနော်၊ မင်းက





ဒီပညာကို တတ်တဲ့ကောင် မဟုတ်ဘူး၊ ကိုယ့်ဝန်ထမ်းကိုယ့်ကို ပညာမပြနိုင်အောင် ကိုင်တွယ်နိုင်ရလိမ့်မယ် ...

ဒီလောက် ကြီးမားတဲ့ ဝပ်ရှော့ကြီး ပိုင်တယ် အုပ်ချုပ်တယ်ဆိုရင် မင်းကောင်မလေးလည်း အထင်သေးဝံ့မယ် မထင်ပါဘူးကွာ၊ မဟုတ်ဘူးလား"

ကျွန်တော် ခေါင်းညိတ်လိုက်ပါတယ်။

"မင်း ဘယ်တော့ အလုပ်စ,ဝင်မလဲ"

"ခုပဲ"

"ဟေ ...၊ တယ်ဟုတ်နေပါလား၊ ငါ ခင်မောင်ဦးကို ဒီဘက် ပြန်မခေါ်ခင် မင်း အနည်းဆုံး တစ်ပတ်လောက်တော့ အခြေအနေ လေ့လာသင်ယူလိုက်ပါဦး၊ ခင်မောင်ဦးနဲ့ တွဲပြီးတော့ပေါ့"

"ဟုတ်ကဲ့ အဖေ"

အဖေ ထမင်းစားပွဲက ထ,ထွက်ရင်း ခပ်ပြုံးပြုံးကြီး ...

"အဲဒီကောင်မလေးကို မင်း တော်တော်ချစ်သလား ငါ့သား"

ကျွန်တော် နည်းနည်း ရှက်ပြီး မဖြေဘဲ မြဲနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ လူစွမ်းလူစ ပြချင်စိတ်ဖြစ်ပေါ်လာစေတဲ့ ကောင်မလေးဟာ နယ်နယ်ရရတော့ ဟုတ်မယ်မထင်ဘူး၊ အောင်မြင်ပါစေ ငါ့သား"

အဖေ့ဆုပေးစကားကြောင့် ကျွန်တော် အားတွေတက်သွားတယ်။





## ၈

တစ်ပတ်လုံးလုံး ဝပ်ရှော့မှာ လေ့လာသင်ယူနေရတာနဲ့ ကျွန်တော် ဒီဘက်မှာ မျက်ခြည်ပြတ်နေတယ်။ ကောင်းတာတစ်ချက်က ကျွန်တော့်ဝပ်ရှော့ဝင်းကြီးဟာ မြေနီကုန်းမှာပဲမို့ ခြကျေးတို့အိမ်နဲ့ မဝေးလှဘူး။ အပြန်ကျရင် သူတို့လမ်းထဲက ဖြတ်ပြီး မီးလင်းနေတဲ့ (သို့မဟုတ် မီးပျက်ရင်လည်း မှောင်နေတဲ့) အခန်းလေးကို မော့ကြည့်ရုံတစ်ချက်နဲ့ စိတ်ကျေနပ်ရတယ်။

အိမ်ပေါ်တက်လည်ဖို့တော့စိတ်မကူးမိဘူး။ဒီလောက်အပြောခံထိထားတဲ့ သူလေးတို့ကို ကျွန်တော့်ကြောင့် နောက်ထပ် Version တစ်မျိုး အပြောမခံရစေချင်ဘူး။ သူငယ်ချင်းတွေနဲ့ မနက်ပိုင်း ဆုံနေကျကိုလည်း ကျွန်တော် မရောက်ဖြစ်ပဲ ပျက်ကွက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကလည်း ကျွန်တော်ဆီ အသီးသီးဖုန်းဆက်ကြပြီး ကျွန်တော် ဘာကြောင့်ရောက်မလာလဲ မေးကြတယ်။

"ငါ ဝပ်ရှော့မှာ ဝင်လုပ်နေပြီကွ"

"ဘာလဲ အချိန်ပြည့်လား"

"အေး"

"ဟာ ... မင်းအဘိုးကြီးကလဲကွာ၊ ကျစ်တယ်ကွာ၊ နေ့ရော ညရောဆိုတော့ ငါတို့ ဘယ်အချိန်သွားတွေ့မှာလဲ ကိုဂျင်မိကြီးတောင် မင်းကို မေးနေတယ်"

သူတို့က ကျွန်တော် အပိုးကျိုးကျိုး အလုပ်ဝင်နေတာဟာ ကျွန်တော့်စိတ်နဲ့ ကျွန်တော့်ကိုယ်တော့ မဖြစ်နိုင်ဘူး။ ကျွန်တော့်အဖေ နိုင်းလို့ပဲဖြစ်မယ်လို့ တွက်ကြတယ်။

"အေးကွာ ... လုံးဝ ငါပဲ တာဝန်ယူလိုက်ရတော့ လစ်ဖို့ သိပ်မဖြစ်နိုင်တော့ဘူးကွ၊ ဒီလိုလုပ်ပေါ့ကွာ၊ မင်းတို့ ငါ့ဝပ်ရှော့ကို စုရပ်လာလုပ်ကြပေါ့၊ ဒီမှာလာဆုံကြ"

"အေး ... အဲဒီအကြံမဆိုးဘူး"

ကျွန်တော့် ဝပ်ရှော့ဝင်းကြီးထဲမှာ အဲ့ကွန်းတပ်ထားတဲ့ ရုံးခန်းလည်းရှိတယ်။ အဲဒီဝင်းခြံနဲ့ကပ်လျက်ဝင်းခြံက အစားအစာမျိုးစုံရတဲ့ လက်ဖက်ရည်ဆိုင် အကြီးကြီး။ ပဲပြုတ်ထမင်းကစပြီး ကြေးအိုးအထိရတယ်။ အပူအအေးရတယ်။ နာမည်ခံတာကတော့ လက်ဖက်ရည်ဆိုင်ကြီးပဲ။





နေရာထိုင်ခင်းကလည်းကောင်း စားကျက်ကလည်းကောင်းဆိုတော့ သူတို့အားလုံး ကျွန်တော့ဝပ်ရှော့မှာပဲ ရက်ဆက်နီးပါးဆုံကြပါတော့တယ်။ အမြဲရှိတာက ကြည်လွင်ဟန်။ နောက်ဇေယံနဲ့ နေစိုး။ သူတို့ကလည်း သူတို့ရဲ့ ကားအရောင်းအဝယ်ကိစ္စတွေကို ကျွန်တော့်ဝင်းခြံထဲမှာပဲ အလုပ်လာလုပ်ကြတော့တယ်။

ဖြူစင်က သူ့အဖေဆီ မျက်နှာပြရတာရယ်၊ သူ့ကောင်မလေးတွေကို ပတ်ပြီး အလှည့်ကျ အချိန်ပေးရတာရယ်ကြောင့် ရောက်ချိန်မမှန်ဘူး။ အောင်လေးကတော့ တစ်ချက်တလေပဲလာဆုံနိုင်တယ်။ သူ့ဆိုင်သူ ထိုင်ရသေးတယ်။

ဒီလိုနဲ့ ကျွန်တော်ဟာ နေ့စဉ် ချစ်သူအိမ်ရှေ့က မနက်တစ်ခေါက် ညနေတစ်ခေါက် ကားဖြတ်မောင်းရင်း တစ်ခါတစ်ရံတော့ ဝရန်တာမှာ သို့မဟုတ် သူတို့ဆင်းအလာနဲ့ ကြုံတွေ့တတ်ရင်း နေ့ရက်တွေကို ဖြတ်ကျော်လာတယ်။ မြကျေးကို ကျွန်တော် လှမ်းမြင်တဲ့အကြိမ်ပေါင်းရဲ့ သုံးပုံတစ်ပုံလောက်မှာ မြကျေးကလည်း ကျွန်တော့်ကို လှမ်းမြင်တယ်။

တဖြည်းဖြည်းနဲ့ မြကျေးတို့ သုံးယောက်ဟာ ကျွန်တော် သူတို့လမ်းထဲက ဖြတ်နေကျဆိုတာ ရိပ်မိလာတယ်။ တစ်မနက်မှာတော့ ကျွန်တော့်ကားက ဖြတ်ချိန် သူတို့သုံးယောက်က ကျောင်းသွားဖို့ ကျောပိုးအိတ်ကိုယ်စီနဲ့ ဆင်းအလာ ကျွန်တော်က ကားကို အရှိန်လျှော့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းကိုလား"

"ဟုတ်တယ် ကိုဇာတိ"

ကြယ်စင်က အရင်ဖြေတယ်။

"လာလေ ... တက်ကြ၊ ပို့ပေးမယ်"

"တကယ်လား"

"တကယ်ပေါ့"

သူတို့တွေဟာ ကလေးတွေအလား ပျော်မြူးသွားပြီး အပြေးကပ်လာကြတယ်။

"မြကျေး ရှေ့လာလိုက်လေ"

ကျွန်တော်ကလည်း အရှိန်နှုန်းပြီး ဖိတ်ခေါ်လိုက်တယ်။ နောက်ခန်းထဲကို သုံးယောက် ပြုံတိုးမလိုပြင်နေကြတဲ့ထဲက မြကျေး ခြေလှမ်းလေးက တုံ့သွားပြီး တစ်ချက်စဉ်းစားပြီးမှ ပြုံးသလို နှုတ်ခမ်းရှုသလို တစ်မျိုးသော မျက်နှာပေးနဲ့ ကားခေါင်းရှေ့က ပတ်လျှောက်ရင်း ထုံးစံမပျက် မျက်စောင်းထိုးပါတယ်။

မြကျေးရဲ့ မျက်စောင်းဟာ အချိန်မရွေး ကျွန်တော့်ရဲ့ နှလုံးခုန်သံကို မြန်စေတယ်။ ကျွန်တော် ကားကို သူတို့ကျောင်းဘက် ပြန်ပြီးလှည့်လိုက်တယ်။

"ကိုဇာတိကို တစ်ခါတစ်ခါ ဒီလမ်းထဲ ဖြတ်ဖြတ်သွားတာ တွေ့တယ်"

ယမင်းက စကားစ,လိုက်တော့ ...





"တစ်ခါ တစ်ခါ မဟုတ်ပါဘူး"

မြကျေးဆီက အသံထွက်လာတယ်၊ ကျွန်တော် အံ့သြပြီး မြကျေးကို လှည့်ကြည့်လိုက်မိပါတယ်။ မြကျေးက ကျွန်တော့်ကို မကြည့်ဘူး။ ရှေ့တည့်တည့်ပဲကြည့်နေတယ်။

"တစ်ခါတစ်ခါ မဟုတ်ဘူးဆိုတော့ !!..."

"နေ့တိုင်းပဲဟာ"

"ဟင် ... ဟုတ်လား ကိုဇာတိ"

"မဟုတ်ပါဘူး"

ကျွန်တော်က တမင်တကာ နောက်လိုက်တာပါ။

"အမယ် ... လာလျှိုမနေနဲ့"

"မြကျေး တွေ့လို့လား"

"ပထမတော့ တစ်ခါတစ်ရံထင်လို့ မြကျေးက ကိုဖြူစင့်ကို မေးကြည့်တယ်၊ ကိုဖြူစင် ပြောပြတာ၊ ရှင့်အိမ်ကလည်း ဘာလေဖွန်နောက်ထဲတင်တဲ့၊ ဆိုင်ကလည်း ဒီမြေနီကုန်းထဲပဲတဲ့၊ အမြဲဖြတ်တာဖြစ်မယ်တဲ့၊ အဲဒါနဲ့ မြကျေး စောင့်ကြည့်တော့ ဟုတ်တယ်၊ ရှင် နေ့တိုင်း မနက်တိုင်း ညနေတိုင်း ဒီလမ်းထဲက ဖြတ်တာပဲ"

ကျွန်တော့် ရင်ထဲမှာ ဘယ်လိုကျေနပ်မိမှန်း မသိ။ ကျွန်တော့်ကို မြကျေး စောင့်ကြည့်တယ်ဆိုတာကိုပဲ အရူးအမူး ကြည့်နူးနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇာတိက အိမ်ကိုတောင် ဝင်မလည်ဘူး"

"ကြယ်စင်တို့က မိန်းကလေးသုံးယောက်တည်းနေလို့ အား
နာလို့ပါ"

ပြောပြီးမှ မှားသွားပြီဆိုတာ သတိရတယ်။ လေထဲ
စကားလုံးတွေကို ပြန်ဖမ်းသိမ်းလို့မရတော့ဘူး။ ဖြူစင်နဲ့ နေစိုး
ပုတ်ခတ်သလို ဖြစ်သွားမှာစိုးတာပါ။ အရာအားလုံးဟာ လူတ
ယောက်ချင်းစီရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ သူ့ဟာသူ ဆန္ဒရှိသ
သွားနေကြတာပဲ။ သူများကို အပြစ်မပြောချင်ပါဘူး။ ကိုယ့်ကို
ကိုယ်လည်း အမွှန်းမတင်ချင်ပါဘူး။ ဒါပေမဲ့ မိန်းကလေး
ယောက်ဟာ တစ်စုံတစ်ခုကို အသီးသီးတွေးသွားကြတဲ့ပုံနဲ့ ခ
တိတ်သွားတယ်။

"ကိုဇာတိ ဆိုင်က ဘာဆိုင်လဲ"

ယမင်းက မေးတယ်။

"ခင်ဗျားတို့ စိတ်ဝင်စားဟတ်တဲ့ အကျီဆိုင်တို့ အရုပ်ဆို
တို့ မုန့်ဆိုင်တို့ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"ဝပ်ရှော့"

ကောင်မလေး သုံးယောက်သား နှာခေါင်းကိုယ်
ရှုံ့ကြတယ်။





"ကိုဇာတိရဲ့ဆိုင်ပေါ့"

"အင်း ... အဖေ့ဆိုင်ပေါ့၊ ကိုယ့်ကိုယ်ကိုယ် အလုပ်လုပ်ဖို့
တန်ပြီလို့ဆုံးဖြတ်ပြီး အဖေ့အလုပ်တွေထဲက သိပ်ပညာသား
မပါ ခေါင်းမစားရတဲ့ လုပ်ငန်းတစ်ခုကို ယူလိုက်တာပါ"

"ဟင် ... ကိုဇာတိကလည်း၊ ပညာသားမပါတော့ ဘယ်
ဟုတ်မလဲ၊ အလုပ်တိုင်း အလုပ်တိုင်းမှာ ပညာတော့ပါရတာ
ချည်းပဲ"

"တခြားသူများ အလုပ်တွေလောက် မခက်ခဲပါဘူး ယမင်း
ရယ်၊ မက္ကင်းနစ်တွေက သူ့ဟာနဲ့သူ သူတို့ပညာနဲ့ ပြင်
ဆင်နေကြတာ၊ ကျွန်တော်က အပေါ်ကနေ အာပလာလေး
ဝုန်းရုံပါ၊ အဖေ ထူထောင်ထားလို့ အောင်မြင်နေတဲ့အလုပ်
တစ်ခုကို လက်တင်လေး ဝင်စီမံနေရတာ"

"ကိုယ့်ကိုယ်ကိုယ် ဒီလောက်လည်း မကြွားနဲ့လေ"

"ကိုဇာတိက Humble(နှိမ့်ချသော)ဖြစ်တဲ့သူမို့ ဒီလိုပြော
နေတာပါ၊ လူတွေကများသောအားဖြင့် ကိုယ့်အမွှန်းကိုယ်
တင်၊ ကိုယ့်ဖန်းကိုယ်တွင်နေကြတာ၊ ကိုဇာတိပဲ ကိုယ့်ကိုယ်
ကိုယ် နှိမ်နှိမ်ချချ ပြောတာရှိတယ်"

ကြယ်စင်နဲ့ ယမင်းပဲ စကားသွက်နေကြတာဖြစ်ပြီး
မြကျေးကတော့ နှုတ်ဆိတ်ငြိမ်သက်နေပါတယ်။ သူများပြောနေ
တာတွေကိုပဲ နားထောင်နေတယ်။ မျက်လုံးတွေက အဝေးဆီမှာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး ကြယ်စင်ရော ယမင်းပါ စကားဖောင်ဖောင်ဖြေ
လာတယ်။ ပြောလိုက်ကြ ရယ်လိုက်ကြ ဆူညံနေတယ်။

မြကျေး ဘာဖြစ်နေပါလိမ့်။

ယမင်းတို့စကားတွေကို အလိုက်သင့်သာ တုံ့ပြ
နေရတယ်။ မြကျေးရဲ့ သိပ်မရွှင်လန်းတဲ့ မျက်နှာလေးကိုပဲ မသိ
မသာ ငုံကြည့်အကဲခတ်နေမိတယ်။ မြကျေး ဘာတွေ စိတ်ဆင်း
စရာရှိနေသလဲ။ မြကျေးရဲ့ဘဝမှာ စိတ်ဆင်းရဲစရာ စိတ်မပျော်
စရာ စိတ်အနှောင့်အယှက်ဖြစ်စရာရယ်လို့ ဘာတစ်ခုမှ မရှိစေချ
ဘူး။

ယုတ်စွအဆုံး မြကျေးဟာ ဖြူစင်နဲ့ ချစ်သူတွေဖြ
ချင်လည်းဖြစ်နေပါစေဦး၊ အဲဒီအတွက် စိတ်ချမ်းသာပျော်ရွှင်ေ
ရတာကိုပဲ ကျွန်တော် မြင်ချင်ပါတယ်။

"ကိုဇာတိ ဒီနားရပ်တော့ ရပြီ"

ယမင်း စကားကြောင့် ကျွန်တော်က ကား
ပလက်ဖောင်းနံဘေးကပ်ရပ်လိုက်တယ်။ ရှေ့နားမှာ သူတို့ကျောင်
ဝင်းတံခါးပဲ။ ကျောင်းပို့ကားတချို့ ကျောင်းရှေ့မှာ ရှုပ်ယှ
တယ်။ ကြယ်စင်က ...

"အမလေး ... ကောင်းလိုက်တာ၊ ဘတ်စ်ကား မစီးရ
ရောက်လာတယ်၊ နောက်နေ့တွေလည်း ဒီဖယ်ရီကြီး
အချိန်ကိုက်ရင် သိပ်ကောင်းမှာ"





"အာ ... ကိုဇာတိက တကယ်လာကြိုပို့နေပါဦးမယ်"

ယမင်းကပြောတော့ ...

"အလကားစ,တာနော် ကိုဇာတိ၊ အရမ်းကျေးဇူးပဲ"

"သွားပြီနော် ကိုဇာတိ၊ ကျေးဇူးအများကြီးတင်ပါတယ်"

ယမင်းနဲ့ ကြယ်စင်ပဲ နှုတ်သွက်နေကြတယ်။ မြကျေး
ဘ ငြိမ်နေပါတယ်။ ကားတံခါးကိုဖွင့်ဟထားပြီးမှ ကားပေါ်မှ
ဆင်းသေးဘဲ ငြိမ်နေတာကြောင့် ...

"အမယ် ... နင်က ဘာလုပ်နေတာလဲ မြကျေး ဆင်းလေ"

"နေဦး၊ နင်တို့သွားနှင့်၊ ငါ ကိုဇာတိကို ပြောစရာတစ်ခု
ရှိလို့"

"ဘာပြောစရာလဲ၊ ဟင်းနော် မြကျေး၊ ကိုဇာတိ သနားပါ
တယ်၊ နင်အနိုင်တော့မကျင့်ပါနဲ့ဟယ် ဟီဟိ"

ဒီကောင်မလေးတွေဟာ ကျွန်တော့်ကိုဆိုရင် နည်း
ည်းမှ မရှိသေကြဘူး။ ဒီအတိုင်းပဲ။ စဖို့ချောင်းနေကြတယ်။
ဟီဟိရယ်မောရင်း ဟိုနှစ်ယောက် ထွက်သွားတော့မှ မြကျေး
 ကျွန်တော့်ဖက်လှည့်ပြီး စေ့စေ့ကြည့်လိုက်တယ်။ ကျွန်တော့်
 ဘာမှလဲ လုပ်မထားရပါဘဲ သူ ဒီလိုကြည့်တော့ ကိုယ့်ကိုယ်
ယ် တရားခံကျနေတာပဲ။ ရင်တွေတဒုန်းဒုန်းခုန်ရတယ်။

ဘာများပြောမလဲလို့ လန့်နေမိတယ်။ ကျွန်တော့်
င်သဲက ခံစားချက်ကို သူ ရိပ်မိနေ သိနေလို့များ အပြစ်တင်



www.burmeseclassic.com

www.burmeseclassic.com



မလို့လား။ ပေါက်ကရတွေ လျှောက်တွေးနေမိပြန်တယ်။ သူ့ကို ဘာမှလဲ ဖွင့်ပြောတာမဟုတ်ဘဲ ရင်ထဲက ကျိတ်ဖြစ်နေတာကိုတော့ သူ ရန်မတွေ့နိုင်ကောင်းပါဘူးလို့ ကိုယ့်ဘာသာလည်း အားပေးရသေးတယ်။

"ကိုဇာတိ"

"ဗျာ"

"ကိုဇာတိကို မြကျေး မေးချင်တာရှိတယ်"

"ဗျာ ... မေး ... မေးလေ မြကျေး"

"ရှင် ဟိုတစ်ခါလိုတော့ ဝေ့လည်ချောင်ပတ်မလုပ်နဲ့"

"မလုပ်ပါဘူး"

"ကိုဖြူစင်နဲ့ ရှင်တို့တစ်တွေက အရမ်းတွဲတာပဲမဟုတ်လား၊ တစ်ယောက်အကြောင်းတစ်ယောက် အကုန်သိတာပဲမဟုတ်လား၊ ကိုဖြူစင်ကလည်း ဒီတိုင်းပဲပြောတယ်"

လာပြန်ပြီ ကိုဖြူစင်။ အဲဒီမြကျေးဟာ 'ကိုဖြူစင်' မပါရင် စကားမပြောတတ်ရှာဘူးဗျာ။ စိတ်ပျက်တယ်။

"အင်း ... ဟုတ်တယ်လေ"

"သူနဲ့ သိတဲ့သူတွေကိုလည်း ရှင်တို့ သိမှာပေါ့"

"အင်း ... သိပါတယ်၊ အားလုံးလိုလိုကို သိတယ်"

"ဒါဖြင့် အိန္ဒြာ ဆိုတာ ဘယ်သူလဲ"

"ဗျာ ..."





ကျွန်တော် ထိုင်ငိုချင်စိတ်တောင်ပေါက်မိတယ်။ ကျေးတစ်ယောက်ဟာလည်း ကျွန်တော့်ကို ဘာတွေလာလာမေး င်းကိုမသိဘူး။ အရေးထဲ ကျော့ကျော့က ကျွန်တော့်ကို ယုံရတယ် ာ်ချရတယ်နဲ့ Recommend တွေ စွတ်ပေးထားတာရှိသေး ယ်။

"ပြောလေ"

"အဲ ... ဟိုဒင်း၊ မြကျေးက ဘာလို့မေးတာလဲ၊ အိန္ဒြာက မြကျေးကို ဘာလုပ်လို့လဲ"

"ဟော ... ရှင် ဝေ့လည်ချောင်ပတ်တွေ စ,လုပ်ပြီ"

"မဟုတ်ပါဘူး၊ မြကျေးနဲ့ ဘယ်လိုပတ်သက်နေလို့လဲလို့ မေးကြည့်တာဝါ"

"မြကျေးနဲ့ ဘာမှမပတ်သက်ဘူး၊ ကိုဖြူစင်နဲ့တော့ ပတ်သက်နေတာ မြကျေး သိတယ်၊ အဲဒါကြောင့် ဘယ်လိုပတ်သက်နေလဲ ကိုဇာတိကို မေးကြည့်တာ"

"အဲဒါမြကျေး ဖြူစင့်ကို မေးရမှာပေါ့၊ ကျွန်တော့်ကို ဘာဖြစ်လို့ မေးရမှာလဲ၊ သူ့ကို မေးမှတိတိကျကျ သိရမှာပေါ့"

"မြကျေး သိပါတယ်၊ သူ့ကိုလည်း မေးတယ်"

"ဒီတော့ သူက !..."



www.burmeseclassic.com

www.burmeseclassic.com



"ညာမပြောတယ်"

ကျွန်တော် မျက်ခုံးကို တွန့်ပြီး ခေါင်းငုံ့ထားမိတယ်။ ကျွန်တော်ဟာ အတော်ရော်တဲ့ကောင်ပဲ။ ဖြူစင် သူ့ဟာသူညာတာ မြကျေး သူ့ဟာသူ ညာခံရတာကို ကျွန်တော်က ကြားက မဆိုင်မဆိုင် မျက်နှာပူနေပြန်တယ်လေ။

"ဘယ်လိုညာလဲ ရှင် သိလား"

"ကျွန်တော် ဘယ်သိမလဲ မြကျေးရ"

"အိန္ဒြာဆိုတာ ကိုဇာတိ ရည်းစားတဲ့၊ ကိုဇာတိနဲ့ ပြဿနာတက်နေလို့ သူ့ဆီတိုင်တည်ပြီး ဖုန်းတွေဆက်ဆက်နေတာတဲ့"

"ဟာ ..."

ကျွန်တော် ဖြူစင့်ကို တော်တော်ဒေါသထွက်သွားတယ်။ အလကားကောင်။ ကျွန်တော်ကဖြင့် သူ့အပေါ် စောင့်စည်းထိန်းသိမ်းလိုက်ရတာ။ မြှောက်ထားပေး ဖုံးထားပေးလိုက်ရတာ။ သူကကျတော့ ကျွန်တော့်ကို ရောင်းစားပြီကြည့်စမ်း။

"ဒီကိစ္စမျိုးတွေနဲ့ ပတ်သက်ပြီး ကိုဇာတိ ဘာမှ သိပ်မပြောချင်ဘူးဆိုတာ မြကျေး သိပါတယ်"

"......"

"ခုလည်း တစ်ခွန်းမှပြောဖို့မလိုဘူး၊ ကိုဇာတိ မျက်နှာကိုကြည့်လိုက်ရင် အဖြေမှန်ကို မြကျေး သိတယ်၊ အဲဒီတုန်း





ကတည်းကလည်း သူ့မျက်လုံးတွေကိုကြည့်ပြီး သူ ညာနေတာဆိုတာ မြကျေး သိပြီးသားပါ"

"......"

မြကျေး မျက်နှာလေးနွမ်းမှုန်နေတာကို ကျွန်တော် စိတ်မကောင်းခြင်းကြီးစွာ ငေးကြည့်နေမိတယ်။

"တကယ်တော့ အညာခံနေရတာလဲ ဘယ်သူ့ကိုမှ အပြစ်တင်နေဖို့မရှိဘူး၊ ကိုယ့်အပြစ်နဲ့ကိုယ်ပဲ၊ မမကျေး အတန်တန် သတိပေးနေတဲ့ကြားက ..."

ကျွန်တော် ဆတ်ခနဲ တုန်လှုပ်သွားတယ်။

"ဘာဖြစ်လို့လဲ၊ သတိပေးနေတဲ့ကြားတည်းက ဘာဖြစ်လို့လဲ မြကျေး"

မြကျေးက ကျွန်တော့်ကို မျက်လုံးချင်းရင်ဆိုင်ကြည့်လာတယ်။ ဒီတစ်ခါတော့ ကျွန်တော်ကလည်း သိချင်ဇောအားကြွင်းထန်နေတော့ မျက်လုံးလွှဲမပစ်မိဘူး။ ပြန်ပြီး စိုက်ကြည့်နေခဲ့မိတယ်။

"သတိပေးနေတဲ့ ကြားထဲက မြကျေး ကိုဖြူစင့်အချစ်ကို လက်ခံလိုက်မိတယ်"

ကျွန်တော့်ရင်ထဲ ဟိုက်ခနဲနေအောင် ဟာကျသွားပါတယ်။ ခြေပစ်လက်ပစ်ပုံစံဖြစ်သွားပြီး ခုံမှာ ဖရိုဖရဲ မှီလိုက်မိတယ်။ မြကျေးကိုလည်း မကြည့်တော့ဘူး။ အံ့သြစရာဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အရမ်းပဲ ငိုချင်လာမိတယ်။ ကျွန်တော် မက်မောတဲ့ နှစ်သက်တဲ့ တန်ဖိုးထားတဲ့ ပစ္စည်းလေးတစ်ခု ကျကွဲပျက်စီးသွားသလိုပဲ။

နမြောလည်းနမြော။ ဝမ်းလည်းနည်း။ ဘာကိုမှန်းမသိ ဒေါသတွေလည်းထွက်လာတယ်။ မြကျေးကိုလည်း ခပ်စပ်စပ် နှစ်ချက်လောက် ရိုက်ပစ်ချင်တယ်။ အစောကြီးကတည်းက သူ့အမေကို လှမ်းတိုင်လိုက်ပြီး သူ့အမေက လာရိုက်နှက်သွားရင် ခုလိုဖြစ်မှာမဟုတ်ဘူး။ ခုတော့ မြကျေးဟာ စိတ်အလိုကို လိုက်တယ်ဗျာ။ အင်းလေ … သူ့ခမျာလည်း နလုံးသားအလိုကိုမဆန့်ကျင်နိုင်ရှာဘူးထင်ပါရဲ့လို့လည်း ခွင့်လွှတ်တွေးပေးမိပြန်တယ်။

တစ်ချိန်တည်းမှာ ဝမ်းနည်းတာရော၊ ဒေါသဖြစ်တာရော ခွင့်လွှတ်တာရော ကျွန်တော့်မှာ ရှုပ်ယှက်ခတ်နေတာပဲ။ ဒါဖြင့် ကျွန်တော် ချစ်တဲ့ကောင်မလေးကို ကျွန်တော် ဆုံးရှုံးလိုက်ရပြီပေါ့။ ဖြူစင်နဲ့မှဗျာ။ ထားကိုထားပစ်ခဲ့မှာ သေချာတဲ့ကောင် စားမျိုးနဲ့မှဗျာ။ သွားပတ်သက်ရတယ်။

ကျွန်တော့်ကောင်မလေးကို ဖြူစင်လိုလူနဲ့ တွေ့မြင်ဆုံစည်းအောင်ဖန်တီးပေးတဲ့ ကံကြမ္မာကို မုန်းတီးလိုက်တာ။

“ကိုဖြူစင့်ကို လက်ခံလိုက်တာ ဆယ်ရက်ပဲရှိပါသေးတယ်၊ အဲဒီဆယ်ရက်အတွင်းမှာ မြကျေးကို ညာတယ်လို့ခံစားရတဲ့အကြိမ်ပေါင်းက ဆယ်ကြိမ်မကတော့ဘူး”





မြကျေးဟာ ကျွန်တော့်ကို ဘာကြောင့် ယုံယုံကြည်ကြည်ရင်လာဖွင့်နေတယ် မပြောတတ်ဘူး။ ဖြစ်နိုင်တာကတော့ ဖြူစင့်သူငယ်ချင်းလည်းဖြစ် သူကြောက်ရရှိန်ရတဲ့ သူလည်းမဟုတ်၊ ကျော့ကျော့ထံကလည်း ထောက်ခံစကား ရထားဖူးတဲ့လူမို့ မသိစိတ်က ရင်ဖွင့်ချင်နေတာတွေ အကုန်အံကျလာတယ် ထင်ပါရဲ့။

“ကိုယ်နဲ့ ဘာမှမပတ်သက်ခင်တုန်းကတော့ မဆိုင်သလိုနေတာပေါ့နော်၊ ဒါပေမဲ့ ကိုယ်နဲ့ပတ်သက်ပြီဆိုတော့ သူ့ကိစ္စကို ကိုယ်နဲ့ဆိုင်တယ်လို့ မြကျေး ယူဆထယ်၊ စွက်ဖက်တယ်လို့ပြောလည်းရတယ်၊ စွက်ဖက်လိုက်တော့မှပဲ ပေါ်လာတာတွေအများကြီး၊ သူ့ဆီကို ကောင်မလေးတွေဆီကဖုန်းတွေ တစ်ချိန်ပုံး လာနေတာပဲ၊ အစကတော့ ဖုန်းလာလို့ သူထသွားပြီး အဝေးမှာပြောနေရင် မြကျေးနဲ့ ဘာဆိုင်လဲ …

ခုတော့ ဖုန်းလာလို့ သူ အဝေးသွားပြောနေရင် မြကျေးက လိုက်နားထောင်တာပဲ၊ သူကလည်း ဒီဘက်က မရိပ်မိအောင် အထာနဲ့ပြောတယ်၊ ညာတယ်၊ တစ်ခါမှာတော့ သူက ကော်ဖီဆိုင်ရဲ့နောက်ထဲကို ဝင်သွားတဲ့အချိန်၊ ဖုန်းကို စားပွဲပေါ် မေ့ပြီးချထားခဲ့တယ်၊ အဲဒီအချိန်မှာ ဖုန်းကလာတော့ မြကျေးက ဖွင့်ထူးလိုက်တာပေါ့ …



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြာတဲ့၊ မြကျေးကိုတောင် သူက ပြန်စစ်လိုက်ဆေးလိုက်သေးတယ်၊ မြကျေးကလည်း သူ့ကို ပြန်စစ်ဆေးတာပဲ၊ နှစ်ယောက်သား ဖုန်းထဲမှာ မမြင်ရဘဲ စစ်တွေဖြစ်နေတာ၊ သူက ကိုဖြူစင့်ရည်းစားတဲ့၊ သူ့ကို ကိုဖြူစင်က မနက်တိုင်း Fitness Center ပို့နေကျတဲ့၊ ခု မအားလို့ဆိုပြီး မလာတာ သုံးရက်ရှိပြီတဲ့၊ ခုချက်ချင်း သူ့ဆီလွှတ်လိုက်တဲ့၊ မြကျေးကလည်း ပြန်ချဲတာပဲ"

ကျွန်တော် မြကျေးကို ယှကျုံးမရ ငေးကြည့်မိတယ်။ ကလေးသာသာလောက်ရှိသေးတဲ့ မိန်းကလေးဟာ အချစ်ကိစ္စနဲ့ ပူလောင်နေလိုက်တာ။ မခံရပ်နိုင်တဲ့ မျက်နှာကလေးဟာ နီမြန်းနေတယ်။ ဒီနီမြန်းနေတဲ့ ပါးပြင်ကလေးကို ခုလောက်ဆိုရင် ဟိုကောင်ဖြူစင် နမ်းရှိုက်ဖူးပြီးရောပေါ့လို့ တွေးရင်း ကျွန်တော့်ရင်ထဲ အတော်ဆွေးမြည့်သွားပါတယ်။

"နောက်ဆုံး မြကျေးက ဖုန်းပိတ်ပစ်တာ၊ သူက ပြန်ခေါ် မြကျေးက ပြန်ပိတ်၊ ကိုဖြူစင် ထွက်လာတော့ ဘာဖြစ်နေတာလဲဆိုပြီး ဖုန်းယူနားထောင်လိုက်တော့ သူနဲ့ တွေ့သွားတာပေါ့၊ သူက ဆိုင်နောက်ထဲဝင်သွားပြီး သွားပြောနေတယ်၊ ဆိုင်နောက်ထဲဆိုတော့ မြကျေးကလည်း လိုက်မဝင်ချင်လို့၊ ဆိုင်ရှင်နှုတ်ခမ်းမွေးနဲ့ လူကြီးကလည်း မြကျေးကိုကြည့်တာ တစ်မျိုးကြီး ဘာသဘောတွေလဲ"





ကိုဂျင်မိပေါ့။ ကိုဂျင်မိကြီးကတော့ မြကျေးကို ငါးမျှားချိတ်မမြင်ဘဲ ငါးစာနောက်မဲလိုက်နေတဲ့ ငါးသစ်လေးတစ်ကောင်အဖြစ် ကြည့်တာနေမှာပါ။ လူကြမ်းရုပ်ကြီးပေါက်နေတဲ့ သူ့ရုပ်က တစ်မျိုးတမည် အဓိပ္ပာယ်ထွက်နေရင်တော့ မသိဘူး။

"အိန္ဒြာဆိုတာဘယ်သူလဲ အတင်းရအောင်မေးတော့ကိုဇာတိရည်းစားတဲ့၊ ဟွန်း ... မယုံပါဘူး၊ ကိုဇာတိနဲ့ မြကျေး အဆက်အစပ် ရှိမယ်လည်း မထင်ဘူး၊ သူတို့အုပ်စုထဲမှာ သူကလွဲရင် ကိုနေစိုးကိုပဲ မြကျေးတို့ သိကြတယ်လို့ သူထင်တာကိုး၊ ဒီတော့ ကိုဇာတိနာမည်ကို တပ်ပစ်တာ ...

ဟိုက အိန္ဒြာ ကိုယ်တိုင်က ကိုဖြူစင့်ရည်းစားပါလို့ ပြောပြီးနေတဲ့ဥစ္စာ မြကျေးကို ဖြောင်လိမ်တယ်၊ လုံးဝကိုဘူးခံငြင်းပြီး လိမ်တာ၊ မြကျေး အချိန်တိုတိုနဲ့ သူ့အချစ်ကိုလက်ခံမိတာ မှားတော့ မှားပါတယ်၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ဒီအဖြစ်မျိုး ကြုံရမယ်လို့ တစ်ခါမှမထင်ခဲ့ဘူး၊ ရည်းစားထားပြီး ဆယ်ရက်အကြာမှာ ရည်းစားရဲ့အမျိုးစုံလှည့်ပတ်ဖြီးဖြန်းလိမ်ညာတာကို ခံနေရလိမ့်မယ်လို့ ...

သိပ်ကြာလာလို့ ငြီးငွေ့လို့ အသစ်ရှာပြီး ဒီလိုကြုံရင်ကြုံရပါစေ၊ ဘာမှ မပြောလိုပါဘူး၊ ခုတော့ မလွန်လွန်းဘူးလား၊ သူကတော့ လုံးဝ ဘူးပဲငြင်းပြီး မြကျေးကို



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်မှာ တစ်ခါဆိုတစ်ခါ သိပ်ချစ်မိတာဆိုတာကိုဲ အသည်းမိုပြီး ရွတ်ပြောနေတာ၊ ယုံချင်ပါတယ်၊ ဒါပေမဲ့ ယုံရမှာလည်း ကြောက်တယ် ...

ယမင်းတို့ ဝေရီတို့က အစကတည်းက ကိုဖြူစင့်ကို ကန့်ကွက်သမား၊ ကြယ်စင်ကတော့ မထောက်ခံ မကန့်ကွက် ကြားနေပေါ့၊ မမကျော့က ကြားတာနဲ့ အိမ်ကို လှမ်းတိုင်မှာ၊ မြကျေးမှာ တိုင်ပင်ရမဲ့လူလည်း မရှိဘူး ကိုဇာတိရှယ်၊ အဲဒါကြောင့် မမျှော်လင့်ဘဲ ကိုဇာတိကို ပြောထွက်မိတယ် ...

မြကျေးကို တစ်မျိုးမထင်နဲ့နော်၊ သိပ်လည်းမရင်းနှီးဘဲနဲ့ ပါးစပ်ရဲလိုက်တာလို့လည်း မထင်ပါနဲ့၊ ကိုဇာတိ မျက်နှာက စ,မြင်မြင်ချင်းကတည်းက ယုံကြည်ရမဲ့လူတစ်ယောက်ရဲ့ ရိုးသားတဲ့ အရိပ်အယောင်မျိုး ပေါ်လွင်နေတယ်"

"မြင်မြင်ချင်း အမြင်ကတ်စရာကြီးဆို"

အရေးထဲ ကျွန်တော်က အငေါ်တူးမိတယ်။ မြကျေးက လှစ်ခနဲပြုံးသွားပြီး ...

"အမြင်ကတ်စရာကြီးကြားထဲက ယုံချင်စရာကြီးလည်းဖြစ်နေတာ"



ပြုံးတုံ့တုံ့နဲ့ သူ့ ပြောပုံကလေးက ကျွန်တော့်နှလုံးသားတွေကို ဘယ်လိုဖြစ်သွားစေမှန်းမသိဘူး။ ရင်ထဲစိမ့်ပြီး နှလုံးပိတိဂွမ်းဆီထိဆိုတာလို ရွှန်းအိနေစေတော့တယ်။

"ပြီးတော့ ရှင့်မျက်နှာက ညာလို့လည်းမရဘူး"

ကျွန်တော် မျက်နှာကို တစ်ချက်ပွတ်သပ်မိရင်း ...

"ဘာတွေပေါ်နေသလဲဟင်"

မြကျေးက ကားတံခါးကို တွန်းဟပြီး ကားပေါ်က ဆင်းဖို့ပြင်ရင်း ...

"ရှင့်စိတ်ထဲကို အမြဲမြင်မြင်နေရတယ်၊ ရှင့်စိတ်ထဲကဟာတွေအားလုံးပေါ်နေတာပဲ၊ ဒီတော့ ဘယ်ညာပြောလို့ရတော့မလဲ"

မြကျေး ထွက်သွားတာကို ငေးကြည့်ကျန်ရစ်ခဲ့ပြီး အတော်ကြာကြာ ကားကို မောင်းမထွက်မိဘူး။ ဖြူစင့်အချစ်ကို လက်ခံလိုက်ပြီတဲ့နောက် ဟိုးအရင်တုန်းကလို 'အဲဒီတော့လည်း ပြီးတာပဲပေါ့'လို့ အေးအေးဆေးဆေး စိတ်ဖြေလက်လျှော့နေလိုက်နိုင်ဖို့ဝေးလို့ ရင်ထဲမှာ ဘာဖြစ်နေမှန်းကိုမသိဘူး။ ကျွန်တော်ဟာ ဖြူစင့်ကိုလည်း အတော်အမြင်ကတ်နေမိတယ်။ ကားမောင်းထွက်လာတာနဲ့ တစ်ပြိုင်နက် ဖြူစင့် ဖုန်းကို လှမ်းခေါ်လိုက်ပါတယ်။

"ဟယ်လို ... ဟော့ကောင် ဇာတိ၊ ဘယ်ကဆက်နေတာလဲ"

"ငါ လမ်းကဆက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ပြော"

"မင်း အလကားကောင်ပဲ ဖြူစင်"

"ဟေ ... ဘာလဲကွ၊ ဘာဖြစ်လို့လဲ"

"မင်း မြကျေးကို ဘာသွားပြောလဲ"

ဖြူစင်က ခဏတိတ်နေပြီးမှ ...

"မြကျေးကို ပြောတာတွေအများကြီးပေါ့၊ ဘာကိုပြောနေတာလဲ၊ နေပါဦး ငါ့ဟာငါ မြကျေးကို ဘာပြောပြော မင်းကကော ဘာ့ကြောင့် လာစစ်နေရတာလဲ၊ မင်းနဲ့ ဘာဆိုင်လို့လဲ ဓာတ်ီရ"

"ဆိုင်တာပေါ့ကွ၊ ငါ့နာမည်ပါတာကိုး"

"မင်းနာမည် !!..."

"ဟုတ်တယ်"

"ငါ ဘာပြောမိလို့လဲ"

"အေးပေါ့၊ မင်း ပြောပြီးမေ့ပစ်ပေါ့၊ မင်း အစုတ်ထုပ်ကြီးကို ငါ့ခေါင်းပေါ်ပစ်တင်ပြီး စိတ်အေးလက်အေးလုပ်နေတယ် ချေးကောင်"

"ဘာလဲ ဓာတ်ီရ၊ မြန်မြန်ပြောစမ်းပါကွာ၊ မင်း ဘာပြောနေတာလဲ စဉ်းစားလို့မရဘူး"

"အိမ်ြွှာဆိုတာ ငါ့ရည်းစားဆို"





ဖြူစင် သိသွားပြီးမှ အားပါးတရ အူလှိုက်သည်းလှိုက်ရယ်သံကြီး ထွက်လာတယ်။

"ဩော် ... ဟား ဟား ... ဟား ဟား ... မင်း သိသွားတယ် !!..."

"အေး ... ငါ့ရည်းစားဆိုရင်လာခဲ့၊ အခု ငါ့အိမ်လာပို့လှည့်ဟေ့ကောင်"

"မင်းကလည်းကွာ၊ ငါ့မှာ ဒီလိုပဲ ဆွဲလွဲအသုံးချရတာပေါ့ကွ"

"မင်းဘိုးအေ ဆွဲလွဲအသုံးချစရာလား၊ ငါ့မှ ဘာလို့ဆွဲသုံးရတာလဲ"

"မင်းနဲ့သူက အဆက်အစပ်မှမရှိတာ၊ ကြည်လွင်ကလည်းကျော့ကျော့ညီမကို ကြိုက်နေတယ်ဆို၊ ဒီတော့သုံးလို့မရဘူး၊ ဝေယံလည်းပဲ သူ့ကိစ္စနဲ့သူ ခပ်ရှုပ်ရှုပ်ရယ်ဆိုတော့ငါ့မှာ နာမည်တပ်စရာ မင်းတစ်ယောက်ပဲရှိတော့တာပေါ့ကွ ... ဟား ဟား၊ မင်းနဲ့ကျတော့ သူတို့နဲ့ ဘာမှလဲမပတ်သက်တော့ ဘာပြောပြော ဘာအရေးကြီးလဲ"

"ဟေ့ကောင် ... မင်းက ခပ်ပေါ့ပေါ့ပြောနေ၊ ငါလည်းငါ့ဟာနဲ့ငါ အရေးကြီးတာပဲ၊ အရေးမကြီးဘူးတော့ ဘယ်ဟုတ်မလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ ပြောရခက်ပါတယ်။ မင်းရဲ့မြကျေးကို ငါက ကြိုက်နေတာလို့ပဲ ပြောရမလား။ ကျွန်တော့်မှာ အရင်ဆုံးတွေ့ရသူဖြစ်ပါလျက်နဲ့ လောကကြီးမတရားပုံများ ကျွန်တော့်မြကျေးဖြစ်မလာဘဲ သူ့မြကျေးဖြစ်သွားရသတဲ့။

"ဟ ... ဟကောင် နေဦး၊ ဒါ မင်းကို ဘယ်သူလာပြောတာလဲ"

"မြကျေး"

"ဟား ..."

ဖြူစင် အော်ဟစ်သွားတယ်။

"ဘယ်တုန်းက လာမေးတာလဲ"

"ခုပဲ"

"ဟင် ... မင်းတို့က ဘယ်လိုလုပ်ပြီး ..."

"ငါ သူတို့သုံးယောက်ကို လမ်းမှာတွေ့တာနဲ့ ကားနဲ့တင်ပြီး ကျောင်းလိုက်ပို့ပေးတာ"

"ဟင် ... မင်းတို့က အဲသလောက်သိကျွမ်းကြလို့လား"

"ဟေ့ကောင် ... ဟိုညက အားလုံးတူတူသိကျွမ်းကြတာပဲ၊ မင်းနဲ့တောင် သိကျွမ်းရင် ငါနဲ့ ဘာလို့မသိကျွမ်းရမှာလဲ"

"ကဲ ... ကဲ ... ထားပါ ... ထားပါကွာ၊ မင်း ဘယ်လိုပြောလိုက်လဲ ဟေ့ကောင်၊ ဟုတ်တယ်လို့ ဝန်ခံလိုက်ရဲ့လား"





"ဘာလို့ဝန်ခံရမှာလဲ၊ ဟုတ်တာမှမဟုတ်တာ"

"ဟား ... သေလိုက်ပါတော့ကွာ၊ ငါက ရှေ့က အဲသလိုပြောထားမှတော့ မင်းကလည်း လိုက်နင်းပြောတော့ပေါ့ကွ၊ တောက် ဒုက္ခပဲ၊ ငါးပါးမှောက်ပြီ၊ မင်းကလည်း နည်းနည်းပါးပါး ငါ့အတွက် သိတတ်ပေးတာမဟုတ်ဘူး"

"မင်းက ငါ့ကိုလည်း အသိမပေးဘဲ ရှေ့ကနေ ထင်ရာလျှောက်ပြောထားတာကိုး"

"မင်း ဘယ်လိုပြောလိုက်လဲ ဇာတိ"

"ငါ ဘာမှတောင်မပြောဘူး၊ မြကျေးက သူ့ဟာနဲ့သူ မင်းကို မယုံတာ"

"သူ့ဟာသူ ယုံချင်ယုံမယုံချင်နေ Believe it or not ကွာ၊ မင်း ပါးစပ်က ဘာပြောလဲ"

"ဘာမှမပြောဘူး"

"တကယ်လား၊ မဟုတ်ပါဘူးလို့ မငြင်းဘူးနော်"

"မငြင်းဘူး၊ တကယ်ကို မငြင်းတာ၊ ဘာမှမပြောဘူး"

"အေး ... မပြောရင်ပြီးရော၊ ကိစ္စမရှိဘူး၊ မဟုတ်ပါဘူးလို့ မင်း ပါးစပ်က ထုတ်မငြင်းရင် ကိစ္စမရှိဘူး"

"သူ့ဟာသူမေးပြီး ငါ မဖြေတော့လည်း ထပ်မမေးဘဲ သူ့ဟာသူ ကောက်ချက်တွေချသွားတာ၊ မဖြစ်နိုင်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောပြော ပြောချင်တာ ပြောပစေ"

"ဟော့ကောင် ... မင်း မြကျေးကို အဲလိုတော့ မလုပ်သင့်ပါ ဘူးကွာ"

"ဘယ်လိုလုပ်လို့လဲ မင်းကလဲ"

"ကျော့ကျော့ညီမ သူငယ်ချင်းတွေလေ၊ ခါတိုင်းဟာတွေ လို လျှောက်လှည့်စားပြီး မင်း ပျင်းရင်ပစ်ထားလိုက်တာ မျိုး ဘယ်လုပ်သင့်မလဲကွ"

"အာ ... ကျော့ကျော့ညီမ သူငယ်ချင်းဆိုတာ အဆင့်တွေ အဝေးကြီးပါကွာ၊ ကျော့ကျော့ညီမဆိုရင် ငါ မလုပ်ပါဘူး"

"ဟော့ကောင် ... မင်း စကားကို ကြည့်ပြော၊ မင်း ခုထ တည်း ကောင်မလေးကို လှည့်စားဖို့ထားပစ်ခဲ့ဖို့ ကြံရွယ် ပြီးသား မဟုတ်လား"

"မင်းနဲ့ ဘာဆိုင်လဲကွာ ဇာတိရာ၊ မင်း ဘယ်တုန်းက ငါ့ ကိစ္စထဲမှာ အဲသလိုကြီး ဝင်ပါတတ်လို့လဲ"

"ခုဝင်ပါတော့ဘာဖြစ်လဲကွာ၊ မင်းကို မကျေနပ်လို့ ဝင်ပါ တယ်ကွာ"

"မင်းက တစ်ချက်တစ်ချက်ကျရင် ထ,ထကြောင်ချင်တယ် ဇာတိရာ၊ ကဲ ... မင်းနာမည်သုံးမိတဲ့အတွက် ငါ ဘီယာ တိုက်ပါ့မယ်ကွာ ဟုတ်လား"





"မသောက်ဘူးကွာ မင်းဘီယာ"

ကျွန်တော် ဒီထက်လည်း ပိုပြောစရာစကားမရှိတော့ တာကြောင့် ဖုန်းကိုပိတ်ပစ်လိုက်တယ်။ စိတ်ထဲမှာ တော်တော် ကြေကွဲနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၉

အဲဒီမနက်က မိတ်ဆွေတစ်ယောက်နဲ့ ကျွန်တော် တစ်ဖက်ခြံက လက်ဖက်ရည်ဆိုင်ကြီးကိုသွားတာ။ မိတ်ဆွေ အဖေနဲ့လည်းသိပ်ခင်တဲ့ Lubricantတစ်မျိုး ကိုယ်စားလှယ်သွင် တဲ့ ကိုစိုးမြင့် ဆိုတာ။ သူ့ဆီဘူးတွေကို ကျွန်တော့်ဝပ်ရှော့မှ လာတင်ထားချင်တယ်ဆိုပြီး လာဆွေးနွေးတာပါ။ သူတို့ရဲ့ ကော တာဗီရိုလေး သူတို့ဟာသူတို့လုပ်ပြီး သူတို့ဝန်ထမ်းနဲ့ လာထားမ ပေါ့။

ဝယ်သူရှိရင် သူ့ဝန်ထမ်းက သူ့ဟာသူ ရောင်းမယ် ကားလာပြင်သူတွေကိုလည်း သူ့ဝန်ထမ်းက သူ့ချောဆီကိုပြ မိတ်ဆက်တာမျိုးရှိမယ်။ ကျွန်တော်က ခြံထဲမှာ တစ်ဗီရိုစာနေ ပေးရုံပါပဲ။ တဘူးချင်းရောင်းရတဲ့အပေါ်မှာ ကော်မရှင်ရမယ်





ကျွန်တော်နဲ့ ကိုစိုးမြင့် ဟိုဘက်ဆိုင်ကို လမ်းလျှောက် ကူးလာရင်း ...

"ငါ့ဆီက စင်ကာပူကသွင်းတဲ့ဟာကွ၊ ကွာလတီတအား ကောင်းတယ်၊ ဒီမှာ စိမ်းသေးတာပေါ့၊ လူသုံးသိပ်မများ လှသေးဘူး၊ ဒါပေမဲ့ သုံးမိသမျှလူအားလုံး ကြိုက်ကြတယ်၊ သူက ကားအင်ဂျင်ကိုပါအေးစေတယ်၊ ဈေးကတော့ ဈေး ကွက်ထဲကဟာတွေနဲ့ယှဉ်ရင် နည်းနည်းတော့များတယ်လို့ ဆိုနိုင်တာပေါ့၊ ဒါပေမဲ့ သိပ်ပြီးကွာတာလည်း မဟုတ်ဘူး၊ ရလဒ်ကတော့ အရမ်းကွာတယ်"

"ကျွန်တော် ကြားတော့ကြားဖူးတယ်၊ အဲဒီနာမည်ကိုလေ၊ ကောင်းတယ်ဆိုတာ တစ်ယောက်ပြောဖူးတယ်"

"ဒါသုံးပြီးရင် ဒါပဲသုံးချင်တော့တယ်ကွ၊ မင်းကားထဲ ငါ တစ်ဘူးအလကားထည့်ပေးမယ်၊ မင်း သုံးကြည့်"

"ရပါတယ်ဗျာ၊ ဝယ်ပြီးအားပေးပြီးသုံးရမှာပေါ့"

"နောက်တော့ အားပေး၊ တစ်ဘူး ငါ ပရဲဆဲန့်အနေနဲ့ ထည့်ပေးပြမယ်"

"ကိုစိုးမြင့်က အညွန်းတော့ ကောင်းနေပြီ"

"အညွန်းကောင်းတာ ငါက ဘာဟုတ်သေးလဲ၊ ငါ့ ချာ တိတ်မတွေမှ တကယ်ညွန်းကောင်းတာ၊ မင်း တွေ့လိမ့် မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်စုံးပင့်ပြီး ...

"ဘယ်က ငါ့ချာတိတ်မလဲ ကိုစိုးမြင့်ရ မဆီမဆိုင်"

"ဟ ... ငါ့ဝန်ထမ်း ချာတိတ်မတွေကို ပြောတာလေ"

ကျွန်တော် ဇဝေဇဝါဖြစ်သွားပြီးမှ ...

"ဘယ်ဝန်ထမ်းချာတိတ်မလဲ"

"ဟာ ... ဒီကောင် အတော်ဝေးတာပဲ၊ မင်းဆီမှာ ဗီရိုတစ်လုံးနဲ့ လာရောင်းနေမဲ့ ငါ့ရဲ့ အရောင်းမြှင့်ချာတိတ်မတွေလေကွာ ဓာတ်ရာ"

"ဟာ ... ဝပ်ရှော့ပ်ထဲ တစ်နေကုန်လာနေမဲ့ ဝန်ထမ်းက မိန်းကလေးလား"

"အေးလေ"

"ဟာ ... ကိုစိုးမြင့် ရှုပ်ကုန်မယ်နော်"

"မရှုပ်ပါဘူး၊ ဘာရှုပ်စရာရှိလဲ"

"ဟာဗျာ ... ဝပ်ရှော့ဆိုတာ တစ်ဝင်းလုံး ယောကျ်ားချည်းပဲလေ၊ ကားလာပြင်ကြမဲ့လူတွေကလည်း အားလုံးလိုလို ယောကျ်ားချည်းပဲလေ"

"အဲဒါဘာဖြစ်လဲ၊ အဲဒါ ကောင်းတာပေါ့"

"ဟာဗျာ ... ခင်ဗျားကြီးက ရှုပ်ပြီဗျာ"

"မင်းက ဈေးကွက်မြှင့်တင်ရေးသဘောကို မသိသေးပါလား ဓာတ်ရာ၊ ဒီအရောင်းဝန်ထမ်းနေရာမှာ တမင်တကာကို





မိန်းကလေး ထားထားရတာကွ။ ဒါမှ ရောင်းရမှာပေါ့ကွ၊ ကပ်စ်တမ မာ တစ်ရာမှာကိုးဆယ်ကိုးက ယောကျ်ားတွေလေ၊ ယောကျ်ားတွေဝယ်ဖို့ရာ မိန်းမတွေရောင်းရမှာပေါ့ကွ"

"ဟာ ... ခင်ဗျားဟာ ဟုတ်သေးဘူးဗျာ၊ ယောကျ်ားတွေ တပြုံကြီးကြားမှာ ဒီမိန်းကလေးတစ်ယောက်တည်း မိန်းမရှိမှာ၊ ရှုပ်ကုန်မယ်နော်"

"မရှုပ်စေရဘူး၊ လူမှုရေးအရှုပ်အရှင်းရှိရင် ချက်ချင်းအလုပ်ဖြုတ်မယ်ဆိုတာ အလုပ်ခန့်ကတည်းက သဘောတူချက်ပါပြီးသား၊ တကယ်လည်း နမူနာဖြုတ်ပြထားပြီးသား၊ ဘာမှ မရှုပ်စေရဘူး"

"ကိုစိုးမြင့်ချာတိတ်မတွေက မရှုပ်ဘူးထား၊ ဒီဘက်က ပုရိသတွေက ရှုပ်ရင်ကော"

"ဒါကို သူတို့ သည်းညည်းခံနိုင်ရင်ပြီးတာပဲ၊ မင်း အုပ်ချုပ်နေတာပဲ ဓာတ်ရာ၊ ကိုယ်ထိလက်ရောက် မရှိရင်ပြီးရော"

"ကျွတ် ... ခင်ဗျားကတော့ ပြဿနာရှာတယ်ဗျာ"

"ယူနီဖောင်းရော သိချင်သေးလား"

"ခင်ဗျားကြီးနော်"

"ဟဲ ဟဲ ဟဲ... ဒူးလောက်ပါပဲကွ၊ ဒူးလောက်စကတ်နက်နဲ့ ရှူးဖိနပ်နက်၊ ဒူးအထက်တော့တင်မထားပါဘူးကွာ... ဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား ဟား၊ အပေါ်ရှပ်အင်္ကျီကတော့ Braidရဲ့ကာလာဟော့ အက်ဖူးရောင်လေ၊ ဟဲ ဟဲ ... ငါ့ကုန်ပစ္စည်းတွေ ရှောင်းရတယ်ကွ၊ ငါ ဝပ်ရှော့ပ်တွေ လိုက်စပ်တင်တာ နှစ်နေရာရှိပြီ၊ မရောင်းရဘူးဆို တစ်နေ့လေးငါးဘူးပဲ၊ ဒါတောင် ဈေးမြင့်လို့"

"ခင်ဗျားကတော့လေ စီးပွားရေးအမြင် ကျယ်လှပါပေတယ်ဗျာ"

"ပြီးတော့ ငါ့ချာတိတ်မတွေက မင်း စကော့ဈေးတို့ ရုပါမားကက်တို့က လော်ရဲလ်တို့၊ မေဘလင်းတို့၊ ရက်ဗ်လွန်တို့ အလှကုန်ကောင်တာတွေက ချာတိတ်မတွေထက် လုံးဝမလျော့ဘူးမောင်၊ သာရင်သာရမယ်"

"ဟုတ်ပြီ ဟုတ်ပါပြီ၊ ရောင်းရမှာကိုလည်း မြင်ယောင်နေပါပြီ"

နှစ်ယောက်သား ရယ်ရင်းမောရင်း လက်ဖက်ရည်ဆိုင်ခြံကြီးထဲရောက်လာတယ်။ ခင်နေတဲ့ စားပွဲထိုးချာတိတ်လေးတွေက ဆီးကြိုအော်ကြတယ်။

"ဟော့ ... တို့အစ်ကိုကြီးလာတယ်ဟော့၊ စားပွဲသုတ်ထား"

"ငါ ကျွေးမယ်နော် ဇာတိ"

"ဟာ ... မဟုတ်တာ ကိုစိုးမြင့်ကလဲ၊ ကျွန်တော်က ညှော်ခံရမှာ"





"အို ... မလိုချင်ဘူး၊ ငါ ရှင်းမယ်၊ မင်းသူငယ်ချင်း ဟိုတစ်ယောက်ရော အမြဲလိုလို ရှိတဲ့ကောင်လေ"

"ကြည်လွင်ဟန်၊ လာလိမ့်မယ် နည်းနည်းစောသေးလို့၊ နာရီဝက်လောက်ဆို ရောက်မယ်၊ ကျွန်တော် ကျွေးပါ့မယ် ကိုစိုးမြင့်ရ"

"မရဘူး ... မရဘူး၊ အဲဒီကြည်လွင်ဟန်ပါ ရောက်ရင် ဒီဘက်လှတ်လိုက်ဖို့ ဖုန်းဆက်ထားလိုက်လေ၊ ဒီက ကတ်ကြေးကိုက် ငါက ကြိုက်တာ၊ နေ့လယ်စာပါပြီးသွားအောင် တစ်ခါတည်းဆွဲသွားမယ်"

"မစောဘူးလား"

"ဆယ်နာရီပဲထိုးတော့မယ်လေကွာ၊ နည်းနည်းစောစားလိုက်တဲ့သဘောပေါ့"

"ကိုစိုးမြင့် ထိုင်နှင့်၊ ကျွန်တော် ကြည်လွင့်ကို ဒီဘက်လှတ်ဖို့ ဖုန်းဆက်လိုက်ဦးမယ်၊ အထဲမှာ လူများတော့ လိုင်းမကြည်ဘူး"

လေးဖက်လေးတန် အကာအရံမရှိ တဲကြီးသဏ္ဌာန်ဖြစ်ပေမဲ့ အထဲမှာထိုင်နေသူ လူတွေများလွန်းတော့ ဖုန်းက တစ်ခါတစ်ခါ မမိဘူး။ ကျွန်တော်က ကားပါ့ကင်နေရာမြေကွက်လပ်ကြီးထဲမှာ ရပ်ပြီးဖုန်းခေါ်တယ်။ ဆိုင်ကကောင်လေးတစ်ယောက်ကို ကြည်လွင်လာရင် ဒီဘက်လှတ်ဖို့မှာပြီး ဖုန်းပြန်အပိတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မျက်စိဟာ မိန်းကလေးတစ်ယောက်ရဲ့ကျောပြင်ကလေး တစ်ခုဆီ ရုတ်တရက်ရောက်သွားပါတယ်။

ကိုယ်အတိုတိုရှပ်ပန်းနုရောင်လေး ဝတ်ထားတဲ့ အဲဒီကျောပြင်ကလေးဟာ ပြန့်ပြန့်ချပ်ချပ် ပါးပါးလျားလျားလေးနဲ့ အရမ်းကိုကြည့်ကောင်းလှပါတယ်။ အဲဒီကျောပြင်ကလေးကို မြင်ရုံနဲ့တင် ကျောပြင်လေးပိုင်ရှင်ဟာ ဘယ်သူဆိုတာ ကျွန်တော် ဒက်ခနဲသိတယ်။ မသိဘဲနေမလား။ ကျွန်တော် သိပ်ချစ်တဲ့ ကောင်မလေးရဲ့ကျောပြင်လေးလေ။

မြကျေးဟာ တဲကြီးရဲ့အပြင်ဘက်အစပ်နား စားပွဲပု လေးမှာ။ သူတစ်ယောက်တည်း။ အအေးပုလင်းတစ်လုံးရှေ့ချပြီး ငြိမ်နေတယ်။ တုတ်တုတ်မလှုပ်ဘူး။ ဟိုလှည့်ဒီလှည့်လည်း မကြည့် ဘူး။ တစ်ယောက်တည်း ဘာလာထိုင်လုပ်နေတာလဲ။ ကျွန်တော့် စိတ်ထဲ ထင့်သွားတယ်။

ကိုစိုးမြင့် နေရာယူထားတဲ့ စားပွဲကို မသွားသေးဘဲ မြကျေး စားပွဲကို ကျွန်တော် လျှောက်သွားလိုက်တယ်။

"မြကျေး"

ဖြည်းဖြည်းလှည့်ပြီး မော့ကြည့်တဲ့ မြကျေးဟာ ကျွန်တော့်ကိုမြင်တော့ အံ့သြမသွားဘူး၊ ဝင်လာကတည်းက သူတွေ့ပြီးသားဖြစ်ပုံရတယ်။ သူ့ကို မမြင်စေချင်လို့သာ ကျောခိုင်း ထားလိုက်တာဖြစ်မယ်။ မြကျေး မျက်နှာလေးဟာ နီမြန်းနေပြီး





ထူထဲတဲ့ သူ့နှုတ်ခမ်းလေးနှစ်ဖက်ကို အချင်းချင်းဖိထားတယ်။ ချက်လုံးဟာ မော်ကြည့်နေရင်းက စိုတောက်ပြီးရွှဲလာခဲ့တယ်။

"တစ်ယောက်တည်း ဘာလုပ်နေတာလဲ မြကျေး"

နှုတ်ခမ်းသားလေးတွေချင်း ဖိကပ်ထားရင်းနဲ့ပဲ ပါးစပ်မဖွင့်ဘဲ မျက်လုံးကလေးတွေပဲ မေးကျဉ်းသွားအောင်ပြုံး ပုံကလေးဟာ သနားစရာလေးကောင်းလှပါတယ်။

"ဘယ်သူ့စောင့်နေတာလဲ"

ကျွန်တော် ထပ်မေးလိုက်မှ ...

"ကိုဖြူစင်ကို"

ရှစ်ထိ။ ကျွန်တော် ဖြူစင့်ကို ဆဲဆိုပစ်ချင်တာ တအားပဲ။ စိတ်ပျက်စိတ်ကိုသွားတဲ့ရုပ်ကို မြကျေး မြင်သွားမှာလည်း စိုးလို့ ဟန်ဆောင်ပန်ဆောင်နဲ့ပဲ ...

"ဒီကောင် လာမယ်ပြောထားလား"

"ကိုးနာရီချိန်းထားတာ"

ခုပဲ ဆယ်နာရီထိုးတော့မှာ။ အတော်စုတ်ပဲ့တဲ့ကောင်။ အတော်ယုတ်တဲ့ကောင်။ ကျွန်တော် မသိလိုက်ရအောင် သူတို့ ဟာသူတို့ ခပ်လှမ်းလှမ်းမှာချိန်းကြရင် ကိစ္စမရှိဘူး။ ခုတော့ သိခွင့်ရလိုက်တော့ စိတ်ထဲမှာ ဒေါသတွေ အကြီးအကျယ်ထွက် လာတယ်။ ခွေးကောင်။ ဒီဆိုင်ကို သူ အိမ်ပြောကိုလည်း ခေါ်လာဖူး သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဝပ်ရှော့ကို လာချင်တဲ့နေ့ ရောက်လာ မလာချင်တဲ့နေ့ မရောက်လာဘဲ ရှိတတ်တာ။ ဒီနေ့လာမယ် မလာမယ်လည်း ကျွန်တော် မသိဘူး။

“ဖုန်းဆက်လိုက်ရမလား မြကျေး”

မြကျေးက မသိမသာ အံလေးကြိတ်တယ်။

“မဆက်ပါနဲ့တော့”

“ယမင်းတို့ရော”

စကားမရှိ စကားရှာ မေးရတာ။

“ကျောင်းမှာ၊ မြကျေးက ကိုဖြူစင် ချိန်းလို့ ဒီကိုထွက်လာတာ၊ သူတို့က ကျောင်းမဖျက်ချင်လို့ ကျောင်းသွားကြပြီ”

“မြကျေးတို့ သွားစရာရှိလို့လား”

“သူက ရုပ်ရှင်သွားကြည့်မယ် ချိန်းထားတာ”

ဘာဖြစ်လို့ညာမပြောရတာလဲ မြကျေးရယ်။ ကလေးလိုရုပ်လေးနဲ့ ကျွန်တော့်ကို ယုံယုံကြည်ကြည် ပွင့်ပွင့်လင်းလင်းကိုပြောနေတော့တာပဲ။ မနေ့ကညကပဲ ကာလပ်ကိုလာတဲ့ ဖြူစင့်ကိုမြင်ယောင်ပြီး ပါးနှစ်ချက်လောက် ပိတ်ရိုက်ချင်မိတယ်။ ညကတော့ ...။

ဒီမနက်ကျတော့ မြကျေးကို ဒီမှာချိန်းပြီး ပေါ်မလာဘဲ ပျက်ကွက်တယ်။ သူတောင်းစား။





“မြကျေး တစ်ယောက်တည်းဖြစ်နေမယ်၊ ကျွန်တော်တို့ဝိုင်းမှာ လာဝိုင်းမလား”

“အင်း ...”

မြကျေးက စဉ်းစားမနေဘဲ ချက်ချင်း အဖြေပေးလိုက်ပြီး ထ,ရပ်လိုက်တယ်။ မြကျေး မျက်နှာကိုကြည့်ပြီး မြကျေးဟာ ခေါင်းမာတယ်၊ သူ လုပ်ချင်ရာကိုလုပ်ကိုလုပ်တတ်တယ်ဆိုတဲ့ ကျွန်တော် သိကြားထားတဲ့စရိုက်ဟာ အမှန်ပါပဲလား လို့တွေးမိတယ်။

အဲဒီအပြင် မြကျေးကို ကြည့်ရုံနဲ့ ရိပ်မိသိရှိနေတာ တစ်ခုက မြကျေးဟာ အစွဲ့လည်းတိုက်တတ်မဲ့ မိန်းကလေးတစ်ယောက်ရယ်လို့ပဲ။

“ထိုင် မြကျေး၊ ဒါ ကျွန်တော့်အစ်ကိုလိုပဲ၊ မိတ်ဆွေ ကိုစိုးမြင့်တဲ့”

ကိုစိုးမြင့်က မြကျေးကို အံ့အားတသင့် အကဲခတ်နေတယ်။ ကျွန်တော့်ကိုလည်း အကဲခတ်တယ်။

“ကိုစိုးမြင့် ဒါ ကျွန်တော့်မိတ်ဆွေမလေးပဲ၊ မြကျေးတဲ့”

သူတို့နှစ်ယောက် အပြန်အလှန် ခေါင်းညိတ်ကြတယ်။ ကိုစိုးမြင့်ရော မြကျေးရောဟာ ကျွန်တော့်ကို ဘုံမိတ်ဆွေအဖြစ် အလယ်ထားပြီး ခုလို တစ်ဝိုင်းတည်းထိုင်နေရတာကို တစ်မျိုးကြီးတွေ ကျဉ်းကျပ်နေကြပါတယ်။ ပေါ့ပေါ့ပါးပါး မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် တစ်စုံတစ်ခုကိုခံစားနေရတဲ့ မြကျေး မျက်နှာရိပ် မျက်နှာကဲကြောင့် ကိုစိုးမြင့်ဟာ အေးအေးဆေးဆေးတောင် မနေတော့ဘူး။ သူ စားချင်တဲ့ ကတ်ကြေးကိုက်လည်းကုန်ရော တစ်ခါတည်းလစ်တော့တာပဲ။

"ဇာတိ ငါ ပြန်မယ်ကွာ၊ အလုပ်ရှိသေးတယ်၊ နောက်မှ ဖုန်းဆက်မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ပြန်မယ်ဗျ"

ကိုစိုးမြင့်က မြကျေးကိုပါ အကြောင်းကြောင်း နှုတ်ဆက်သွားသေးတယ်။ ချိန်းထားတဲ့အချိန် အများကြီးလွန်လို့မှ ချစ်သူရောက်မလာဘူးဆိုရင် ထပြန်ဖို့ပဲရှိပေမဲ့ မြကျေးဟာ မလှုပ်ဘဲ ကျောက်ချထိုင်နေတယ်။ ပထမဆုံး အအေးမှာသောက် နောက် ပူရီထပ်မှာစား။ ခဏခြားပြီး စထရော်ဘယ်ရီ လက်ဖက်ရည် ရတယ်ဆိုလို့ မှာပြန်တယ်။

အေးအေးလူလူ။

မျက်နှာပေါ်မှာတော့ ကျိတ်ခံစားနေတဲ့ ဒဏ်ရာဒဏ်ချက် အရိပ်အယောင်ရှိနေတယ်။ ကျွန်တော်လည်း သနားတာပဲ ဘာမှမပြောဘူး။ သူ ရှက်နေမယ် ဝမ်းနည်းနေမယ်ဆိုတာ ရိပ်မိ တော့ ငြိမ်နေပေးတယ်။ ကျွန်တော့် ရင်ထဲမှာလည်း ရောပြီးနင့်နေ ပါတယ်။





ကြည်လွင်ကလည်း ပေါ်မလာဘူး။ ပေါ်မလာတာ လည်းကောင်းတယ်။ ပေါ်လာရင် ရှုပ်နေဦးမယ်။ ခုတော့ ကျွန်တော် တို့နှစ်ယောက်က အတွဲလေးကျနေတာပဲပေါ့ဗျာ။ ဆိုင်ကကောင် လေးတွေတောင် ကျွန်တော့်ကို ပြုံးစိပြုံးစိ ကြည့်နေကြတယ်။ ဒါပေမဲ့ ဒါဟာ နာရီပိုင်းပေါ့ဗျာ၊ ဘယ်လောက်ကြာအောင် ဒီလို ကြီးနေလို့ကောင်းမှာလဲ။

"ခဏနော် မြကျေး"

ကျွန်တော် မြကျေးကို ခွင့်တောင်းပြီး ကားပါကင် ထဲ ထွက်လာတယ်။ မြကျေးက အေးအေးဆေးဆေးပဲ ခေါင်း ညိတ်ပြပြီး ကျန်ခဲ့တယ်။ ကျွန်တော် ဘာလုပ်ရလဲ ဆိုတော့ ချစ်သူတောင်းစား ဖြူစင့်ကို ဖုန်းဆက်ရတာပေါ့။

"ဟယ်လို"

"ဟယ်လိုတွေ ဘာတွေလုပ်မနေနဲ့၊ မင်းကို ငါ လာလုပ် ချင်နေတာ၊ မင်း ခုဘယ်မှာလဲ ဟေ့ကောင်"

"ဘာလဲကွ မြို့ထဲမှာပေါ့"

"ဘာလုပ်နေလဲ"

"မင်းက ဘာတွေ လာမေးနေတာလဲ"

"ငါ မေးတာဖြေစမ်းပါ ဖြူစင်ရာ၊ ငါ မင်းကို အတော်ကို အမြင်ကတ်နေပြီကွာ၊ တောက် ... သတ်ချင်ဖြတ်ချင်စိတ် ပေါက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလာပြောနေတာလဲ ဟော့ကောင်၊ မင်း ခုတလော
သိပ်ကိုအချိုးမပြေဘူး၊ ဝပ်ရှော့ကို စတင်အုပ်ချုပ်ကတည်း
ဆက်ဆံရေးက မိုးပေါ်ကနေလာတယ်၊ ဂိုဏ်းချုပ်ကြီးစတိုင်
နဲ့ လေကလည်း တင်းသလားမမေးနဲ့၊ ဘာဖြစ်နေတာလဲ"

"ဟော့ကောင် အပိုတွေမပြောနဲ့၊ မင်း ဘယ်မှာလဲ"

"ကိုဂျင်မီဆိုင်မှာ"

"ခုလာခဲ့ ချက်ချင်း"

"ဟာ ... ဘယ်ကိုလဲ ဘာလုပ်ဖို့လဲ"

"ဘယ်ကိုလဲဆိုတော့ ဝပ်ရှော့ဆောက လက်ဖက်ရည်ဆိုင်
ကို၊ ဘာလုပ်ဖို့လဲ ဆိုတာတော့ မင်း သိသင့်တယ်"

"ဟော့ကောင် မသိဘူးကွာ၊ မြန်မြန်ပြော"

"တောက် ... မင်းဘေးမှာ ကောင်မလေးတစ်ယောက်
ယောက်ရှိလား"

"အေး ..."

"ဘယ်သူဖြစ်ဖြစ် ဖုန်းပေးလိုက်စမ်း"

"ဘာလို့ပေးရမှာလဲ"

"မင်းသောက်ကျင့်တွေ ဖော်မလို့ပေါ့ကွ"

"ဟော့ကောင် ဓာတိ"

ကျွန်တော် အတော်စိတ်ဓာတ်ကျပြီး သက်ပြင်းချ
လိုက်မိတယ်။





"ဖြူစင် မင်း တကယ်ကိုမေ့နေတာပေါ့နော်၊ လွန်လွန်းအား
ကြီးတယ်ကွာ၊ မင်း အတော်လွန်တယ်ကွာ၊ ချိန်းထားတာ
ကို မင်းမို့ အလွယ်တကူမေ့ပစ်တယ်၊ မင်း တော်တော်
သောက်သုံးမကျတဲ့ကောင်ကွာ"

"မင်းနဲ့ ငါ ဘယ်တုန်းကချိန်းလို့လဲကွ၊ ငါ ညက အိန္ဒြာ
နဲ့ပဲ ချိန်းထားတယ်၊ ခဏနေ ငါ သူ့ကို စကော့ဈေးပို့မလို့၊
နည်းနည်းစောသေးတာနဲ့ ဆိုင်တွေအစုံ မဖွင့်မှာစိုးလို့
ကိုဂျင်မီ့ဆီ ခဏထိုင်နေသေးတာ၊ မင်း ငါ့ကို လာကျပ်
မနေနဲ့၊ မင်းနဲ့ ငါ လုံးဝ မချိန်းဘူး"

"ငါ့ကို မချိန်းပါဘူး၊ တောက် ... မင်း ... မင်း မြကျေးကို
ဒီလက်ဖက်ရည်ဆိုင်မှာ ချိန်းထားတယ်လေ သူတောင်းစား
ရဲ့"

ဖြူစင် လုံးဝ တိတ်သွားတယ်။ လုံးဝ ငြိမ်ကျသွား
ပြီးမှ အကျယ်ကြီးဖျစ်ညှစ် အော်လိုက်ပါတယ်။

"အား ...။ အာ ... ဆောရီးကွာ။ ဆောရီးကွာ သူငယ်
ချင်း၊ ဟာ သေရောကွာ၊ ငါ သူ့ကို လွန်ခဲ့တဲ့သုံးရက်လောက်
က ချိန်းထားတာမို့ လုံးဝမေ့သွားတာကွ၊ သူငယ်ချင်း၊
လုပ်ပါဦးကွာ၊ ဒါပေမဲ့ ငါ ဘယ်လိုမှ လုပ်မရတော့ဘူးကွ၊
အိန္ဒြာက တောက်တဲ့တွယ်ပြီးကပ်နေတာ၊ ထားခဲ့လို့လုံးဝ
မဖြစ်ဘူး၊ ကိစ္စရှိတယ်ဆိုရင်တောင် လိုက်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သူများသမီးပျို ရိုးရိုးသားသားကလေးကို ပစ်စလက်ခတ် ပေါက်လွှတ်ပဲစားလုပ်လွန်းတယ် ဖြူစင်ရာ၊ မြကျေးဟာ အတွေ့အကြုံလုံးဝမရှိတဲ့ အရိုးခံအရိုင်းလေးဆိုတာ မင်း သိပါတယ် သူငယ်ချင်း၊ မင်း သူ့ကို ဒီလိုတော့ မနှိပ်စက်သင့်ဘူးကွာ"

"ငါ နှိပ်စက်တာမဟုတ်ပါဘူး ဇာတိရာ"

"ဒါပေမဲ့ သိပ်နှိပ်စက်ရာကျနေပြီ၊ မိန်းကလေးလေးတစ်ယောက်တည်းကွာ၊ ဒီဆိုင်မှာ ထိုင်စောင့်နေတာ ကိုးနာရီတည်းက၊ ငါ ဒီဘက် ကူးလာမိလို့တွေ့ရတာ"

"ကျွတ် … ခုထိရှိသေးလား"

"ရှိတာပေါ့"

"ငါတော့ လုံးဝလာလို့မဖြစ်တော့လို့ပါကွာ၊ မင်းပဲ ချော့ပြီး ကြည့်ကောင်းအောင်ပြောပြီး ပြန်ပို့ပေးလိုက်ပါကွာ"

"ငါ တော်က် … ဆဲမိတော့မှာပဲကွာ"

"ဆဲပါကွာ၊ ဆဲ … ဆဲ၊ ငါ အဆဲခံပါ့မယ်၊ တကယ့်ကို မေ့သွားတာကွ၊ သုံးရက်လောက်ကြိုချိန်းတော့မေ့တာပေါ့၊ ညက ချိန်းတာကိုပဲ သတိရမိတာ၊ ဒီကောင်မလေးကလည်း တစ်နာရီလောက်စောင့်လို့ မလာရင် ထ,ပြန်တာမဟုတ်ဘူး၊ ခေါင်းကြောမာမာနဲ့ သူကတစ်မျိုး"

"ဟော့ကောင် ငါ မင်းကို လုပ်မိတော့မယ်"





"အေးပါ … အေးပါ၊ ပြောပြတာပါ၊ ငါလည်း သူ့ကို သနားပါတယ်၊ ချစ်လည်း ချစ်စရာလေးပါကွာ၊ ဒါပေမဲ့ အခုတစ်ခေါက်တော့ မင်းပဲတာဝန်ယူလိုက်ပါတော့ ဇာတိရာ"

ကျွန်တော်လည်း ဘာမှမပြောချင်တော့ဘူး။ ဖြူစင်ကယ်ပဲ အနားမှာရှိရင်တော့ ကျွန်တော် တစ်ချက်လောက် ဆေးရင်းအုပ်မှာသေချာတယ်။ ဆက်ပြောနေလည်း အပိုပဲဆိုတာ သိသိမို့ ဖုန်းကို ပိတ်ချလိုက်တော့တယ်။

သူ့နားကို ပြန်လျှောက်လာတဲ့ ကျွန်တော့်ကို မြကျေးက အဝေးကတည်းက လှမ်းငေးကြည့်နေတယ်။ မေးလေးယောက်ပြီးနေပုံဟာ အားကိုးတကြီးလေးလိုပဲ။ ကျွန်တော် သူ့ကို အရမ်းသနားအားနာနေမိတယ်။

"ကိုဇာတိ အလုပ်တွေများနေလား၊ မြကျေးရှိလို့ရှုပ်နေပြီ"

"ဟာ … မဟုတ်ပါဘူး၊ ကျွန်တော် အလုပ်ကိစ္စလေးတစ်ခု ဆက်တာပါ"

"မြကျေးလည်း ပြန်တော့မှာပါ"

"မြကျေး ကျောင်းကို ပြန်မလား၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း … ကျောင်းမပြန်ဘူး"

ဒါဖြင့် အိမ်ပဲပြန်မလား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်လည်းမပြန်ဘူး"

"ဒါဖြင့် ဘယ်သွားမှာလဲ မြကျေး၊ ဘယ်ဖြစ်ဖြစ် ကျွန်တော် ပို့ပေးမယ်၊ နေပူတယ်"

"မြကျေး ရုပ်ရှင်သွားကြည့်မှာ"

"ဗျာ ..."

ကျွန်တော် မြကျေးကို ငိုင်ပြီး ကြည့်နေမိတယ်။ သူ ရွှတ်ပြီ။ သိတယ်။ မျက်နှာကို ဘာမှ မဖြစ်သလို ဟန်ဆောင်ထားပေမဲ့ တမင်တကာ ရွှတ်နေပြီ။ တစ်ယောက်တည်း ရုပ်ရှင်ကြည့်လို့ ဘယ်ဖြစ်ပါ့မလဲ မိန်းကလေးရယ်။

"မြကျေးက အဲဒီကားကို ကြည့်ကိုကြည့်ချင်နေတာ၊ အဲဒါကြောင့် ကိုဖြူစင်နဲ့ချိန်းတာပေါ့၊ သူ မလာလည်းကိစ္စမရှိပါဘူး ရတယ်၊ ဒါပေမဲ့ ကားက နက်ဖြန်ဆိုရင်လဲပြီ၊ မရှိတော့ဘူး၊ ဒီနေ့တစ်ရက်ပဲ သမ္မတမှာ ဆက်ရှိတော့မှာ၊ အဲဒီတော့ မြကျေး ကြည့်ဖြစ်အောင် သွားကြည့်မှာ"

"ဒါဖြင့်လည်း ဟို ... ဒီလိုလုပ်ပါလား"

"ဘယ်လိုလုပ်ရမလဲ"

မြကျေးက မျက်လုံးလက်လက်တောက်တောက်လေးတွေနဲ့ ကျွန်တော့်ကို မေးထောက်ကြည့်နေရင်းက ခပ်ပြုံးပြုံးမေးတယ်။





"မြကျေး ခုတော့ အိမ်ပဲပြန်လိုက်ပါ၊ ကျွန်တော် ကြိုတင်လက်မှတ်သွားဝယ်ပေးမယ်၊ ညနေဖက်ကျမှ ယမင်းတို့ ကြယ်စင်တို့နဲ့ သုံးယောက်တူတူ သွားကြည့်လိုက်ပါလား"

မြကျေး မျက်နှာပေါ်က အပြုံးက ပျောက်သွားပြီး ...

"ဟင့်အင်း ... ရတယ်၊ မြကျေး ခုပဲသွားကြည့်မှာ"

"ခုသွားကြည့်တော့ တစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"ဘာမှ မဖြစ်ပါဘူး"

ပြောပြောဆိုဆို မြကျေးက ထ,ရပ်လိုက်တယ်။

"အခုသွားတော့မလို့လား မြကျေး"

ကျွန်တော့်ရဲ့ ပြူးပြူးပျာပျာပုံစံဟန်ပန်ကို မြကျေးက ခပ်အေးအေးပဲကြည့်ရင်း ...

"ကိုဇာတိ လိုက်ပို့မယ်ဆို"

"သမ္မတကိုလား"

"အင်းလေ"

ကျွန်တော် ပိုက်ဆံတွေတောင်မရှင်းပဲ ကောင်လေးကို ရေးမှတ်ထားဖို့သာ လက်ဟန်ပြပြီး မြကျေးနောက်က လိုက်ထွက်ခဲ့တယ်။ မြကျေးဟာ တကယ့်ကို ဖွတ်တရွှတ်မလေးပဲ။ သူ့စိတ်ထဲမှာ ခံပြင်းနေပုံလည်းရတယ်။ ဝပ်ရှော့ခြံဝင်းဝမှာ မြကျေးကရပ်နေတယ်။ ကျွန်တော်က အပြေးဝင်ပြီး ကားယူရင်း ကောင်လေးတွေကို မှာစရာရှိတာတွေမှာကြားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲမှာ ချစ်သူနဲ့ အပျော်ခရီးထွက်ရ
လို ရင်တွေခုန်ပြီး ပျော်နေခဲ့ပါတယ်။ ပထမဆုံးအကြိမ် မြကျေး
နှစ်ယောက်တည်း ခရီးတစ်ခုအတူသွားကြမှာလေ။ ကားပေါ်
မြကျေးက ခပ်အေးအေးပဲ ဝင်ထိုင်လိုက်ပါတယ်။

ကားတံခါးကို ဆွဲပိတ်လိုက်တာနဲ့ တစ်ပြိုင်နက် ...

"မြကျေး အဖော်ရအောင် ကိုဇာတိပါ အဖော်လိုက်ကြ
ပေးပါလား"

မြကျေး အသံက တိုးတိုးလေး။ ကျွန်တော် မြကျေး
ကို ငဲ့ကြည့်လိုက်တယ်။ ရီလဲ့လဲ့ကလေးကြည့်နေတဲ့ မျက်
လေးက ဘာသဘောလဲ။ ရိုးရိုးသဘောပဲဖြစ်မှာပါ။ သူ့စိတ်
မှာ ဒီနေ့အဖို့ ရုပ်ရှင်ကြည့်ဖြစ်အောင်ကြည့်မယ်။ အဲဒါအပြ
ဖြူစင့်သူငယ်ချင်း ယောကျ်ားလေးတစ်ယောက်နဲ့ သွားကြည့်လို
တဲ့အတွက် ဖြူစင် ခံစားပစေဆိုတဲ့ သဘောမျိုးရှိနေတာ ကျွန်တော်
ရိပ်မိပါတယ်။

ဒါပေမဲ့ ကျွန်တော် ဘယ်လိုများ ငြင်းနိုင်မှာတဲ့လဲ
ရင်တွေပူနွေးပြီး ခုန်လာခဲ့ပြီး ...

"မြကျေးက လိုက်ခဲ့ဆိုရင် ကျွန်တော် လိုက်ခဲ့ပေး
မယ်"

"လိုက်ခဲ့"



ယတိပြတ်ပြောလိုက်တဲ့ စကားလေးနှစ်လုံးရဲ့ နောက်
မှာ အဲဒီတစ်နေ့လုံး ကျွန်တော် ဘယ်လောက် ပျော်ရွှင် ရင်ခုန်မိခဲ့
တယ်ဆိုတာ ကျွန်တော်ပဲ အသိဆုံးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"မင်း အဲဒါတော့ လုံးဝမမိုက်ဘူး၊ လုံးဝ လုံးဝကို မမိုက်ဘူး ဇာတိ၊ မင်း လုံးဝ ဖောင်းလ်တယ်"

ဖြူစင်ဟာ သူ့အရပ်ကြီး တမားမားနဲ့ ဟိုလျှောက်လိုက် ဒီလျှောက်လိုက်။ ခါးကိုလည်း တထောက်ထောက်နဲ့ ဟန်ပါပါ။ ခေါင်းက တယမ်းယမ်း။

ဒီမနက် ကျွန်တော်တို့အားလုံး အလုပ်တွေ တစ်ရက်ခေါက်ထားပြီး ထုံးစံမပျက် ကိုဂျင်မှီဆိုင်မှာ ဆုံကြတာပါ။ လူစုံမဆုံတာ ကြာပြီမို့ပါ။ စနေနေ့တိုင်း ခုလိုပြန်ဆုံကြဖို့ ချိန်းထားကြပါတယ်။ ကျွန်တော်က ဘာမှမပြောသေးဘဲ ငြိမ်နေတုန်း ကြည်လွင်ဟန်က ...

"ဘာလုပ်တာလဲ ဒီကောင်"

"မြကျေးကို ရုပ်ရှင်လိုက်ပြတယ်"



"ဟာ ... နှစ်ယောက်တည်း !..."

"မှန်တယ်၊ နှစ်ယောက်တည်း"

ကြည်လွင်ဟာ ကျွန်တော့်ရင်ထဲက တစ်ဖက်သတ်မျိုသိပ်ထားတဲ့ ခံစားချက်ကို တစ်စွန်းတစ်စ သိထားတဲ့သူပီပီ တဟားဟားနဲ့ သဘောတကျ ရယ်နေပါတော့တယ်။

"ပိုင်တယ်ကွာ၊ ဘယ်လိုဖြစ်သွားတာလဲ"

"ဟော့ကောင် ကြည်လွင်၊ ဒါရယ်စရာမဟုတ်ဘူး၊ ဒီကောင်ဖောင်းလ်တယ်ကွာ၊ အဲဒီနေ့ကတွာ၊ မြကျေးနဲ့ ချိန်းထားတာ ငါက မေ့ပြီး မသွားမိဘူး"

ကျွန်တော်က မျက်စိပေကလတ်နဲ့ ဝင်ပြီး ...

"ဒီကောင်က ဒီမှာလာပြီး အိန္ဒြာနဲ့ချိန်းတွေ့နေတယ်ကွာ၊ ငါ့ဝပ်ရှော့ဘေးက လက်ဖက်ရည်ဆိုင်ကြီးမှာ ကောင်မလေးခမျာ တစ်ယောက်တည်း တစောင့်စောင့်နဲ့ကွာ"

"အေးလေ ... ဒါ မင်း စဖောင်းလ်တာပဲ ဖြူစင်ရ"

"ငါ မေ့သွားလို့ပဲဟာ၊ နောက်ဆုံးကွာ၊ ချော့မော့ပြီး ပြန်ပို့ပေးလိုက်ပေါ့၊ ရုပ်ရှင်တော့ တွဲကြည့်စရာလား"

"မြကျေးကလည်း ဒေါကန်ပြီး ရုပ်ရှင်ကို အဲဒီနေ့ကြည့်ဖြစ်အောင်ကြည့်မယ်လုပ်တာကွ၊ ငါလည်း တားပါတယ်၊ ငါက ကြိုတင်လက်မှတ်ဝယ်ပေးပြီး ညနေဘက်ကျမှ ယမင်းတို့နဲ့သွားကြည့်ပါလို့ ပြောပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဧယ်နဲ့ပါလာတဲ့ ဧယ့်ကောင်မလေး ပွစ္စားဟာ ဆောင့်နှားမှာ ဧယ်နဲ့အတူထိုင်နေရင်း ရန်မျှားထဖြစ်ကြမလား လန့်နေပုံရတယ်။ မျက်လုံးလေးပြူးနေတယ်။ ကိုဂျင်မီကြီးက လည်း နှုတ်ခမ်းမွေးကိုသပ်ရင်း ဓာတ်ကြောင်းကို လာနားထောင် နေတယ်။

"ဒါပေမဲ့ မြကျေးက ငါ လိုက်ခဲ့ပါလို့ ခေါ်လိုက်တော့ ..."

"ရှစ်ထိ ... ရှစ်ထိ၊ မင်းက ချော့ပြီးတော့ ငြင်းပေါ့ကွ၊ တောက် ... မင်းကလည်း အခွင့်အရေးရတုန်း အပြည့်ကို ယူတာပဲ၊ ရပ်ရှင်ပြီးတော့လည်း မုန့်တွေဘာတွေ သွားစား သေးတယ်တဲ့ကွာ ကဲ ... ကြည့်စမ်း"

"ဟုတ်လား ပိုင်တယ်ကွာ ဓာတီရာ၊ မင်းကို ဖြူစင်ကချည်း နှာတစ်ဖျားကပ်ကျောခဲ့တာ၊ ဒီတစ်ချီတော့ မင်းက အံဝင် ခွင်ကျလေး ပြန်နှိပ်ပေးလိုက်တာပေါ့ ဟုတ်လား၊ ဗရာဗိုကွာ သူငယ်ချင်း"

ကြည်လွင်ကတော့ သဘောတွေကျလို့။

"ငါ အဲဒီသဘောမျိုးလည်း မဟုတ်ပါဘူး ကြည်လွင်ရာ၊ သူ့ကို မငြင်းချင်တော့တာနဲ့ပဲ ..."

"ဟော့ကောင် ဖြူစင် ... မင်း ဓာတီရဲ့ နည်းနည်းချိန်ထား တာလေးတွေကို ဖြတ်ဖြတ်ခုတ်တာ ဘယ်နယောက်ရှိသွား ပြီလဲ၊ ခုမှ သိပ်လာဖြစ်မနေနဲ့"





"ဟာ ... အဲဒါတွေက သူလည်း လုံးဝ ဘာမှ မခံစားရ တာတွေ၊ သူ တကယ် ဘာမှမဖြစ်တာတွေလေ၊ ဒါကြောင့် လည်း ငြိမ်နေတာပေါ့"

"မင်းကကျတော့ အခုဟာက တကယ်အတည် တအား ခံစားရတာမို့လို့လား"

"ဟုတ်တယ်လေ"

"တော်စမ်းပါကွာ၊ ဟိုမှာချိန်းထားတုန်း အိန္ဒြာနဲ့မင်းက ဒီမှာဆို၊ ဒါလားအတည်၊ ဒါလားအမှန်အကန်"

ကိုဂျင်မီက ဝင်ပြီး ...

"ဒီကို အဲဒီမြကျေးလည်း ပါလာဖူးတယ်ကွ၊ မြကျေးက ခပ်ရိုးရိုးလေးနော် မောင်ဖြူစင်၊ မောင်ရင် ကြည့်ကျက်လုပ်၊ အိန္ဒြာတို့ဘာတို့က ပုံစံကြည့်တာနဲ့ သူတို့ကိုယ်၌က ဟော့ ရှော့တွေ၊ ဓာတ်လမ်းပမာတွေ၊ မင်းဟာတွေက ဒီလိုပုံစံ တွေချည်းပဲများတာ၊ အဲဒီမြကျေးတမာဆိုတာလေးက နာမည်လေးကိုက ဂရုဏာသက်စရာလေး"

"အာ ... ကိုဂျင်မီကြီးကလည်း တတပ်တအား ဝင်လွှမ်းနေ ပြန်ပြီ"

"ဟုတ်တယ် ဖြူစင်၊ သူလေးက ရိုးရိုးသားသားလေးနော်၊ ဒါပေမဲ့ ထက်တယ် ဇွာတယ် ခေါင်းမာတယ်နော်၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လည်းလုပ်ကွာ၊ သင့်ကြောင့် မီးမလောင်ပါစေနှင့်ကွာ"

ဖြူစင်က ကိုဂျင်မီကြီးကို အလေးတွေပြုရင်း ပြုရင်း ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ လေးစားပါတယ် ကိုဂျင်မီရာ"

"မင်း ယူမှာလား ဒီကောင်မလေးကို"

"ဟာ ... ကိုဂျင်မီကြီးက ပြဿနာရှာပြီ"

"ဟုတ်တယ်လေ၊ ယူမှာမို့လား၊ မယူဘူးဆိုရင် စောစောစီးစီး ဇာတ်လမ်းဖြတ်ကွာ သနားပါတယ်၊ မင်း အတော်နှလုံးသားမဲ့တဲ့ကောင်ပဲ၊ ဒီမှာ အိန္ဒြာနဲ့ လာကြည်နေတဲ့နေ့က ကောင်မလေးတစ်ယောက်တည်း ချိန်းတဲ့နေရာမှာ လာစောင့်နေရှာတယ်ဆိုတာတော့၊ တယ်လေ ငါကွာ လုပ်လိုက်ရ"

ကိုဂျင်မီကြီးက ဖြူစင့်ကို လက်ဝါးကြီး ဖြန့်ပြီး ဝိတ်ရွယ်တယ်။

"တကယ်မေ့သွားမိတာပါဗျာ"

"အေး ... မင်းတောင်မေ့သေးတာ၊ ဇာတိကို ဘာမှသွားပြီး ပြဿနာမလုပ်နဲ့၊ ဇာတိ ... မင်း လုပ်ရပ်ကို ငါ ခွင့်လွှတ်တယ် ဒါပဲ"

ဖြူစင်က ရှုံ့မဲ့ပြီး ...

"ကြားက ... ကြားက မဆီမဆိုင်"





"အေး ... မဆီမဆိုင် ခွင့်လွှတ်တယ်၊ ဒါပဲ တော်ပြီ၊ မင်း ထပ်မပြောနဲ့ ဖြူစင်"

အဲဒီတုန်း ဆိုင်ထဲကို နောက်ကျနေတဲ့ အောင်လေးက ကျော့ကျော့လက်ဆွဲပြီး ဝင်လာတယ်။

"ဟား ... ထပ်မပြောနဲ့ဆိုတာတွေ အနည်းဆုံး တစ်ခေါက် ထပ်ပြောရဦးမယ်"

ကိုဂျင်မီကြီး ညည်းသလိုပဲ ဘာမှ မသိသေးတဲ့ အောင်လေးတို့စုံတွဲကို ဝူးဝူးဝါးဝါးနဲ့ တစ်ယောက်တစ်ပေါက် ထပ်ပြောကြ ထပ်ရှင်းကြ လုပ်နေကြပြန်တာ ဆိုင်ထဲ ဆူညံအုန်းကြွက်နေပါတော့တယ်။

မကျေမချမ်းဖြစ်နေတဲ့ ဖြူစင်က ထပ်ကာ ထပ်ကာ ပြောနေတာ။ သူ့ဟာသူ အာဘောင်အာရင်းသန်သန်တွေနဲ့ ပြောနေပြီးမှ ဖြုန်းခနဲဆို ကျော့ကျော့ကို သွားသတိရလိုက်ပုံနဲ့ ရုတ်တရက် အ,ထစ် အ,ထစ် ဖြစ်ပါလေရော။ ကျော့ကျော့ဟာ ဥာဏ်ရွှေရရ လူကြီးဆန်ဆန်မိန်းကလေးတစ်ယောက်ဖြစ်တဲ့အတွက် အားလုံးလေးစားသမှုထားပြီး ဆက်ဆံကြစမြဲပါ။

အဖြစ်အပျက်တွေကို တအံ့တသြ နားထောင်နေတဲ့ ကျော့ကျော့က မျက်နှာလေး တဖြည်းဖြည်း မကြည်မလင်ဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ … ကိုဖြူစင်နဲ့ မြကျေးက ချစ်သူတွေတောင် ဖြစ်နေကြပြီလား"

"ဟုတ်တယ် ကျွန်တော်လည်း"

"မြကျေးက ကျော့ကျော့ကိုတောင် မတိုင်ပင်ဘူး၊ ဘယ်သူ့မှလဲ တိုင်ပင်ပုံမရဘူး၊ ဝေရီ့ဆီကလည်း ပြောသံမကြားဘူး"

ဖြူစင်ဟာ နေရထိုင်ရခက်ပြီး ရယ်ကျဲကျဲလုပ်နေပါတယ်။ သူ ဘယ်လိုလူစားဆိုတာ အောင်လေးနဲ့ ချစ်သူသက်တမ်း သုံးနှစ်နီးပါးရှိတဲ့ ကျော့ကျော့ အသိပဲဟာ။ ဒီတော့ မျက်နှာလည်း နည်းနည်းပူနေတယ်။

"မြကျေးက ကျော့ညီမလိုဖြစ်နေတာနော် ကိုဖြူစင်၊ ကျော့တို့က ရန်ကုန်ပြောင်းလာကြတာ စောလို့သာ၊ အမျိုးမရင်းပေမဲ့ ရပ်ဆွေရပ်မျိုးပဲ၊ ကောင်မလေးက ဘာအတွေ့အကြုံမှ မရှိတာမဟုတ်ဘူး"

ကျော့ကျော့က စကားအတည်ပြောနေတဲ့အတွက် အားလုံး ငြိမ်နေကြတယ်။

"ရှင် မိန်းကလေးနှစ်ယောက်ကို တစ်နေရာစီ ချိန်းပြီး မြကျေးဆီ ရောက်မသွားဘူး ဆိုတာ တော်တော်လွန်တာပဲ"





"အဲ … အဲလိုကြီးလည်း မဟုတ်ပါဘူး ကျော့ကျော့ရာ၊ မြကျေးကို ချိန်းမိတာ ရက်ခြားသွားတော့ တကယ်မေ့သွားလို့ပါ"

"ရှင် တော်တော် အလေးအနက် မရှိတာပဲ ကိုဖြူစင်"

"မဟုတ်ပါဘူး ကျော့ကျော့ရာ။ အိန္ဒြာဆိုတဲ့တစ်ယောက် အကြောင်းလည်း သူတို့အားလုံးတောင် သိကြပါတယ်၊ လုံးဝ ဖွတ်ကိုကပ်ပြီး"

"ရှင် တခြားမိန်းကလေး အကြောင်းလည်း အပုပ်ချပြောမနေနဲ့၊ မြကျေးဘက်လိုက်ပြောပြီး နောက်တစ်ယောက်ကို အပုပ်ချပြလို့ ကျွန်မက ကျေနပ်မဲ့သူမျိုး မဟုတ်ပါဘူး"

"ကျွတ် … ခက်တာပဲဗျာ၊ အခြေအနေတွေက မမျှော်လင့်ဘဲ ရှုပ်ထွေးသွားတာပါ"

ဖြူစင် ပါးစပ်က ထွက်မိထွက်ရာတွေ လျှောက်ပြောနေတယ်။ ဘာကိုမှတော့ ရေရေရာရာ ပြောနိုင်တာမဟုတ်ဘူး၊ ဟိုလိုလို ဒီလိုလိုနဲ့။

"ကိုဖြူစင် မြကျေးကို လက်ထပ်ယူဖို့ထိ ရည်ရွယ်ပြီး အတည်တကျ ချစ်တာလား"

ကျော့ကျော့ကလည်း ဖြောင့်ကိုမေးတာပဲ။

"ဟာ … ဟုတ်တာပေါ့၊ ရည်ရွယ်ပါတယ်၊ ကျွန်တော် တကယ်ချစ်တာပါ ကျော့ကျော့ရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျော့ကျော့ မေးတာက လက်ထပ်မှာလား"

"ကျွန်တော့်ဘက်ကတော့ ရည်ရွယ်ပါတယ်၊ ဒါပေ[illegible]

အချိန်ကာလတွေအပေါ်မှာ အခြေအနေတွေဆိုတာကတော[illegible]

ပြောင်းတတ်တာပေါ့နော်၊ ကံကြမ္မာတို့ ဖူးစာတို့ ဒါတွေ[illegible]

ကလည်းရှိသေးတာဗျ၊ ရည်ရွယ်သော်လည်း အကြောင်[illegible]

အမျိုးမျိုးကြောင့် ပျက်ရင်လည်း ပျက်တတ်တာပေါ့နော်[illegible]

အဲသလိုပေါ့၊ ကျော့ကျော့တို့လို တည်မြဲတဲ့ဖူးစာမျိုးကတော[illegible]

ရှားတတ်တာပေါ့"

ဖြူစင်ဟာ အိုးနင်းခွက်နင်း တွေ့ကရာလျှောက်ပြော[illegible]

နေတယ်။

"ကျော့တို့က ဖူးစာကတည်မြဲတာမဟုတ်ဘူး ကိုဖြူစင်[illegible]

နှစ်ယောက်လုံး သစ္စာရှိတာပါ၊ သစ္စာရှိလို့ နားလည်[illegible]

တည်မြဲနေတာပါ၊ လက်ထပ်ဖို့လည်း ရည်ရွယ်ထားတ[illegible]

ဘာကြောင့်မှလဲ မပျက်စေရဘူး၊ မပျက်အောင်ကြိုးစား[illegible]"

အောင်လေးက ခေါင်းငုံ့ကျိတ်ပြုံးနေတယ်။ ဖြူစ[illegible]

ချောင်ပိတ်မိနေပြီလေ။

"ကျွန်တော်တို့လည်း ဒီလိုပါပဲ၊ ဒါ သဘောထားတွေ[illegible]

ဒီလိုဒီလို အတူတူတွေပါပဲ၊ တစ်ခါတစ်ရံ အကြောင်း[illegible]

မတိုက်ဆိုင်ရင်သာ ..."





"အရိုကက သစ္စာရှိဖို့ပါ"

"ဟာ ... သစ္စာရှိရမှာပေါ့၊ ဒါမှန်တယ်"

"သစ္စာရှိရင် တစ်ယောက်ကို ဟိုချိန်း တစ်ယောက်ကို ဒီချိန်းတော့ မလုပ်နဲ့ပေါ့"

"အဟဲဟဲ ... တကယ်ပဲဗျာ၊ ကျွန်တော်လည်း တော်တော် စိတ်မကောင်းဖြစ်သွားတာ"

"ဒါဆိုရင် ကိုဖြူစင်က ကိုဇာတိကို ကျေးဖူးတောင်တင်ရမှာ၊ ဘာအပြစ်ပြောစရာရှိလဲ"

"ကျွန်တော်ကလည်း ဒီကောင့်ကို နောက်နေတာပါ၊ တမင် ချွတ်တာ"

"တကယ်ဆိုရင် ကျော့က မြကျေးကို ကိုဇာတိနဲ့ သဘော တူထားတာ"

"ဗျာ ..."

"ဟာ ..."

ဖြူစင် အံ့သြသွားသလို ကျွန်တော်လည်း လန့် သွားတယ်။

"ဘာဖြစ်လို့လဲဗျ"

"ဒီလိုပဲ သဘောတူတာလေ"

"မဟုတ်သေးဘူးလေ၊ သဘောတူရအောင်က ယမင်းတို့ ကြယ်စင်တို့ ဝေရီတို့ တခြားလည်း ရှိသေးရက်သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



မြကျေးနဲ့ သဘောတူတယ်ဆိုတာက အကြောင်းပြချက် မရှိလို့တော့ဘယ်ရမလဲ"

"သြော် ... အဲဒါလား၊ ကိုဇာတိကလည်း မြကျေးကို သဘောကျတာကိုး"

အီး ...။ သွားပြီ။ မယ်ပွင့်လင်းတို့ကတော့ ပြောင် ဖွင့်ချလိုက်ပါပြီ။ ကျွန်တော့် မျက်နှာကြီးဟာ နီရဲပြီး ထူထုံလာ တယ်။ ဖြူစင်က ပါးစပ်ဟသွားပြီး ကျွန်တော့်ကို တအံ့တသြကြီး စိုက်ကြည့်တယ်။ ကိုဂျင်မီကြီး အပါအဝင်အားလုံးဟာ ကျွန်တော် ကိုပဲ စိတ်ဝင်တစား ဝိုင်းကြည့်နေကြတယ်။

"ဟေ့ကောင် ဟုတ်လား"

ဖြူစင့် မေးခွန်း။ ဟုတ်တယ်ကွာလို့ ရဲရဲပြောလိုက် ချင်ပါတယ်ဗျာ။ ဒါပေမဲ့ လောလောဆယ်က သူ့ချစ်သူလေ။ ဘယ်ပြောလို့ကောင်းပါ့မလဲ။

"ကိုဇာတိကို သွားမေးတော့ သူ ဖြေရခက်မှာပေါ့"

"ဒါဖြင့်လည်း ခင်ဗျားကပဲ ဖြေပါဦး၊ ကျော့ကျော့ရယ် ဘယ်တုန်းကလဲ"

"ကျော့မွေးနေ့ကတည်းက မြင်မြင်ချင်းချစ်သွားတာပဲပေါ့ ရှင်လည်း မြင်မြင်ချင်းငြိတာပဲ မဟုတ်လား၊ ရှင်းရှင်းပြော ရရင် ကိုဇာတိကိုဆိုရင် ကူညီပေးဖို့အသင့်၊ ကိုဇာတိက ဒီကိစ္စနဲ့ပတ်သက်ရင် လူရိုးလူအေး၊ မိန်းမလည်း မရှုပ်ဘူး





အတည် ရည်ရွယ်မှာ၊ သူ့အနေအထားကလည်း ဘာမှ အပြစ်ပြောစရာမရှိဘူး၊ ဒါကြောင့် ကျော့က ကူညီပေးဖို့ ကို စိတ်ကူးရှိခဲ့တာ"

ဖြူစင့် မျက်နှာကြီးက နီလာတယ်။ ကျွန်တော် လည်း စိတ်ညစ်ညစ်နဲ့ ငြိမ်ကုပ်နေရတယ်။

"ဒါဖြင့်လည်း မင်းက ဘာလို့မလိုက်လဲ"

"......"

"ဟေ့ကောင် ပြောလေ၊ မင်း ကြိုက်ရင်လိုက်ပါလား"

"မင်းက လှုပ်ရှားနေပြီကိုးကွ"

ကျွန်တော် စိတ်ညစ်ညစ်နဲ့ ဖျစ်ညှစ် ပြောလိုက်ရ တယ်။

"မင်းနဲ့ယှဉ်လိုက်ရင် ငါ နောက်ကောက်ကျမှာ သေချာနေ တာပဲလေကွာ၊ ဒီတော့ လျှို့နေလိုက်တာပဲ ကောင်းပါတယ် ကွာ"

အခန်းထဲကလူတွေ ကျွန်တော့်ကို အတော်သနား သွားသက်သွားကြပုံပေါ်တယ်။ အပ်ကျသံတောင်မကြားရအောင် ငြိမ်သွားပါတယ်။ ကိုဂျင်မီကြီးဆိုရင် ကျွန်တော့်ခုံနောက်ကနေ ကျွန်တော်ပခုံးကို နှစ်ချက်လာညှစ်တယ်။

"အဓိပ္ပာယ်မရှိတာကွာ၊ ကြိုက်ရင်လိုက်ပေါ့၊ သူ့ဟာသူ ရွေးမှာပေါ့၊ ခုတော့ ငါကပဲ ဗိုလ်ကျသလို ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး၊ မင်းကို ဖိုလ်ကျတယ်လို့ ဘယ်သူမှ မစွပ်စွဲပါဘူး"

"ဒါဖြင့် မင်းက ခုလည်း သူ့ကို ကျိတ်ကြိုက်နေတာပေါ့"

"......"

"ဟိုနေ့က ရုပ်ရှင်တူတူလိုက်ကြည့်တာ မင်းကိုက ကြည့်ချင်ချင်မို့ပေါ့"

"မဟုတ်ပါဘူးကွာ၊ ငါ စိတ်ညစ်ညစ်နဲ့ကြည့်ရတာ၊ သူက ခေါ်တော့ ငါ ငြင်းလည်းမငြင်းနိုင်ဘူးကွာ၊ သူငယ်ချင်းရဲ့ ရည်းစားနဲ့လည်း နှစ်ယောက်တည်း ရုပ်ရှင်ကြည့်ဖြစ်ရတာ စိတ်မလုံဘူး၊ ငါ့စိတ်တွေ ကျဉ်းကျပ်နေတာ၊ သူ့ကို မငြင်းရက်လို့သာ လိုက်သွားတာပါကွာ"

"မငြင်းရက်လို့ !..."

သံယောင်ထပ်ပြီး ဖြူစင်က လှောင်ရယ်သံ တဟဲဟဲ လုပ်နေပါတယ်။ ကျွန်တော့်ကိုကြည့်တဲ့ အကြည့်က ကျွန်တော်ကပဲ အချောင်နိုက်ချင်တဲ့ ကြာကူလီလိုလို။

"မင်း ငါ့ကို ဒီလိုမကြည့်နဲ့ ဖြူစင်၊ အဲဒီနေ့က မင်းကို လည်း ငါ လှမ်းခေါ်သေးတယ်"

"ဒီလိုဖြစ်မယ် မထင်လို့ပေါ့ကွ၊ တော်ပြီ၊ မင်း ဝပ်ရှော့က ဆိုင်ကို နောက်ဘယ်တော့မှ မချိန်းတော့ဘူး လုံး စိတ်မချရတဲ့ရေိယာ"





ကိုဂျင်မီကြီးက တကိကိရယ်တယ်။ ကျွန်တော်လည်း ရယ်ချင်လာတယ်။ အားလုံးလည်း ပြုံးစိပြုံးစိ။ ဖြူစင်တစ်ယောက်ပဲ 'ရှုံ့ရဲ့ရှား' ဖြစ်နေတယ်။ ကျွန်တော် အီထားတဲ့ကောင်မလေးတွေ ဆယ်ယောက်မက သူဖြတ်အီ၊ ဖြတ်ငြိသွားတာတော့ သူ ထည့်မစဉ်းစားတော့ဘူး၊ သူ့ရည်းစားကို ကျွန်တော် ကျိတ်ကြိုက်နေတယ်ဆိုတာကိုပဲ အိမ်မြှောင်အမြီးပြတ်သလို တဆတ်ဆတ် ဖြစ်နေတယ်။

တမြတ်တနိုးချစ်မိတဲ့ အချစ်ကို ရုတ်တရက် ဘယ်လို အညွန့်ချိုးမလဲဗျာ။ ပြီးတော့ ကိုယ် အရိပ်တကြည့်ကြည့်ရှိရတဲ့ ကိုယ့်ပန်းပွင့်ကလေးဟာ သူ့ကို မကြင်နာ တန်ဖိုးမထားတဲ့သူရဲ့ လက်ထဲမှာဗျာ။ မှောက်လိုမှောက် လှန်လိုလှန် လက်ခုပ်ထဲကရေ ဆိုတာလို လုပ်ချင်တိုင်းလုပ်နေတာဗျာ။ ဖြူစင့်ကို တီးပစ်ချင်တယ်။ အခဲကိုမကြေဘူး။

ဒါပေမဲ့ သူငယ်ချင်းရင်းချာလည်းဖြစ်နေတယ်။ နောက်ပြီးတော့ ဖြူစင် ပွေပွေမပွေပွေ သစ္စာရှိရှိ မရှိရှိ မြကျေးကိုယ်တိုင်က ဖြူစင့်ကို ချစ်တာကိုတော့ ကျွန်တော် ဘာများ တတ်နိုင်ပါ့မလဲ။

ကျွန်တော် စိတ်ရှုပ်ရှုပ်နဲ့ ကြေရာကြေကြောင်း ပြောနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က မင်းကို အချိန်မီလည်း ငါ လှမ်းခေါ်တယ်၊ မင်းက အိမ်ရှေ့နဲ့ ဒီမှာပဲလေ၊ ထားခဲ့လို့ မရလို့ မင်းပဲ ကြည့်လုပ်လိုက်ပါဆို"

"ဩ ... ဒါ မင်းကြည့်လုပ်လိုက်တာပေါ့လေ ဟုတ်လား"

"အဲဒီနေ့က မင်းပဲ ငါ ဆိတ်သမျှ ဆိုသမျှ ခံပါမယ်ဆိုပြီး၊ ငါလည်း ပြန်ပို့မလို့ဟာ သူက ရုပ်ရှင်ပဲ သွားကြည့်မယ် ဖွတ်၊ ပြီးတော့ ငါ့ကိုလိုက်ခဲ့ဖို့ အဖော်ခေါ်တဲ့အချိန်မှာ ငါက လိုက်မပေးနိုင်ဘူးလို့ ဖွတ်ငြင်းလိုက်ရင် သူ ဘယ်လောက်အောက်သွားမယ် မင်း စဉ်းစားကြည့်ဦးပေါ့"

"အေးပါ ... ကဲပါ ထားပါ၊ ဒါဖြင့် ခုရှေ့ဆက် ဘယ်လိုလဲ"

"ဘယ်လိုရမှာလဲ ဘာကိုလဲ၊ ဒီတိုင်းပဲပေါ့"

"ငါ့ရည်းစားကို မင်းကြိုက်နေဦးမှာလား၊ ငါကကော ရှောင်ပေးနေရဦးမှာလား"

"ဘာမှမဆိုင်ဘူး ဟေ့ကောင်၊ မင်းက ဖွင့်ပြောတယ် ချစ်ရေးဆိုတယ်၊ သူ ကျေနပ်လို့ တုံ့ပြန်နိုင်လို့ လက်ခံခေါင်းညိတ်ထားတယ်၊ ဘာရှောင်ပေးစရာလိုလဲ၊ ကျော့ကျော့သာ ဖွင့်မပြောရင် ငါ့ဘက်ကကိစ္စကို ဘယ်သူမှ ဘာမှ ခုလို သိစရာအကြောင်းမရှိဘူး"

"ကျော့က တမင်ကိုပြောတာ"





ကျော့ကျော့ကလည်းတစ်မျိုး။ ခုထိကို အရှိန်မလျှော့ချင်သေးဘူး။ ဖြူစင့်ကို ပေါ်တင်မကြည့်တဲ့ရုပ်ကိုလည်း မျက်နှာဆါကမဖြစ်ဘူး။ ကျော့ကျော့ သိသွားတဲ့အတွက် ဖြူစင်လည်း ဆော်တော် အကျဉ်းအကျပ် ကျသွားတာ သေချာပါတယ်။

ကိုဂျင်မိကြီးက နှုတ်ခမ်းမွေးသပ်ရင်း ...

"နေစမ်းပါဦး၊ သူတို့ရုပ်ရှင်သွားကြည့်တာ မင်း ဘယ်လို လုပ်ပြီးသိသွားလဲ ဖြူစင်ရ"

"ဘယ်ကသိရမှာလဲ၊ မြကျေးပဲ ပြောပြတာ ကိုဂျင်မိ"

"ကောင်းကွာ၊ ကောင်မလေးက ပီတယ်ကွာ"

"သူက ပြောကတည်းက သူ ဇာတိကို အတင်းခေါ်သွားတယ်လို့ပြောတာပါ၊ ကျွန်တော်သာ တင်းလို့ ဒီကောင့်ကို တမင်တကာ ပြန်ရစ်နေတာပါ"

ကျွန်တော် သိပါတယ်။

ဖြူစင် အောင့်သက်သက် ကသိကအောက်ဖြစ်နေဘာမှန်ပေမဲ့ သူ ကျွန်တော့်အပေါ် မပြီးနိုင် မကျေနိုင် မချမ်းနိုင်ဖြစ်ပါဘူး။ ထ,ရစ်ကတည်းက မကျေနပ်လွန်းလို့ မဟုတ်ဘဲ သက်သက်မဲ့ ပြဿနာရှာရပြီးရော ရှာတာဆိုတာ ကျွန်တော် သိတယ်။ ခုနေ မြကျေးနဲ့ သူ ပြတ်သွားရရင်တောင် ဒီကောင် ဘာမှ ဒီလောက်မခံစားရပါဘူး၊ သေချာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ဟာ မြကျေးအပေါ် လုံးဝ မလေးနက်ပါဘူး၊ ခုနေ အိန္ဒြာနဲ့ မြကျေးကို ယှဉ်ပြီး တစ်ယောက်တည်းရွေးပါဆိုတဲ့ ပြဿနာမျိုးပေါ်လာရင်တောင် သူဟာ အိန္ဒြာကို ရွေးမဲ့သူမျိုးပါ။ မြကျေးကို လှလွန်းလို့သာ သူ မျက်စိကျပြီး တိုင်ဦးသလို ဖမ်းချိတ်ဦးထားလိုက်တာ။ သူ ကြိုက်နှစ်သက်တဲ့ Typeမျိုးက အိန္ဒြာတို့လို ခပ်ပုပုလောင်လောင် ခပ်ကြမ်းကြမ်းရမ်းရမ်းနဲ့ ကလပ်ဘ်တွေ ပါတီတွေခေါ်လို့ရတဲ့ Type မျိုးပါ။

မြကျေးဟာ ဖြူစင် ဖွဲ့လမ်းတတ်တဲ့ပုံစံမျိုးနဲ့ ယှဉ်ရင် နည်းနည်းထူအအနဲ့ အပြစ်ကင်းနေတယ်။ အတွေးအခေါ်ကိုက တစ်မျိုးဖြစ်နေတယ်။ တကယ်တော့ ဖြူစင်နဲ့ မြကျေးဟာ ကြာကြာမြဲဖို့မလွယ်တာပါ။ ဒါပေမဲ့ ခုတော့ ကျော့ကျော့ပါ ဝင်သွားတဲ့အတွက် ဖြူစင့်အတွက် အကျပ်အတည်းတစ်ခုဖြစ်သွားတယ်။

ကိုဂျင်မီကြီးက ကျွန်တော့်ဘေးဝင်ထိုင် ကျွန်တော့်ပခုံးဖက်ရင်း ...

"ကောင်လေး ... မင်းက ကြားကမားစာခံ၊ ကောင်မလေးကလည်း မင်းကို ဖြူစင့်သူငယ်ချင်းမို့ ဖြူစင် ပိုထိအောင် အသုံးချတာပဲ၊ ကြည့်ရှောင်ဟေ့"

ကျွန်တော် ရှောင်ရမလားလို့ ငြိမ်စဉ်းစားနေမိတယ်။ ကျွန်တော့်ကို မြကျေး ကြည့်တဲ့ ရီလဲ့လဲ့ အကြည့်တောက်တောက်





ကလေးတွေဟာ မျက်လုံးထဲပေါ်လာတယ်။ ကျွန်တော့်ကို ဟန်ဆောင်ညို့ငင်တဲ့မျက်လုံးမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ကို အကဲဖမ်းနေတဲ့ ခွဲခြမ်းစိတ်ဖြာနေတဲ့ မျက်လုံးတွေ။

ကျွန်တော် အောင်လေးနဲ့ ကျော့ကျော့နား ပြောင်းထိုင် ကော်ဖီသောက်ရင်း ကျော့ကျော့ကိုမေးမိတယ်။

"ကျော့ကျော့ ကျွန်တော် သူ့ကို စိတ်ဝင်စားတယ် ဆိုတာ မြကျေး သိလား"

"အင်း ... သိတယ်"

ကျွန်တော် ရှက်သွားတယ်။ ချွေးလည်း ပြန်လာတယ်။ ရှက်စရာကြီးဗျာ။ စဉ်းစားကြည့်ပါဦး။ ကိုယ့်သူငယ်ချင်းရည်းစား ဖြစ်နေသူကို ကျွန်တော် တစ်ဖက်သတ်ချစ်နေတာကို သူကလည်း သိနေတယ်ဆိုတော့။ ဒါကြောင့် ကျွန်တော့်ကို သူကြည့်တဲ့ မျက်လုံးလေးထဲမှာ စာနာမှုတွေနဲ့ တောက်ပလက်ဖြာနေတာပါ။

"ဘာလို့ ပြောပြလိုက်တာလဲ ကျော့ကျော့ရဲ့ မသိရင် ပိုပြီးဆက်ဆံလို့ ကောင်းတာပေါ့"

"ကျော့ မပြောပါဘူး ကိုဇာတိရဲ့၊ ဒါပေမဲ့ သူတို့အားလုံး သူတို့ဟာနဲ့သူတို့ကို ရိပ်မိကြတာ၊ ကိုဇာတိ မျက်နှာက ဒီလောက် သန့်ရှင်းရိုးစင်းနေတာ၊ ဘာခံစားချက်ရှိနေနေ ပေါ်လွင်နေတဲ့ဟာကို၊ ဝေရီ့ကိုလည်း အတိအလင်းပြော



www.burmeseclassic.com

www.burmeseclassic.com



မထားပေမဲ့ ဝေရီကလည်း ရိပ်မိနေတော့ သူတို့ကို ပြော ရင်ပြောမှာပေါ့”

“မြကျေး သိတာ သေချာလား”

“သေချာတယ်၊ သူတို့ကျောင်းမှာ ရှင့်အကြောင်း အမြဲ ပြောဖြစ်နေတာတဲ့”

ကျွန်တော့်မျက်နှာကို လက်ဖဝါးတွေနဲ့ ပွတ်ပွတ် ပစ်ရင်း မျက်နှာတွေပူနေမိတယ်။





## ၁၁

မြကျေး သိသွားပြီ ဆိုတဲ့နောက် မျက်နှာပူလို့ တစ်ချက်ရယ်။ ဖြူစင်နဲ့လည်း ပြဿနာမဖြစ်ချင်တာတစ်ချက်ရယ် ကျွန်တော် မြကျေးတို့လမ်းကို ရှောင်ပါတယ်။ သူတို့လမ်းနဲ့ ချဉ်းပြိုင်ရက်လမ်းက ဖြတ်သန်းရင်လည်း ကျွန်တော့်အိမ်နဲ့ အဆင် ပြေပါတယ်။

“ဟော့ကောင် … မင်း မြကျေးတို့ လမ်းထဲက မဖြတ်တော့ ဘူးဆို”

“အေး … ဟုတ်တယ်၊ မင်းကို ဘယ်သူပြောလဲ”

“မြကျေး ပြောတာပေါ့”

“သူက ဘယ်လိုလုပ် သိလဲ”

“ဘယ်လိုလုပ် သိရမှာလဲ၊ မင်းကားကို မမြင်လို့ပေါ့ကွ”



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်က အပေါ်ယံလေး တွေးတာပဲ။ ကျွန်တော် အရင်က အချိန်တွေ မဖြတ်ဘဲ ဆယ့်ငါးမိနစ် နောက်ကျပြီး သူ တို့လမ်းထဲက ဖြတ်ရင်ကော သူတို့ မြင်မလား။ သူတို့ကကော ဝရန်တာမှာ အမြဲထွက်ရပ်နေနိုင်လို့လား။ ကျွန်တော့်ကား လုံး မဖြတ်တော့ဘူးလို့ အသေအချာ သိဖို့ရာ မြကျေးဟာ ဝရန်တာ မှာ နှစ်ရက် သုံးရက်မက ဆက်တိုက် အချိန်အတော်ကြာ ထွက် ရပ်စောင့်ကြည့်နေမှ သိနိုင်တာမျိုးပါ။

မြကျေး အဲသလိုပဲ တကူးတက ထွက်ရပ်စောင့် ကြည့်သလား။ သူနဲ့ မဆုံလိုက်လို့ပဲ မတွေ့တာကြာလို့ အလွမ်း တကူ ပြောတာလား ကျွန်တော် မသိဘူးပေါ့လေ။ ဒါပေမဲ့ မြကျေးများ ကျွန်တော့်ကို စောင့်ကြည့်မလားလို့ စိတ်ကူးယဉ်မိ တယ်။ အဲဒီလို စိတ်ကူးရတာကိုက ကျွန်တော့်အတွက် အရသာ တစ်မျိုးပါပဲ။

"အဲသလောက်ကြီး ရှောင်စရာ မလိုပါဘူး သူငယ်ချင်းရာ"

"ဘာမှမဖြစ်ပါဘူးကွာ၊ ဟိုဘက်လမ်းကသွားလည်း ရော တာပဲ"

ကျွန်တော်က အရေးမကြီးသလို ခပ်ပေါ့ပေါ့ ပြန်ပြောလိုက်တယ်။ တကယ်တော့ ကျွန်တော့်ရင်ထဲမှာ မြကျေး ကို ထားဦး၊ မြကျေးနေတဲ့ တိုက်ခန်းလေးကို နေ့စဉ်အချိန်မှန် မမြင်ရတာကိုတောင် အတော်ဆွေးနင့်နေတာပါ။ သူတို့တိုက်ခန်း





လေးရဲ့ အတွင်းမှာ (ကျွန်တော်မမြင်ရပေမဲ့)ကျွန်တော့်ရဲ့ချစ်သူ လေးဟာ အိပ်ရင် အိပ်နေမယ်၊ ထမင်းစားရင် စားနေမယ်၊ စာ ဖတ်ရင် ဖတ်နေမယ်၊ အလုပ်တစ်ခုခု လုပ်နေမယ် ဆိုတာကို တွေးကြည့်ပြီး အလိုလိုနေရင်း ရင်မှာ ကြည်နူးသွားတတ်ခဲ့ တယ်။

ခုတော့ အဲဒီအခန်းလေးကို မော်တောင်မကြည့်ရ တော့ဘူး။ တခြားလမ်းတစ်ခုက ကျွန်တော် ဖြတ်သန်းနေတယ်။ လနဲ့ချီလာတဲ့အခါမှာလည်း ကျွန်တော့်စိတ်တွေဟာ အနည်ထိုင် မသွားပါဘူး။ သူ့ကို ချစ်ဆဲချစ်မြဲ လွမ်းဆဲလွမ်းမြဲပဲ။

တစ်ရက်မှာ ကျွန်တော့်ဆီ အောင်လေး ရောက်လာ ပြီး သူ့ကား ရေဆေးတာစောင့်ရင်း ...

"မင်းကတော့ ကျော့ကျော့ညီမတွေ အုပ်စုထဲမှာ ဇာတ်လိုက် ပဲ ဇာတိ"

"ဟင် ... ဘယ်လိုလုပ် ဇာတ်လိုက်ဖြစ်ရတာလဲ"

"ဖြစ်နေတာပဲလေ၊ အဲဒီကောင်မလေး အုပ်စုက မင်းကို ဘာခေါ်တတ်ကျနေလဲမှ မသိတာ၊ မင်းအကြောင်းပဲ သူတို့ အုပ်စုထဲမှာ"

"ငါနဲ့ဖြင့် မတွေ့တာတောင် ကြာပါပြီကွာ"

"အဲဒါကိုပဲ ပြောနေကြတာ"

"ဖြစ်ချင်းဖြစ် ဖြူစင်က ဇာတ်လိုက်ဖြစ်နေရမှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူစင်က လုံးဝဓာတ်လိုက် မဖြစ်ဘူး၊ မြကျေးနဲ့သာ ကြည်နေတာ၊ သူတို့အုပ်စုလိုက်ကြီးနဲ့လည်း မရင်းနှီးဘူး"

"နေစိုးရော"

"နေစိုးကိုလည်း ကြယ်စင်ဆိုတဲ့ ကောင်မလေးက ပြန်မကြည်ဘူး ငြင်းတယ်၊ ဒီတော့ နေစိုးလည်း သူတို့နဲ့မပတ်သက်ဘူး"

"ငါကကော ဘာပတ်သက်လို့လဲ၊ သူတို့တွေနဲ့ ငါဆုံဖူးတဲ့ အရေအတွက်က လက်ချိုးရင်တောင် လက်တစ်ဖက်စာပဲ ရှိပါတယ်"

"မြကျေးကို မင်းချစ်တာ သူတို့ သိကြတာကိုး၊ မင်းကို ဘာကြောင့်မှန်း မသိဘူး သူတို့အားလုံးက ခင်မင်ကြ သနားကြတယ်ကွ၊ ဘာပဲပြောပြော သနားပါတယ်က ကပ်ပါနေတာပဲတဲ့၊ ဥပမာကွာ ... ကိုဓာတ်ကြီးလည်းပေါ် မလာတာ ကြာပြီ သနားပါတယ်ဟယ် အဲလိုပေါ့"

"အာ ... အခြောက်တိုက်ကြီးကွာ၊ ငါ့ကို သနားရမယ်လို့"

"မြကျေးကလည်း သူတို့လမ်းထဲက မင်း မဖြတ်တော့လို့ စိတ်မကောင်းဘူး၊ သူစိတ်မကောင်းတာကိုလည်း ဖြူစင့်တောင် သူက ပြောပြသေးတယ်၊ ဖြူစင်လည်း ဒီကောင်မလေးကို ခုလောက်အထိ သုံးလကျော်လောက် တွဲလာတာ မင်းအရှိန်အဟုန့်နဲ့ ဖြစ်မယ်"





"အာ ... ဘာဆိုင်လဲကွာ"

"ဆိုင်တယ်ကွ၊ သူ့ကိုယ်သူ သူသိတာပေါ့၊ သူကတော့ တစ်သက်လုံး အတည်အမြဲ မဟုတ်မဲ့ကောင်လေ၊ မင်းကတော့ တည်တည်တံ့တံ့ စွဲစွဲလမ်းလမ်း ချစ်တာလို့လည်း သူသိနေတယ်၊ ကြည်လွင်ကလည်း သူ့ကိုပြောပြတယ်ကွ၊ ဓာတ်က ဒီကောင်မလေးကို အတော်ကြီးကို ငြိတာ၊ အသေကြိုက်တာ ဆိုတာတွေပေါ့ ...

သူ့မှာ သူသိပ်မမက်လှပေမဲ့ သူ့ရည်းစား ဖြစ်လက်စကြီး မင်းကို လွှဲပြောင်းရလည်း အခက်၊ ခါတိုင်းလို ခဏတဖြုတ်နဲ့ ဖြတ်ပစ်ရမှာကျတော့လည်း မင်းက လမ်းထဲတောင် မဖြတ်တော့ဘဲ ရှောင်ပေးလိုက်သလိုကို သူ့အတွက် ကင်းကင်းနေပေးတာကို သူက တန်ဖိုးမထားဘဲ ဘတ်ခနဲ ဖြတ်ပစ်ရတာမျိုးလုပ်ဖို့ မင်းမျက်နှာထောက်စရာလိုဖြစ်၊ ဟား ဟား ... ဖြူစင်လည်း ဂျာကလည် ရိုက်ပြီး ဒီကောင်မလေးကျမှ မြဲနေတယ်"

"ငါနဲ့ ဘာဆိုင်လဲကွာ၊ ဖြူစင်က မြကျေးကို တကယ်ပဲ တခြားဟာတွေထက် ပိုစွဲလမ်းသွားတာလည်း ဖြစ်နိုင်တာပဲ"

"မဖြစ်နိုင်ပါဘူး၊ သူ့တိုက်ပ်မှ မဟုတ်တာ၊ သူ မကြိုက်ပါဘူးကွာ၊ မြကျေးက Serious type ပဲ၊ သူနဲ့ ပုံစံမတူဘူးလို့ အမြဲညည်းနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဟာသူ ဖြတ်ချင်လဲ ဖြတ်ပေါ့ကွ၊ ငါနဲ့ဘာဆိုင်လဲ"

"မင်းတို့သုံးယောက်ကိစ္စက ဘယ်သူမှ ဘာမှဆက်လုပ်
မရဘဲ ဝေ့ပြီးမျှောနေတာကွ"

ဒီတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ။ ဘာမှ လုပ်လို့မရတာ။ မြကျေးကိုတော့ အရမ်းလွမ်းတယ်ဗျာ။ တ ရက်မှာတော့ မမျှော်လင့်ဘဲ မြကျေးကို ဘွားခနဲ ဆုံရပါတော့ တယ်။ ဆုံရတာကလည်းဗျာ ကျွန်တော်တို့အားလုံးအတွက် တ ရက်ရဲ့တစ်မနက် ... ချိန်းဆုံဖို့ စီစဉ်တဲ့ စနေနေ့တစ်ရက် ကိုဂျင်မီကြီးရဲ့ ဆိုင်မှာ။

အစောကြီးရောက်ပြီး ဆိုဖာရှည်မှာ လက်တင်တ ဖက်ပေါ် ခေါင်းတင်၊ ခြေထောက်ကို နောက်လက်တင်တစ်ဖ ပေါ်တင်၊ ကော်ဖီတစ်ခွက်နဲ့ ဇိမ်ကျကျ ဂျာနယ်ဖတ်နေတု ဖြူစင် ဝင်လာတာ။ မှန်တံခါးဝမှာ ဖြူစင့် အရိပ် တွေ့လိုက်သေ လှမ်းလည်း စကားမပြောမိ၊ ဆက်လည်းမကြည့်မိပဲ ကိုယ့်ဂျာန ထဲပဲကိုယ် သဲမဲအာရုံရောက်နေတာ။

ကျွန်တော်တို့ ဒီစနေဝိုင်းကို ကိုယ့်ရည်းစားေ ခေါ်ချင်ရင် ခေါ်ခွဲခွင့် ရှိပါတယ်။ ဒါကြောင့်လည်း တစ်ယော ရဲ့ရည်းစားနဲ့ ကျန်လူအများဟာ ခင်မင်သိကျွမ်းလေ့ရှိတ ဟိုးအရင်ကဆိုရင် ဖြူစင်၊ နေစိုး၊ ဝေယံ၊ အောင်လေးတို့ သူတို့ရည်းစားတွေ အမြဲခေါ်လာနေကျ။



ဖြူစင်ဟာ မြကျေး ရှေ့က မဒီခင်အထိ အမြဲခေါ် လာတာပဲ။ မြကျေးကျမှ သိပ်မခေါ်လာဖြစ်တာ ဘာကြောင့်မှန်း မသိဘူး။ အိန္ဒြာလည်း ပါပါလာတယ်။ မြကျေးလည်း တစ်ခါ တော့ ပါလာဖူးတယ် ထင်တယ်။ ကျွန်တော်မရှိတဲ့ရက်။

"လာ ... ငါ့ညီမလေး ... လာ၊ ဒီမှာထိုင်"

ကိုဂျင်မီ့အသံ အောင်အောင်ပြဲပြဲကြီးကြောင့် လှမ်း ကြည့်မိတာ။ ဘယ်သူ့ကောင်မလေး ပါလာလဲပေါ့။ ဖြူစင်ဟာ ကျွန်တော် မြကျေးကို သံယောဇဉ်ရှိတာ သိတဲ့နေ့ကစပြီး ဘယ်သူ့ မှ ခေါ်မလာတော့ဘူး။ အိန္ဒြာ့ကို ခေါ်လာရမှာတောင် ကျွန်တော့် ကိုပဲ မျက်နှာပူ အားနာသလိုလို၊ သူ့ရဲ့နှစ်ယောက်ပြိုင် ဇာတ်လမ်း ကို ရှက်သလိုလိုနဲ့ ဘယ်သူ့ကိုမှ ခေါ်မလာတော့တာ။

အိပ်နေလျက်က လှည့်ကြည့်လိုက်တော့ ကျွန်တော့် ကို လှမ်းကြည့်နေတဲ့ မြကျေးကို တွေ့လိုက်ရတယ်။ မမျှော်လင့် ထားဘဲ ရုတ်တရက်မို့ ကျွန်တော့်ရင်တွေ ဒိုင်းခနဲ တုန်သွားတာ ပဲ။ လူအားလုံးရှေ့မှာ မြကျေးကို ကျွန်တော် ကျိတ်စိတ်ဝင်စား နေပါတယ်ဆိုတာ ပေါ်သွားခဲ့ပြီးပြီ။

အဲဒီရဲ့နောက် ဖြူစင်၊ မြကျေး၊ ကျွန်တော်နဲ့ ဒီအုပ်စု ဆုံတွေ့ကြတာမျိုး မရှိသေးဘူးလေ။ ခုပထမဆုံး။ ကျွန် တော် ဘာလုပ်ရမယ်မှန်း မသိဘဲ ထူထူပူပူကြီးဖြစ်ပြီး ဂျာနယ်နဲ့ မျက်နှာကို ပြန်ကွယ်ပြီး ခပ်ငိုက်ငိုက်ကြီး ဖတ်နေလိုက်တယ်။

www.burmeseclassic.com



"ညီမလေး ဘာသောက်မလဲ"

ကိုဂျင်မီကြီးက ချည့်ဝတ်တွေ ကျေနေတယ်။ ကျွန် တော့်ဝပ်ရှော့ဘေးက ဆိုင်မှာတုန်းက မြကျေး ပြောဖူးတဲ့အတွက် မြကျေးဟာ Hot drinks တွေ မကြိုက်ဘူးဆိုတာ ကျွန်တော် အမှတ်ရနေတယ်။

"မသောက်တော့ဘူး"

"သောက်ပါ ... လုပ်ပါ။ ဖြူစင်နဲ့ တူတူပဲ ကပူးချီးနို လေး သောက်ပေါ့"

ပြောပြီး ကိုဂျင်မီကြီးက ဝင်သွားတယ်။ မြကျေးဖို့ ပါ ကပူးချီးနိုးကော်ဖီ လုပ်လာတော့မှာပဲ။ ကျွန်တော်က ဂျာနယ် ချပြီး နောက်ထဲကို လိုက်ဝင်သွားတယ်။ ဟိုးအတွင်းထဲ ကောင်တာနားရပ်ပြီး ...

"မြကျေးက အပူမသောက်ဘူး၊ စထရော်ဘယ်ရီ မစ်လ် ရှိတ်ခ် ပေးလိုက် ကိုဂျင်မီ"

ကိုဂျင်မီကြီးက ကျွန်တော့်ကို တစ်မျိုးကြီးကြည့်ရင်း နောက်ဖက်ထဲကို ပြောင်းပြီးမှာလိုက်တယ်။ ကျွန်တော် ရှေ့ဘ ကို လှမ်းကြည့်လိုက်တော့ မြကျေးဟာ ကျွန်တော်ရှိရာဘက် လည်ပင်းလိမ်ပြီး လှမ်းကြည့်နေတယ်။

"ဖြူစင်တောင် မသိဘဲ မင်းက ဘယ်လိုလုပ် သိနေရ တာလဲ"





ကိုဂျင်မီကိုတော့ ဘာမှအားနာစရာလဲမရှိ၊ မျက်နှာ ပူစရာလည်း မရှိတာမို့ ကျွန်တော်က တစ်ချက်ပြုံးရင်း ...

"ကျွန်တော်က တစ်ခါတည်း ကြားဖူးပေမဲ့ စွဲနေအောင် မှတ်ထားတာကိုး"

"ဝင့်ကြွားပဲ"

ကိုဂျင်မီကြီးကလည်း ဒက်ခနဲနှက်တယ်။ ဖြူစင့် အတွက် ကပူးချီးနိုး၊ မြကျေးအတွက် စထရော်ဘယ်ရီမစ်လ်ခ် ရှိတ်ခ် တင်ထားတဲ့ လင်ပန်းကို ကျွန်တော်ပဲ ရှေ့ကိုသယ်လာခဲ့ ပါတယ်။ ကျွန်တော် သူတို့ရှေ့က မှန်စားပွဲမှာ လင်ပန်းကိုအချ ဖြူစင်က မြကျေးရဲ့ခေါင်းနောက်က လက်ကျော်ပြီး မြကျေးပခုံး တစ်ဖက်ကို လှမ်းဖက်ထားလိုက်တယ်။ ချွေးကောင်။ တမင် ကျွန်တော့်ကို လုပ်နေတာ။

သိတာပေါ့။ ဒီကောင့် မျက်နှာက ပြုံးစိစိ။ မြကျေးက အနေခက်သွားပြီး သူ့ပခုံးလေးကို ကျုံ့ပြီးရုန်းတယ်။ ကျွန်တော် လည်း အဲဒီအနီးနားက ဆိုဖာတစ်ခုမှာပဲ အသာဝင်ထိုင်လိုက်ပါ တယ်။

"ဟော့ကောင် ... မြကျေးက ကပူးချီးနိုးပဲ မှာတာလေ"

မြကျေးက ခေါင်းလေးယမ်းရင်း ...

"မမှာပါဘူး၊ ကိုဂျင်မီကြီး သူ့ဟာသူ ပြောတာ၊ မြကျေးမှ Hot drinks မကြိုက်တာ၊ အေးတာပဲ ကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဟုတ်လား၊ ကိုယ်တောင် မသိဘူး"

"ဘယ်သိမလဲ၊ မှတ်မှမထားပဲ"

မြကျေး အသံက တင်းတင်းလေး။ ဖြူစင်က ပခုံးတွန့်တယ်။ မြကျေးဟာ ဖြူစင် ရှိသော်လည်း ဘယ်လိုမှမနေဘဲ ကျွန်တော့်ကို စေ့စေ့လေးကြည့်ရင်း ...

"ကိုဇာတိ ခုနောက်ပိုင်း လမ်းထဲက ဖြတ်မသွားတော့ဘူးလား"

"အဲ ... ဟုတ်တယ်ဗျ၊ ကျွန်တော် ဟိုဘက်လမ်းက သွားနေတယ်"

ဖြူစင်က ဖျတ်ခနဲ ထ,သွားပါတယ်။ မှန်တံခါးနားသွားပြီး တစ်နေရာကို ဖုန်းလှမ်းနှိပ် စကားပြောနေတယ်။ သိပ်မကြည်တာလား ... ဒါမှမဟုတ် တမင်ကို စကားပြောခွင့် ရကြပစေရယ်လို့ ထားရစ်ခဲ့တာလားတော့ မသိနိုင်ဘူး။

"ဘာလို့ ဟိုဘက်လမ်းက သွားတာလဲ"

"......"

"ဟင် ... လမ်းပိုတိုလို့လား"

"အင်း ... ဟုတ်တယ်"

မြကျေးဟာ အောက်နှုတ်ခမ်းလေးကိုက်ပြီး ကျွန်တော့်ကို ဖြိုးကြည့်နေတယ်။ သူ့ပုံစံက လိုက်ချော့နေတာလိုပဲ။





"ယမင်းတို့ ဝေရီတို့ဆို ကိုဇာတိ အကြောင်း အမြဲပြောနေကြတယ်"

မြကျေးရော။ မေးလိုက်ချင်မိတယ်။ သူလည်းမပါဘာကျနေတာပဲ။ သူလည်း ပါတယ်ဆိုတာ ကျွန်တော်သိတယ်။

"ဘာအကြောင်းလဲ"

"ကိုဇာတိနဲ့ မတွေ့တာ ကြာတဲ့အကြောင်း"

"မြကျေးရော မပြောဘူးလား"

ကျွန်တော့်ပါးစပ်က အလိုအလျောက် ထွက်သွားတယ်။

"ဟင့်အင်း"

သူ ခေါင်းခါငြင်းလိုက်တော့ မဟုတ်နိုင်ဘူး ထင်ပေမဲ့ ကျွန်တော် ဘာဆက်ပြောရမှန်း မသိဘူး။ မြကျေးကသဘောတကျ ရယ်နေရင်း ...

"မြကျေးက ဘယ်ပြောမလဲ ကိုဇာတိရဲ့၊ မြကျေးက ဒီကြားထဲမှာ ကိုဇာတိကို နှစ်ခါတောင်မှ တွေ့သေးတယ်။ ဒီတော့ မတွေ့တာကြာပြီလို့ ပြောစရာ မလိုဘူး"

"ကျွန်တော့်ကို ဘယ်မှာတွေ့တာလဲ"

"ရှင့်ဝပ်ရှော့ပ်မှာပဲ"

"ဟင် ... မြကျေးက လာလို့လား"

"ဝပ်ရှော့ပ်ကိုတော့ ဘယ်လာမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို လာတာလဲ"

"အဲဒီ ဝပ်ရှော့ပ်ခြံရဲ့ အုတ်နံရံကိုမှီပြီး ညနေငါးနာရီ ရင်ဖွင့်တဲ့ ဝက်ခေါင်းသုပ်ဆိုင်လေ၊ အဲဒီကိုလာတာ၊ ဝက် ခေါင်းသုပ် လာလာဝယ်တယ်၊ စောင့်နေရင်းနဲ့ ဝပ်ရှော့ ခြံထဲကို ချောင်းချောင်းကြည့်တယ်။ အမြဲတော့မတွေ့ဘူး နှစ်ခါတွေ့တယ်"

ကျွန်တော် မြကျေး မျက်နှာကို စေ့စေ့ကြည့်နေမိ တယ်။ ရင်ထဲမှာလည်း တစ်မျိုးကြီး လှုပ်ရှားလာတယ်။ ဘာကြောင့် များ ကျွန်တော့်ရင်တွေ သိပ်ခုန်အောင် လုပ်ရတာလဲ မြကျေးရယ်။

"မယုံဘူးလား၊ တစ်ခါမှာ ကိုဇာတိက စပို့ရှပ်အနက်နဲ့ ဆန်နီပစ်ကပ်ကား နီညိုရောင်လေးဘေးမှာရပ်ပြီး အဲဒီကား ပိုင်ရှင်နဲ့တူတဲ့ လူတစ်ယောက်နဲ့ စကားပြောနေတာ"

ဟုတ်တယ်။ အဲဒါ ကိုဇော်မြင့်ကား။ တစ်နေ့သော ညနေစောင်းမှာ ကိုဇော်မြင့် လာတာလည်း မှန်တယ်။ သူ့ကား ဆန်နီပစ်ကပ်အနီလည်း မှန်တယ်။ ကားဘေးရပ်ပြီး ဆယ်မိနစ် မိနစ်နှစ်ဆယ် စကားပြောနေကြတာလည်း မှန်တယ်။ မြကျေး တကယ်လာခဲ့တာပဲ။

"နောက်တစ်ခါက ရှပ်အင်္ကျီဖြူ လည်ကတုံးနဲ့၊ ကိုဇာတိ ရဲ့ကားကိုမောင်းပြီး ခြံဝင်းထဲက ထွက်သွားတယ်၊ ခြံဝင်း အဝနားမှာ မြကျေး ရှိနေတာ ကိုဇာတိ မမြင်ဘူး"





ဒါလည်း မှန်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန် တော်က ရှပ်ဖြူလည်ကတုံး အင်မတန်ဝတ်ခဲ့တဲ့သူ။ စပို့ရှပ်၊ တီရှပ်နဲ့ ဂျင်းသာ အဝတ်များတာ။ အဲဒီညနေက အဖေက သူ့ စီးပွားရေးမိတ်ဆွေအချို့နဲ့ စားတဲ့ ဒင်နာပွဲကို ကျွန်တော့်ကိုပါ ခေါ်တာ။ စီးပွားရေးလောကထဲမှာ အဖေ့သားအဖြစ် မိတ်ဆက် ထားတဲ့ သဘောပေါ့။ အဲဒီပွဲကိုတက်ဖို့ ရှပ်ဖြူလည်ကတုံးဝတ် ပြီး ဝပ်ရှော့ပ်က အဲဒီတစ်ရက် စောပြီးပြန်ခဲ့တယ်။

"ကျွန်တော် မမြင်ရင် မြကျေးက ခေါ်လိုက်ရောပေါ့"

"ဘာလုပ်ဖို့ ခေါ်ရမှာလဲ"

"ဘာရယ်တော့ မဟုတ်ဘူးပေါ့၊ ကျွန်တော် အိမ်ပြန်လိုက် ပို့ပေးမှာပေါ့"

"အိမ်က နီးနီးလေးပါ"

"ဒါပေမဲ့ ကျွန်တော့်ကိုတွေ့မှတော့ လှမ်းခေါ်လိုက်ပေါ့"

"သိဘူးလေ၊ ကိုဇာတိက ကိုယ်ယောင်ဖျောက်နေတာဆို တော့ ကိုယ်က အမိဖမ်းသလိုကြီး လုပ်ရမှာတော့ မလုပ် ချင်ပါဘူး၊ တွေ့ချင်လားမသိ မတွေ့ချင်လားမသိ"

"မတွေ့ချင်ဘူးတော့ ဘယ်ရှိပါ့မလဲ မြကျေးရယ်။ ကိုယ် ယောင်ဖျောက်နေတာလည်း မဟုတ်ပါဘူး၊ အလုပ်တွေ နည်းနည်းရှုပ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီဒါရိုက်တာကြီး ဆိုတော့လေ ... အဟင်းဟင်း"

ကျွန်တော်လည်း လိုက်ရယ်မိရင်း ...

"ခုတော့ ဝပ်ရှော့ပ်ဆရာပဲ ဖြစ်နေပြီ"

"ကြားပါတယ်နော်၊ ကိုအောင်လေး ပြောပြတယ်၊ ကိုဇာတိရဲ့အဖေက ကိုဇာတိကို ဒါရိုက်တာမခန့်ဘူးတဲ့"

မြကျေး စကားအဆုံး ကျွန်တော်တို့နှစ်ယောက်စလုံး မအောင့်နိုင်ဘဲ စိတ်တူသဘောတူ အသံထွက် ရယ်ချလိုက်မိကြတယ်။ ဖုန်းပြောနေတဲ့ ဖြူစင် ဖုန်းပိတ်ပြီး ကျွန်တော်တို့အနား ပြန်ရောက်လာရင်း ကျွန်တော်နဲ့ မြကျေးကို တစ်လှည့်စီအကဲခတ်ရင်း ...

"ဘာတွေ သဘောကျနေကြတာလဲ"

"ကိုဇာတိပေါ့၊ သူ့ကိုယ်သူ ကုမ္ပဏီဒါရိုက်တာ ဆိုပြီး နောက်ဆုံးတော့ ဝပ်ရှော့ပ်ဆရာ ဖြစ်နေတာကို ရယ်တာ"

ကာယကံရှင် ကျွန်တော်က ဘာမှမပြောဘဲ ရယ်နေနိုင်သော်လည်း ဖြူစင်က မျက်နှာနည်းနည်း ပျက်သွားပါတယ်။ ဖြူစင်ကလည်း ကုမ္ပဏီမှာ ဒါရိုက်တာရယ်လို့ မြကျေးကို အသိပေးထားတာ မဟုတ်လား။ တကယ်တော့ သူလည်း ဝေလေလေပဲ။ သူ့အဖေကုမ္ပဏီမှာ ဟိုယောင်ယောင် ဒီယောင်ယောင်ပေါ့။ ဒါပေမဲ့ ဒါရိုက်တာက တစ်ပြားမှ မလျှော့တဲ့ကောင်။





ကျွန်တော်နဲ့ မြကျေး မကြာမကြာ တွေ့ကြတယ်လို့လည်း အသံမကြားဘဲနဲ့ ခုလို တရင်းတနှီး ရှိနေတာကို ဖြူစင် ခဉ်းစားရ ခက်နေပုံရတယ်။

"ခဏနေရင် ကိုယ် အလုပ်တစ်ခု ပေါ်လာတယ်၊ သွားရတော့မယ် သိလား၊ မြကျေးကို ပြန်ပို့ခဲ့မလား၊ ဒီမှာနေခဲ့မလား"

မြကျေး ဖြူစင့်ကို ဖျတ်ခနဲ ကြည့်တယ်။ အကြည့်ဘာ အေးစက်ပြီး မှုန်နေတယ်။

"ကိုနဲ့ လိုက်ခဲ့မယ်"

ကို ... တဲ့။ ကျွန်တော့် ရင်ထဲမှာ ဆွေးသွားတယ်။ မ်းနည်းပြီး ခေါင်းငုံ့ထားမိတယ်။

"လိုက်လို့မရဘူး မြကျေးရဲ့"

"မနက်ကတော့ အလုပ်ရှိတာ မပြောပါဘူး"

"ခုမှ ပေါ်လာတာပါဆို"

"ဘာအလုပ်လဲ"

"ကုမ္ပဏီက အလုပ်ပေါ့ မြကျေးရာ၊ မပြန်ချင်သေးရင် နေခဲ့၊ ပြန်ချင်တဲ့အချိန်ကျမှ ဇာတိကိုဖြစ်ဖြစ် ပို့ခိုင်းလိုက်"

ဒီကောင် ဘာလုပ်တာလဲ။ ဘာစကားလဲ။ ကျွန်တော် ဖြူစင့်ကို စိတ်တိုတိုနဲ့ မော့ကြည့်လိုက်ရင်း ထိုင်ရာက ထ,ထွက် လာခဲ့တယ်။ ဒီကောင် လုပ်နေပုံက ကျွန်တော့်ကို ငယ်ငယ်တုန်း



www.burmeseclassic.com

www.burmeseclassic.com



က ကစားကြတဲ့အခါ အရေးမပါတဲ့ ကလေးငယ်တွေကို ထမင်းဂိုး ဘင်းဂိုး လုပ်ထားသလိုပဲ။ ဝင်တော့ပါခိုင်းထားတယ်။ သူ့ရည်ရွယ်ချက်ကို မယူဘူး။ ဖြူစင် လုပ်ပုံဟာ ကျွန်တော့်ကို အောက်စေတယ်။

ဘာမှမကြာဘူး၊ ဖြူစင် လိုက်ဝင်လာတယ်။ ကျွန်တော်က အတွင်းဘက်က ကောင်တာမှာ ခုံမြင့်နဲ့ သွားထိုင်နေတယ်။ ဖြူစင် ဘေးခုံကို ရောက်လာပြီးထိုင်ရင်း …

"ပြန်ပို့လိုက်စမ်းပါကွာ၊ သိလား"

"ဟော့ကောင် ဖြူစင်၊ မင်း ငါ့ကို ဘာကောင်များမှတ်နေလဲ၊ မင်းက လိုက်ပို့လို့ ပြောလိုက်ရင် အမြီးလေးနန့်ပြီး ပျော်နေမယ်များ ထင်နေလား၊ ကိုယ့်ကိစ္စ ကိုယ်ရှင်းကြ၊ ငါ့ကို လာဆွဲမထည့်နဲ့"

"မင်းကလည်း တစ်မျိုးကွာ၊ ဟိုမှာ အတင်းပဲ ငါ့နောက်လိုက်မယ် လုပ်နေရတဲ့ ကြားထဲ"

"ခေါ်သွားလိုက်ပေါ့၊ မင်းပဲ ခေါ်လာတာပဲလေ၊ မင်းရုံးမှာ အလုပ်ရှိရင် မင်းအခန်းစားပွဲမှာ သူ့ပါထိုင်ခိုင်းထား၊ အပြင်သွားရမဲ့ အလုပ်ဆိုရင်လည်း ကားပေါ်တင်ပြီး တောက်လျှောက်သာ လျှောက်ခေါ်သွားပေတော့"

"မရလို့ပေါ့ကွ"

"ဒါဆိုရင်တော့ အလုပ်ကိစ္စကို မဖြစ်နိုင်ဘူး"





"ကျွတ် … မင်းကလွဲလို့ တခြားလူနဲ့ လိုက်ပို့ခိုင်းရင် သူက ပြန်မှာမဟုတ်ဘူးကွ"

"ဒီတော့ မင်းပဲပို့လိုက်တော့"

"ဇွတ်တိ … မင်းကို ငါ အကူအညီတောင်းတာလေကွာ"

"ငါပဲရှိလား ဟော့ကောင်။ ဟိုမှာ ဝေယံ၊ နေစိုး၊ ကြည်လွင်"

"သူတို့နဲ့ ဘယ်လိုပြန်မှာလဲကွ၊ မင်းကိုပဲ ခင်တာပါဆို၊ ငါ တကယ်ပြောနေတာ၊ သူက ဘာကြောင့်မှန်းကို မသိ မင်းကို သိပ်ခင်တတ်ကျတာ"

"ကျကျကွာ၊ မင်းကိစ္စ မင်းရှင်း"

"ငါက ခုချက်ချင်းပဲ အရေးကြီးကိစ္စနဲ့ ထွက်ရတော့မှာကွ ဇာတိရ"

"ထွက်ပေါ့၊ ပြီးရင် မင်းအပြတ်စိစဉ်ပြီး ရှင်းသွား၊ ငါတော့ လုံးဝလိုက်မပို့နိုင်ဘူး၊ မင်း မပို့ရင် သူ့ဟာသူပြန်၊ မင်းပို့ရင်ပို့၊ ဒါပဲ၊ ငါပြန်ပို့ဖို့ဆိုတာ စိတ်ကူးထည့်မထားနဲ့"

ကျွန်တော့်စကားလည်းဆုံး နောက်ဘက်ကလည်း အရိပ်အရွေ့လေး တွေ့လိုက်ရတာမို့ ဖျတ်ခနဲ ကျွန်တော်လှည့်ကြည့်တော့ ကောင်တာဘက် လှည့်ထိုင်နေတဲ့ ကျွန်တော်တို့နှစ်ယောက်နောက်မှာ မြကျေး ရောက်နေတယ်။

"ရတယ်လေ၊ ကိုလည်းသွားတော့၊ မြကျေးလည်းသွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခပြုံးမရယ် မျက်နှာကလေးနဲ့ မြကျေးက ပြောတယ်။ ကျွန်တော်သာ မျက်နှာတွေ ပူထူအမ်းသွားရပေမဲ့ ဖြူစင်ကတော့ ဘာမှမဖြစ်ဘူး။

"ဒါဖြင့် ခုပဲ ထွက်ကြမလား၊ ကိုက နောဏ်တောင်ကျ တော့မယ်"

ဖြူစင်က နည်းနည်းကလေးတောင်မှ မြကျေးကို အားမနာဘူးဗျာ။ လက်ခုပ်ထဲကရေ မှောက်လိုမှောက် လှန်လိုလှန် ဆိုတာ ဒီအချိုးမျိုးပဲ။

"နက်ဖြန်ညကို ကို တကယ်သွားမှာလား"

"သွားမှ ဖြစ်မှာ မြကျေးရဲ့၊ ဒီလူက အတင်းခေါ်နေတာ"

"သွားရင် မြကျေး လိုက်မယ်၊ လိုက်မှာ"

"ဖြစ်ပါ့မလား မြကျေးကလည်း"

"ဘာလို့ မဖြစ်ရမှာလဲ"

ခပ်မှုန်မှုန် ဖြစ်နေတဲ့ ဓွတ်တရွတ် ခေါင်းမာမာ မျက်နှာကလေးဟာ ကျွန်တော့်ဘက် တစ်ချက်လှည့်ပြုံးပြီး ...

"ပြန်တော့မယ်"

ခပ်တိုတိုပဲ နှုတ်ဆက်ကျောခိုင်းသွားတယ်။ ဆိုင်ပြင်ရောက်တော့ ဖြူစင်က သူ့ကားထဲဝင်၊ မြကျေးက ကားဘေးကပဲ ရပ်နှုတ်ဆက်နေတယ်။ ကျွန်တော် စိတ်တွေတအားတိုလာ





တယ်။ ကြည့်နေတုန်းပဲ ဖြူစင်ဟာ ကားကို မောင်းထွက်သွားတော့တယ်။ ကိုယ့်ရည်းစားကို ဒီလိုပဲ ထားခဲ့ရက်တယ်ဗျာ။ အနည်းဆုံး သိပ်အရေးကြီးနေရင်တောင် ကားဂိတ်မှာ ချပေးခဲ့တာတို့ ကားငှားပြီး တင်ပေးလိုက်တာတို့ မလုပ်သင့်ဘူးလား။

ဖြူစင် လုပ်ပုံကို ကျွန်တော် သိတယ်။ မင်းဟာမင်း ဓွတ်လိုက်လာတာလေ မတတ်နိုင်ဘူး ဆိုတဲ့ သဘော။ ဒါဟာ ဖြူစင် ငြိငွေ့လာတဲ့ ကောင်မလေးတွေကို လွှန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက အကြိမ်ကြိမ် ချိုးခဲ့ဖူးတဲ့အချိုး။ ဒီလိုမကျန်ရစ်ချင်ရင် နောက်ကို တကောက်ကောက် ကပ်မလိုက်နဲ့ဆိုတဲ့ တင်တင်စီးစီးအကြော။

တောက်။

သူငယ်ချင်းမို့ပဲဗျာ။ မိန်းကလေးတစ်ယောက်ကို နိုင့်ထက်စီးနင်း ဆန်လွန်းတယ်။ ပါးချည်းပိတ်ပိတ်ရိုက်ပစ်ချင်တယ်။ အရင်ကတည်းက ဒီကောင့်အကျင့်တွေ အချိုးတွေက ဒီတိုင်းပဲ။ ခုမှသာ ခံနေရတဲ့သူက ကျွန်တော့်နှလုံးသည်းအူဖြစ်နေလို့။ ရက်စက်တယ်ဗျာ။ မိုးကလည်း တဖွဲဖွဲကျနေပြီ၊ ကျွန်တော် ဆက်ထိုင်နေရတာ အပြစ်ရှိသလို ခံစားလာရတယ်။ ဒါကြောင့် ကြာကြာဆက်ဟန်မဆောင်နိုင်ဘဲ ကားသော့ကောက်ယူပြီး ကိုဂျင်မီနဲ့ ဝေယံကို နှုတ်ဆက်ထွက်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မေယံကတော့ သူဖုန်းပြောနေတုန်း ဖြူစင် ထွက်သွားလိုက်၊ ကျွန်တော် ထွက်သွားလိုက် ထွက်သွားကြတာကို နားမလည်လိုက်ဘဲ ပခုံးတွန့် မေးဆတ် လက်ဖြန့်ပြီး ဘယ်လဲဘာလဲ မေးရင်း ဖုန်းပြောရင်းပဲ ကျန်ရစ်ခဲ့တယ်။ ကိုဂျင်မီကတော့ သဘောပေါက်သလို သက်ပြင်းတစ်ရှိုက်နဲ့ ကျန်ခဲ့တာ။

မြကျေး လမ်းလျှောက်ထွက်သွားတဲ့ဘက်ဟာ ကျွန်တော့်ကား ရပ်ထားတဲ့ဘက်ပဲ။ ကျွန်တော် ဆိုင်ပြင်ရောက်တော့ မြကျေးဟာ ခပ်လှမ်းလှမ်းမှာ ထီးဝါဝါလေးဆောင်းပြီး ကျောခိုင်းသွားနေတယ်။ ခေါင်းလေးငုံ့ပြီး မိုးသက်လေမှာ ဆံပင်လေးတွေ လွင့်လို့။ တကယ်လုပ်ချင်တာသာ လုပ်ရမယ်ဆိုရင် နောက်ကနေ ပြေးကျုံးပွေ့ပြီး ကားပေါ်တင်ပြီး ဟိုးအဝေးကြီးကို တဆုံးမောင်းထွက်သွားချင်တာ။

ခုတော့ နောက်ကနေ ခြေလှမ်းကျဲကျဲနဲ့ လျှောက်လိုက်သွားလိုက်တယ်။ မိုးဖွဲဟာ စက္ကန့်ပိုင်းအတွင်း ခပ်စိတ်စိတ်ကျလာတယ်။ ကျွန်တော် မြကျေးနဲ့ အတော်နီးကပ်မှ ...

"မြကျေး"

ချာခနဲ လှည့်ကြည့်လိုက်တဲ့ မျက်လုံးလေးရယ်၊ အပြုံးလေးရယ်ဟာ အံ့သြဖို့ ကောင်းတယ်။ ကျွန်တော် လိုက်လာလိမ့်မယ်လို့ ကြိုတင်မျှော်လင့်ထားပြီးသားရယ်။

"ကားပေါ်တက်၊ ကျွန်တော့်ကား ဟိုမှာ"





"လုံးဝမပို့နိုင်ဘူးဆို"

စကားနာထိုးတာ မဟုတ်ဘဲ သူ နောက်နေတာပါ။

"မိုးရွာနေတယ်"

"ထီးပါသားပဲ"

"ကျွန်တော့်မှာ ထီးမပါဘူး"

"ဘာလို့ လိုက်လာသေးလဲ၊ ဆံပင်တွေတောင် ရွှဲကုန်ပြီ"

ထီးရောင်ဟပ်နေတဲ့ မြကျေး မျက်နှာကလေးဟာ ဝင်းဝါနေတယ်။ ကျွန်တော်က "လာ"လို့ တစ်လုံးတည်းပဲ ထပ်ခေါ်လိုက်တဲ့နောက်ကို အသာတကြည် ပါလာပါတယ်။ ကားပေါ်ရောက်တော့ မြကျေးဟာ ခုံပေါ်မှာ မှီလျှောလျှောလေး ထိုင်ရင်း အသံခပ်တိုးတိုးလေးနဲ့ တတွတ်တွတ် စကားတွေပြောတော့တယ်။

"သူ အလုပ်ရှိတာ မဟုတ်ပါဘူး၊ မြကျေး သိသားပဲ၊ မနက်ကတည်းက သိတယ်၊ မြကျေးတို့နားမှာ Breakfast လာစားတဲ့ခဏပဲ မြကျေးနဲ့တွေ့ဖို့ စီစဉ်ထားတာ၊ အပြန်ကို မြကျေးက မသက်သာလို့ တမင်လိုက်မယ်လုပ်လို့ လမ်းလွှဲပြီး ဒီကိုခေါ်လာတာ သိသားပဲ၊ မြကျေးသာမပါရင် ဦးဂျင်မီဆိုင် မဝင်တော့ဘဲ သူချိန်းထားတဲ့ဆီကို တန်းသွားမှာ ..."

နည်းနည်းလေးပဲ စိတ်အနှောင့်အယှက် ပေးရပေးရဆိုပြီး ခွတ်လိုက်လာပေမဲ့ တကယ်တမ်းကျတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မနှောင့်ယှက်ချင်တော့ပါဘူးလေ၊ နှစ်ဦးနှစ်ဖက် စိတ်ပင်ပန်းပါတယ် ကိုဇာတိရယ် … နော်၊ တကယ်တော့ ခံချင်တဲ့စိတ်ကြောင့်ပါ …

တကယ်တော့လည်း သူနဲ့ မြကျေးဟာ မအပ်စပ်ဘူးဆိုတာ တဖြည်းဖြည်း မြကျေး သိလာပါပြီ။ မြကျေးလိုချင်တာက ရိုးရိုးစင်းစင်း သစ္စာရှိရှိကလေး အပြန်အလှန်ချစ်ရမဲ့သူမျိုးပါ”

ငုံကြည့်တဲ့ မြကျေး မျက်လုံးလေးဟာ မျှော်လင့်ရှုတစ်ခုနဲ့ နွမ်းလျရီဝေနေတယ်။

“နက်ဖြန်ည လိုက်မယ်ဆိုတာ ဘယ်ကိုလဲ”

ကျွန်တော် သိချင်နေတာကို တန်းမေးလိုက်တယ်။

“သူ နိုက်ကလပ်သွားမှာ၊ တားမရလို့ ဖွတ်လိုက်ခဲ့မယ်လုပ်နေတာ”

ကျွန်တော် သက်ပြင်းတစ်ချက် ရင်မောမောနဲ့ချလိုက်မိတယ်။

❦ ⟶ ❦





## ❋ ၁၂ ❋

ကျော့ကျော့တို့အိမ်က ဝါဆိုသင်္ကန်းကပ်တဲ့ အလှူကို အောင်လေးက ကျွန်တော့်ကို အဖော်ခေါ်ပါတယ်။ ကျွန်တော်ကလည်း မြကျေးတို့အုပ်စုကို တွေ့ရင်တွေ့ရမှာဆိုတဲ့ မျှော်လင့်ချက်ကြောင့် လိုက်သွားတယ်။ ဟိုးတစ်ခေါက်က ဖြူစင်ထားရစ်ခဲ့တဲ့ မြကျေးကို ကျောင်းပြန်လိုက်ပို့ပြီးတဲ့နောက် မြကျေးကို ကျွန်တော် မတွေ့ဖြစ်ပြန်ဘူးလေ။

အဲဒီနေ့က မျက်ရည်လည်တဲ့ နာကျင်တဲ့ မျက်လုံးလေးတွေနဲ့ ကျွန်တော့်ကို မကြာ မကြာ ငုံငုံကြည့်ပြီး ရင်ဖွင့်စကားတွေပြောတဲ့ မြကျေးကို ကျွန်တော် သနားပြီး ရင်ထဲမှာ နာကျင်လှတဲ့အတွက် မျက်နှာလွှဲလွှဲထားတယ်။ ကိုယ်ချစ်တဲ့သူ အသာစံနေရတာကို မြင်ခွင့်မရရင် အနာစံနေရတာကိုလည်း မမြင်ချင်တော့ဘူးဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်တော် မြကျေးကို ဆက်ရှောင်နေခဲ့တယ်။ ဘာကြောင့် ကျွန်တော့်ကို အိတ်သွန်ဖာမှောက် ရင်တွေဖွင့်ရတာလဲဆိုတာလည်း စဉ်းစားမရဘူး။ ကျွန်တော်နဲ့သူ လူရင်းကြီးတွေမှ မဟုတ်ဘဲ။ ကျွန်တော့်ဘက်ကတော့ ရင်ထဲက ရင်းရာလှပါတယ်။

သူ့ဘက်က ကြည့်ရင်တော့ လက်ချိုးရေတွက်လို့ရတဲ့ အကြိမ်အခေါက်လောက်ပဲ ဆုံတွေ့ရတဲ့ ယောကျာ်းတစ်ယောက်ပါ။

သူရင်ဖွင့်တာတွေကြားပြီး ဖြူစင့်ကိုလည်း မေတ္တာပိုပိုပျက်မလာချင်ဘူး။ ဖြူစင်ဟာ သူ့ဟာနဲ့သူ မိန်းကလေးကိုရှုပ်ပေမဲ့ သူငယ်ချင်းတစ်ယောက် အနေနဲ့ တခြားပြဿနာဘာမှမရှိတဲ့ သူငယ်ချင်းကောင်းပဲလေ။ ခုမှသာ မြကျေးကို ကျွန်တော်ရင်နဲ့အမျှ ချစ်မိလို့ ဖြူစင့်ကို အမြင်တွေကတ် မုန်းတီးဖြစ်လာတာ။ ဒါမျိုးတွေ လိုတာထက် ပိုမဖြစ်ချင်ဘူး။

ဖြူစင်တောင် ခုတလော ကျွန်တော်တို့အုပ်စုနဲ့သိပ်မဆုံပါဘူး။ သူ့အဖေကုမ္ပဏီမှာ တကယ်ရုံးထိုင်နေပြီ ပြောတယ်။ မတွေ့ဖြစ်ဘူး။ မြကျေးကိုလည်း ဖြူစင့်ကို အကြောင်းပြု၍ သို့မဟုတ် ဖြူစင် မသိဘဲ ကျွန်တော် သွားမတွေ့လိုတဲ့အတွက် သူတို့အိမ်နားကိုပါ ဆက်လက်ကွင်းရှောင်နေတာ။





ဒီနေ့ ကျော့ကျော့ အိမ်မှာ တွေ့ခွင့်ရမယ်ဆိုရင်တော့ ဒီတွေ့ပုံတွေ့နည်းက တရားဝင်တယ် ဣန္ဒြေရတယ်လေ။ ဒါကြောင့် ကျွန်တော် အောင်လေးနဲ့ လိုက်ခဲ့တာ။ ဒါပေမဲ့ မြကျေးကို မတွေ့ရပါဘူး။ ဝေရီပဲ အမျိုးမို့လာတယ်။

"သူတို့ကို ခေါ်တယ်၊ ယမင်းကတော့ နည်းနည်းနေမကောင်းတာ၊ ဖျားနေတယ်၊ မြကျေးကလည်း မလိုက်ချင်ဘူး ဆိုတာနဲ့ ကြယ်စင်ပါ လိုက်မလာတော့တာ၊ ပြောရရင်တော့ မြကျေးလည်း သိပ်နေမကောင်းပါဘူး"

"ဘာတွေဖြစ်နေကြတာလဲ"

"ယမင်းကတော့ မိုးမိပြီး အအေးမိ ဖျားနေတာ၊ မြကျေးက ဖျားတာမဟုတ်ဘူး၊ ခေါင်းမူးလိုက် ဗိုက်အောင့်လိုက် မအီမသာဖြစ်လိုက်နဲ့ ဘာမှန်းကို မသိဘူး၊ နေမကောင်းတာတော့ အမှန်ပဲ၊ စိတ်ညစ်တာလည်း ပါမှာ"

"ဘာကိုစိတ်ညစ်နေလို့လဲ ဝေရီ"

"ဝေရီတို့တက်တဲ့ အပြင် English သင်တန်းတစ်ခုရှိတယ်၊ အဲဒီမှာလည်း Test တွေ မြကျေး ခုတလော ကျကျနေတာ၊ မြကျေးက စာတော်တယ် ကိုဇာတိရဲ့၊ ဘယ်လိုဖြစ်ပြီး Test တွေကျနေလည်းမသိဘူး၊ သူ့အမေကလည်း ဆရာမဆိုတော့ ကျောင်းမှာရော သင်တန်းမှာရော ရှိသမျှ ဖြေရသမျှ Test တွေကို Copy လုပ်ပြီး လှမ်းပို့ရတာ၊ အမှတ်



www.burmeseclassic.com

www.burmeseclassic.com



နည်းရင် လှမ်းဆူတာပေါ့၊ ခုတော့ ကျနေတော့ သူ့အမေ
လည်း တအားဆူဆဲနေတာ သူခံနေရတယ်၊ သူ့အမေက
ပိုက်ဆံပို့တာတောင် လျှော့ချပြီး ဖြတ်ထားတာ၊ သုံးလောက်
ရုံပဲပို့ပြီး ဒဏ်ပေးတာ၊ သူ အဲဒါလည်း စိတ်ညစ်တာ”

“တော်ပြီးတော့ ဘာလို့ကျရတာလဲ”

“မြကျေးက နည်းနည်းစိတ်လေနေတယ်၊ ဒါ ဝေရီထင်
တာပါ ကိုဇာတိရယ်၊ ရည်းစားမထားစဖူး ကောက်ထား
လိုက်မိတာ မှားယွင်းတဲ့သူကို ရွေးမိရက်သား ဖြစ်နေတယ်
လေ၊ မြကျေးက သူ့ကိုယ်သူလည်း အထင်ကြီးတော့ သူ
လုပ်သမျှ အမှားဆိုတာ မရှိဘူးလို့ ယုံကြည်ချက်ထားတာ
အခု သူမှားတဲ့ အမှားအတွက် စိတ်ဓာတ်တွေ ကျနေတာ
ပေါ့ ...

တကယ်တော့ မြကျေးက ကိုဖြူစင့်ကို လက်ခံလိုက်
တာ စိတ်လှုပ်ရှားမှု စွဲလမ်းမှုလေးနဲ့တင် လက်ခံလိုက်တာ
တကယ့်အချစ် မဟုတ်ပါဘူး”

“မြကျေးက ဖြူစင့်ကို ချစ်ပါတယ် ဝေရီရယ်”

“ဟင့်အင်း ... စွဲလမ်းတပ်မက်မှုပဲ၊ ဒါ ယမင်းတို့ ကြယ်စင်
တို့နဲ့လည်း ဝေရီ့အမြင်ချင်း တူတူပဲ၊ ကိုဖြူစင်က မင်းသား
တစ်ပါးလို စိတ်ကူးယဉ်ချင်စရာ စွဲလမ်းတပ်မက်ချင်စရာ
ဖြစ်နေတာကိုး၊ အတွေ့အကြုံမရှိတဲ့ အရိုင်း မိန်းကလေး





တစ်ယောက်အဖို့ ကိုဖြူစင်ရဲ့ ပညာသားပါတဲ့ အကြည့်
တွေ စကားတွေ လိုက်လျောရှုံးသွပ်ပြမှုတွေရဲ့ ကြားထဲမှာ
အလူးအလဲဖြစ်ပြီး ငြင်းဖို့ အင်အားကိုမရှိ ဖြစ်သွားတာ”

“ဒါပေမဲ့ သူ ဖြူစင့်အတွက် အမြဲခံစား ပူလောင်နေတာ
ပဲ”

“အဲဒီခံစားပူလောင်နေတာကိုက အချစ်ကိုမဟုတ်တာ”

“ကဲ ... ကဲ၊ အချစ်အဘိဓမ္မာဂုရုကြီး၊ အစားအရင်စားဦး၊
ဟိုမှာ ကိုဇာတိလည်း မစားရဘူး”

ကျော့ကျော့က ကြားကဝင်ဖျက်ပေမဲ့ ကျွန်တော်ဘာမှ
စားချင်ဘဲ ဝေရီ့စကားတွေပဲ ဆက်နားထောင်ချင်တယ်။ မြကျေး
ဟာ ဖြူစင့်ကို တကယ်ချစ်မိတာ မဟုတ်ဘူး၊ တံလျှပ်ကိုရေထင်
သလို သူခံစားရတဲ့အရာကို အချစ်လို့ ထင်ခဲ့တာဆိုတဲ့ စကားမျိုး
ဟာ ကျွန်တော့်ရင်ကို သိပ်ကိုကြည်နူးနှစ်သိမ့်စေတာပဲ။ ဟုတ်သော်
ရှိ မဟုတ်သော်ရှိ မျှော်လင့်ချက်တွေ တိုးပွားစေတယ်။

“ကိုဇာတိ စဉ်းစားကြည့်ပေါ့၊ အချစ်ဆိုတာဟာ ကိုယ့်ကို
ငြိမ်းချမ်းအေးမြစေရမှာပေါ့၊ ကိုယ့်စိတ်ကို ချမ်းသာစေရ
မှာပေါ့၊ မြကျေးကလေ ...”

“ဒေါ်ဝေရီ ...”

ကျော့ကျော့ကြောင့် ဝေရီက စကားတုံ့ပြီး သူ့အစ်မ
ကို လှည့်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းမထူးဘဲနဲ့တော့ နင် ကိုဇာတိကို ဝေဒနာတွေ တိုးအောင် မျှော်လင့်ချက်တွေ ပေးမနေနဲ့"

ကျွန်တော့်ရင်တွေ လှုပ်ရှားသွားရတယ်။ ဝေရီပြောခဲ့စကားကို ကျော့ကျော့လည်း ကြိုသိပြီးသား ဖြစ်နေတယ်။

"အကြောင်းထူးရင် ထူးမှာပေါ့၊ မမကျော့ကလည်း"

"သေချာလို့လား ဝေရီရယ်၊ အခုကိုပဲ နင့်မြကျေးက ကိုဖြူစင် ရောင်နေတာနဲ့တင် အလူးအလဲ ခံစားနေရတာ မဟုတ်ဘူးလား"

"ကိုဖြူစင် ရောင်နေလို့ အလူးအလဲ ခံစားနေရတာထက် ကိုဖြူစင်ကို ရွေးချယ်ခဲ့မိတာ မှားလေခြင်း၊ ဘယ်သူ့ကို တော့ မရွေးချယ်မိတာ မှားလေခြင်း ဆိုတဲ့ ယူကျုံးမရမှုမျိုး ခံစားနေရတာလို့ပဲ ဝေရီ ထင်တာပဲ၊ ယမင်းလည်း ဒီအတိုင်းထင်တယ်၊ ကိုဖြူစင် သူ့ကို ရောင်တယ်ဆိုတာ ဆန်းတဲ့ကိစ္စမှ မဟုတ်တာ၊ စ,ကြိုက်ပြီး မကြာဘူး ဒီလိုပဲ ရောင်ရောင်နေတတ်ခဲ့တာပဲ၊ မြကျေး ခုလို မခံစားခဲ့ပါဘူး"

ကျွန်တော့်မှာ လုံးစေ့ပတ်စေ့ နားမလည်တဲ့အတွက် ကျော့ကျော့ကို ကြည့်လိုက် ဝေရီ့ကို ကြည့်လိုက်နဲ့ စိတ်တွေလည်း လှုပ်ရှားယောက်ယက်ခတ်ပြီး ရင်တွေခုန်နေခဲ့ပါတယ်။

"နင့်ဟာက သေချာလို့လားဟယ်"





"သြော် ... မမကျော့ကလည်း မြကျေးက ဝေရီ့ကို နှုတ်ကကို ဖွင့်ပြောခဲ့တာ"

"ဘယ်တုန်းကလဲ"

"ကြာလှပြီ၊ သူတို့ ရုပ်ရှင်သွားကြည့်ကြတယ် ဆိုတဲ့နေ့ကတည်းက"

"ဘာတွေလဲ ... ဘာတွေလဲ၊ ပွင့်ပွင့်လင်းလင်း လုပ်ရင်လည်းလုပ်၊ ဒီမှာ ဒီကောင့်လည်ပင်းက ဟိုဘက်လိမ်လိုက်ရ၊ ဒီဘက်စောင်းလိုက်ရနဲ့ ကြာရင် ဇက်ကျိုးတော့မယ်၊ အရမ်းကို စိတ်ဝင်စားနေတယ်"

အောင်လေးက အရွှန်းဝင်ဖောက်တဲ့အခါ ကျော့ကျော့က ကျွန်တော့်ကို စေ့စေ့ကြည့်တယ်။ ကျွန်တော့်မျက်နှာပေါ်က စိတ်လှုပ်ရှား ထက်သန်ခြင်း အရိပ်အယောင်မြင်တော့ ချက်ချင်းဆုံးဖြတ်ချက် ချလိုက်သလိုနဲ့ ...

"ရှင် သိပ်တော့ မျှော်လင့်တကြီးတွေ မဖြစ်မိစေနဲ့ ကိုဇာတိရယ်၊ ဒါ ဒီကလေးတွေ ထင်မြင်ယူဆချက်ပဲ"

"ဘာကိုလဲ ကျော့ကျော့"

"မြကျေး တကယ်ချစ်တာဟာ 'ရှင်'လို့ သူတို့က အဆိုတင်သွင်း ယူဆလာကြတယ်"

ကျွန်တော့်ရင်ထဲ ပြည့်နင့်သွားတယ်။ ဘာမှမပြောနိုင်ဘူး။ ခုမှ တကယ်ဇက်ကျိုးကျသွားတယ်။ ကျွန်တော်ယုံတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ သိလား။ ကျွန်တော်လည်း အဲသလို မရဲတရဲ ထင်နေမိလို့။ မြကျေးရဲ့ အကြည့်တွေ စကားတွေဟာ သံယောဇဉ်တွေ အပုံလိုက် အပင်လိုက် ပြည့်ကျပ်ထူထဲပြီး ရစ်ပတ်နေတယ်။ ဝေရီ ထင်သလောက် မဟုတ်ရင်တောင် မြကျေး ကျွန်တော့်ကို သနားကရုဏာသက်ရာက တဖြည်းဖြည်း ရင့်သန်တဲ့ သံယောဇဉ်တွေ အပြည့်ထားရှိတယ်လို့ ကျွန်တော် ယုံကြည်တယ်။

ဒါပေမဲ့ တကယ်မဖြစ်လာမှာ အထင်လွဲမှားတာဖြစ်မှာ ရှက်လို့ ကြောက်လို့ ထောက်ခံစကားတော့ မပြောရဲပါဘူး။

"ဟုတ်တယ်၊ ကိုဇာတိနဲ့ မြကျေး ရုပ်ရှင်သွားကြည့်တဲ့နေ့က သူ ဝေရီ့ကို အားလုံး ဖွင့်ပြောပြတယ်၊ အခွင့်အရေး ယူတတ်တဲ့ ယောက်ျားနဲ့ အခွင့်အရေး မယူတတ်တဲ့ ယောက်ျားဆိုတာ ဘယ်လိုမျိုးအချက်တွေ ဆိုတာ ခွဲခြားပြောပြရင်း မိန်းမတွေ တကယ်ကြည်ညိုမြတ်နိုးသင့်တာ၊ မိန်းမတွေ ရင်ထဲမှာ တကယ် နေရာပေးမိတာဟာ၊ အခွင့်အရေးမယူတတ်တဲ့ ယောက်ျားပီသတဲ့ ချင့်လွှတ်နားလည်တတ်တဲ့ ယောက်ျားကိုပဲ ဆိုတာ သူ တကယ့်ကို ခံစားပြီး ပြောပြတယ် ..."

ကိုဇာတိဟာ သူ့ကိုချစ်တယ်ဆိုတာ အမူအရာနဲ့လည်း မပြဘူး၊ စကားနဲ့လည်း မပြဘူး၊ ဘာနဲ့မှ ထင်ရှားအောင် မပြဘူးတဲ့၊ ဒါပေမဲ့ ရှင့်ရင်ထဲက အချစ်တွေဟာ





ရှင့်ရဲ့ရင်ကို ဖောက်ထွက်ပြီး ရှင့်နံဘေးမှာ အရောင်အဝါတစ်မျိုး ဖြာနေတာကို သူ့အသည်းနှလုံးထဲက ခံစားနိုင်တယ်တဲ့"

ကျွန်တော် အရမ်းဝမ်းနည်းသွားတယ်၊ ဝမ်းလည်းသာပါတယ်။ ဝမ်းသာဝမ်းနည်းဆိုတဲ့ ခံစားချက်ဟာ ဆွေးမြည့်ဖို့ တကယ်ကောင်းတာပဲ။

"နင်က အပြောကောင်းကောင်းနဲ့၊ ငါတို့ ကိုဇာတိ မျက်ရည်ပေါက်ပေါက်ကျတော့မယ် ထင်တယ်"

ကျော့ကျော့က အကဲခတ်ရင်း ဝင်ပြောတာ။

"မြကျေးဟာ ကိုဇာတိအကြောင်း ပြောနေရင် မျက်နှာလေး ကဝင်းကြည်ပြီး ကြည်နူးပီတိကို ဖြစ်နေတာ။ သူ တကယ်ပိုပြောဖြစ်တာလည်း ကိုဇာတိ အကြောင်းပဲ၊ ကိုဖြူစင့်အကြောင်းများ ပြောဖြစ်ရင် မျက်နှာက ဓာတ်ပျက်နေတာ၊ ဝေရီတို့အားလုံးသိတာ၊ ကုန်ကုန်ပြောလိုက်မယ်၊ တစ်နေ့ ဝေရီတို့က ဖွင့်ကိုမေးတယ်၊ နင် ဘာဖြစ်လို့ ကိုဖြူစင့်ကို ခေါင်းညိတ်လက်ခံလိုက်သေးလဲလို့"

ဝေရီက အားလုံးပြောတော့တာပဲ။

"ကိုဖြူစင်က လေပွေရိုင်းတစ်ခုလိုပဲတဲ့၊ သူ့ကိုအငိုက်မိတုန်း ဝင်မွှေ့လိုက်တာမျိုးတဲ့၊ သူအငိုက်မိပြီး အလူးအလဲကျဆုံးသွားသလိုမျိုး ဖြစ်ခဲ့တယ်တဲ့၊ လေပွေငြိမ်သွားမှပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ဘာမှမဟုတ်ပါလားလို့ သူ ခံစားသိရတယ်တဲ့၊ အချိန်ယူ မဆင်ခြင်ဘဲ သူ့စိတ်ခံစားမှုနောက်ကို သူဇဝေ ဇဝါပါသွားခဲ့တာ သက်သက်ပဲတဲ့၊ ဆေရီတို့ကို ခုလိုဖွင့်ပြောရတာတောင် သူ့ကိုယ်သူ မိန်းမရိုင်းတစ်ယောက်လို ခံစားရတယ်တဲ့ ...

ကိုဇာတိသာ မရှိရင် သူ ကိုဖြူစင့်ကို ပြန်ပြီး ဘွာ ခတ်လိုက်တာ ကြာပြီတဲ့၊ ကိုဇာတိ ရှိနေခြင်းက သူ့အဖို့ Guilty (အပြစ်မကင်းစိတ်) ဖြစ်စေတယ်ဆိုပြီး ဒီအတိုင်းပဲ ဆက်မိုက်နေတယ်"

"အဲဒါကြီးကလည်း ဘယ်မှန်မလဲနော် ... ကိုအောင်"

"ဒါပေမဲ့ ဖြူစင်နဲ့ ဇာတိက သူငယ်ချင်းအရင်းတွေ ဖြစ်နေတာကြီးက မြကျေးအတွက် ခက်ခဲစေမှာပေါ့ ကျော့ရာ"

"ဒါ တစ်သက်လုံးကိစ္စလေ၊ တစ်ခဏကြုံရမဲ့ အခက်အခဲ အကျပ်အတည်းကို သတ္တိရှိရှိ ရင်ဆိုင်ရလိမ့်မယ်"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ကျော့ ခုလိုပါးစပ်က ပြောလိုက်ရတာထက်တော့ လုပ်ဖို့ အများကြီး ပိုခက်ခဲတယ်"

"ဟင့်အင်း ... ကျော့ရဲ့မှုကတော့ မှားပြီလို့ သိလိုက်ရင် မှားမှန်းသိသိချင်း ပြင်ရမယ်၊ ဘာမျက်နှာမှ မထောက်နဲ့၊ ဒါမှ ကိုယ့်ဘဝအတွက် အမှန်တစ်ခုကို ကိုယ် အစားထိုးခွင့်ရမှာ၊ မှားမှန်းသိရင် ချက်ချင်းပြင်၊ ဒါပဲပေါ့"





ကျွန်တော်နဲ့ ပတ်သက်တဲ့ အကြောင်းကို ကာယကံရှင်မဟုတ်တဲ့ သူတွေကချည်းပဲ ကိုယ့်ရှုထောင့်နဲ့ကိုယ် ဆွေးနွေးနေကြတာ။ ကာယကံရှင် ကျွန်တော်က ဘာစကားမှ မပြောနိုင်ဘူး။ ပြောကို မပြောနိုင်တာ။ ရင်ထဲမှာ ကျပ်ပြည့်ပိတ်သိပ်နေတာ။ ကျွန်တော်တို့ ဇာတ်လမ်းကြီးက တအားကို လွဲနေတယ်။

ကျွန်တော် သိပါတယ်။ မြကျေးကသာ ဖြူစင့်ကို ဖြတ်လိုက်ရင် ဖြူစင်သည်လည်း စိတ်တွေပေါ့ပါးလွတ်လပ်ပြီး တအားကိုမြူးပျော်သွားမဲ့ကောင်ပါ။ ခုတော့ ဖြူစင်ဟာလည်း သူ့ထုံးစံကိုဖျက်ပြီး ကျော့ကျော့တို့မျက်နှာ လှည့်ထောက်ရ၊ ကျွန်တော့်မျက်နှာကို မဆီမဆိုင်ထောက်ရနဲ့ မြကျေးကို ရက်ရက်စက်စက် မလုပ်ဝံ့ဘူး ဖြစ်နေတယ်။

ဒီဇာတ်လမ်းကြီးထဲမှာ ဘယ်သူမှ စိတ်မချမ်းသာရဘဲနဲ့ကို ဇာတ်ကြီးက မျောနေတာ။ ဒီဇာတ်လမ်းကြီး တစ်မျိုးတစ်ဖုံ ပြောင်းလဲ တစ်ဆစ်ချိုး ကွေ့သွားဖို့ကို လိုအပ်နေတာ အမှန်ပဲ။ ဒါကို အောင်လေးလည်း တွေးမိပုံနဲ့ ...

"ဖြူစင့်ကို မြကျေးကို ဖြတ်လိုက်ဖို့ ပြောလိုက်ရင်ကောင်းမယ်ထင်တယ်"

"ဝင်မပါစမ်းပါနဲ့ ကိုအောင်ရာ"

"ဝင်မပါရင် ဒီဇာတ်လမ်းကြီးက ဘယ်လိုလဲ၊ စိတ်ပျက်စရာကြီး၊ ဖြူစင်က ဖြတ်လိုက်ရင် ဖြူစင်လည်း ပေါ့ပါး



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်၊ မြကျေးလည်း စိတ်ချမ်းသာမှာလေ၊ ဒီကောင်ဇာတိကတော့ ဒီကမ္ဘာမှာ ကျွန်တော်အပျော်ဆုံးဖြစ်မှာ”

“သေချာလို့လား”

“ဘာကိုလဲ”

“ကိုဇာတိ ပျော်မယ်ဆိုတာလေ”

“ဟား ... သေချာတာပေါ့ ကျော့ရာ၊ ဘာဖြစ်လို့ မေးရတာလဲ၊ ကျော့လည်း အစအဆုံး သိသားမြင်သားနဲ့”

“မဟုတ်ဘူးလေ၊ ရင်ထဲရှိတာကတော့ တစ်မျိုးပေါ့၊ ဒါပေမဲ့ ယောကျ်ားဆိုတာတွေက Ego (အတ္တမာန) ရှိကြသေးတာ မဟုတ်လား၊ သူ့သူငယ်ချင်းနဲ့ပြတ်တဲ့ မိန်းကလေးတစ်ယောက်အပေါ”

ကျွန်တော့်ရင်ထဲမှာ လှိုက်တက်လာတယ်။ တအားဆို့နင့်လာတယ်။ ကျွန်တော့်မှာ တောက်လျှောက် ဘာမှပြောခွင့် ရင်ဖွင့်ခွင့် လုပ်ခွင့်မသာခဲ့ဘူးလေ။ ဘာမှမဖွင့်လင်းခဲ့ရဘူး။ ဒီတစ်ခါတော့ ရင်ထဲမှာ ရှိသမျှကို တအားဖောက်ခွဲဖွင့်ချပြချင်စိတ်ကို မအောင့်လိုက်နိုင်တော့ဘူး။

“ဖြူစင်နဲ့ အခုပြတ်သွားရင်လည်း မြကျေးကို သင့်တော်တဲ့အချိန်မှာ ကျွန်တော် ဖွင့်ပြောတောင်းဆိုပြီး လက်ထ[illegible] မှာပဲ၊ ဒါမှမဟုတ် သူတို့နှစ်ယောက် လက်ထပ်ဖြစ်သွားကြ[illegible] တယ်ဆိုရင်တောင် တစ်နေ့ သူတို့နှစ်ယောက် အဆင်မပြ[illegible]





ရင် ဒါမှမဟုတ် အား ... စကားကုန်ပဲဗျာ၊ မြကျေး မုဆိုးမဖြစ်ဖြစ် တစ်ခုလပ်ပဲဖြစ်ဖြစ် ကျွန်တော် မြကျေးကို တယုတယ တောင်းဆိုပြီး လက်ထပ်ဦးမှာ ...

မြကျေးကို ကျွန်တော် သိပ်ချစ်တယ်၊ အရမ်းကိုချစ်တာ၊ မြကျေးမှာ ပိုင်ရှင်ရှိနေရင် ကျွန်တော် ဘယ်တော့မှ မနှောင့်ယှက်ပါဘူး၊ မြကျေး လွတ်လပ်နေရင်တော့ ဘယ်လိုအနေအထား အချိန်အခါ အခြေအနေမျိုးမှာ ရှိနေပါစေ ကျွန်တော် စောင့်ရှောက်မှာ ...

ကျွန်တော် မြကျေးကို ချစ်တယ်၊ ပိုင်ဆိုင်ချင်တယ်ဆိုတာ အခုမှရယ်လည်း မဟုတ်ဘူး၊ ဘယ်တော့ပဲ ပိုင်ဆိုင်ရ ပိုင်ဆိုင်ရ၊ ကျွန်တော့်ရင်ထဲမှာ သူ အမြဲရှိနေတာ။ အမြဲတမ်း အချိန်တိုင်း၊ သူ့အတွက် ကျွန်တော်အဆင်သင့်ရှိနေမှာ၊ သေတဲ့အထိပဲ၊ မြကျေးနဲ့ လွဲရရင်လည်း ကျွန်တော့်ဘဝမှာ ဘယ်တော့မှ တခြားမိန်းမတစ်ယောက် ဆိုတာရှိလာတော့မှာ မဟုတ်ဘူး”

ကျော့ကျော့က ကျွန်တော့်ကို တအံ့တသြ ငေးကြည့်နေတယ်။ ဝေရီလည်း ဒီအတိုင်းပဲ။ ကျွန်တော်ပြောပြီးသွားတဲ့အခါကျမှ မျက်နှာတွေပူပြီး သူတို့ကို ကျောခိုင်းထားလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အောင်လေးဟာ ကြားထဲက မနေနိုင် မထိုင်နိုင် ဖြူစင့်ဆီ ဖုန်းဆက်တယ်။ ခုတလော ဖြူစင်လည်း ပျောက်နေတာကြာပြီ။ ဆုံကိုမဆုံဖြစ်ဘူး။ ကျန်တဲ့လူတွေသာ တွေ့ဆုံကြတယ်။ သူ မပါဘူး။ ဒီတော့ ပထမ အောင်လေးက ဖြူစင့်ကို ဆုံကြရအောင်လာဖို့ ဖုန်းဆက်ခေါ်တယ်။

"ငါ ခုတလော လုံးဝမလာအားဘူးကွာ၊ ငါလည်းညစ်နေတယ်၊ ဖားသားကြီးကလည်း တအားခိုင်းထားတယ်၊ ခေါင်းတွေ တအားစားနေလို့ နောက်မှ ဆုံကြမယ်ကွာ"

ဒီလောက်ပဲပြောပြီး ဖြူစင် ဖုန်းချပစ်တာ နှစ်ခါလောက်ရှိချိန်မှာ အောင်လေးက သိပ်စိတ်မရှည်တော့ဘူး။ ဒီကောင် မလာရင်လည်း ဖုန်းထဲကပဲ ပြောမယ်လို့ ဆိုတယ်။ ကျွန်တော်က တားပါတယ်။ ပစ်ထားလိုက်ပါ။ လွှတ်ထားလိုက်ပါ။ သူတို့ဟာသူတို့ ဘယ်တော့မှဖြစ်ဖြစ် ဖြေရှင်းကြပစေပါလို့ ပြောသော်လည်း အောင်လေးကဖွတ်။

သူ့ကျောကျော့ ကိုယ်တိုင်ကလည်း တက်ကြွနေတဲ့ ဓာတ်လမ်း ဖြစ်တဲ့အတွက် သူ့မှာ တွန်းအားတွေလည်း ရှိနေတယ်၊ တစ်ရက်မှာ ကျွန်တော် ဝပ်ရှော့ရောက်နေတုန်း၊ အောင်လေးက စိတ်ကူးပေါက်ပြီး ...





"ငါ ဖြူစင့်ကို ဆက်ဦးမယ်ကွ"

"သူ မလာအားသေးပါဘူး ဆိုတာကွာ"

"မလာအားရင် မလာနဲ့လေ၊ ဖုန်းထဲကပဲ ပြောမယ်"

"ဟေ့ကောင် ... ဘာတွေပြောမှာလဲကွ"

"ငါပြောချင်တာ ပြောမှာပဲ၊ ဖုန်းထဲက နားထောင်ဖို့တောင် မအားဘူးတော့ လုံးဝမဖြစ်နိုင်ဘူး၊ ဒီကောင် တစ်ခုခုကို ရှောင်နေတယ်လို့လည်း ငါခံစားလာရတယ်"

အောင်လေးက ဖွတ်ကောက်ဆက်ပါတော့တယ်။ သူတို့ပြောနေတုန်း ဟိုဘက်က ဖြူစင့် စကားတွေ ကျွန်တော် မကြားရပေမဲ့ ပြီးမှ အောင်လေး ပြန်ပြောပြတာတွေအပေါ် ဆက်စပ်ပြီး သိရသလောက် ပြောပြရရင် ...။

"ဟေ့ကောင် ဖြူစင် ငါကွ ၊ အောင်လေး"

"အောင်လေး ... မင်း ခုတလော ငါ့ကို ဖုန်းတအားဆက်ခေါ်နေတာ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘာကိစ္စရှိလဲ၊ ရှိရင်ပြော၊ ငါ့ဟာနဲ့ငါ ဦးနှောက်တွေ စားနေရတဲ့အထဲ မင်းကိစ္စက ဘာကိစ္စလဲ စဉ်းစားနေမိတာက တစ်ကဏ္ဍဝင်စားသေးတယ်၊ ပြောစရာရှိ မြန်မြန်ပြောကွာ"

"အေး ... ပြောမယ်ကွာ၊ လိုရင်းပဲ၊ မင်းနဲ့ မြကျေးဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘယ်လိုလဲလည်း၊ မင်း ဘာတွေကြားလို့လဲ"

"ဘာမှ မကြားဘူး၊ ဒီတိုင်းမေးတာ၊ ကြားစရာတွေရော ရှိလို့လား"

"မသိဘူးလေ၊ သူ ကျော့ကျော့ကတစ်ဆင့် ဘာတွေပြော သေးလဲလို့ပါ"

"မင်းတို့ မတွေ့ကြလို့လား"

"အေး ... သူ ငါ့ကို ရှောင်နေတယ်"

"ဟုတ်လား၊ မင်းကတော့ မရှောင်ဘူးဆိုတဲ့ သဘောလား"

"ငါ အမှန်အတိုင်း ပြောရရင် သူရှောင်နေမှန်းသိတော့ ပထမ သုံးလေးရက်မှာ လိုက်ဆက်သွယ်ပါသေးတယ် ဒါပေမဲ့ သူက လုံးဝမီးနီဖြစ်နေတော့ ငါလည်းမရောက်တာ ကြာပြီ"

"သူက ဘာလို့ ရှောင်တာလဲ"

"ပြဿနာတစ်ခု ရှိလို့ပေါ့ကွာ၊ အသေးစိတ်တော့ မမေးပါ နဲ့တော့ အောင်လေးရာ၊ ငါလည်း ပြန်မပြောချင်ဘူး"

"သူက တင်းနေတာပေါ့"

"အင်း"

"ကြာပြီပေါ့"

"တစ်လကျော်ပြီ"





"ဒီတော့ မင်းတို့မတွေ့ကြတာလည်း တစ်လလောက်ရှိ ပြီပေါ့"

"အေး"

"ဒါဖြင့် မင်းကို ငါ တစ်ခုတိုက်တွန်းမယ်"

"ဘာလဲ"

"မင်း မြကျေးကို ဖြတ်လိုက်ပါလား"

အဲဒီအခါမှာ ဖြူစင့်ဘက်က အကြာကြီး တိတ်ဆိတ် သွားတယ်လို့ အောင်လေး ပြန်ပြောတယ်။ အတော်ကြီးကြာမှ ...

"မင်း ငါ့ကို ဒီစကားကို ဘာသဘောနဲ့ ပြောတာလဲ အောင်လေး"

"ဘာသဘောလဲဆိုတော့ မင်းတို့သုံးယောက်ရဲ့ ဇာတ်လမ်း ကြီးက ဇာတ်မျောကြီး ဖြစ်နေလို့ပဲ ဖြူစင်"

"သုံးယောက် ဆိုတာ ဇာတိကို ထည့်ပြောတာလား"

"ဒါပေါ့ကွ၊ မင်းက တန်ဖိုးထား မချစ်ဘူး၊ ဇာတိက တန် ဖိုးထား ချစ်တာကွ၊ မြကျေးကို ကြည့်ရတာလည်း ရှင်း ရှင်းပြောရရင် မင်းနဲ့ ဆုံစည်းရတာကို နောင်တရနေပုံ ဖြစ်နေပြီကွ၊ ဒီလိုကြီးနဲ့တောင် မင်းတို့ မပြတ်ကြတာဟာ မျက်နှာတွေ အသီးသီး ထောက်နေကြလို့ပဲ ဖြစ်မယ်၊ ဒါကြောင့် ငါတမင်တကာ ကြားဝင်ပြောတာ၊ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



လေး ကြည့်ရတာ ခုတလော စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ
ဖြစ်နေပုံရတယ်လို့လည်း ဝေရီတို့ ပြောတယ်၊ ဒီတော့
ပြတ်ကိုပြတ်မဲ့ဇာတ်၊ စောစောစီးစီး ပြတ်ရင် အေးရောပေါ့
ကွာ၊ ငါပြောတာ မဟုတ်ဘူးလား"

"မင်းပြောတာ ဟုတ်ပါတယ်"

"ဒါဖြင့် မင်းတို့ချင်းလည်း ပြဿနာတွေရှိနေတုန်း C
out လုပ်လိုက်တော့ကွာ၊ အဲဒါအကောင်းဆုံးပဲ"

"မင်းပြောတာ ငါနားလည်သဘောပေါက်ပါတယ် အောင်
လေး၊ ဒါပေမဲ့ ငါ မြကျေးကို မဖြတ်နိုင်သေးဘူး"

"ဟေ"

"အေး ... လုံးဝ မဖြတ်ဘူး၊ အဲဒါ ငါ့အတွက် မဟုတ်ဘူး
သူ့အတွက်"

"ဩော် ... မင်းကလည်း၊ မင်းဖြတ်လိုက်ရင် မင်းတို့ချင်း
ပြတ်သွားရင် အခြေအနေတွေ အိုကေလာမယ်လို့ အားလုံး
က ယူဆတယ်၊ မင်း သူ့ကိုငဲ့ပြီး မဖြတ်ချင်တဲ့စိတ်ကို
ဖျောက်ဖျက်လိုက်"

"မဟုတ်ဘူး အောင်လေး၊ အခုနေ ငါ့ကို မြကျေး ဖြတ်
သွားရင် ငါ လက်ခံမယ်၊ ငါပါပြတ်မယ်၊ ငါတော့ သူ့ကို
မဖြတ်ဘူး"





"ဟား ... မင်းက တစ်မျိုးကွာ"

"အေး ... မင်း နားလည်မှာ မဟုတ်ဘူး၊ ထားလိုက်ပါ
ကွာ၊ ငါ မဖြတ်ဘူး"

"ဟော့ကောင် ရှင်းရှင်းပဲ ငါပြောမယ်၊ မင်းဖြတ်မှ ဇာတ်က
မြကျေးကို ကြိုးစားလို့ ရမှာပေါ့ကွ"

"အေး ... အဲဒါလည်း ငါသိတယ်၊ သဘောပေါက်တယ်၊
ဒါပေမဲ့ ထင်ချင်သလို ထင်ကွာ၊ ဇာတ်ကို ကန့်လန့်ပိတ်
ပြီး နှောင့်ယှက်တာလည်း လုံးဝမဟုတ်ဘူး၊ ငါလုံးဝ
မြကျေးကို မဖြတ်နိုင်သေးဘူး၊ ငါဆိုလိုတာ လောလောဆယ်
အချိန်အတိုင်းအတာမှာပါ၊ တစ်နေ့တော့လည်း အင်း ...
စောင့်ကြည့်တာပေါ့ကွာ"

"ခုလည်းပဲ မင်းတို့ရဲ့ အဓိပ္ပာယ်မရှိတဲ့ ချစ်ဇာတ်လမ်းက
လတွေရှည်နေပြီလေ၊ မင်း ဘယ်လောက်ကြာကြာ ဆက်
မျှော်နေမှာလဲ"

"ငါလည်း မသိဘူး အောင်လေး"

"တောက် ... မင်းက အလကား ကပ်နေတာပဲ ဖြူစင်၊
မင်းကို ငါပြောမယ်၊ ပိုပြီးရှင်းအောင် ပြောမယ်နော်၊
မြကျေးက မင်းကို လက်ခံမိတာ မှားတယ် ဖြစ်နေပြီ"

"ငါသိပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သိရင် နောက်ဆုံး အရှင်းဆုံး ပြောမယ်၊ မြကျေးကလည်း ဇာတိအပေါ် သံယောဇဉ်ရှိတယ်"

"ဒါကိုလည်း ငါမသိပေမဲ့ သူပြောတဲ့ စကားတွေအရ ငါ ထင်မိပြီးသားပဲ"

"ဒါဆိုရင် မင်း ဖယ်တော့လေ"

"မြကျေးက ဇာတိကို လက်ခံလိုက်ပြီး ပြေလည်သွားရင် ငါ တကယ်ကို ဖြူဖြူစင်စင် ဝမ်းသာတယ် အောင်လေး၊ သူတို့များ လက်ထပ်ဖြစ်ရင် ငါ သူတို့တောင်းဆိုတာ ဘာမဆို လက်ဖွဲ့မယ်၊ ဇာတိဟာ မြကျေးအတွက် 'ဘက်' ဖြစ်မဲ့ အဖော်ကောင်းလို့ ငါယုံပါတယ်၊ ဒါပေမဲ့ ငါမြကျေး ကို အခုမဖြတ်နိုင်သေးဘူး"

"ရှစ်ထိ ... ခွေးကောင်၊ မင်းသက်သက်ညစ်နေတာ"

"မဟုတ်ဘူး အောင်လေး၊ မင်း ငါ့ကိုကြိုက်သလို ထိုင်ဆဲ နေပေတော့၊ ငါ့စကားကို မပြင်ဘူး၊ နောက်ဆုံးစကားပဲ ဒါပဲ ဟေ့ကောင်"

အောင်လေးဟာ ဒီစကားတွေ ကျွန်တော့်ကို တစ်လုံးမကျန် ပြန်ပြောနေရင်း ဖြူစင့်ကို ဆဲမဝ ဆိုမဝ ဖြစ်နေတယ်။ ကျွန်တော့်ရင်ထဲမှာတော့ ဘာမှန်းမသိတဲ့ အန္တရာယ် အရိပ်အငွေ့ မည်းကြီး မှိုင်းအုံ့လာသလိုမျိုး ခံစားလိုက်ရတယ်။ ရင်ထဲလည်း





လေးပင်သွားခဲ့တယ်။ အောင်လေးက ဖြူစင့် သက်သက်ညစ်ပြီး ရစ်နေတာလို့ ထင်ပေမဲ့ ကျွန်တော်ကတော့ အကြောင်းတစ်ခုခု ရှိခဲ့ပြီလို့ ရိပ်မိခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"မြကျေး ဆေးရုံတက်နေရတယ် ဖာတိ"

"ဟင်"

အောင်လေး စကားကြောင့် ကျွန်တော် အံ့သြပြီး လန့်သွားမိတယ်။ လန့်တာမှ ဒိန်းခနဲကို ထူပူသွားတာ။

"နှစ်ရက်ရှိပြီတဲ့၊ သူ့အမေတောင် ဒီနေ့ပဲ လိုက်လာမယ်။ ကျော့ကျော့ကတော့ မင်းကို လုံးဝမပြောဖို့ ပိတ်ထားတယ်။ ငါတောင်ပြောတာ မဟုတ်ဘူး၊ ငါကလည်း နိုင်ငံခြားက ငါ့အဘွားရောက်နေတော့ သူ့ကို အိမ်ခေါ်မိတ်ဆက်ပေးချင်၊ သူက မအားဘူးငြင်းနဲ့ စိတ်တိုပြီး သူ့အမေဆီ လှမ်းဆက်ပြောတော့မှ မြကျေး ဆေးရုံတက်ရတာ သူ့အမေပြောပြလို့ သိရတယ် ...





ဒါနဲ့ ကျော့ကျော့ဆီ ထပ်ဆက်တော့မှ သိသွားပြီ မို့သာ ဝန်ခံတာ၊ မင်းကိုတော့ လုံးဝမပြောဖို့ ပိတ်သေးတာ၊ ငါကလည်း မင်းကို ပြောချင်တာပေါ့၊ တခြားဘယ်သူ့မှ ငါမပြောပါဘူး၊ ဖြူစင်တောင် မပြောဘူး၊ သူတို့ပြောချင်ရင် သူတို့ဟာသူတို့ လှမ်းပြောမှာပဲဆိုပြီး ငါမပြောဘူး၊ မင်းကိုပဲ ငါပြောပြတာ ဖာတိ"

"မြကျေး ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ဆိုတာ ငါ့ကို တစ်ခွန်းမှ ပွင့်ပွင့်လင်းလင်း မပြောဘူး၊ သေချာတာကတော့ မီးအလင်းမှာ သတိလစ်ကြီးနဲ့ ဆေးရုံကို သယ်ပြေးကြရတာ"

"ဟင်"

ကျွန်တော့်ရင်ထဲ ပူလောင်သွားရတယ်။ ကျွန်တော် ဘာကိုမှန်းမသိ ကြိုသိရိပ်မိနေသလိုပဲဗျာ။

"ဝေရီ့ကိုလည်း ငါချော့မော့ ဖုန်းဆက်ပြီး အစ်အောက်မေးကြည့်တော့ သွေးရိုးသားရိုး မဟုတ်ဘူး၊ အတိအကျ မသိပေမဲ့ မြကျေး စိတ်ညစ်ပြီး တစ်ခုခု လုပ်တာပဲ"

"မင်း သွားကြည့်သလား"

"ဟင့်အင်း ... ငါ့ကို မလိုက်ရဘူးလို့ ကျော့ကျော့က ပြောတယ်"

"ဒါဖြင့် ငါရော သွားကြည့်လို့ ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မရရမှာလဲ ဇာတိ၊ ငါက ကျော့ကျော့ တားလို့ မသွားရတာ၊ သိပ်လည်း သွားချင်စိတ် မပြင်းပြဘူးလေ၊ မင်းကို ကျော့ကျော့က တားထားတာမှ မဟုတ်တာ၊ မင်းဟာမင်း သွားတယ် ဘာဖြစ်သေးလဲ"

"ဆေးရုံတွေ အခန်းတွေ သိလား"

"ဆေးရုံ သိတယ်၊ '...'ဆေးရုံ၊ အခန်းတော့ မသိဘူး၊ မသိလည်း အရေးမကြီးဘူး၊ Recepiton မှာ မေးလိုက်ရုံပဲ၊ သူ့နာမည်ပြော မေးလိုက်ပေါ့"

ကျွန်တော် တစ်ကိုယ်လုံးအေးစက်ပြီး ကတုန်ကယင်ဖြစ်လာပြီး ငိုချင်စိတ်လည်း ပေါက်လာတယ်။ မြကျေးရယ်။ ဘာတွေ ဒီလောက်တောင် စိတ်ညစ်လဲလဲ။ ကျွန်တော့်စိတ်ထဲမှာ ထင့်နေတာဟာ တကယ်ဖြစ်လာတာပဲ။ ကျွန်တော် ဆက်မတွေးချင်ဘူး။ ရင်ထဲမှာတော့ အရမ်းပဲ နာကျင်နေတယ်။

"ကောင်မလေး သနားပါတယ်ကွာ၊ ဖြူစင်ကလည်း တစ်မျိုး၊ ဘာတွေပြဿနာတက်ကြသလဲမှ မသိတာ၊ ဖြူစင်ဆိုတဲ့ကောင်ကလည်း ညစ်ပြီ ရစ်ပြီလား ဆိုရင် ပတ်ချွေပြီး စိမ်ပြေနပြေ ရစ်တာ"

ဒီကိစ္စဟာ ဖြူစင် ရစ်ရုံနဲ့ မဖြစ်နိုင်ပါဘူး။ တကယ်မှန်ရင် သူတို့ပြဿနာဟာ ကြီးတယ်လို့ ယူဆနိုင်တဲ့အတွက် ကျွန်တော်ကတော့ အတော့်ကို ထူပူတုန်လှုပ်ချောက်ချားနေပါပြီ။





ဆိုးဆိုးဝါးဝါး တစ်ခုခုနဲ့ ရင်ဆိုင်ရတော့ မလိုလို နှလုံးသားဟာ တလှပ်လှပ်နဲ့ ဖြာခနဲ ဖြာခနဲ အေးနေတယ်။

"မင်း သွားမှာလား"

"အင်း ... သွားမှာပေါ့"

ဒီစကားဟာ အောင်လေးကို အဖြေပေးလိုက်တာရော ကိုယ့်ဘာသာ အားမွေးလိုက်တာရော နှစ်ခုလုံးပဲ။ အောင်လေး ကျေနပ်ပြီး ပြန်သွားတယ်။ အဲဒီတစ်နေ့လည်လုံး ကျွန်တော် ဘာမှမလုပ်နိုင်ဘူးဗျာ။ လူက နုံးခွေပြီး အားပြတ်နေတယ်။ တစ်ယောက်ယောက်နဲ့ စကားပြောချင်နေပြီး ဘယ်သူနဲ့မှလဲ စကားပြောချင်စိတ် မရှိဘူး။

နေ့လယ်မှာတော့ ကျွန်တော်ဟာ တက္ကသိုလ်ရိပ်သာလမ်းသစ်က Floral service တစ်ခုမှာ လက်သီးဆုပ် နှစ်ဆုပ်စာလောက် ပန်းစည်းလေးတစ်စည်း ဝင်ဝယ်ပါတယ်။ အဲဒီနောက်တော့ (...)ဆေးရုံကို တစ်ယောက်တည်း ထွက်လာခဲ့တယ်။ အဲဒီအချိန်ကတည်းက ကျွန်တော်ဟာ ထူးထူးဆန်းဆန်း ငိုချင်စိတ်မျိုးနဲ့ ကြေကွဲနေပါပြီ။ ရိုးရိုး ငိုချင်တာ မဟုတ်ဘဲ ပင်ပင်ပန်းပန်း ရှိုက်ကြီးတငင်ကို ငိုချင်နေတာပါ။

ဆေးရုံထဲ ဝင်လာတဲ့ ကျွန်တော့်စိတ်တွေလည်း လေးလံအုံ့မှိုင်းနေတယ်။ ကျွန်တော် Recepiton ဌာနကိုဝင်ပြီး မေးရတယ်။



www.burmeseclassic.com

www.burmeseclassic.com



“မမြကျေးတမာ ဆိုတာ ဘယ်အထပ် ဘယ်အခန်းမှာ တက်နေပါသလဲ”

ကောင်မလေးက နံရံတစ်ချပ်စာ ပွိုက်ဘုတ်ကြီးကို ကြည့်ရှုရှာဖွေပြီး …

“အခန်း(…)ပါ၊ ဟိုက ဓာတ်လှေကားနဲ့ တက်သွားလိုက်ပါ”

“ဟုတ်ကဲ့”

ဓာတ်လှေကားကို ခေါ်လိုက်တော့ ဓာတ်လှေကား ဆင်းလာတယ်။ ဘယ်သူမှ ပါမလာဘူး။ ဝင်လိုက်တာလည်း ကျွန်တော် တစ်ယောက်တည်း။ ဘယ်သူမှ မပါဘူး။ လမ်းမှာ ကျော်ဖြတ်တဲ့ အထပ်တွေကနေ ဖြတ်လိုက်တဲ့သူလည်း မရှိဘူး။ အဲဒါကိုကလည်း စိတ်နှလုံးကို ပိုပြီး ခြောက်ကပ် မှုန်မှိုင်းစေတယ်။

အဲဒီအထပ်မှာ ဓာတ်လှေကားရပ်တော့ ထွက်လာခဲ့ပြီး ဝဲယာက အခန်းနံပါတ်တွေကို ကြည့်ရင်း မြကျေး အခန်းနံပါတ်ဘက် ချိုးချလိုက်တယ်။ အခန်းရှေ့ရောက်တော့ အခန်းတံခါးကို ကျွန်တော် ဖြည်းဖြည်းခေါက်တယ်။

“ခေါက် ခေါက်”

“ … ”





နှစ်ကြိမ် သုံးကြိမ် ထပ်ခေါက်တယ်။ အထဲက စကားသံသဲ့သဲ့သာ ကြားရပြီး ကျွန်တော့်ကို အဖြေပေးမဲ့သူ မရှိတဲ့အတွက် ကျွန်တော် လက်ကိုင်ဘုကို လှည့်ဖွင့်ပြီး ဝင်လိုက်မိတော့တယ်။ တံခါးဖွင့်ပြီး လူဝင်လာတဲ့အတွက် လှည့်ကြည့်လိုက်သူဟာ နှစ်ဦး။ တစ်ဦးကတော့ လူနာခုတင်ပေါ်မှာ ခေါင်းကို ကိုယ်တစ်ပိုင်းမြှင့်ပြီး တစ်ဝက်မှီလှဲတဲ့ပုံစံနဲ့ ဖျော့တော့နေတဲ့ မြကျေးလေး။

မြကျေးဟာ ဆံပင်တွေလည်းပွ၊ လူက ပိန်လှီဖျော့တော့လို့။ မျက်နှာက ငိုထားတဲ့ရုပ်။ ငိုထားတာမဟုတ်ပါဘူး ငိုလက်စပါ။ နှုတ်ခမ်းတွေပါ ဖြူနေတယ်။ မြကျေး လက်မှာ ဒရစ်ပ်ပုလင်း ချိတ်တွယ်ထားပါတယ်။

“ကိုဇာတိ”

အက်တိမ်တဲ့ အသံလေးနဲ့ခေါ်ရင်း မြကျေး မျက်လုံးအိမ်က မျက်ရည်တွေ ဒလဟော စီးပြိုကျလာခဲ့တယ်။ သုတ်မနိုင်အောင် တတုတ်တုတ်နဲ့ကို ရင်ဘတ်ပေါ် ကျနေတာ။ ဒီအခြေအနေကြောင့် ခုတင်ဘေး ရပ်နေတဲ့ နောက်တစ်ဦး၊ မြကျေးနဲ့ ရုပ်ချင်းခပ်ဆင်ဆင်မို့ သူ့အမေဖြစ်မှာ သေချာတဲ့ အသက်ငါးဆယ် မပြည့်တပြည့် အမျိုးသမီးကြီးဟာ ကျွန်တော့်ကို ရူးရူးဝါးဝါး ကြည့်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်းပဲ ငိုနေလက်စပါ။ ပါးပြင်ဟာ ရွဲနစ်ပြီး မျက်လုံးတွေ နီရဲမို့အစ်နေတယ်။ ထက်မြက်ပြီး ဒေါသကြီးတတ်တာ သေချာနေတဲ့ မျက်နှာသွင်ပြင်ရှိတဲ့ အမျိုးသမီးကြီးဟာ ကျွန်တော့်ကိုတစ်လှည့် မြကျေးကိုတစ်လှည့် စားမတတ် ဝါးမတတ်ကြည့်ရင်း ...

"မင်းလား ... မြကျေး ရည်းစား"

"ဗျာ"

ကျွန်တော် ဘာဖြေရမှန်းမသိလို့ မြကျေးကို လှမ်းကြည့်တယ်။ မြကျေးကသာ ခေါင်းညိတ်စေလိုတဲ့ အရိပ်ယောင်ပြရင် ကျွန်တော် ခေါင်းညိတ်ဖို့ပဲ။ ကျွန်တော်တို့နှစ်ယောက်ရဲ့ အပြန်အလှန် အကြည့်တွေ ကြားထဲမှာ စေးကပ်ပျော်ဝင်နေတဲ့ သံယောဇဉ် အရိပ်အငွေ့၊ ယုကျုံးမရ ဝမ်းနည်းခြင်း အရိပ်အငွေ့တို့ကို ထင်းထင်းကြီး မြင်နေရတဲ့ အမျိုးသမီးကြီးဟာ ဝုန်းခနဲ လျင်မြန်စွာ ကျွန်တော့်နား ရောက်လာခဲ့ပြီး ...

"ကဲ ... ကဲ ... ငါ့သမီးကို ရက်ရက်စက်စက် စော်စော်ကားကား"

ဖြန်းခနဲ ပိတ်တီးလိုက်တဲ့ လက်ချက်ကြောင့် ကျွန်တော့် မျက်နှာဟာ တခြမ်းလည်ထွက်သွားပါတယ်။ ပါးတစ်ပြင်လုံး ပူထူစပ်ဖျင်းသွားတာပဲ။

"မေမေ မလုပ်နဲ့"





မြကျေး အသံလေးဟာ တုန်ယင်ပြီး ရှိုက်သံအလူးလူး။

"ဘာလို့မလုပ်ရမှာလဲ၊ ငါ့သမီးကို တကယ်မြတ်နိုးတယ် တန်ဖိုးထားတယ်ဆိုရင် ဒီလိုဖြစ်မလား၊ ဒီမှာ ယောကောင်၊ မင်းမိဘက သူများသမီးပျိုကို ဘယ်လိုတန်ဖိုးထားရမယ်ဆိုတာတောင် သင်မပေးတတ်ဘူးလားဟင်၊ မိမဆုံးမ ဖမဆုံးမ,လားဟင်၊ ဘယ်လိုမျိုးရိုးဗီဇတွေလဲ"

"မေမေ"

"တိတ်စမ်း မြကျေး၊ ညည်း ဘာမှဝင်မပြောနဲ့၊ ကဲ ... ပြောစမ်းပါဦး ငါ့ကို၊ မင်းနာမည်က ဘာလဲ"

မြကျေးအမေက ကျွန်တော့်ရင်ဘတ်အင်္ကျီကို ဆောင့်ဆောင့်ဆွဲခါပြီး ပြောနေတာ။ မြကျေးက ဝင်အော်တော့ မြကျေးကိုပါ လှည့်အော်ပစ်လိုက်တယ်။ မြကျေးဟာ ကြုံကြုံပါအောင် ငိုနေရှာပါတယ်။ ကျွန်တော့်ရင်တွေလည်း ပွင့်ကွဲမတတ် ပူလောင်နေပါပြီ။

"ပြောလေ ... မင်းနာမည်"

"ဇာ ... ဇာတိမာန်ပါ"

"အေး ...၊ ကဲ ... ပြောစမ်းပါဦး ဇာတိမာန်ရဲ့၊ ငါ့သမီးကို ဘယ်တော့ တောင်းရမ်းယူမယ်ဆိုတာ၊ တကယ်ဆိုမိုက်မဲကြလို့ မှားယွင်းမိသွားကြပါပြီဆိုရင် မင်းလုပ်သင့်



www.burmeseclassic.com

www.burmeseclassic.com



တာက ချက်ချင်း မိဘကိုဖွင့်ပြောပြီး လာတောင်းရမ်း လက်ထပ်ဖို့ပဲ၊ မင်းတစ်ယောက်တည်းကို ငါအပြစ်မပြောပါဘူး၊ ဟောဒီဟာမလည်း ခွေးထက်မိုက်လုံးကြီးလို့ ဒီလိုအရှက်တကွဲ အကျိုးနည်း ကြုံရတာ ...

တစ်ခါတည်း သေမသွားတာ နာသေးတယ်၊ သေသွား အေးရော၊ လူကြီးမိဘ စိတ်မဆင်းရဲရဘူး အရှက်မကွဲရဘူး၊ ခုတော့ ဟိုးလေးတကြော် ကြည့်စမ်း၊ မအေက သူ့ကို ယုံကြည်လို့ လွှတ်လွှတ်လပ်လပ် ထားတယ်၊ ယုံကြည်မှုကို အလွဲသုံးစား လုပ်တယ်၊ မိုက်လုံးကြီးကြတာ ချင်းတူတူ သင်းက မိန်းကလေးဖြစ်တော့ အရှက်ကွဲရမဲ့ ပြဿနာဝန်ထုပ်ဝန်ပိုးနဲ့ ...

ဟဲ့ကောင် ... မင်း ပြောလေ၊ ငါ့သမီးကို ခုချက်ချင်းလက်ထပ်မှာလား လက်မထပ်ဘူးလား၊ ဒီလိုဆေးရုံရောက်ရတယ် ဆိုကတည်းက မင်းဘက်က တာဝန်မယူလို့ပဲနေမှာ၊ ကြင်ကြင်နာနာ တာဝန်ယူမယ်ဆိုရင် ခုလောက်ရှိ မင်းတို့ ခိုးတောင်ပြေးသွားလောက်ပြီပေါ့ ... ဟင်၊ ပြော ... ပြောလေ ငါ့ကို"

မြကျေး အမေဟာ သူ့အရပ်ကလေးနဲ့ပဲ မီးရာကမ်းရာ ဆွဲလွဲပြီး ကျွန်တော့်ကို ထုရိုက်ကုတ်ဖဲ့နေပါတယ်။ စကားလုံးတွေထဲမှာ ဝမ်းပန်းတနည်း အထပ်ထပ် သေဆုံးနေရသလိုရှိတဲ့





ကျွန်တော်ဟာ မချိတင်ကဲနဲ့ မျက်ရည်ပေါက်တွေ စီးပြွတ်ကျလာတယ်။ ရင်ထဲမှာ မချိနိုင်အောင်ပဲ။

"မေမေ တော်ပါတော့၊ သူနဲ့ ... သူနဲ့မဆိုင်ပါဘူး"

"ဘာလို့ သူနဲ့မဆိုင်ရမှာလဲ၊ တောက် ... ငါပြောလိုက်ရရင် ရစရာမရှိ ဖြစ်တော့မယ်၊ မြကျေး နင် ခုထိ နင့်ရည်းစားကို ကာကွယ်လို့နေတုန်း ဟုတ်လား၊ ငါပြောတာလွန်တာပါလား၊ မှားမိပြီဆိုတာနဲ့ သူ့တာဝန်သူ ချက်ချင်းယူရင် နင် ခုလို သေကောင်ပေါင်းလဲ အရှက်တကွဲ ဆေးရုံရောက်စရာလိုလား"

သူ့အမေခမျာလည်း ဒေါသတွေ ကြီးနေရတာ ပင်ပန်းဆင်းရဲလှပါတယ်။ မျက်ရည်အသွယ်သွယ်နဲ့ အရမ်းကိုယူကျုံးမရ နာကြည်းနေရှာတာ။

သူတို့ မျှော်လင့်အားထားတဲ့ အကြီးဆုံးသမီး မဟုတ်လား။

"ကိုဇာတိ ... သွားတော့၊ ရှင် ပြန်တော့"

"မြကျေး ... ကျွန်တော် ..."

"ပြန်တော့၊ နောက်မှ မြကျေး စကားပြောမယ်"

"ဘာလို့ပြန်လွှတ်ရမှာလဲ၊ ညည်း သူ့ဆီက ကတိတစ်ခုတော့ ရအောင်တောင်းရဦးမယ်လေ၊ ငါ့ကို ဘာကတိမှ မပေးဘဲနဲ့ ငါ လုံးဝပြန်မလွှတ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မြကျေး တောင်းပန်ပါတယ်၊ မြကျေးကို သနားပါ မေမေရဲ့၊ မြကျေး ရှင်းပြပါ့မယ်၊ ကိုဇာတိ ... မြကျေး တောင်းပန်ပါတယ်၊ မြကျေးကို သနားရင် ပြန်ပါတော့ ကိုဇာတိရယ်"

ကျွန်တော့်နားထဲမှာ မြကျေး ငိုသံဟာ သံပွေ့ရှည်နဲ့ လောင်းချနေသလိုပဲ။ မြကျေးကို သနားရင် ပြန်ပါတော့တဲ့။ သနားတယ်ဆိုတဲ့ စကားဟာ ကျွန်တော့်ရင်ထဲ ပဲ့ကြေနေရတာတွေနဲ့စာရင် ပေါ့တိမ်လှပါတယ်။ ကျွန်တော့်ကို တောင်းပန်စရာ မလိုပါဘူး။ ကျွန်တော် ကိုယ်တိုင်လည်း ဒီလောက် ရင်ကွဲပက်လက် ငိုကြွေးနေတဲ့ မြကျေးကို မကြည့်နိုင် မကြည့်ရက်တော့ပါဘူး။ မျက်စိတွေလည်း ပြာနေပြီ။

ကျွန်တော့် ကမ္ဘာကြီး တစစီ ပြိုကျသွားခဲ့တယ်။ မျက်စိရှေ့မှာ အပုံ့အရွဲ့ အကျိုးအပျက် အစအနတွေသာ ပြန့်ကျဲပြီး တစ်လောတလုံး အရုပ်ဆိုး အကျည်းတန်သွားခဲ့တယ်။ ကျွန်တော်ရဲ့ အမြင်အာရုံတွေလည်း အားလုံး ဝေဝါးပြာနှမ်းကုန်ပြီ။ ဘာကိုမှလဲ ကျွန်တော် သဲသဲကွဲကွဲ မမြင်နိုင်တော့ဘူး။





မမြင်နိုင်ဆို ကျွန်တော်နဲ့ မြင်ကွင်းကြားမှာ မျက်ရည်ကြည်တံတိုင်းကြီး ပိတ်ဖုံးကာဆီးသွားခဲ့လို့ပေါ့။ ကျွန်တော် မငို ချင်ပါဘူး။

ကျွန်တော် ငိုတတ်တဲ့ ကောင်လည်း မဟုတ်ဘူး။ ဒါပေမဲ့ အခုချိန်မှာတော့ ကျွန်တော့် ရင်ထဲမှာ ပြင်းပြင်းထန်ထန် ရိုက်ခတ်နေတဲ့ နာကျင်ကြေကွဲခြင်း လှိုင်းတံပိုးတွေကို ကျွန်တော် ကြံ့ကြံ့ခံ ရင်ဆိုင်တောင့်ထားနိုင်စွမ်း မရှိတော့ဘူး။

အလဲလဲ အပြိုပြို ယိုင်နဲ့နေတဲ့ ခြေလှမ်းတွေနဲ့ ကျွန်တော် ပြေးထွက်လာခဲ့ရင်း အသံထွက်အောင် အော်ငိုလာမိတယ်။ ပုဂ္ဂလိကဆေးရုံကြီးရဲ့ လူသွားစင်္ကြံလမ်းတစ်လျှောက် ကျွန်တော့်ကို တွေ့မြင်သမျှ လူတွေဟာ တအံ့တဩ အလန့်တကြားနဲ့ ကျွန်တော့်ကို ရှောင်တိမ်းလမ်းဖယ်ပေးရင်း ငေးမော ကျန်ရစ်ကြတယ်။

ဘယ်သူတွေ ကြည့်ကြစမ်းပါစေ ... ဘယ်သူတွေ ဘယ်လိုဝေဖန်ကြစမ်းပါစေ။ ကျွန်တော် ရှက်လည်း မရှက်နိုင်တော့ဘူး၊ ဂရုလည်း မစိုက်နိုင်တော့ဘူး။ ကျွန်တော့်အသည်းတွေ ကွဲကုန်ပြီဗျာ။ တန်ဖိုးဖြတ်လို့ မရအောင် ဆုံးရှုံးပျက်သုန်းသွားခဲ့ရတဲ့ အရာကို ဘယ်သူတွေ မြင်နိုင်မှာလဲ။ ဘယ်သူမှ သိနိုင်မှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အော်ငိုရင်းကပဲ ဆေးရုံရှေ့ကားပေါ်ကို ရောက်လာတယ်။ ချက်ချင်းစက်နှိုး မောင်းထွက်လာရင်း တစ်လမ်းလုံးလည်း ရှိုက်ကြီးတငင် ငိုကြွေးလာမိတယ်။ ကျွန်တော် ရင်နာလိုက်တာ။ ကျွန်တော့်ရဲ့ နာကျင်ရခြင်းကို ကျွန်တော်ကိုယ်တိုင်ပဲ သိနိုင်တာကလွဲရင် ထုတ်လည်း မပြောတတ်တော့ဘူး။

ဦးတည့်ရာမောင်းလာရင်း ကားကို အင်းလျားကန်ဝင်းထဲ ထိုးဝင်လိုက်မိတယ်။ မျက်ရည်တွေနဲ့ ကားပေါ်က ဆင်းလာပြီး ကန်ပေါင်ဘက် ကမူးရှူးထိုး ပြေးသွားတဲ့ ကျွန်တော့်ကို နေ့လယ်ပိုင်းမို့ ခပ်ကျဲကျဲပဲရှိတဲ့ လူတွေက အရူးထင်ချင်လည်း ထင်ကြမယ်။ ဂရုစိုက်ချင်မှလည်း စိုက်မိမယ်။

ကျွန်တော်ကတော့ ဘာကိုမှ ဂရုမစိုက်နိုင်တော့ပါဘူး။ ကန်ပေါင်ပေါ်က ထီးရိပ်လေးအောက်က မြကျေးနဲ့ (ရုပ်ရှင်ရုံက အပြန်)ထိုင်ခဲ့ဖူးတဲ့ ခုံတန်းကလေးပေါ် အပြေးပစ်ထိုင်ချရင်း မျက်နှာကို လက်ဝါးနှစ်ဖက်နဲ့အုပ်လို့ အော်ငိုပစ်လိုက်မိပါတယ်။ ရက်စက်လိုက်တာ။ ကျွန်တော့်အသည်းတွေ ပဲ့ကြွေကုန်ပါပြီ မြကျေးရယ်။ တစစီပဲ့ကြွေကုန်ပါပြီ။

ဘာဖြစ်လို့ ခုလိုဖြစ်ရတာလဲ။ ကျွန်တော် အရိုးတကြည့်ကြည့် မထိရက် မတို့ရက် တန်ဖိုးအထားကြီးထားပြီး မြတ်နိုးရလွန်းတဲ့ မိန်းကလေးပါ။ ရှူးရှူးကလေးတောင် စိုက်း





ကြည့်ရက်ခဲ့တာပါ။ ရင်ထဲမှာပဲ ကျိတ်ပြီး တမက်တမော ပင့်သက်ရှိုက်ငင်ရင်း တိတ်တိတ်ကလေးသာ ခိုးကြည့် ခိုးချစ်ခဲ့ရတဲ့ ကျွန်တော့်ပန်းပွင့်ကလေး ကျွန်တော့်ပုလဲလုံးကလေး ကျွန်တော့်လမင်းကလေးကိုမှဗျာ။

ကျွန်တော် ရင်ကွဲအောင် အားပါးတရသာ ငိုပါရစေတော့။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"မင်း ... မင်း ... အဲဒါ စော်ကားဦး။ မြကျေးကို စော်ကားဦး"

ကျွန်တော့် လက်သီးချက်တွေဟာ ဖြူစင့် တစ်ကိုယ်လုံးပေါ် ပြန့်ကြဲကုန်တော့တယ်။ အားလုံး အလန့်တကြား အော်ဟစ်ဆွဲလွဲရင်း ရုန်းရင်းဆန်ခတ် ဖြစ်ကုန်တယ်။

"ကဲကွာ ... မင်း ... မင်း မြကျေးကို ရက်စက်လွန်းတာ"

ဒီမနက် ဖြူစင့်ကို တွေ့အောင်ရှာမယ်ဆိုပြီး ထွက်လာတာပဲ။ စနေမို့ ကိုဂျင်မီဆိုင်ကို အရင်ဝင်ပြီး ရောက်နေမဲ့ ကောင်တွေကို ကီစ္စရှိကြောင်း ဝင်ပြောမယ်ဆိုပြီး ဒီကိုအရင်ရောက်လာတာ။ မမျှော်လင့်ဘဲ မရောက်တာကြာတဲ့ ဖြူစင့်ကို ကိုဂျင်မီဆိုင်ထဲမှာ အခန့်သင့် တွေ့လိုက်ရတော့တာ။





ဘေးမှာ နေစိုး၊ ကောင်မလေးနှစ်ယောက်၊ ကြည်လွင်ဟန်၊ ဝေယံတို့ ရှိကြတယ်။ အောင်လေးပဲ မရှိဘူး။ ကိုဂျင်မီကြီးလည်း ရှိနေတယ်။

ကျွန်တော်ဟာ ဖြူစင့်ကို ဘာမပြော ညာမပြော ခုန်အုပ်ချလိုက်ပြီး အပေါ်ကခွပြီး ထိုးတော့တာ။ ရုတ်တရက်မို့ ဖြူစင် အငိုက်မိပြီး ဘာမှပြန်မလုပ်နိုင်ဘူး။ ဖြူစင်နဲ့ နေစိုးကြားထိုင်နေတဲ့ ကောင်မလေးနှစ်ယောက်လည်း အော်ပြီးထ,ပြေးတော့တာပဲ။ နေစိုးတို့ ကြည်လွင်တို့က ကျွန်တော့်ကို ဝိုင်းဆွဲကြတယ်။

"ဟေ့ကောင် ... ဓာတ်၊ မလုပ်နဲ့လေကွာ၊ ဟေ့ကောင် ... လွန်မယ်လေ"

ကျွန်တော်ဟာ မျက်ရည်တွေလည်း ကျနေတယ်။ ရပ်ကို မရပ်ဘူး။

"သေစမ်း ဟေ့ကောင်၊ လူယုတ်မာ၊ မင်း ... မြကျေးကိုမှ တော်တော်ပက်စက် ယုတ်မာတဲ့ကောင်၊ ခွေးသူခိုး"

"ဟေ့ကောင် ဓာတ်၊ နာတယ်ကွ၊ ဟေ့ကောင် ... မင်း တော်တော့နော်၊ အခုရပ်တော့၊ ငါ ကြာကြာငြိမ်ခံမနေဘူး"

"အောင်မာ ... လုပ်စမ်း၊ ပြန်လုပ်စမ်းကွာ၊ ကဲကွာ"

အပေါ်က ခွစီးပြီး မျက်နှာမေးရိုးတွေ ရင်ဘတ်လည်ပင်းတွေ ချက်ကောင်းချည်း ဖိထိုးနေတော့ ဖြူစင် အော်



www.burmeseclassic.com

www.burmeseclassic.com



အထိနာလာပြီး ခဏကြာတော့ ကျွန်တော့်ကို အောက်ကနေ ဆောင့်ကန်ထုတ်လိုက်ပါတယ်။ လန့်ထွက်သွားတဲ့ ကျွန်တော်ဟာ နောက်က မှန်စားပွဲပေါ် ဝုန်းခနဲကျပြီး မှန်စားပွဲအိုကြီးဟာ ဝွမ်းခနဲ ကွဲရှကြေမွသွားတော့တာပဲ။

အော်သံတွေ အလန့်တကြားသံတွေကြားမှာ ကျွန်တော် ရုတ်တရက် မထ,နိုင်ဘူး။ မှန်ကွဲစတွေဟာ ကျွန်တော့် လက်ဖျံတွေကို သွေးချင်းချင်း ရဲစေတယ်။

“ဟော့ကောင်တွေ တော်စမ်း၊ အခုရပ်”

ကိုဂျင်မီ့ အသံကြီးကြောင့် လူးလဲထ,လာတဲ့ ဖြူစင်ဟာ ကျွန်တော့်ကို ဘာမှဆက်မလုပ်ဘူး။ ကိုဂျင်မီကြီးက လက်ကမ်းလာပြီး ကျွန်တော့်ကို ထ,စေရင်း ...

“နေစိုး ... ကောင်မလေးတွေ ပြန်လွှတ်လိုက်စမ်း”

“ဟုတ်”

နေစိုး ပြောလိုက်တာကြောင့် ကောင်မလေးနှစ်ယောက် ခပ်သုတ်သုတ်ပဲ ပြန်သွားကြတယ်။ ကြည်လွှင်က လက်ကိုင်ပဝါ ရေခဲရေဆွတ်ပြီး ကျွန်တော့်ကို လာပေးတယ်။ ကျွန်တော် သွေးတွေ သုတ်နေတုန်း ဆိုင်က ကောင်လေးတွေကို မှန်ကွဲတွေသိမ်းဖို့ ကိုဂျင်မီကြီးက အော်ဟစ် အမိန့်ပေးနေတယ်။

“ကဲ ... ပြောစမ်းကွာ၊ အသုံးမကျတဲ့ ကောင်တွေ၊ ငါ့ဆိုင်ထဲလာပြီး ရမ်းရမ်းကားကား၊ မင်းတို့ပြဿနာ အပြင်မှာ





ရှင်းပါလား ... ဟင်၊ ခွေးမသားလေးတွေ၊ ကဲ ... ဘာဖြစ်တာလဲ ဇာတ်”

ကျွန်တော့်မျက်နှာမှာ မျက်ရည်တွေနဲ့။ မငိုတော့ပေမဲ့ စကားလည်းစဖို့လုပ်ရော ရှိုက်သံတွေ တဆက်ဆက် ထွက်လာတယ်။

“မြ ... မြကျေးမှာ ကိုယ်ဝန်ရှိနေပြီ”

အားလုံး တိတ်သွားပြီးတဲ့နောက် ခဏအကြာမှာ ဖြူစင်ဟာ သူ့မျက်နှာသူ လက်ဝါးနှစ်ဖက်နဲ့အုပ်ရင်း ဆိုဖာရှည်ပေါ် ပစ်ထိုင်ကျသွားတယ်။

“တောက်”

ကိုဂျင်မီကြီး တောက်ခေါက်သံ။ ကြည်လွှင်ဟန်၊ ဝေယံနဲ့ နေစိုးတို့ဟာ ပါးစပ်အဟောင်းသားနဲ့ ငြိမ်သက်အံ့ဩနေကြတယ်။ အားလုံး ဒီကိစ္စကို ဘယ်သူမှ အရိပ်အမြွက်တောင် မသိကြဘူး။

“မင်း ရက်စက်လွန်းအားကြီးတယ် ဖြူစင်၊ မင်း မြကျေးကိုတော့ ဒီလိုလုံးဝမလုပ်သင့်ပါဘူးကွာ၊ မြကျေးဟာ အရိုးခံလေးပါ၊ ပြီး ... ပြီးတော့ ငါ မြကျေးကို ဘယ်လောက်ထိ ချစ်ရတန်ဖိုးထားရသလဲ၊ မင်းလည်း သိသားနဲ့၊ မင်းလည်း တစ်သက်လုံး မရည်ရွယ်ဘဲနဲ့ မင်း ခုလောက် မယုတ်မာသင့်ဘူး ဖြူစင်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသံတွေ တုန်ယင်နေတယ်။ ကျွန်တော် ဒီကောင့်ကို ထပ်ထိုးဖို့လည်း မရည်ရွယ်တော့ပါဘူး။ ရင်ထဲမှာ ကိုယ်အထိုးခံထားရသလိုသာ နာကျင်နေတယ်။

"ဟုတ်တယ် ဖြူစင်ရာ၊ တောက် … မင်း ယုတ်မာတယ်ကွာ၊ ဇာတိဟာ မြကျေးကို အရမ်းမြတ်နိုးတာ၊ မင်းနဲ့ ကြည်သွားလို့ သူ နောက်ဆုတ်နေတာ ငါ အသိဆုံး ဟေ့ကောင်"

ကြည်လွင်ဟန်က ဒေါသသံနဲ့ ဝင်ပြောတယ်။ ဖြူစင်က ခေါင်းမဖော်ဘူး။ ခေါင်းကြီး ငိုက်စိုက် ငုံ့ကျနေတယ်။

"ဟေ့ကောင် … မင်းပါးစပ်ပေါက်ကို ပိတ်မနေနဲ့၊ ပြောစမ်း၊ ဆင်ခြေပေးစမ်း၊ မင်း ဘာလုပ်တာလဲ"

ကိုဂျင်မီ့ အသံကြီးဟာလည်း ခက်ထန်နေပါတယ်။ ဖြူစင်က တစ်ချက်မော့လာပြီး …

"ကျွန်တော် တမင်တကာ ယုတ်မာတာ မဟုတ်ပါဘူး၊ မတော်တဆ မှားယွင်းသွားတာပါ"

ဖြူစင်က ကျွန်တော့်ဘက် လှည့်ကြည့်ပြီး …

"မင်း သူ့ကို မိုးရွာလို့ ဒိကနေ ပြန်ပို့တဲ့နေ့ရဲ့ နောက်တစ်နေ့မှာ ငါက နိုက်ကလပ်သွားမလို့ ဆိုတာ သူ့ကိုပြောမိတယ်၊ သူ့ကိုလည်း ငါမခေါ်ဘူး၊ သူဟာ ဒီတိုက်ပ်မဟုတ်တာလည်း ငါ သိပါတယ်။ သူ ဖွတ်လိုက်လာတယ်၊





ငါ့ကို နောင့်ယှက်တာ သက်သက်ပဲ၊ ငါလည်း ဒေါကန်ပြီး ပွဲထဲမှာပဲ နည်းနည်းမူးအောင် သောက်မိတယ်၊ သူရော ငါရော တစ်ယောက်ကို တစ်ယောက် အပြန်အလှန် အစွဲ တိုက်ဖြစ်ခဲ့ကြတာ၊ ငါလည်းမူး၊ သူလည်း အဲဒီညကနည်းနည်းတော့ သောက်ဖြစ်လိုက်ပုံပဲ၊ အပြန်လည်း ညဉ့်နက်တယ်၊ အဲဒီညက လုံးဝမမျှော်လင့်မိဘဲ ကြိုတင်မရည်ရွယ်ဘဲ ငါမှားသွားပါတယ် ဇာတိရာ"

"မင်း … မင်းမှားသွားရင် မင်းအမှားကို မင်းတာဝန်ယူရမှာပေါ့ကွ"

ကျွန်တော့်အသံက ဆတ်ဆတ်တုန်နေတယ်။

"ငါ တာဝန်ယူဖို့ အသင့်ပါ၊ နောက်ထပ် သုံးလေးရက် ငါ သူ့နောက် တကောက်ကောက်လိုက် တောင်းပန်ပါတယ်၊ ငါတာဝန်ယူပါ့မယ်၊ ငါ သူ့ကိုလက်ထပ်ပါ့မယ် ဆိုတာလည်း ပြောပါတယ်၊ ဒီအခြေအနေ ဖြစ်သွားရတာမို့ ငါ သူ့အတွက် သက်သက်တာဝန်ယူမှာပါ၊ သူ ကိုယ်ဝန်ရှိသွားတယ် မရှိသွားဘူးလည်း ငါမသိဘူး၊ ဒါပေမဲ့ ငါ ကျူးလွန်မိတဲ့ကိစ္စ ငါသူ့ကိုတောင်းပန်ပြီး လက်ထပ်ခွင့်တောင်းခဲ့ပါတယ်၊ မင်း မယုံရင် သူ့ကိုမေးနိုင်တယ်"

ကျွန်တော့်ရင်ထဲမှာ နင့်သွားတယ်။

"သူက ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ငါ့ကို လုံးဝလက်မထပ်နိုင်ဘူးတဲ့"

"ဘာဖြစ်လို့လဲ"

ကျွန်တော် တအံ့တသြ မေးမိတယ်။

"ဘာဖြစ်လို့လဲ၊ မင်းပဲ သူ့ကိုမေးကြည့်ပေါ့၊ သူကတော့ ငါ့ကို ဘယ်တော့မှ လက်မထပ်နိုင်ဘူးလို့ပဲ ယတိပြတ်ငြင်းတာ"

"ဒီတော့ မင်း ပျော်သွားရောပေါ့"

"ကျွတ် ... သူကမှ လက်မထပ်ချင်တာ၊ ငါ့စိတ်ထဲ ဘာဖြစ်တယ်ဆိုတာက အရေးမကြီးပါဘူး၊ ငါဒီကြားထဲ သူ့ကို ကြိုကြားဆက်သွယ်ပါသေးတယ်၊ မမှားသင့်တဲ့အမှားကို ကျူးလွန်မှားယွင်းသွားခဲ့တာ မှန်ပေမဲ့ ငါမိကောင်းဖခင်သားပါ၊ သူလက်ခံရင် ငါသူ့ကို လက်ထပ်ဖို့အသင့်ပဲ၊ ဒါဟာ ဖြစ်သွားတဲ့ အဖြစ်အပျက်အတွက် သက်သက်တာဝန်ယူတာ၊ သူ ကိုယ်ဝန်ရှိတယ်ဆိုတာ အခု ... အခု မင်းပြောမှ ငါ သိရတာ ဇာတိ၊ ငါခုထိ ဘာမှမသိပါဘူးကွာ"

ကျွန်တော် ဘာဆက်ပြောရမှန်း မသိအောင် ငိုင်ငေးသွားတယ်။ ကိုဂျင်မီ့ ဆိုင်ခန်းဟာ အသက်ရှူသံတွေကလွဲရင် တိတ်ဆိတ်နေတယ်။ အတော်ကြာတဲ့ အချိန်မှာတော့ ကျွန်တော် သက်ပြင်းတစ်ရှိုက်နဲ့အတူ အားယူပြီး ...





"သူ မင်းကို ငြင်းခဲ့တာဟာ သူ့ကိုယ်သူ ဒီလိုဖြစ်သွားမယ်လို့ မထင်ခဲ့လို့ပေါ့၊ ဒီကိစ္စဟာ ဒီရက်ပိုင်းမှာမှ ပေါ်ပေါက်လာတာလေ၊ အခု ဒီလိုအဖြစ်အပျက် အခြေအနေနဲ့ ဆိုရင်တော့ မင်းကို သူ ဘယ်ငြင်းပါ့မလဲ ဖြူစင်"

ဖြူစင် ခေါင်းကြီးကို ငိုက်စိုက်ငုံ့ကျနေတယ်။

"မင်း အခုပဲ သွားလိုက်"

ကျွန်တော့်ရဲ့ စကားဟာ ရင်ထဲက အသည်းနှလုံးကွဲပြီး ထွက်လာတဲ့ သွေးစက်တွေနဲ့ ဖွဲ့စည်းထားတာပါ။

"ငါ သွားပါ့မယ် ဇာတိ"

"(...)ဆေးရုံမှာ၊ အခန်း(...)"

"မင်းပါ လိုက်ခဲ့ပါ ဇာတိ"

"ငါက ဘာဖြစ်လို့ လိုက်ရမှာလဲ"

"မင်းပါတာ ကောင်းပါတယ်၊ ငါသွားတယ်၊ တောင်းပန်တယ်၊ ဝန်ချတယ်၊ ကမ်းလှမ်းတယ် ဆိုတာတွေအတွက် မင်း သက်သေလုပ်ပေးပါ။ သူ့ရဲ့ လက်ခံခြင်း၊ ငြင်းပယ်ခြင်း အတွက်လည်း သက်သေလုပ်ပေးပါ"

"လိုလို့လား"

"ဟုတ်တယ်၊ မင်းလိုက်သွားတာ ကောင်းပါတယ် ဇာတိ"

ကိုဂျင်မီကြီး စကားကြောင့် ကျွန်တော် သက်ပြင်းချမိတယ်။ မြကျေးရဲ့ မျက်ရည်တွေကို ကျွန်တော် ထပ်မံရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရဦးမှာပေါ့။ ကျွန်တော် အချိန်မဆိုင်းဘဲ ဆိုင်ထဲကနေ ထွက်လာတယ်။ ဘယ်သူ့မှ နှုတ်မဆက်ခဲ့ဘူး။ ဖြူစင်လည်း ခပ်သွက်သွက်ထပြီး ကျွန်တော့်နောက်က ပါလာပါတယ်။

ကျွန်တော်က ကျွန်တော့်ကားပေါ်တက်၊ ဖြူစင်က သူ့ကားပေါ်တက်။ ကားနှစ်စင်းဟာ ရှေ့ဆင့် နောက်ဆင့်နဲ့(...) ဆေးရုံကို ရောက်လာခဲ့တယ်။ ဆေးရုံထဲ ဝင်ဝင်ချင်းပဲ ဆေးရုံအပေါက်ဝမှာ ကျော့ကျော့နဲ့ ဝေရီတို့နဲ့ တွေ့တယ်။ ကျော့ကျော့ဟာ ခြေလှမ်းရပ်သွားပြီး တင်းမာတဲ့ မျက်ဝန်းအစုံနဲ့ ဖြူစင့်ကို စိမ်းစိမ်းရှုရှု ကြည့်လိုက်တယ်။ သူ့ကြည့်ရတာ ပြောချင်လှတဲ့ စကားတွေကို မနိုင်ရင်ကာ မျိုချနေရသလိုပဲ။

"မြကျေးကို စိတ်မဆင်းရဲရပါစေနဲ့ ကိုဇာတိ"

ကျွန်တော် ကျော့ကျော့ကို ခေါင်းညိတ်ပြလိုက်တယ်။ ကျော့ကျော့တို့ ဆက်ထွက်သွားပါတယ်။ မြကျေးရဲ့အမေဟာ ဝေရီတို့အိမ်မှာ တည်းနေပြီး ကျော့ကျော့နဲ့ ဝေရီဟာ ဒီကိစ္စမှာ အစစ အကူအညီ ပေးနေကြတယ်။

မြကျေး အခန်းဝအရောက်မှာ တံခါးခေါက်လိုက်တဲ့အခါ တံခါးပွင့်ဟပြီး သူနာပြုလေးတစ်ယောက် ပေါ်လာတယ်။ သူက တံခါးကို ဆွဲဟပေးတဲ့အတွက် ကျွန်တော် အရင်ဝင်လိုက်တယ်။ ခုတင်ပေါ်မှာရှိနေတဲ့ မြကျေးဟာ ကျွန်တော့်ကို မြင်တဲ့အခါ ယဲ့ယဲ့ကလေး ပြုံးပြပါတယ်။





အဲဒီနောက် ကျွန်တော့်နောက်က ပါလာတဲ့ ဖြူစင့်ကို မြင်လိုက်တဲ့ အခါမှာတော့ မျက်နှာတစ်ခုလုံး နီမြန်းခက်ထန်သွားတော့တာပဲ။

မြကျေးဟာ ဆရာမလေးကို အပြင်မှာနေဖို့ တိုးတိုးတစ်ခွန်း ပြောလိုက်တာမို့ ဆရာမလေးက အခန်းထဲက အသာအယာ ထွက်ခွာသွားပါတယ်။ မြကျေးက ကျွန်တော့်ကို ခပ်တင်းတင်းကြည့်ပြီး ...

"ရှင် ဘာဖြစ်လို့ သူ့ကို ခေါ်လာတာလဲ ကိုဇာတိ"

"မြကျေး ... ကျွန်တော် ..."

"ခေါ်ပေးပါလို့ ကျွန်မ တစ်ခွန်း အကူအညီ တောင်းမိသလား"

"မတောင်းပါဘူး၊ ဒါပေမဲ့ ..."

မြကျေးက ဖြူစင့်ဘက် ဖျတ်ခနဲလှည့်ပြီး ...

"ရှင် ပြန်ပါ ကိုဖြူစင်၊ ရှင် လာကြည့်စရာ မလိုဘူး"

"မင်း အဲဒီလိုပဲ ပြောမယ်ဆိုတာ ကိုယ်ကြိုတွေးပြီးသားပါ မြကျေး၊ ဒါကြောင့် ဇာတိ ကြားခွင့်ရအောင် သက်သေခေါ်လာတာ၊ ကိုယ် တောင်းပန်ပါတယ် မြကျေးရယ်၊ ဖြစ်သွားခဲ့တဲ့ အရေးကိစ္စတွေ အားလုံးအတွက် အနူးအညွတ်တောင်းပန်ပါတယ်၊ ပြီးတော့ ကိုယ်လူယုတ်မာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ အရိုင်းအစိုင်းလည်း မဟုတ်ဘူး၊ ကိုယ် မြကျေးကို လက်ထပ်ပါရစေ၊ ကိုယ့်ကို လက်ထပ်ခွင့်ပြုပါ"

"မပြုနိုင်ဘူး"

မြကျေး အသံက တိကျပြတ်သားနေတယ်။ ဟန်ဆောင်ပန်ဆောင် ပြောနေတာလည်း မဟုတ်ဘူး။ တကယ်ပြောနေတာဆိုတာ မျက်နှာပေါ်မှာကို သိသာနေစေတယ်။

"မြကျေး ... မင်း ခေါင်းမမာပါနဲ့၊ ဒီကိစ္စဟာ အလွယ်လေး ဖြေရှင်းလို့ရတဲ့ကိစ္စ မဟုတ်ပါဘူး၊ ဖြစ်သင့်တာကို ကိုယ်တို့ ရွေးချယ်ဆုံးဖြတ်ကြရမှာ"

"ကျွန်မ ဖြစ်သင့်တာကို စဉ်းစားရွေးချယ် ဆုံးဖြတ်ထားတာပါ ကိုဖြူစင်။ ကိုယ့်စိတ်ကို ကိုယ်နားမလည်ဘဲ ရှင့်ကို လက်ခံတုံ့ပြန်လိုက်တဲ့အတွက် လပိုင်းလောက်အချိန်တွေအတွင်းမှာတောင် ကျွန်မ ဘယ်လောက်များယွင်းပြိုလဲကုန်သလဲ။ တစ်သက်လုံးအတွက် ရှင့်ကိုလက်ထပ်လိုက်ရင် ဒီထက်ပိုဆိုးဖို့ပဲ ရှိတယ်၊ ကျွန်မ ရှင့်ကိုမချစ်ဘူး ကိုဖြူစင်"

"ခုချိန်မှာ ချစ်ခြင်း မချစ်ခြင်းက မင်းအတွက် ပိုအရေးကြီးနေသလား မြကျေး၊ မင်းရဲ့လူကြီးမိဘနဲ့ အသိုင်းအဝိုင်းကိုရော မတိုင်ပင်တော့ဘူးလား"





"ကိုဖြူစင် လက်ထပ်ခွင့် တောင်းတာကို ငြင်းတယ်ဆိုတာများ သိရင် မေမေက မြကျေးကို သတ်တောင်သတ်ပစ်မလား မသိဘူး၊ ဒါပေမဲ့ မြကျေးရဲ့ ဘဝရေးရေးကို မြကျေးဘာသာ ဆုံးဖြတ်ရွေးချယ်ချင်တယ်"

"မင်းနဲ့ ငါ နှစ်ယောက်တည်းအတွက် စဉ်းစားရမှာ မဟုတ်ဘူး မြကျေး"

"မြကျေး နားလည်ပါတယ်၊ မြကျေး အဖေမပေါ်တဲ့ကလေးကို မွေးမှာမဟုတ်ပါဘူး၊ အဖေကို သိကြတာပဲ၊ အဲဒီအဖေကိုသာ မြကျေးက လက်မထပ်တာ"

မြကျေးဟာ အံကိုကြိတ်ထားရင်း မျက်နှာနီမြန်းလာပါတယ်။

ကျွန်တော် ခေါင်းမာလှတဲ့ မြကျေးကို ငေးကြည့်ရင်း ရင်ထဲမှာ နာနေတော့တယ်။ မြကျေးရဲ့ ကြေကွဲတဲ့ မျက်ဝန်းအစုံကနေ မျက်ရည်ပေါက်ကလေးတွေ ပေါက်ခနဲ ပေါက်ခနဲ ပြုတ်ကျလာတယ်။

"ရှင်တစ်ယောက်တည်းအမှား မဟုတ်ပါဘူး ကိုဖြူစင်၊ ကျွန်မလည်း မိုက်မဲလို့ ခုလိုဖြစ်ရတာ၊ ဒီအပြစ်ဒဏ်ကို ကျွန်မလည်း ခံကိုခံရမှာပါ။ ဖြစ်လာမှ ရှင့်ကြောင့် ... ရှင့်အပြစ်လို့ ရှင့်ခေါင်းပေါ်ချည်း ပုံမချဘူး၊ ရှင်လည်းအပြစ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသလို ကျွန်မမှာလည်း အပြစ်ရှိပါတယ် ကိုဖြူစင်။ တာဝန်ယူချင်တဲ့ ရှင့်ကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ရှင့်ကို မြကျေး လက်မထပ်နိုင်ဘူး”

“ဘာတွေ လျှောက်ပြောနေတာလဲ မြကျေး၊ ဖြူစင့်ကို လက်မထပ်လို့ ဘယ်ဖြစ်မလဲ၊ မင်း ဘယ်လိုရပ်တည်မလဲ”

ကျွန်တော့်အသံက လည်ချောင်းထဲကနေ ဆို့နင့်ပြီး ထွက်လာတယ်။ မြကျေးဟာ မျက်ရည်စီးကြောင်းလေးနဲ့ ကျွန်တော့်ကို မျက်လွှာပင့်ကြည့်ရင်း ...

“မြကျေး သူ့ကို တကယ်တော့ မချစ်နိုင်ဘူး၊ လက်လည်း မထပ်ချင်ဘူး၊ မယူပါရစေနဲ့ ကိုဓာတ်ရယ်”

“ဒီမှာ မြကျေး၊ ဒွတ်တရွတ် မဆန့်ပါနဲ့၊ ကိုယ့်ကိုလက်ထပ်လိုက်ပါ၊ ဒီကလေးမွေးပြီးရင် ကိုယ် မင်းနဲ့ကွာရှင်းပါ့မယ်”

“အဲဒီကျတော့ မြကျေးက, ကလေးတစ်ယောက်အမေ ဖြစ်ရတဲ့အပြင် တစ်ခုလပ်လည်း ထပ်ဖြစ်ရဦးမှာပေါ့၊ ဟင့်အင်း ... မြကျေး ရှင့်ကို လုံးဝလက်မထပ်ဘူး၊ စကားကုန်ပဲ”

ဘယ်တုန်းက အခန်းတံခါးဖွင့်ပြီး ဝင်ရောက်လာတယ် မသိတဲ့ မြကျေးရဲ့အမေဟာ ခပ်စူးစူး အော်လိုက်တဲ့





မြကျေးရဲ့ အသံအဆုံးမှာ ဒေါသတကြီးနဲ့ မြကျေး အနား တိုးကပ်သွားပြီး မြကျေးကို ဆွဲဆောင့်ရိုက်နှက်ပါတော့တယ်။

“နင် ဘာစကားတွေ ပြောနေတာလဲ ဟင်၊ နင့်အမေကို ဘိုင်းခနဲ လဲသေအောင်၊ အမေကို သူများတံတွေးပေါက်တွေထဲ ခေါင်းမဖော်ရဲအောင် လုပ်တာလား၊ ဘာဖြစ်လို့ လက်မထပ်ရမှာလဲ၊ နင် ဘယ်လိုမိန်းမစားလဲ မြကျေး ... ဟင်၊ ခုထိ ထင်ရာစိုင်းတုန်း၊ မိုက်လုံးကြီးတုန်းပေါ့ ဟုတ်လား၊ နင် မြန်မြန်သေလိုက်ရင် အေးမယ်၊ ဘာဖြစ်လို့ မသေဘဲ လူကြီးမိဘကို အရှက်ခွဲဖို့ ဆက်အသက်ရှင်နေရတာလဲ”

မြကျေး အမေဟာ မြကျေးရဲ့ ဆံပင်တွေကိုဆွဲ၊ မျက်နှာကိုရိုက်၊ ပခုံးတွေကို ထုနှက်၊ မိရာဆွဲလွဲ ရိုက်နှက်ပြီး ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲနေတယ်။

“အန်တီ ... အန်တီ၊ တော်ပါတော့၊ မြကျေးကို မလုပ်ပါနဲ့၊ သူ နေမကောင်းနေတာပါဗျာ၊ မလုပ်ပါနဲ့ဗျာ”

ကျွန်တော်ဟာ ပါးစပ်က ပလုံးပထွေးတွေ ပြောရင်း မြကျေးအမေကို နောက်ကနေ ဆွဲဖယ်ချုပ်ကိုင်မိတယ်။ ဖြူစင်ကတော့ စိတ်ပျက်လက်ပျက် ခါးထောက်ရပ်ကြည့်လို့။ မြကျေးအမေ အတော့ ကျွန်တော့်ကိုပါ လှည့်ပြီးထုရိုက်ရင်း ...



www.burmeseclassic.com

"ငါ့ကို မဆွဲနဲ့၊ ဖယ်စမ်း၊ ဒီဟာမကို သတ်ပစ်မှ အေးသွားမယ်"

"မလုပ်ပါနဲ့ အန်တီ၊ ကျွန်တော် တောင်းပန်ပါတယ် အန်တီ"

"ဖယ်ဆို ဖယ်စမ်း၊ မင်းနဲ့ ဘာဆိုင်လို့လဲ၊ ဟိုအကောင်က ပြဿနာရဲ့ တရားခံဆိုရင် မင်းက ဘာလဲ၊ နင်တို့ဟာတွေက ဘာတွေလဲ၊ ငါ့ကိုပြောစမ်း"

"ဘာမှမဟုတ်ပါဘူး၊ ကျွန်တော်က ဘာမှမဆိုင်ပါဘူး၊ ဒါပေမဲ့ မြကျေးကိုတော့ နာကျင်အောင် မလုပ်ပါနဲ့တော့ အန်တီရယ်၊ သူ နေမကောင်းတဲ့ အချိန်ပါ၊ အန်တီ့သမီးပါဗျာ"

"ငါ့သမီး ငါ သတ်သတ် ဖြတ်ဖြတ်၊ ဟိုကောင်ကတောင် သစ်တုံးလို နေနိုင်ရင် မင်းက ဘာကြောင့် ဆတ်ဆတ်တုန်အောင် ဖြစ်နေရတာလဲ၊ မင်း ဖယ်လိုက်စမ်း၊ ဟိုကောင်လေး ... မင်းက မြကျေးရည်းစားလား၊ နာမည်ပြောစမ်း"

"ဟုတ်ကဲ့၊ ကျွန်တော် ဖြူစင်ပါ အန်တီ"

"မနက်ဖြန် မနက်ကို မင်းနဲ့ မြကျေး လက်မှတ်ထိုးလက်ထပ်ဖို့ အားလုံး အပြည့်အစုံ စီစဉ်ထားပါ၊ မင်းရဲ့ လူကြီးမိဘကို မနက်ဖြန်အတွက် အမီမပြောနိုင်ရင်တောင်





ရက်သိပ်မကွာဘဲ မင်္ဂလာဆွမ်းကျွေးဖို့တော့ လူကြီးမိဘကိုပါ တစ်ခါတည်း ပြောဆို စီစဉ်ပါ"

ဖြူစင်က အသာအယာ ခေါင်းညိတ်ပြလိုက်ပါတယ်။

www.burmeseclassic.com



## ၁၅

"ဓာတိ ... ငါပါ၊ ဖြူစင်"

ဖြူစင့်ဆီက ဖုန်းလာပါတယ်။ မနက်ကတည်းက ကျွန်တော် ဘယ်မှမသွားဘူး။ အိပ်ရာထဲမှာ ခွေနေတယ်။ ညကတည်းက ဖြူစင် ဖုန်းလှမ်းဆက်ထားတာမို့ ဒီနေ့ သူတို့လက်မှတ်ထိုးဖြစ်တယ် ဆိုတာလည်း ကျွန်တော် သိထားတယ်လေ။ ဒါကြောင့် ဒီနေ့အဖို့ အိပ်ရာထဲကတောင် မထွက်နိုင်ဘဲ ပျော့ခွေနေတာပါ။

ညကတည်းက ရုပ်ပျက်လွန်းတဲ့ ကျွန်တော့်ကို အဖေက လာမေးပါတယ်။

"ငါ့သား ... မင်း ဘာဖြစ်လဲ"

အဖေက ခုတင်ဘေးမှာရပ်လို့။ ကျွန်တော်က ခုတင်ပေါ်က ခြေတွဲလဲချထိုင်လို့။ ဘာမှမဖြေဘဲ အဖေ့ခါးကို လက်နှစ်





ဖက်နဲ့ ဖက်ပိုက်ပြီး အဖေ့ဗိုက်မှာ မျက်နှာအပ်ပြီးတော့ ရှိုက်ကြီးတငင် ငိုမိတယ်။ ကလေးကြီး တစ်ယောက်လိုပေါ့။ အဖေက ကျွန်တော့်ခေါင်းကို ပွတ်ပွတ်ပြီး ချော့တယ်။

"ဘာဖြစ်လဲ ငါ့သား၊ အဖေ့ကို ပြောစမ်း"

"သူ ... သူ မနက်ဖြန် လက်ထပ်တော့မယ် အဖေ"

"ဪ ... ကိုယ့်ကို မချစ်လို့မှ သူများနဲ့ လက်ထပ်သွားတဲ့ဟာ၊ ဘာကြောင့် မင်းက ငိုနေရတာတုန်း ငါ့သားရယ်၊ မင်းက ပျော့လှချည်လားကွာ"

"မြကျေးက ကျွန်တော့်ကို ချစ်ပါတယ်၊ ကျွန်တော် သိတယ်၊ အခြေအနေ အရပ်ရပ်ကြောင့် သူ လက်ထပ်လိုက်ရမှာပါ"

"ဪ ... ဒီလိုလား၊ ဒါဖြင့်လည်း ငိုစမ်းကွာ၊ ဒီတစ်ညအပြီးငိုလိုက်၊ နောက်ထပ် မငိုနဲ့တော့"

ဒီမနက်က ကျွန်တော့်အတွက် အမင်္ဂလာမနက်ခင်းမို့ ထင်ပါရဲ့။

မိုးတွေကလည်း သည်းလိုက်တာ အုံးအုံးချနေတာပဲ။ မချိတင်ကဲ ဝမ်းနည်းစိတ်နဲ့ အိပ်ရာထဲက မထွက်ဘဲ နေမိတုန်း ဖြူစင့် ဖုန်းဝင်လာတာ။ ဖြူစင့် အမေက သဘောကောင်းပါတယ်။ ညက ဖြူစင် ဖွင့်ပြောပြပြီး တောင်းဆိုတော့ ဒီမနက် သူ့အမေပါလိုက်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုအချိန်လောက်ဟာ သူတို့ လက်မှတ်ထိုး လက်ထပ်နေကြမဲ့ အချိန်ပဲ။ ဘာကြောင့် ကျွန်တော့်ဆီ ဖုန်းဆက်ရသလဲ။ မြကျေးမျှား ငြင်းဆန်ငိုကြွေးနေလို့လားလို့ တွေးမိရင်း မေးလိုက်မိတယ်။

"အေး ... ဘာဖြစ်လို့လဲ ဖြူစင်၊ လက်မှတ်ထိုးပြီးပြီလား"

"မြကျေး မရှိတော့ဘူး ဇာတိ"

"ဘာ"

ကျွန်တော့်အသံဟာ ကျယ်လောင်လွန်းလို့ လည်ချောင်းတောင် ကွဲသွားသလို ခံစားရတယ်။ ဝေါက်ခနဲ ထ,ထိုင်ရင်း ...

"ဘာ ... ဘာဖြစ်လို့ ... မြကျေး ..."

"ဆေးရုံက ဆင်းပြေးသွားတာ"

"ဟင်"

ရင်ထဲ ဝုန်းခနဲဆို့တဲ့ အလုံးတစ်လုံး ပြုတ်ကျပြီးနောက်ထပ် အလုံးတစ်လုံး ထပ်ဆို့လာတယ်။ မြကျေး မရှိတော့ဘူးဆိုတဲ့ စကားကို တလွဲတွေးမိတာ။ မြကျေး သေပြီမှတ်တာ။ မသေသေးဘူးဆိုတော့ မျှော်လင့်ချက် ရှိသေးတယ်။ ဒါပေမဲ့ ဆေးရုံက ဆင်းပြေးတယ်ဆိုတော့ ကျန်းလည်း မကျန်းမာဘဲနဲ့ ဘယ်တွေ ရောက်ပေါက်နေပြီလဲ မြကျေးရယ်။

"အဲဒါ မင်းဆီကို လာသလား"





"ဘာ ...၊ မလာပါဘူးကွ၊ ငါ့ဆီ ဘာလို့လာရမှာလဲ"

"မသိဘူးလေ၊ ငါက မင်းဆီရောက်ပြီပဲ ထွက်လိုက်မိတာ၊ ကဲ ... ငါ ဘာဆက်လုပ်ရမှာလဲ ဇာတိ"

"ဘာလုပ်ရမှာလဲကွ၊ ရှာရမှာပေါ့၊ သူ့မှာ ပြေးစရာလည်း ရန်ကုန်မှာ များများစားစား ရှိမှာမဟုတ်ဘူး၊ ရှိနိုင်မယ် ထင်တဲ့ နေရာအားလုံး မင်းလိုက်ရှာ၊ သူနေလို့မှမကောင်းတာ၊ ပြီးတော့ မိုးကလည်း သည်းကြီးမည်းကြီး ရွာနေတာ၊ ချက်ချင်းရှာလေ၊ ဟိုကောင်တွေ တစ်ဖွဲ့လုံးကို အကြောင်းကြားပြီး လူဖြန့်ရှာပေါ့ကွ"

"မင်းကော"

"ငါလည်း ရှာမှာပေါ့၊ ငါ ခုပဲထွက်မယ်၊ မင်းမရှာခင်က တည်းက စိတ်မာတ်ကျသံ ထွက်မနေနဲ့၊ ဘယ်ရှာရမလဲ မသိရင် ဆိဖြည့်ပြီး မြို့ထဲ ကားပတ်မောင်းပြီး ပိုက်စိပ်တိုက်ရှာ"

"မိုးသည်းကြီးထဲ လမ်းပေါ် ရှိမလားကွ"

"ရှိရှိ မရှိရှိကွာ၊ ရှာဖို့က ငါတို့တာဝန်၊ ဖြစ်နိုင်ချေရှိရှိ မရှိရှိ ရှာ"

ကျွန်တော် ဖုန်းကို ပစ်ချလိုက်ပြီး ချက်ချင်းအင်္ကျီ ထ,လဲ၊ ကားသော့ယူပြီး ထွက်လာခဲ့တယ်။ ကျွန်တော်လည်း ဘယ်လိုက်ရှာရမယ် ဘယ်သိပါ့မလဲ။ ပြေးပါတယ်ဆိုမှ သူပြေး



www.burmeseclassic.com

www.burmeseclassic.com



ချင်ရာ လျှောက်ပြေးမှာပေါ့။ ဖုန်းနဲ့ သူငယ်ချင်းတွေအားလုံးကို လိုက်ဆက်တယ်။ ရှာခိုင်းတယ်။ ရင်တွေမောပြီး ပူပန်ရလွန်းလို့ ကျွန်တော့်ရင်ထဲက ကလီဇာတွေ အကင်ဖြစ်တော့မယ်။

ဒါပေမဲ့ မြကျေးဟာ ဖြူစင့်ကို တကယ့်ကို လက်မထပ်ချင်တာပါလား ဆိုတာ ပိုသေချာသိလိုက်ရတော့ ရင်ထဲမှာ တစ်မျိုးပါပဲဗျာ။ ဝမ်းသာရမှာလိုလို ကြည်နူးရမှာလိုလို။ သူမလုပ်ချင်ရင် လုပ်ကိုမလုပ်ဘူးဆိုပြီး ခေါင်းမာလှတဲ့ မြကျေးလေး။ တစ်ကြိမ်တစ်ခါ ခြေလှမ်းမှားလိုက်တာနဲ့ ဘဝမှာ ဖျက်မရတဲ့ အမည်း စွန်းထင်ရာပြီ။

ထူးထူးခြားခြား ဒီနေ့ တစ်နေကုန်ဟာ မိုးတစ်ချက်မှမတိတ်ဘူး။ ကျွန်တော်တို့ သူငယ်ချင်းတစ်စုသာမက ကျော့ကျော့ပါ ကားတစ်စီးနဲ့ ပတ်ရှာတယ်။ လေးဆယ့်ငါးမိနစ်၊ တစ်နာရီလောက်ကိုတစ်ခါ အချင်းချင်း ဖုန်းဆက်ကြတယ်။ မိုးသည်းတာကြောင့် ဖုန်းလိုင်းတွေကလည်း မကြည်။ ကံဆိုးမိုးမှောင့်နေ့ပါ။

မြကျေးအမေက ပြောတော့ မနေ့က,ကတည်းက မြကျေး အဖျားတွေလည်း တက်နေခဲ့သတဲ့။ သူ့အမေခမျာလည်း အရူးတစ်ပိုင်းပါပဲ။ မိုးမလင်းခင် ဆေးရုံကဆင်းပြေးသွားတဲ့ မြကျေးကို ညနေငါးနာရီခွဲလောက် (ဖြစ်နိုင်ချေရှိတဲ့ နေရာရော ဖြစ်နိုင်ချေမရှိတဲ့ နေရာရော၊ ဘယ်လိုမှ ရှာမတွေ့တဲ့အဆုံး)မှာ မြကျေးအမေရဲ့ဆန္ဒအရ ရဲစခန်းမှာ လူပျောက်တိုင်လိုက်ပါတယ်။





တိုင်ရတာကလည်း သူ့အမေဟာ မြကျေး ရေထဲခုန်ချတာမျိုး စသဖြင့် တစ်ခုခုလုပ်ပြီလို့ထင်လို့ ရဲအကူအညီနဲ့ပါ ရှာဖွေဖို့ပါ။

ဆေးရုံအရေးပေါ်တွေ မော်ကျူရီပါမကျန် လိုက်ရှာ။ ညကိုးနာရီလောက်မှာတော့ ဝေရီတို့ဆီကရတဲ့ မြကျေးရဲ့ပါ့စ်ပို့ ဓာတ်ပုံလေးကို ကွန်ပျူတာနဲ့ ပုံကြီးချဲ့၊ Print out လုပ်ပြီး အောက်က ...

"တွေ့ရှိအကြောင်းကြားက ကျေးဇူးဆပ်ပါမည်"

စာတန်းခေါင်းစဉ်နဲ့ လျှောက်လွှာစာရွက်အရွယ် လူပျောက်ကြော်ငြာစာရွက်လေးတွေ ကြည်လွင်ဟန်က ကွန်ပျူတာနဲ့ လုပ်ပေးပါတယ်။ အောက်မှာ ဆက်သွယ်ရန် ဖုန်းနံပါတ်တွေလည်း ပါတယ်။ ပြီးတော့ အရွက်တိုင်းကို ပလက်စတစ်လောင်းတယ်။ ညဆယ်နာရီခွဲလောက်မှာတော့ ကျွန်တော်၊ ကြည်လွင်ဟန်၊ အောင်လေး၊ ဖြူစင်တို့ လေးယောက်ဟာ လူပျောက်ကြော်ငြာစာရွက်တစ်ထပ်စီနဲ့ ကားတစ်စီးစီနဲ့ မိုးရွာကြီးထဲ တစ်မြို့လုံးပတ်ပြီး ဓာတ်တိုင်တွေ သစ်ပင်တွေမှာ လိုက်ကပ်ပါတယ်။

ဓာတ်တိုင်တွေမှာဆိုရင် Double Tape နဲ့ကပ်တယ်။ သစ်ပင်မှာဆိုရင် သံနဲ့ရိုက်တယ်။ အဆင်ပြေသလို နေရာအနှံ့ လိုက်ကပ်ကြတယ်။ အဲဒီညက မိုးရေထဲမှာ ကျွန်တော့်တစ်ကိုယ်လုံး ရွှဲနစ်နေတယ်လို့ လူတွေထင်ကြမှာ ဖြစ်ပေမဲ့ တကယ်က မျက်ရည်တွေနဲ့ ရွှဲနစ်နေတာလို့ ကျွန်တော် ယုံကြည်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသံကြောင့်တစ်ကြောင်း၊ ညကြီးမင်းကြီးမို့တစ်ကြောင်း ကျွန်တော်ဟာ မရှက်မကြောက် အော်ဟစ်ငိုနေခဲ့မိတယ်။

နောက် တစ်ရက်၊ နှစ်ရက် မြကျေးကို အစအန တောင် မတွေ့ဘူး။ သုံးရက်မြောက်နေ့ မနက်မလင်းခင် သုံးနာရီခွဲမှာတော့ ဘက်ထရီတုံး သုံးတုံး အလှည့်ကျလဲပြီး အမြဲစက်ဖွင့်ပြီး ကိုင်ရက်သားအိပ်တဲ့ ကျွန်တော့်ဟဲန်းဒ်ဖုန်းကို Call တစ်ခု ဝင်လာတယ်။

ဗဟန်းမြို့နယ်ထဲက သီလရှင်စာသင်တိုက်ကျောင်းတစ်ခုက။ သူတို့ဆီ ရောက်နေတဲ့ ခိုကိုးရာမဲ့ ဒုက္ခသည်မိန်းကလေးက ဒီနံပါတ်ကို ဆက်ခိုင်းတယ်လို့ဆိုတယ်၊ အဖျားတက် သတိလစ်မသွားခင် ရေအိမ်ကအဆင်း ချော်လဲခဲ့တာကြောင့် သွေးချင်းချင်းရဲပြီး စိတ်ပူစရာ အခြေအနေမို့ ခုချက်ချင်း လာပါတဲ့။

မြကျေးရယ် ...။

❦ ➻ ❦





## ၂၀၀၇-ခုနှစ် (ဆောင်းဆွတ်ကာလ)

ဆေးရုံပေါ်က ဆင်းလာတဲ့ မြကျေးရဲ့နံဘေးမှာ ကျွန်တော်။ ကျွန်တော့်လက်ထဲမှာတော့ ကျွန်တော်နဲ့ မြကျေးတို့ရဲ့ ရင်နှစ်သည်းချာ သမီးရတနာလေး ငါးရက်သမီးကို ပွေ့ပိုက်ရင်း အနှီးဖြူဖြူကလေးနဲ့ နေရောင်ကာလို့။ မြကျေးအမေနဲ့ညီမက မြကျေးကို တွဲလာတယ်။ မြကျေး မွေးဖွားမဲ့ရက်မို့ သူတို့ရန်ကုန် ရောက်နေကြတာ။

ကားပါကင်နား အရောက်မှာပဲ ကားတစ်စီးထိုးဆိုက်လာပြီး ကားပေါ်က မြကျေးသူငယ်ချင်းတစ်စုဟာ ဆူညံဆူညံနဲ့။

"ဟဲ့ ... ဆင်းပြီလား၊ တစ်ပတ်နေမှဆို"

"ဆေးရုံပေါ်မှာ ပျင်းပြီဟ၊ အိမ်ပြန်နေချင်တယ်၊ ကလေးရော အမေရောလည်း နေကောင်းတယ်၊ ဆရာဝန်ကြီးကလည်း ငါးရက်ဆိုတော့ ဆင်းရင်ဆင်းတော့ဆိုလို့၊ နင်တို့အိမ်ကိုပဲ ဆက်လိုက်လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကားပေါ်တက်ခါနီးတော့ ယောက္ခမကြီးက သမီးလေးကို လက်လွှဲယူတယ်။

“မေမေ့ကိုပေး သား၊ အေး ... အေး ... ဟုတ်ပြီ၊ တော်တော်အိပ်ပုပ်ကြီးတဲ့ ကောင်မတော့၊ လက်ပြောင်းတာတောင် မနိုးဘူး ... ဟင်း ဟင်း ဟင်း”

မြကျေးကို ရှေ့ခန်းထည့်၊ ခုံကိုနည်းနည်းလှန်ပေး၊ ကားတံခါးပိတ်ပေး၊ ပတ်လျှောက်လာပြီး မောင်းသူနေရာ ကျွန်တော် ဝင်ထိုင်လိုက်ချိန်မှာ ဖုန်းခေါ်သံ မြည်လာပါတယ်။ ကျွန်တော်က ဖုန်းကို ကြည့်လိုက်တယ်။ ပေဂျာမှာပေါ်နေတာက “no number” တဲ့။ နိုင်ငံခြားက ဆက်တာပေါ့။

“ဟယ်လို”

“ဓာတ်လား၊ ငါပါ ဖြူစင်ပါ”

“အေး ... ဖြူစင်၊ သူငယ်ချင်း ... ပြော၊ နေကောင်းလား”

“အေး ... ကောင်းပါတယ်ကွာ၊ ငါမနေ့ညက အောင်လေးဆီ ဖုန်းဆက်လိုက်လို့ သိရတာ၊ မြကျေး သမီးလေးမွေးတယ်ဆို”

“အေးကွ၊ ဟား ဟား ... ငါတို့ ခုပဲ ဆေးရုံကဆင်းနေတာ အိမ်တောင်မရောက်သေးဘူး၊ လွန်ခဲ့တဲ့ ငါးရက်ကမွေးတယ်”





“ဝမ်းသာပါတယ်ကွာ၊ မြကျေးကိုလည်း ပြောလိုက်ပါ၊ ဒီနေ့ ငါလည်း နေ့တစ်ဝက် အားရက်လေ၊ ညနေကျ ဈေးဝယ်ထွက်ရင်း မင်းရဲ့သမီးလေးဖို့လည်း လှည်းလေး ဖြစ်ဖြစ် ဝယ်လိုက်ဦးမယ်၊ သမီးဆိုတော့ ပန်းရောင်ပေါ့ ကွာ နော်”

“ဟာ ... နေပါစေ ဖြူစင်ရာ၊ ဝယ်တာ မင်းအဖို့ကိစ္စမရှိပေမဲ့ ပို့ပေးဖို့ရာ လူကြုံခက်ပါတယ်၊ တွန်းလှည်းကြီးဆိုတော့”

“လူကြုံက အရမ်းကောင်းတာကွ၊ ငါ့အမေနဲ့ ငါ့အစ်မလေ၊ သူတို့သယ်မှာမို့ ဘာမှ အားမနာရဘူး၊ မင်း ဘာမှာချင်သေးလဲ”

“ဘာမှ မှာစရာမရှိဘူးကွ၊ မင်းရော အဆင်ပြေပြေပဲမို့လား”

“ပြေပါတယ်ကွာ၊ ငါယူမဲ့ စီးပွားရေးဘွဲ့က သုံးနှစ်ဆိုတော့ ခုတော့ တစ်နှစ်ပြီးသွားပြီ၊ ဒုတိယနှစ် ရောက်နေပြီ၊ ပြီးရင်လည်း အလုပ်က အသင့်စောင့်နေတယ်၊ ပြီးရင်လည်း ငါဒီမှာ အလုပ်အတွေ့အကြုံလေး ကောင်းအောင် ဝင်လုပ်ဦးမယ် စဉ်းစားတယ်၊ တော်တော်နဲ့တော့ ပြန်မလာဖြစ်သေးဘူး၊ ငါ့အဖေကုမ္ပဏီကလည်း ငါဝင်မလုပ်လည်း ဘာမှမဖြစ်ဘူးလေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာရော အေးအေးဆေးဆေး နေရဲ့လား ဟော့ကောင်"

"နေပါတယ်ကွ ... မင်းကလည်း"

ဖြူစင်ဟာ ကျွန်တော်နဲ့ မြကျေး မင်္ဂလာဆောင် မတိုင်ခင်ကတည်းက စင်ကာပူကို ထွက်သွားခဲ့တာပါ။ ဟိုမှာ စီးပွားရေးနဲ့ ပတ်သက်တဲ့ ဘာသာရပ်တစ်ခု ထပ်သင်တယ်။ သူ့ဟာနဲ့သူ မျက်နှာတွေပူပြီး ရှောင်ထွက်သွားခဲ့တာပါ။ တိုက်တိုက်ဆိုင်ဆိုင် ဆေးရုံဆင်းတဲ့နေ့မှာ သူ့ဆီက ဖုန်းရတယ်။ ကျွန်တော် သူ့ကို အခင်မင် မပျက်ပါဘူး။ ဘာပဲဖြစ်ဖြစ် ဖြူစင်ဟာ ပွေရှုပ်တာလေးကလွဲရင် ခုထိ ကျွန်တော့်ရဲ့ သူငယ်ချင်းကောင်းပါ။

ဖုန်းပိတ်ပြီး မြကျေးကို လှည့်ကြည့်လိုက်တဲ့အခါ မြကျေးရဲ့ မျက်လုံးလေးတွေက ကျွန်တော့်ကို စူးစူးလေး အကဲခတ်လို့ နေလျက်သား။ မြကျေး နဖူးလေးကို (ယောက်ကွမနဲ့ ခယ်မရှေ့မှာပဲ) ကြင်ကြင်နာနာ နမ်းမွှေးလိုက်ရင်း ...

"သမီးလေးဖို့ တွန်းလှည်းလေးတစ်ခု ဖြူစင် လက်ဆောင် ဝယ်ပို့လိုက်လိမ့်မယ်"

အပြုံးနဲ့ ပြောပြီးတဲ့နောက် ကျွန်တော် ကားကို ဆေးရုံဝင်းထဲက မောင်းထွက်လာခဲ့တော့တယ်။

လမင်းမိုမို

www.burmeseclassic.com